



www.burmeseclassic.com
ပြုံးစာပေ
BURMESE CLASSIC .com
ပဆစ်အိုမ်
ဒုတိယအကြိမ်
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၈၀၁/၂၀၀၂ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၈၀၁/၂၀၀၂ (၉)
❒
အတွင်းစာစီ
နဝရတ်
အတွင်းဖလင်
ထွန်းဆိုင်
မျက်နှာဖုံးသရုပ်ဖော်
ပန်းချီ–ဝသုန်
မျက်နှာဖုံးဖလင်
Stars
မျက်နှာဖုံးရိုက်
ကလျာ ပုံနှိပ်တိုက်
❒
ပုံနှိပ်ခြင်း
ဒုတိယအကြိမ်
အုပ်ရေ – ၂၀၀၀
❒
ပုံနှိပ်/ ထုတ်ဝေ
ဒေါ်ခင်ခင်ဝင်း၊ ကလျာပုံနှိပ်တိုက် (၀၂၆၇၀)
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ
ရန်ကုန်မြို့က ပုံနှိပ်၍
ဦးတင့်လွင်၊ သော်ကစာပေတိုက် (၀၈၈၆)
၆၀၅၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့မှ ထုတ်ဝေသည်။

### ဒို့အဓိကအရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုး တက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

မိစ္ဆာဝါဒ
မပြီး

မြုံးစာပေ
ပြန်လည်ဆန်းသစ်ခြင်း
စာအုပ်အမှတ် (၃၉)

တန်ဖိုး–၇၀၀ ကျပ်

ဟာဆ်ဒိုင်မ

# ဟောင်သိန်းဆိုင်

ပြောင်းအလဲ

မြူးစာပေ

21, October, 2002

www.burmeseclassic.com

www.burmeseclassic.com

❖ အစပ်ကတစ်ရာ
အဖာက ဘရဖြစ်
မှောင်ကျအောင် ညစ်ပါတဲ့
"ပဆစ်အိမ်".....

ဦးပုည
(ရေသည်ပြဇာတ်)

❖ အဖြူထည်
အလယ်မှာပြာမိန်နှင့်
"ပဆစ်အိမ်" ကွက်[illegible]ငှဲ
တင်းတိမ်စပိုင်း.....

ရေးသူ–အမည်မသိ

❖ ပိုးလေးရက်တဲ့
ယက်ကန်းစင်
ဘာဆင်လို့မေး
မေးပါနဲ့အေ
"ပဆစ်အိမ်" ကွက်စုံခင်းတယ်
တင်းတိမ်တဲ့လေး .....

ရှေးဟောင်းတေး



BURMESE CLASSIC .com

# အမှာ

ကျွန်တော်က လွန်ခဲ့သော အနှစ် ၄–၅ ဆယ် လောက်ကစ၍ စာပေသည် နိုင်ငံရေး၏ လက်အောက်ခံဟု ဖော်ပြခဲ့သည်။ ယင်းသဘောတရားအတိုင်း ကျွန်တော်တို့ ပြောင်းလဲလာသော ခေတ်များတွင် အပြောင်းအလဲအတိုင်း စာပေသည်လည်း ပြောင်းလဲလာခဲ့သည်သာ။

ဒဂုန်တာရာ
ခေတ်ပြိုင်ခံစားမှု
(ကလျာ၊ ၂၀၀၂၊ မတ်၊ အမှတ် ၂၀၅)

ပဆစ်အိမ်ကို ရေးသားစဉ်က ကျွန်တော်၏အသက်မှာ ၄၀ ဝန်းကျင် ဖြစ်သည်။ ဝတ္ထု အဆုံးသတ်ပါ နေ့စွဲအရ ၈၊ ဩဂုတ်၊ ၁၉၇၈ ဖြစ်သည်။ ထို့ကြောင့် ပဆစ်အိမ်ဝတ္ထု၏ သက်တမ်းသည် ယခုအခါ အနှစ် ၂၀ ကျော်ခဲ့ပေပြီ။ ပဆစ်အိမ်တွင် ၁၉၇၀ ခုနှစ်များ (၇၀–၈၀)ကာလများအတွင်းက လူမှုရေး အကြောင်းတရားနှင့် အငွေ့အသက်များ လွှမ်းမိုးလျက်ရှိပေသည်။

စင်စစ် လူမှုရေးအကြောင်းတရား အဖြစ်အပျက်များ



www.burmeseclassic.com

www.burmeseclassic.com

**ဆိုသည်မှာလည်း နိုင်ငံရေး အကြောင်းတရား အဖြစ်အပျက်များ၏ လက်အောက်ခံ ဖြစ်ပေသည်။**

**ခေတ်တစ်ခေတ် ဆိုသည်ကား တမုဟုတ်ချင်း ပြောင်းလဲသည် မဟုတ်။ တဖြည်းဖြည်းချင်း ပြောင်းလဲလျက်ရှိသည်။ ယင်းသို့ ပြောင်းလဲရာမှ အသစ်တစ်ခု ပေါ်ထွန်းလာကာ ခိုင်မာလာနိုင်သည်။ ပြောင်းလဲနေသည့် အချိန်အတွင်း အမှန်းရခက်သည်။ ဝတ္ထုတွင်လည်း ထို့အတူပင်၊ ဝတ္ထုအရေးအဖွဲ့များ ပြောင်းလဲနေသည်။ စာပေသည် နိုင်ငံရေး၏ လက်အောက်ခံဟူသော သဘောတရားအတိုင်း ခေတ်တစ်ခေတ်၏ နိုင်ငံရေး အခြေအနေပေါ်တွင် မှီ၍ ပြောင်းလဲ တည်ရှိနေသည်မှာ သဘာဝပင်။**

(ယင်း)

ပဆစ်အိမ်တွင် အဓိကကျသော ဇာတ်ဆောင် ၄ ဦး ပါရှိသည်။ ထိုဇာတ်ဆောင် ၄ ဦးတို့ လှုပ်ရှား ကျင်လည်ရသော ဆယ်စု ၃ စုခန့်ကို ဝတ္ထုအမြင်ဖြင့် သမိုင်းတင်ခဲ့ခြင်း ဖြစ်သည်။ သူတို့၏ ဘဝများသည် ယေဘုယျဆန်သော ဘဝများပင် ဖြစ်သည်။ သူတို့၏ နောက်ခံကားတွင်ကား သမိုင်းရေစီးသည် စီးဆင်းလျက် ရှိလေသည်။

**ယနေ့ခေတ် ပေါ်ထွန်းနေသော ခေတ်ပြိုင် စာရေးဆရာတို့သည် မည်သည့်အကြောင်းတရားများကို ဖွဲ့ခဲ့သလဲ။ သူတို့သည်လည်း သူတို့ဝန်းကျင်ဖြစ်သော လူ့အဖွဲ့အစည်း အကြောင်းအရာများကို ဖွဲ့ပေးသည်။ ယင်းသည် သဘာဝတ္ထုတရား။ ဝတ္ထုဆိုသည်က လူ့အကြောင်းဖွဲ့သော စာပေပုံသဏ္ဌာန်။ သို့ဖြစ်ရာ မည်သည့်ခေတ်တွင်ဖြစ်စေ ဝတ္ထုသည် သူ့ခေတ် ရုပ်ပုံကားကို ဖွဲ့ပေး လိမ့်မည်။**

(ယင်း)



ပဆစ်အိမ်ကို ဖတ်ရသောအခါ ခေတ်ဟောင်း ရုပ်ရှင်ကားတစ်ကားကို ပြန်ကြည့်ရသလို တမ်းဆွတ်ဖွယ်အချို့ကို ပြန်၍ မြင်ကောင်း မြင်နိုင်မည်။ သို့မဟုတ် တစ်ခေတ်တစ်ခါ၏ အရိပ်အယောင်၊ အငွေ့အသက်များကို လူမှုရေးရှုထောင့်ဖြင့် မြင်တွေ့ကောင်း မြင်တွေ့ကြရလိမ့်မည်ဟု မျှော်လင့်သည်။ စာပေသည် နိုင်ငံရေးလက်အောက်ခံ ဆိုပါက ထိုရှုထောင့်များသည်လည်း လူမှုရေးသမိုင်း ရှုထောင့်များပင် ဖြစ်ပေလိမ့်မည်။

**တကယ်တမ်းကတော့ ဝတ္ထုသည် သမိုင်းမဟုတ်။ သို့သော် လူမျိုး တစ်မျိုး၊ တိုင်းပြည်တစ်ပြည်၏ ခတ်ပေါ်ဝတ္ထုများကို ဖတ်ရင်း ယင်း လူမျိုးတို့၏ တိုင်းပြည်နှင့် သမိုင်းအစအနများကိုတော့ တွေ့နိုင်သည်။ သရုပ်ဖော်စာပေ ဟူသည်မှာ ယင်းအယူအဆ ခေတ်ပြကြေးမုံဟူသော ဝေါဟာရရှိသည်။ ဝတ္ထုသည် ခေတ်ပြကြေးမုံ။ ဝတ္ထုသည် လူအများ၏ အကြောင်းအရာကို ဖွဲ့နွဲ့ရင်းက လူ၏ ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းအကြောင်း မဖြစ်မနေ ပါလာရတော့သည်။ ယင်းသို့သော နောက်ခံကား၊ လူတို့၏ လှုပ်ရှားမှုများကို ဖတ်လျှင် ယင်းခေတ်အခြေအနေကို တွေ့နိုင်သည်။ ယင်းသဘောသည် သမိုင်းသဘော။**

(ယင်း)

ကျွန်တော်သည် ပဆစ်အိမ်ထဲမှ အရေးပါသော ဇာတ်ဆောင် ၄ ဦးကို သူတို့ရောက်ရှိနေသော ပစ္စက္ခ ကာလယန္တယား (၁၉၇၀ ခုနှစ်များ)တွင်သာ ထားရှိခဲ့သည်။ စိတ်ကူးယဉ်ဆန်ဆန် အနာဂတ္တိ ဇာတ်သိမ်းမျိုးဖြင့် ဇာတ်သိမ်း မပေးခဲ့ချေ။ အကြောင်းမူ သူတို့သည် ရှေ့က သမိုင်းရေစီးကြောင်းထဲတွင် ဆက်လက် စီးမျော



www.burmeseclassic.com

www.burmeseclassic.com

ကူးခတ်ရဦးမည့်သူများ ဖြစ်နေ၍ပင်။

နိုင်ငံတကာ စာပေအစည်းအဝေးများတွင် ဖတ်ကြားသော စာတမ်းများကိုကြည့်လျှင် ယင်းလူမျိုးတို့၏ ဝတ္ထုများတွင် မည်ကဲ့သို့သော ယဉ်ကျေးမှု၊ မည်ကဲ့သို့သော လှုပ်ရှားမှုမျိုး ပါဝင်သည်၊ မပါဝင်သည်ကို ရှာဖွေ ဖော်ပြတတ်သည်ကို တွေ့ရှိနိုင်ပေသည်။ ခေတ်ပြိုင် ခံစားမှု မဖော်ပြသော ရသစာပေများတွင်ကား ယင်း သမိုင်း အစအနများကို တွေ့နိုင်မည် မဟုတ်ချေ။

(ယင်း)

(မောင်သိန်းဆိုင်)
**15, Aug, 2002**



# ပဆစ်အိမ်

ပဆစ်ကစားနည်းဆိုတာ"**ပဆစ်ကြီး**" နဲ့ "**နိဗ္ဗာန်ပဆစ်**" ရယ်လို့ နှစ်မျိုးရှိ တယ်။ လူလေးယောက်ပြည့်မှ ပဆစ်တစ်ဝိုင်းလို့ ခေါ်နိုင်ပြီး နှစ်ယောက်တည်းနဲ့လဲ ပစ်လို့ရတဲ့ ကစားနည်းပဲ။

ပဆစ်တစ်ဝိုင်းကို စတင်ပြီး ကစားတော့မယ်ဆိုရင် ကြွေ ပန်းကန်ထဲက ကြွေ ခြောက်လုံးကို တစ်ဦးနဲ့တစ်ဦး အပြိုင်ပစ်ကြရ တယ်။ အဲဒီလို ပစ်ကြတဲ့အခါမှာ အပွင့်သာအောင် ပစ်နိုင်တဲ့သူက ဒီဝိုင်းမှာ ကြွေကို စတင်ပစ်ကစားနိုင်တဲ့ အခွင့်အရေးကိုရတယ်။

ကြွေကိုင်ပြီး ပန်းကန်ထဲကို ပစ်လိုက်တဲ့အခါ ကြွေအားလုံး ပန်းကန်ထဲ မရောက်ဘဲ အပြင်ဘက် တစ်လုံးတစ်လေ ထွက် သွားတာကို "**ကြွေအန်**" တယ်လို့ခေါ်တယ်။ (ဒါကြောင့် "**ကြွေအန်ကစားနည်း**" လို့ ခေါ်ကြတယ်။) ကြွေခြောက်ပွင့် အနက် ငါးပွင့်က မှောက်ပြီး တစ်ပွင့်ကလန်နေတာကို "**တစ်ဆယ်**"လို့ ခေါ်တယ်။ နှစ်ပွင့်လန်တာကို "ပါ"၊ သုံးပွင့်လန်တာကို "**သုံး**"၊ လေးပွင့်လန်ရင် "**လေး**" လို့ပဲ ခေါ်တယ်။ ငါးပွင့်လန်တာကို "**တစ်စိတ်**" လို့ခေါ်ပြီး ခြောက်ပွင့်လုံးလန်ရင် "**တစ်ဗာယာ**"လို့ခေါ် တယ်။ ခြောက်ပွင့်လုံး မှောက်နေတာကိုတော့ "**တစ်ခြောက်**"လို့



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ပြန်တယ်။

၁၂ ကို ပါဠိလိုခေါ်တာ "**ဗာရသ**"တဲ့။ ကြွေခြောက်လုံး လန်အောင်ပစ်နိုင် ရင် "**တစ်ဗာယာ**"ပဲ။ ပဆစ်ကွက်ကို ၁၂ ကွက်တိတိ ရွေ့တက်နိုင်တဲ့ အခွင့်အရေးကို ရထားတာကိုး။ ဒီတော့ ဗာရသက နေပြီး တစ်ဗာယာလို့ ပါဠိက ရွေ့လျားလာတဲ့ စကားတစ်လုံးများ ဖြစ်နေမလားလို့ တွေးကြတယ်။

ပြီးတော့ မောင်ကြီးတို့ ငယ်ငယ်က အဖိုးတို့ ခြံထဲမှာ လာနေတဲ့ ဟိန္ဒူ အဖိုးကြီးတစ်ယောက်ရှိသတဲ့။ အဲဒီအဖိုးကြီးက ငယ်ငယ်က ကိုရင်တွေ ဘာတွေ ဝတ်ဖူးတော့ မြန်မာလို လုံးလုံး ဖြစ်နေပြီ။

အဲဒီအဖိုးကြီးဟာဆိုရင် ဝါသနာကြီးလှတဲ့ မောင်ကြီးတို့ အဖိုးနဲ့ ပဆစ်ပစ် ဘက်တဲ့။ ပဆစ်ပစ်တိုင်းလဲ သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ကြွေစီတယ်၊ ညစ်ပတ်တယ်နဲ့ အမြဲတမ်း ငြင်းကြခုန်ကြတာ ဆူဆူညံနေတာပဲဆိုတယ်။ မောင်ကြီးတို့အဖိုးဟာ ကြွေပစ်ကောင်းတဲ့။ သူ့ပါးစပ်က "**လာလဟဲ့ ပါပုပုလေး**" လို့ အော်ပြီး ပစ်လိုက်ရင် တကယ်ပဲ "ပါ" ကျတာပဲတဲ့။

အဲဒီ ဟိန္ဒူအဖိုးကြီးက ကြွေအခေါ်တွေနဲ့ ပတ်သက်ပြီး ပြောသွားတာတွေ ဟာ လက်ခံနိုင်စရာရှိတယ်လို့ အဖိုးကပြောတယ်။ တစ်ဗာယာတို့ တစ်ခြောက်တို့ ဆိုတဲ့ ပဆစ်ကစားတဲ့ အတွေးအခေါ် ဟာဆိုရင် သူတို့ဟိန္ဒူစကားက ဆင်းသက် လာတာတွေ ဖြစ်တယ်တဲ့ ဘာဖြစ်လို့လဲဆိုတော့ ဟိန္ဒူစကားမှာ တစ်ဆယ့်နှစ်ကို "**ဗားရား**" လို့ ခေါ်ကြပြီး ခြောက်ကို "**ချဲ့**"လို့ ခေါ်သတဲ့။

အခုလဲ ကြွေခြောက်ပွင့်လုံး မှောက်ရင် တစ်ခြောက် (တခြောက်)လို့ခေါ်ပြီး ခြောက်ပွင့်လုံး လန်နေရင် တစ်ဗာယာ (တဗာယာ)လို့ ခေါ်ကြတယ်။ တစ်ခြောက်ဆိုရင် ပဆစ်ကွက် ခြောက်ကွက်ရွေ့ရပြီး တစ်ဗာယာရရင် ပဆစ်ကွက် ဆယ့်နှစ်ကွက် ရွေ့နိုင်တယ်။

သူတို့မှာလဲ ကြွေခုနှစ်လုံးကစားတဲ့ ကစားနည်းရှိသတဲ့။ အဲဒီကစားနည်းကို "**ပစိသိ**" လို့ခေါ်ပြီး ပစိသိရဲ့ အဓိပ္ပါယ်က ၂၅ တဲ့။ အဲဒီ ပစိသိကနေ ပဆစ်လို့ ရွေ့လျားလာဟန်တူတယ်။

ပြီးတော့ ပဆစ်အိမ်ကို ဖွဲ့စည်းထားပုံကလဲ ပဆစ်ကွက် တွေဟာ အလယ်က အစပ်ကြီးနဲ့ ဆက်ရင် တစ်ဘက်တစ်ဘက်မှာ အစပ်ကလေးပေါင်း ၂၅ ကွက်စီ ရှိနေတာဖြစ်လို့ သူ့အယူအဆ လက်ခံနိုင်စရာရှိတယ်လို့ အဖိုးက ထောက်ခံခဲ့ တာပဲ။

ကြွေမှာ သုံးပွင့်လန်ရင် တစ်သုံး၊ နှစ်ပွင့်လန်ရင် "ပါ" လို့ ခေါ်တယ်နော်။ လူတစ်ယောက်ဟာ ဘာတစ်ခုမှ သုံးစရာ၊ စားစရာ မရှိအောင် အကြံဉာဏ် တုံးနေတဲ့ ဘဝမျိုးဆိုရင် "**သုံးစားပါကျ**" ဖြစ်နေပြီလို့ ပြောတတ်ကြတယ်။ ဒါပဆစ်စကားပဲ။ တစ်ဦးနဲ့ တစ်ဦးဟာ ဉာဏ်ရည်သာရင် သာသလို ကစားရတဲ့ ကစားနည်းမျိုး ဖြစ်လို့ မောင်ကြီးဖြင့် ပဆစ်ကစားနည်း တိမ်ကောပျောက်ပျက် သွားမှာကို သိပ်စိုးရိမ်တာပဲ။

ကြည်ဦး၏
မြန်မာ့ရိုးရာစကားထာများစာအုပ်မှ
ကောက်နှုတ်ချက်





www.burmeseclassic.com

www.burmeseclassic.com

ပဆစ်ဝိုင်းကို မြင်ဖူးကြပါသလား။ ပဆစ် ကစားဖူးကြပါသလား။

အနည်းဆုံး ကျားနှင့် စစ်တုရင်လောက်တော့ ကစားဖူးကြလိမ့်မည်ထင်သည်။ မကစားဖူးဘူးထား၊ ဘေးကတော့ ရပ်ကြည့်ဖူးမည်အမှန်။

ပဆစ်သည် ကျား၊ စစ်တုရင် စသော ကစားနည်းများနှင့် ဆင်ဆင်တူသော ကစားနည်းတစ်ရပ်ဖြစ်သည်။ လူနှစ်ယောက်ရှိလျှင် ကစားနိုင်သည်။ လေးယောက် ကစားလျှင်ပို၍ မြိုင်သည်။

ပဆစ်ကွက်ကို ပိတ်စဖြင့် ချုပ်သည်။ ယူရ ငင်ရ လွယ်ကူအောင် အခေါက်အသိမ်း လွယ်ကူအောင် ဖြစ်မည်။ အပိုင်းပိုင်း အစစအစပ်စပ် အဖာဖာနှင့်မို့ စပ်စောင်သဖွယ် ထင်ရသည်။ အဖာအထေးတွေ တင်းကြမ်းပြည့်နေသည်ဟု အောက်မေ့ရသည်။

စင်စစ်သွားရမည့် ကျားကွက်များပေတည်း။

ပဆစ်အိမ်မှာ ကြက်ခြေသဏ္ဍာန် လက်ယှက်တည်ရှိကာ လမ်းတွေကို ဖောက်သွယ်ထားသည်။ ကျားတစ်ကောင်၏ ပြေးကွက်မှာ ရှစ်ဆယ်ရှိသည်။ အကွက်ရှစ်ဆယ် ပြေးပြီးနောက် အိမ်သို့ ဝင်သည်။ 'ပြီး'သည်။





ကျားမှာ တစ်ဘက်ကို ရှစ်ကောင်ထားရသည်။ အားလုံးပေါင်း တစ်ဆယ့်ခြောက်ကောင်။

ကြွေက ခြောက်စေ့ရှိသည်။ ခရုတစ်မျိုးဖြစ်သည်။ တစ်ဘက်က စင်းချော။ လုံးနေသည်။ တစ်ဘက်မှာတော့ ပါးစပ်ဟနေသည့်ပမာ ချိုင့်ခွက်ရှာပါသည်။

ကြွေစေ့ကို ဝိုင်းလယ်ရှိ ကြွေးပန်းကန်မှာ တစ်ပြိုင်နက် ပစ်ရသည်။

ခြောက်စေ့လုံးမှောက်လျှင် 'တစ်ခြောက်'။

ခြောက်ကွက်ပြေး။

ငါးစေ့မှောက် တစ်လုံးလန် 'တစ်ဆယ်'။

ဆယ်ကွက်။

လေးစေ့မှောက် နှစ်လုံးလန် 'တစ်ပါ'။

နှစ်ကွက်သာ။

သုံးစေ့မှောက် သုံးလုံးလန် 'တစ်သုံး'။

သုံးကွက်။

နှစ်စေ့မှောက် လေးလုံးလန် 'တစ်လေး'။

လေးကွက်။

တစ်စေ့မှောက် ငါးလုံးလန် 'တစ်စိတ်'။

ပြေးကွက်က အကွက်အစိတ်အထိ။

ခြောက်စေ့လုံးလန်လျှင် 'တစ်ဘာယာ'။

ဆယ့်နှစ်ကွက်ပြေး။

သည် ကစားနည်းတွင် 'တစ်စိတ်' က အင်အားအရှိဆုံး။

တစ်စိတ်၊ တစ်ဘာယာ၊ တစ်ဆယ်၊ တစ်ခြောက်ပစ်နိုင်မှ 'ကြွေနိုး'သည်။ 'ကြွေနိုး' သည် ဆိုခြင်းမှာ စတင်ပြေးခွင့်၊ စတင်ကစား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခွင့် ရရှိခြင်းပင်။ သို့သော် ကြွေသုံးခါ ဆက်တိုက် နီးပြန်တော့ တစ်မှတ်မှ မရ။ 'ကန်း' လေသည်။ 'သေ'လေသည်။

ကျားကို 'ပို' ဟူ၍လည်း ခေါ်သေးသည်။ 'ကြွေနီး' မှ 'ပို' တင်ခွင့်ရှိသည်။

ကျားရှစ်ကောင်လုံးနီးပြီးနောက် တစ်ပါ၊ တစ်စိတ်၊ တစ်ဘာယာ၊ တစ်ဆယ် ကျလျှင် တစ်ကွက် ပိုပြေးခွင့်ရသည်။ ဤသည်ကို 'ပိုတို့သည်' ဟု ခေါ်သည်။

ပြေးလမ်း တစ်ခုတိုင်း၌ 'အထိုင်' အိမ်တစ်အိမ်စီ ရှိတတ်မြဲ။ အထိုင်အိမ်မှ ကျားကို သတ်၍မရ။ အထိုင်မှ လွတ်နေသော ကျားကို 'ကျစ' ဟု ခေါ်သည်။

ပြေးလမ်း တစ်ခုတိုင်း၌ 'အထိုင်' အိမ်တစ်အိမ်စီ ရှိတတ်မြဲ။ အထိုင်အိမ်မှ ကျားကို သတ်၍မရ။ အထိုင်မှ လွတ်နေသော ကျားကို 'ကျစ' (ကျားစ)ဟု ခေါ်သည်။

'ကျစ' ဘဝသည် အန္တရာယ်အများဆုံး၊ ဘေးဥပဒ် အရှိဆုံး။ ထို့ကြောင့် ငယ်ရွယ်သူတို့ကို 'ကျစ မထောင်နှင့်' ဟု လူကြီးသူမတို့က ဆုံးမတတ်ကြသည်။

ပဆစ် ကစားနည်းတွင် ကျား၊ စစ်တုရင်တို့နှင့် ကွာခြားချက်မှာ ကျားတစ်ကောင် 'သေ' လျှင် တစ်မြုံလုံးသေသည်။ ကျားတစ်ကောင်ကျလျှင် ကျားအားလုံး ကစားကွက်ပေါ်မှ ဆင်းပေးရသည်။ ကျနု (ကျားနု = စတင်ပြေးခွင့်ရသောကျား)များ ဖြစ်လာရန်...

ကြွေကို 'နှီး' ပေးဦး။

မိမိကျား အထိုင်အိမ်မှာမြဲဖို့ ကျစ မထောင်မိဖို့ အရေးကြီးသည်။ သည်ထက်အရေးကြီးသည်မှာ တစ်ဘက်ကျားကို သတ်ဖို့ပင်။

သည်ကစားနည်းမှာက မိမိကိုယ်တိုင် ပြေးဖို့ထက်





တစ်ဘက်ကျားကို 'သတ်ဖို့' အရေးအကြီးဆုံး ဖြစ်သည်။ ဤသည်က ပညာခန်း ဖြစ်သည်။

ပဆစ်ဝိုင်းမှာ မျက်နှာချင်းဆိုင်မိပြီဆိုလျှင် ဘယ်လောက်ချစ်သူ၊ ဘယ်လောက်ခင်သူကိုမဆို ရန်သူအဖြစ်သာ သတ်မှတ်လိုက်ပေတော့။ ကြိုးဝိုင်းထဲမှာ ဆုံကြသည့် လက်ဝှေ့သမား စိတ်ထားသာ ထားပေရော့။

BURMESE CLASSIC .com

ကိုယ်က မသတ်လျှင် သူက သတ်ပေရော့မည်။

ကိုယ်က မထိုးလျှင် သူက ထိုးပေရော့မည်။

သည်ကစားနည်း ကစားရင်း မင်းနှစ်ပါး ရန်ထဖြစ်ကာ စစ်ပွဲပင် ဖြစ်ပွားခဲ့ရဖူးသည်။ ပုဂံခေတ်က ဖြစ်သည်။ အနော်ရထာမင်း၏ သားတော် စောလူးမင်းနှင့် ဥက္ကာပဲလ္လူးစား ငရမန်ကန်း တို့ဖြစ်သည်။

ပဆစ်ကစားနည်းမှာ အနိုင်ဟုထင်နေလျက်က ရှုံးရသည်မျိုး ရှိသည်။

ကျားတွေ ပန်းတိုင်ဝမှာ စုပြုံနေပြီး 'ကျကန်း'တွေ ဖြစ်ကာ ရှုံးရသည်မျိုးလည်း ရှိသည်။

'ကျနု' မချန်မိ၍ သားကောင် မြင်ပါလျက် ကျည်မဲ့သည့် မုဆိုး၏ အဖြစ်မျိုးနှင့် ကြုံရသည်လည်း ရှိတတ်သေးသည်။

သို့ပေမယ့် ဒါတွေကိုထား...။

အဓိက ကတော့ တစ်ဘက်ကို အနိုင်အထက် 'သတ်' ဖို့ပင်။

ပဆစ်ဝိုင်းမှာ ...

ကြင်နာ၍မရ။

သနား၍မရ။



www.burmeseclassic.com

www.burmeseclassic.com



ညှာ၍ မရ။
ကရုဏာထား၍ မရ။
ကိုယ်က သတ်နိုင်လျှင် သတ်။
မသတ်နိုင်လျှင်တော့…ကိုယ်အသေ…၊ ကိုယ်အရှုံး…။
ဒါက …
ပဆစ်၏ သဘော။
ပဆစ်၏ သဘာဝ။

× × ×



ယခုတော့လည်း မသက်ဇင်သည် မိမိကိုယ်မိမိ ပဆစ်ဝိုင်းမှာ ပါဝင်လာမိပြီဟု ထင်သည်။

ကစားရမည့် လက်ရွေးစင်လေးယောက်ထဲမှာ တစ်ယောက်အပါအဝင် ဖြစ်လာရပြီ အောက်မေ့သည်။

မိမိရယ်၊ ဦးတင်မောင်သန့်ရယ်၊ ဒေါ်ခင်မမြင့်ရယ်၊ ညိုမြာသန့်ရယ်…။

သည်လေးယောက်သည် ကစားကွက်၏ တစ်ဘက်တစ်ချက်မှာ ထိုင်မိကြပြီ။ နေရာယူမိကြပြီ။

သည်တော့ …

ပဆစ်ကစားသမားထုံးကို နှလုံးမူရတော့မည်။

သနားစိတ်ကို ဖျောက်ရမည်။

ညှာတာခြင်းတွေ၊ ကြင်နာခြင်းတွေကို ဥပေက္ခာ ပြုရတော့မည်။

ကရုဏာတရားကို ကျော်ခိုင်းရတော့မည်။

ပဆစ်ကစားသမား၏ အသည်းနှလုံးအတိုင်း ကျင့်သုံးရတော့မည်။

မသက်ဇင်၏ လက်ထဲမှ တယ်လီဖုန်းစကားပြောခွက်သည်



www.burmeseclassic.com

www.burmeseclassic.com



ရှိရင်းစွဲ အလေးချိန်ထက် လေးလံလာသည် ထင်ရသည်။ လက်မှာ ချွေးစေးပြန်ကာ စကားပြောခွက်သည် လျှောထွက်သွားလေမလား ထင်ပြီး ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

တယ်လီဖုန်း လူခေါ်ခေါင်းလောင်းသည် တစ်ဘက်တွင် ကြာမြင့်စွာ မြည်နေရာမှ တစ်စုံတစ်ယောက်က ကောက်ယူလိုက်ဟန် ဖြင့် အသံတိတ်သွားသည်။

'ဟယ်လို....' ဟူသော ထူးသံမှာ မိန်းမသံ။

'ဒေါ်ခင်မေမြိုင်ပါလား' ကြိုးစားထိန်းချုပ်ထားသည့် အကြားမှပင် မသက်ဇင်၏ အသံသည် တုန်ချင်လာသည်။

'ဟုတ်ပါတယ်....။ ဘယ်သူပါလဲ'

'ကျွန်မ × × × ကျွန်မနာမည် မသက်ဇင်ပါ × × × အစ်မကြီးနဲ့ တိုက်ရိုက်တွေ့ရတာ ဝမ်းသာပါတယ် × × × ကျွန်မ မှာ ပြောစရာစကားတစ်ချို့ရှိပါတယ် × × × အစ်မကြီးရဲ့ခင်ပွန်း ဦးတင်မောင်သန့်နဲ့ ပတ်သက်လို့ပါပဲ × × × သူ အခု ကျွန်မနဲ့အတူ ရှိနေပါတယ် × × × သူကပဲ တယ်လီဖုန်း အဆက်ခိုင်းတာ ပါ × × ×" မသက်ဇင်သည် အတန်ကြာ ဆိုင်းသွားသည်။ ညည်းညူသလို၊ သက်ပြင်းရှိုက်သလို အသံအနေအထားနှင့် ပြော လိုက်သည်။ "သူ....သူက အစ်မကြီးကို ကွာရှင်းပြတ်စဲချင်ပါတယ် တဲ့ × × × ပြီးရင် ကျွန်မ....နဲ့.....လက်ထပ်ချင်ပါတယ်တဲ့ × × ×"

× × ×



မသက်ဇင်သည် 'ပဒေသရာဇာစာပေလုပ်ငန်း' အတွင်းသို့ ဝင်လာခါစက ဇာတ်လမ်းတစ်ပုဒ်ကို အစပျိုးခဲ့မိပြီ ဖြစ် ကြောင်း ရိပ်စားမိခြင်း မရှိသေးချေ။

သူမသည် ကုမ္ပဏီများ၊ လီမိတက်များ၊ လုပ်ငန်းကိုင်ငန်း ကြီးများကို စိတ်ဝင်စားသူဖြစ်သည်။ ယင်းတို့ကို ကိုင်တွယ်အုပ်ချုပ် နေသော ပိုင်ရှင်၊ မန်နေဂျာ၊ အုပ်ချုပ်ရေးမှူး စသူတို့ကို လေးစားသူ ဖြစ်သည်။ သူတို့မှာ အာဏာရှိသည်၊ ပညာရှိသည်၊ ငွေရှိသည်၊ ထက်မြက် တက်ကြွသည်။

လောကတွင် လူတစ်ယောက်, အထူးသဖြင့် ယောကျ်ား တစ်ယောက်မှာ အာဏာရယ်၊ ပညာရယ်၊ ငွေရယ် ရှိဖို့လိုသည်ဟု လည်း မသက်ဇင် အလေးအနက် ခံယူထားသည်။ ယခု မသက်ဇင်၏ တွေ့ဆုံရမည့် 'ဦးတင်မောင်သန့်' ဆိုသူမှာ "ပဒေသရာဇာ စာပေလုပ်ငန်း" ၏ပိုင်ရှင်ဖြစ်သည်။ အုပ်ချုပ်ရေးမှူးလည်း ဖြစ်သည်။ ထို့ကြောင့် မဆုံခင်က အထင်ကြီးနှင့်သည်။

မသက်ဇင်သည် 'ဝါဏိဇ္ဇ' အဖွဲ့၏ ဒုတိယ ခေါင်းဆောင် ဖြစ်သည်။ ဝါဏိဇ္ဇဗေဒ ဘွဲ့ရများ စုစည်းထားသောအဖွဲ့ ဖြစ်သည်။ သမဝါယမ ဆံသော ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခု ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂလိကပိုင်လုပ်ငန်းများကို စာရင်းကိုင်ပေးသည်၊ စာရင်းစစ်ပေးသည်။ စာရင်းပြုစုပေးသည်။ အမြတ်ခွန်၊ ရောင်းခွန် စသော အခွန်ဘဏ္ဍာနှင့် ပတ်သက်သည့် အခက်အခဲများကို ကူညီဖြေရှင်းပေးသည်။ အခကြေးငွေအဖြစ် မြိုးမြိုးမြက်မြက် ယူသည်။

'ပဒေသရာဇာ' သို့ မသက်ဇင် ရောက်လာရသည်မှာ နှစ်ပေါင်း မြောက်မြားစွာက ပစ်ပယ်ထားသောစာရင်းများကို ပြုစုပေးဖို့ ဖြစ်သည်။

မသက်ဇင်သည် 'ပဒေသရာဇာ' ညွှန်ခန်းတွင် ထိုင်ရင်းလုပ်ငန်းအခြေအနေကို အကဲခတ်သည်။ အခန်း၏ အတွင်းပိုင်း၌ ပုံနှိပ်စက်များ ရှိပုံရသည်။ တစ်ခါတစ်ရံ စက်သံများ ထွက်လာတတ်သည်။ စက်ရိုက်၊ စာစီ၊ စာပြင် စသော လူအချို့ လှုပ်ရှားသွားလာမှုကို မြင်နေရသည်။

နံရံတွင် မတ်ရပ်ဗီရိုကြီးများ ရှိသည်။ စနစ်တကျမဟုတ်ဘဲ ပြန့်ကျဲသော ပုံစံဖြင့် စာအုပ်စာတမ်းတွေ ဗီရိုထဲမှာ ရှိနေသည်။ နံရံတွင် မှုရင်းပန်းချီဒီဇိုင်းပုံများကို ဘောင်သွင်း ချိတ်ဆွဲထားသည်။

ဦးတင်မောင်သန့်၏ အခန်းမှာ သီးသန့်တည်ရှိသည်။ ပေါ်လစ်ရောင် ပြောင်လက်နေသည့် သုံးထပ်သား ခန်းဆီးနှင့် မှန်နောက်ပြတင်းများ တပ်ထားသည့် အခန်းဖြစ်သည်။

နေ့လည် ဆယ့်နှစ်နာရီ ရှိပြီ။

နေပူကိုယ် ဖြတ်သန်းလာခဲ့ရ၍ မသက်ဇင်မှာ ပူလောင်အိုက်စပ်နေသည်။ ချွေးပြန်နေသည်။ လက်ကိုင်ပုဝါကလေးဖြင့်ပင် ယပ်ခပ်နေမိသည်။

သည်စဉ်တွင် ဦးတင်မောင်သန့်၏ အခန်းတံခါး ပွင့်လာသည်။





စောစောက မသက်ဇင်အား ခေတ္တစောင့်ပါဟု ဆိုခဲ့သော စာရေးဖြစ်ဟန်တူသည့် သူ၏ ကိုယ်တစ်ပိုင်း ပေါ်လာသည်။ တံခါးကို ဟ ပေးထားရင်း.....

'ဦးတင်မောင်သန့်ကို ဝင်တွေ့နိုင်ပါပြီ ဒေါ်သက်ဇင်'

မသက်ဇင်သည် မိမိ၏ 'အတက်ချီကေ့စ်' ကို ကောက်ယူလိုက်သည်။ စာရွက်စာတမ်းအများအပြားကို သယ်ယူနေကျဖြစ်သဖြင့် မသက်ဇင်သည် စလင်းဘက်လို၊ လက်ပွေ့အိတ်လို ပစ္စည်းမျိုးကို မကိုင်နိုင်ခဲ့ပေ။ 'အတက်ချီကေ့စ်' ခေါ် လက်ဆွဲသေတ္တာပြားကလေးကို သယ်ယူနေရသည်။

အခန်းအတွင်းသို့ ဝင်လိုက်သောအခါ မသက်ဇင် ဦးစွာသတိပြုမိသည်မှာ အေးသွားခြင်း ဖြစ်သည်။ လေအေးစက် တပ်ထားကြောင်း သတိပြုမိသည်။

မိမိနှင့်တူရူရှိ ကြီးမားသော ဖော်မီကာခင်း စားပွဲကြီးတစ်လုံး၏ နောက်တွင် လူတစ်ယောက်ထိုင်နေကာ သူ့အနီးတွင် လူတစ်ယောက်က ရပ်လျက်ရှိသည်။ ထိုင်နေသူမှာ ဦးတင်မောင်သန့် ဖြစ်မည်ဟု မသက်ဇင် မှတ်ချက်ချသည်။

'ဆရာ....ဝါကျိစ္စက ဒေါ်သက်ဇင်ပါ' စာရေးလုပ်သူက မိတ်ဆက်ပေးပြီး တစ်ဆက်တည်းမှာပင် မသက်ဇင်ဘက်သို့ လှည့်၍

'ဒေါ်သက်ဇင်....ဒါ ဦးတင်မောင်သန့်ပါ'

မသက်ဇင် အကဲခတ် မမှားပါ။

ထိုင်နေသူမှာ ဦးတင်မောင်သန့် ဖြစ်သည်။

ဦးတင်မောင်သန့်သည် ထူထဲသော မျက်မှန်ကိုင်းပေါ်မှ ကျော်ကာ မသက်ဇင်ကို ဖျတ်ခနဲ ကြည့်သည်။

'ဩော်....ဟုတ်ကဲ့.... ထိုင်ပါ....ဒေါ်သက်ဇင်'



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်တစ်လုံးကို ညွှန်ပြသည်။ ထိုနောက် အကြည့်သည် စားပွဲပေါ်သို့ ပြန်ရောက်သွားသည်။

မသက်ဇင်သည် စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

စားပွဲပေါ်တွင် လုပ်ကိုင်လက်စ အလုပ်အချို့ရှိသည်။ စာရွက်စာတမ်းများ ပြန့်ကျဲနေသည်။ စာရွက်များပေါ်တွင် ဒီဇိုင်းပုံတစ်ပုံရှိသည်။ ဦးတင်မောင်သန့်သည် ပုံကို ကြည့်နေသည်။ အာရုံဝင်စားနေပုံရသည်။

မသက်ဇင်သည် အခန်းကို အကဲခတ်သလို လိုက်ကြည့်နေမိသည်။

အခန်းနံရံကို မီးခိုးရောင်ဖျော့ဖျော့ သုတ်ထားသည်။ နံရံတွင် အဖိုးတန် ပန်းချီကားအချို့ ရှိသည်။ အခန်းထောင့်တစ်နေရာတွင် စားပွဲတစ်လုံး။ စားပွဲပေါ်မှာ လက်နှိပ်စက်။ အခန်းကြမ်းပြင်ကို အမွေးပွကော်ဇော ခင်းထားသည်။ မတ်ရပ်ဗီရိုများ၊ စာအုပ်စင်များ ရှိသည်။ အများဆုံး တွေ့မြင်နေရသည်မှာတော့ အသုံးပြုပြီး ဖြစ်ဟန်တူသော မူရင်း ဒီဇိုင်းပုံများ ဖြစ်သည်။

မသက်ဇင်သည် ဦးတင်မောင်သန့်ဘက်သို့ လှည့်လိုက်သည်။

သူသည် အံ့သြစရာကောင်းအောင် ငယ်ရွယ်နေသေးကြောင်း တွေ့ရသည်။ အစကတော့ သည့်ထက် အသက်အရွယ်ပိုကြီးလိမ့်မည်ဟု ထင်ခဲ့သည်။

ဆံပင်ကတော့ အနည်းငယ် ကျိုးကျဲစ ပြုပြီ။ သေသပ်စွာ ဖြီးထားသော ဆံပင်မှာ အသက်လေးဆယ် ရှိနေပြီဖြစ်သော လူတစ်ယောက်အဖို့ ရှည်သင့်သည်ထက် ပို၍ရှည်သည် ဆိုရမည်။





အသားလတ်လတ်၊ မျက်နှာက ခတ်သွယ်သွယ်၊ နှာတံပေါ်သည်။ နှုတ်ခမ်းသား ခပ်ပါးပါး၊ တင်းကျပ် စေ့စပ်သည်။ မုတ်ဆိတ်ကျင်စွယ်ကို ကောင်းစွာ ရိတ်ပယ်ထားသည်။

မသက်ဇင်နှင့် ဦးတင်မောင်သန့်တို့ အကြည့်ချင်း ဆုံသည်။ ပထမဆုံးအကြိမ်အဖြစ် ဦးတင်မောင်သန့်၏ အပြုံးကို မြင်ရသည်။ မသက်ဇင်အား အသိအမှတ်ပြုသည့်အပြုံး။ ဖော်ရွေစွာ နှုတ်ဆက်လာသည့် အပြုံး။

'ဦးမျိုးဆွေက မသက်ဇင် လာမယ့်အကြောင်း ကြိုပြီး ဖုန်းဆက်ထားတယ်'

'ဟုတ်ကဲ့'

ဦးမျိုးဆွေမှာ မသက်ဇင်၏ အကြီးအကဲအဖြစ်သည်။ 'ဝါဏိဇ္ဇ'၏ ပထမခေါင်းဆောင်။

'သြော်…မိတ်ဆက် ပေးရဦးမယ်။ ဒီက ကိုနန္ဒ။ ပန်းချီဆရာပါ'

ပန်းချီဆရာ ကိုနန္ဒမှာ အသားဖြူဖြူ အရပ်ရှည်ရှည် ဖြစ်သည်။ အသက်သုံးဆယ်ဝန်းကျင်။ ထိုပန်းချီဆရာ၏ 'လက်ရာကို ဝတ္ထုစာအုပ် မျက်နှာဖုံးအချို့၌ မသက်ဇင် မြင်ဖူးသည်။

'တွေ့ရတာ ဝမ်းသာပါတယ်'

မသက်ဇင် ပြုံးပြီး ပြောလိုက်သည်။ ကိုနန္ဒက 'ဟုတ်ကဲ့' သာ ဆိုသည်။

'ဒီဟာ သူ့လက်ရာပေါ့' ဆိုကာ ဦးတင်မောင်သန့်က ဒီဇိုင်းကို မသက်ဇင်ရှေ့သို့ တိုးပေးသည်။ မသက်ဇင် ယူကြည့်လိုက်ရသည်။

စာအုပ်မျက်နှာဖုံး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သင့်အတွက် လက်တွေ့ ယောဂကျင့်စဉ်များ' တဲ့။

မွန်ရည်သားနားသော ယောကျ်ားကြီးတစ်ဦး မျက်လွှာချကာ တင်ပလင်ခွေ ထိုင်နေသည့်ပုံ။ တရားကျင့်နေသည့်ပုံ။

'ဘယ်လိုသဘောရသလဲ မသက်ဇင်'

'ရှင်'

ဦးတင်မောင်သန့်၏ အမေးကို မသက်ဇင် နားမလည်လိုက်။

'ပုံကို ဘယ်လိုသဘောရသလဲလို့ပါ'

'ကျွန်မ မသိပါဘူး'

ဒီဇိုင်းကို ပြန်ချထားလိုက်သည်။

သည်မှာ ဦးတင်မောင်သန့်၏ စူးရှသော အကြည့်ဖြင့် ရင်ဆိုင်ရသည်။

'ထင်မြင်ချက် မပေးနိုင်ဘူးလား'

'ဟုတ်ကဲ့၊ ကျွန်မ အနုပညာအကြောင်း ကောင်းကောင်း နားမလည်ပါဘူး'

မသက်ဇင်သည် ခေါင်းကိုယမ်းခါကာ ပြုံးလျက်က ဝန်ခံလိုက်ရသည်။

စင်စစ် ဒီဇိုင်းကိစ္စမှာ ဦးတင်မောင်သန့်နှင့် ကိုနန္ဒတို့ ကိစ္စသာ ဖြစ်သည်။ မသက်ဇင်နှင့် မဆိုလေးရယ်တဲ့ အိုမဆိုင် ဖြစ်သည်။ ထို့ကြောင့် မသိကြောင်း ဝန်ခံလိုက်ရသည့်အတွက် မသက်ဇင် ဝမ်းမနည်းမိ။ စိတ်မသက်မသာ မဖြစ်မိ။

မသက်ဇင်တွင် မိမိနှင့် မဆိုင်သော ကိစ္စများကို စိတ်မဝင်စားဖြစ်အောင် အားထုတ်သော အလေ့အကျင့် ရှိနေခဲ့ပြီ။

ပစ္စက္ခတွင် မသက်ဇင် စိတ်ဝင်စားသည်မှာ 'ပဒေသရာဇာ' ဖြစ်သည်။





'ပဒေသရာဇာ စာပေလုပ်ငန်း' သည် လွန်ခဲ့သော ဆယ်နှစ်က တည်ထောင်ခဲ့သည်။ ခေတ်ပေါ်ဝတ္ထုများနှင့်အတူ 'ဆယ့်ငါးရက်အတွင်း ဆေးလိပ်ဖြတ်နည်း'၊ 'စိတ်တန်ခိုးဖြင့် သောကဝေးအောင်ကုနည်း'၊ 'ပျိုမေတို့အတွက် အလှတိုးစေသော နည်းငါးဆယ်' စသည့် ပျင်းရိဖွယ်ကောင်းသော ခြောက်သွေ့သည့် စာပေအမျိုးအစားများကိုလည်း ထုတ်ဝေသည်။

စာရင်းအင်း စနစ်တကျမထားရှိခဲ့သည်မှာ လုပ်ငန်း စတင်ကတည်းက ဖြစ်သည်။ ယခုတော့ မှန်းခြေဖြင့် အခွန်အထုတ် စည်းကြပ်ခြင်း ခံရသည်။ နစ်နာနေသည်။ ထို့ကြောင့် ဝါဏိဇ္ဇနှင့် ဆက်သွယ်လာသည်။ ဤသည်ကိုသာ မသက်ဇင် သိထားပြီး ဤသည်ကိုသာ မသက်ဇင် စိတ်ဝင်စားသည်။

ဦးတင်မောင်သန့်က စိတ်ဆုံးဖြတ်သလို သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

'ကောင်းပြီလေ ကိုနန္ဒ၊ ဒီပုံကို သုံးမယ်။ ဒီဇိုင်းခ ရှေ့မှာ ငွေထုတ်သွားပေါ့၊ ဟုတ်ပြီလား'

ကိုနန္ဒက ခေါင်းညိတ်ပြသည်။

စကားနည်းဟန်တူသော ပန်းချီဆရာသည် မသက်ဇင်ကို ခပ်တိုတို နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားသည်။

အခန်းထဲမှာ မသက်ဇင်နှင့် ဦးတင်မောင်သန့်သာ ကျန်ခဲ့သည်။

ဦးတင်မောင်သန့်က စီးကရက်ဘူးကို ထုတ်ယူသည်။ မသက်ဇင်ထံ ကမ်းပေးသည်။

မသက်ဇင် ခေါင်းခါလိုက်သည်။

'ကျွန်မ မသောက်တတ်ပါဘူး' တစ်ဆက်တည်းမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



နံရံမှ ဒီဇိုင်းဟောင်းတစ်ခုကို တွေ့ရကာ 'ဆယ့်ငါးရက်အတွင်း ဆေးလိပ်ဖြတ်နည်း ဆိုတဲ့ စာအုပ်ကို ပဒေသရာဇာက ထုတ်ဝေတာ ထင်ပါရဲ့' ပြုံးလျက် ပြောလိုက်သည်။

ဦးတင်မောင်သန့်က မသက်ဇင်၏ ဟာသကို ရိပ်စားမိပုံ ပေါ်သည်။

'ဟုတ်တယ်လေ၊ ပဒေသရာဇာက ထုတ်ဝေတာပေါ့။ ကျွန်တော်ကိုယ်တိုင် ထုတ်တာပေါ့။ ဒါပေမယ့် ဒီနည်းတွေကို တစ်ခုမှ ကျွန်တော်က မလိုက်နာဘူးလေ။ ဆေးလိပ်နဲ့ ကျန်းမာရေး ကြိုက်ရာ ရွေးဆိုတော့ ဆေးလိပ်ကိုပဲ ရွေးလိုက်တယ်'

ရယ်လိုက်သောအခါ ဦးတင်မောင်သန့်သည် ပို၍ နုပျိုသွားသည်ဟု ထင်ရသည်။ သူ၏ သွားများမှာ ဖြူဖွေးညီညာပြီး ရယ်ဟန်က ပွင့်လင်းလွတ်လပ်သည်။ သူ၏ မျက်လုံးများသည် အံ့ဩစရာကောင်းလောက်အောင် တောက်တောက်ပပ ရှိနေသည်။

သို့ပေမယ့်....သည်စဉ်က တကယ်ပဲ မသက်ဇင်၏ စိတ်မှာ သန့်ပြန့် လုံခြုံနေသည်။

'ပဒေသရာဇာ'ကို လေ့လာပြီးဖြစ်သလို ဦးတင်မောင်သန့် အကြောင်းကို မသက်ဇင် လေ့လာပြီးနေပြီ။ အသက်လေးဆယ့်တစ်နှစ်။ ဇနီးရှိသည်။ ချစ်လှစွာသော သမီးကလေးတစ်ယောက် ရှိသည်။

မသက်ဇင် ကိုယ်တိုင်ကလည်း လက်ထပ်ဖူးသည်။ တစ်ခုလပ်ဖြစ်သည်။ ကလေးနှစ်ယောက်ရှိသည်။ အသက်က သုံးဆယ်နှစ်။

သည်တော့ လိပ်ပြာ မသန့်စရာ မရှိ။ ရင်ခုန်စရာ မရှိ။

'အလုပ်သည် အလုပ်သာ ဖြစ်သည်' ဟူသော စကားလို





မသက်ဇင်သည် အလုပ်အတွက် လူတစ်ယောက်ကို ဆက်ဆံနေခြင်း ဟူ၍သာ သဘောထားသည်။

'ကဲ....ဒေါ်သက်ဇင်'

'မသက်ဇင်လို့ပဲ ခေါ်နိုင်ပါတယ်'

'ဟုတ်ကဲ့ မသက်ဇင်။ ဝါဏိဇ္ဇက ကျွန်တော့်ကို ဘယ်လို ကူညီနိုင်မလဲ'

သည်တော့မှ အလုပ်အကြောင်း စရသည်။

မသက်ဇင်သည် မျက်မှန်ကို တပ်လိုက်သည်။ မျက်မှန်က ဒီဂရီ မများလှပေမယ့် မသက်ဇင်၏ အသက်ကိုမူ ရှိရင်းစွဲထက် ရင့်သွားစေသည်။

အတက်ချီကေ့စ်ကို ယူရသည်။ စာရွက်စာတမ်းတွေ ထုတ်ရသည်။ မိမိ ပြင်ဆင်လာခဲ့သော စာရင်းဇယား ပုံစံများ၊ တကယ်တမ်း သုံးရမည့် ငွေသွင်းငွေထုတ် ပုံစံများကို ပြကာ မိနစ်နှစ်ဆယ်ခန့် ရှင်းပြရသည်။

ဦးတင်မောင်သန့်သည် ဘာတစ်ခွန်းမျှ မပြော။ စီးကရက် သောက်ရင်း နားထောင်နေသည်။ တစ်ခါတစ်ရံ ခေါင်းညိတ်ပြသည်။

ရှင်းပြပြီးသောအခါ မသက်ဇင်မှာ မောနေတော့သည်။

'ဒါတွေပြီးအောင် ဘယ်လောက်ကြာကြာ အလုပ်လုပ်ရမှာလဲ မသက်ဇင်'

'ဒါတွေကို ကျွန်မတို့အဖွဲ့က နှစ်လခွဲလောက်နဲ့ ပြီးအောင် လုပ်နိုင်ပါလိမ့်မယ်'

'ကောင်းပြီလေ မသက်ဇင်တို့အဖွဲ့ကို ကျွန်တော် လက်ခံလိုက်ပြီ ဆိုပါတော့'

'ကျွန်မ ရှင်းပြတာတွေကိုရော နားလည်ပါရဲ့လားရှင်'



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်မောင်သန့်က ခေါင်းကို ယမ်းခါပြသည်။

'တစ်ခုမှ နားမလည်ပါဘူး မသက်ဇင်'

'ဒါ....ဒါ....နဲ့'

'မသက်ဇင်လိုပဲပေါ့။ မသက်ဇင်က စာရင်းဇယား ကျွမ်းကျင်တယ်။ အနုပညာကို နားမလည်ဘူး။ ကျွန်တော်က အနုပညာကို နားလည်တယ်၊ စာရင်းဇယားကို နားမလည်ဘူး၊ စိတ်မဝင်စားဘူး'

'ဒါပေမယ့် ကျွန်မတို့အဖွဲ့ကို လက်ခံရင် ငွေအတော်များများတော့ အကုန်ခံရလိမ့်မယ်'

'မသက်ဇင်တို့အဖွဲ့ကိုလဲ ကျွန်တော် စိတ်မဝင်စားပါဘူး'

'ဒါဖြင့် ဘာကို စိတ်ဝင်စားပါသလဲရှင်။ လူတစ်ယောက်ဟာ ကိုယ့်အိတ်ထဲက ငွေကို သုံးမယ်ဆိုရင် ဘာအတွက် သုံးမယ်ဆိုတာကိုတော့ အရင် စဉ်းစားရပါလိမ့်မယ်။ ဒါဟာ ဘောဂဗေဒ အခြေခံတဲ့ စိတ်ထားပါပဲ'

'ကျွန်တော် စိတ်ဝင်စားမိတာက မသက်ဇင်ပါ'

အကယ်၍ သည်နေရာမှာ မသက်ဇင် မဟုတ်ဘူးဆိုလျှင် မသက်ဇင်ကိုယ်တိုင်ကလည်း အသက်သုံးဆယ်နှစ် မရှိသေးဘူးဆိုလျှင်၊ ကလေးနှစ်ယောက်အမေ မဟုတ်ဘူးဆိုလျှင် အခြေအနေမှာ ကျဉ်းကျပ်ရှုပ်ထွေးသွားနိုင်သည်။ ပေါက်ကွဲမှုတစ်ခု ဖြစ်သွားနိုင်သည်။

ယခုတော့ မသက်ဇင် မဟုတ်လား။

နှစ်ဆယ်ရာစုထဲမှာ၊ ရန်ကုန်မြို့လို နေရာမှာ ကိုယ့်ဝမ်းကိုယ်ကျောင်းနေသည့် မိန်းမတစ်ယောက် မဟုတ်လား။ သည်တော့ ဘာပြဿနာမျှ ဖြစ်စရာမလို။





မသက်ဇင်သည် ပြုံးနေလိုက်သည်။ မျက်မှန်ကို ပြန်ဖြုတ်ရင်း 'ကျေးဇူးတင်ပါတယ်ရှင်' တည်တည်ငြိမ်ငြိမ် တုံ့ပြန်လိုက်သည်။ အတက်ချိကော့စ်ကို ပြန်ပိတ်လိုက်သည်။ 'ဦးတင်မောင်သန့်' လေ့လာရအောင် စာရွက်စာတမ်းတချို့ ထားခဲ့ပါတယ်။ ကျွန်မ ပြန်ပါဦးမယ်'

ဦးတင်မောင်သန့်သည် မသက်ဇင်ကို ငေးကြည့်နေသည်။

မသက်ဇင် ထိုင်ရာမှ ထလိုက်သည်။

ပြီးပြီပေါ့။ အလုပ်တစ်ခုပြီးပြီပေါ့။ 'ဝါဏိဇ္ဇ' အတွက် လုပ်ငန်းရှာဖွေပေးရခြင်းသည် မိမိ၏အလုပ်၊ အလုပ်က ရခဲ့ပြီ။ ပြီးပြီ။ သည်သို့သာ စိတ်မှာ ထင်မှတ်သည်။

မသက်ဇင် တံခါးရှိရာသို့ လာသည်။

'မသက်ဇင်'

ဦးတင်မောင်သန့်၏ အသံကို ကျောဆီမှ ကြားရသည်။ ခြေလှမ်း တုံ့ရသည်။

နောက်သို့ လှည့်ကြည့်လိုက်သောအခါ ဦးတင်မောင်သန့်သည် ထိုင်ရာမှ ထရပ်နေကြောင်း တွေ့ရသည်။ သူ၏အရပ်သည် ထင်မှတ်သည်ထက်တော့ ပုသည်။ ငါးပေလေးလက်မ ရှိသော မသက်ဇင်နှင့် မတိမ်းမယိမ်း။

ဦးတင်မောင်သန့်သည် မသက်ဇင်အနီးသို့ လျှောက်လာသည်။

'မသက်ဇင်လဲ ပြောရဟောရတာနဲ့ အတော်မောသွားရော့မယ်။ ကျွန်တော်ကလဲ ညှော်သည်ကို ညှော်ဝတ်ပြုဖို့ မေ့နေမိတယ်။ ကျွန်တော်တို့ အနီးအနားက ဆိုင်တစ်ဆိုင်မှာ အအေးသွားသောက်ကြရအောင်လား မသက်ဇင်။ အဲ...အဲ..အဲဒီမှာ ကျွန်တော်တို့စာရင်းဇယားတွေအကြောင်း ထပ်ဆွေးနွေးကြသေးတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



အသက်သုံးဆယ် ရှိပြီဖြစ်သော၊ တစ်ထောင့်ကိုးရာ ခုနှစ်ဆယ်ခုနှစ်များ အတွင်းမှာ နေထိုင်ကြီးပြင်းလျက်ရှိသော၊ တစ်ကိုယ်ရေတစ်ကာယ ကိုယ့်ဝမ်းကိုယ်ကျောင်းနေသော မသက်ဇင်အဖို့ ဦးတင်မောင်သန့်သည် မိမိအား သည့်ထက်မက အလိုရှိနေသည့် အဖြစ်ကို သဘောမပေါက်ဘဲ မနေနိုင်။ မရိပ်စားမိဘဲ မရှိ။

နှစ်ဆယ်ရာစုနှောင်းပိုင်းက မိန်းကလေးတစ်ယောက်အနေနှင့် သည်လောက်တော့ ပါးသည်၊ လျင်သည်။

စင်စစ် အလုပ်က မပြီးသေး။

ကိစ္စက မပြတ်သေး။ သို့ပေမယ့် 'ဝါဏိဇ္ဇ' နှင့်တော့ ပတ်သက်ချင်မှ ပတ်သက်မည်။

ပြိုင်ပွဲက သည်မှာ စသည်။

ဒိုင်သည် စ၍ တာလွှတ်သည်။

ပဆစ်စကားနှင့် ပြောရလျှင် မသက်ဇင်၏ ကြွေ 'နိုး'ပြီ။

× × ×



" အပိုင်း တစ်

မသက်ဇင်၏ ဆယ်စုနှစ်များ "



www.burmeseclassic.com

www.burmeseclassic.com

"သံသရာ ဆွဲဆန့်လို့ ဘယ်လောက်ပင်ရှည်ရှည်
ချစ်သူရင်ခွင်ကြား နွားနွားနေနေ
ရေမြေအလိုက် စိုက်စိုက်ပါလို့
မျောချင်လဲ မျောပါစေ...။

"ချစ်သူ့ရင်ခွင်သည်သာ ငြိမ်းချမ်းနယ်မြေ
သစ္စာတရားထွန်းကားရာ
ငြိမ်းချမ်းသာယာသော နယ်မြေ
ငြိမ်းချမ်းသာယာသော နယ်မြေ..."

(ကာလပေါ်တေးတစ်ပုဒ်)



နှစ်ပေါင်းတစ်ရာကို အလွယ်ခေါ်ရအောင် 'ရာစုနှစ်များ' (*Centuries*) ဟု သတ်မှတ်ကြသည်။ ဆယ့်ရှစ်ရာစု၊ ဆယ့်ကိုးရာစု၊ နှစ်ဆယ်ရာစု စသည်ဖြင့် ဖြစ်သည်။

ရာစုကို ဆယ်စုကလေးများ ထပ်မံပိုင်းခြားပြန်သည်။ 'ဆယ်စုနှစ်များ' (*Decades*) ဖြစ်သည်။

သမိုင်းကို ပိုင်းခြားသောအခါ ရာစုနှစ်များဖြင့် တွက်ချက်သည်။ ရာစုနှစ်များအတွင်းက အဖြစ်အပျက်ကို 'ခေတ်' ဟု ဆိုကြသည်။

ရာစုနှစ်တစ်ခုတွင် နိုင်ငံရေး၊ လူမှုရေး၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့် သိပ္ပံရေးရာများ အပြောင်းအလဲဖြစ်သည်။

ဆယ်စုနှစ်များတွင် အိမ်ထောင်ရေး၊ အချစ်ရေး၊ တေးဂီတနှင့် စာပေအနုပညာအပြောင်းအလဲ ဖြစ်သည်ဟု အဆိုရှိသည်။

နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးအဖို့ ယင်းပြောင်းအလဲကို 'ခေတ်ပြောင်းခေတ်လဲ' ဟု အဆိုရှိသော်လည်း ....

မသက်ဇင်တို့လို အထက်တန်းစားလည်း မဆံ၊ အောက်တန်းစားလည်းမဟုတ်သော ပညာတတ် လူလတ်တန်းစားမိန်းမသား တို့အဖို့မှာမူ...ခေတ်ပြောင်းခေတ်လဲ ဆိုသည်မှာ ပဒုမ္မာခေတ်၊ ကြိုးကြိုးချိတ်ခေတ်မှသည် ပါတိတ်ခေတ်၊ တက်ထရွန်ခေတ်၊ ဖော့ခရစ်ခေတ်၊ ဇာခေတ်၊ လေယာဉ်မောင်နှင့် အလပ်စတိတ်ခေတ် တို့ပြောင်းလဲသွားခြင်းမျှသာ ဖြစ်လေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

စင်စစ် ဇင်သည် 'အချစ်စစ် အချစ်မှန်' သမားတစ်ယောက် ဖြစ်သည်။ 'တစ်လင်တစ်မယား အိမ်ထောင်ရေးစနစ်' ကို မြတ်နိုးကိုးကွယ်ခဲ့သူ ဖြစ်သည်။

ဆိုလိုသည်မှာ ဇင်သည် လျှပ်ပေါ်လော်လည်သော မိန်းကလေးတစ်ယောက် မဟုတ်။ ဟန်တစ်ခါပြင် ရွှေစင်ဆယ်တင်း ဆိုသလို နေရာတကာ သိက္ခာ ခံလေ့ရှိသော မိန်းမအမျိုးအစားလည်း မဟုတ်။ ဗိုင်းကောင်းကျောက်ဖိ ပိပိပြားပြား နေထိုင်တတ်သူသာ တည်း။

ထို့ကြောင့် တက္ကသိုလ် ပထမနှစ်အထိ ဇင့်တွင် ရည်းစားသန်းဟူ၍ မရှိခဲ့။

လူလတ်တန်းစားမျှသာ ဖြစ်သော ဇင်တို့မိသားစုသည် ဓာတိမြို့၌ ကျော်ကြားခြင်းမရှိလှပေ။ ဖေဖေသည် ရုံးတစ်ရုံးမှ ဌာနခွဲ စာရေးကြီးမျှသာ။ မေမေသည် ရိုးရိုးအေးအေး နေတတ်သော အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်သည်။

ဇင်တို့မှာ သည်မိသားစု သုံးယောက်သာရှိသည်။ ဇင်တို့ဘဝသည် ငြိမ်သက်အေးချမ်းသော ဘဝဖြစ်ခဲ့သည်။

ဤသည်မှာ ဇင့်ဘဝအတွင်းသို့ 'မောင်' ရောက်မလာမီ





အချိန်ကာလအထိ ဖြစ်ပေသည်။

ဇင့်ကို ၁၉၄၅ ခုနှစ်မှာ မွေးဖွားသည်။

၁၉၄၅ ခုနှစ်သည် အစစ ပြီးဆုံးသောနှစ်၊ ငြိမ်းချမ်းသော နှစ်ဟု ဆိုစမှတ်ပြုကြသည်။

၁၉၃၉ ခု စက်တင်ဘာလ ၁ ရက်နေ့တွင် ဂျာမန်တို့ ပိုလန်ပြည်ကို ဝင်တိုက်သည်။ ဗြိတိန်နှင့် ပြင်သစ်တို့က ဂျာမန်ကို စစ်ကြေငြာလိုက်သည်။ ဒုတိယကမ္ဘာစစ်၏ အစ။

၁၉၄၁ ခု ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဂျပန်တို့က ဟာဝေယံကျွန်း၊ ပုလဲဆိပ်ကမ်း(ပါးလ်ဟားဘား)ကို အရုဏ်တက်အချိန်မှာ ရုတ်တရက် ဝင်တိုက်ခြင်းဖြင့် အရှေ့တောင်အာရှ၏ ပေါက်ကွဲလုယမ်းအိုးစနက်တံကို မီးရှို့လိုက်သည်။

ဒုတိယကမ္ဘာစစ်မီးသည် အရှေ့အာရှသို့ ကူးစက်ခဲ့သည်။

လူသန်းပေါင်း ၃၀ ကျော်၏ အသက်ကို စတေးကာ စစ်တိုက်ကြသည်။

၁၉၄၅ ခု မေလ ၇ ရက်နေ့တွင် စစ်ရှုံးသော ဂျာမန်နာဇီတို့ အကြွင်းမဲ့ လက်နက်ချသွားခဲ့ကြသည်။

၁၉၄၅ ခု ဩဂုတ်လ ၆ ရက်နေ့တွင် အမေရိကန် ဗုံးကြဲလေယာဉ်များက ဂျပန်ပြည် ဟီရိုးရှီးမားမြို့ပေါ်သို့ အဏုမြူဗုံးတစ်လုံး ကြဲချသည်။ နောက်ထပ် လေးဆယ့်ရှစ်နာရီအကြာတွင် နာဂဆာကီမြို့ပေါ်သို့ ဒုတိယတစ်လုံးကို ကြဲချလိုက်ပြန်သည်။

လူပေါင်း လေးသိန်းနှစ်သောင်းကျော် တစ်ပြိုင်နက်တည်း သေကြေပျက်စီးကာ လူပေါင်းတစ်သိန်း သေလုမျောပါး ဒဏ်ရာရခဲ့သည်။

နဂိုကပင် စစ်ရှုံးလုဆဲဆဲ ရှိနေသော ဂျပန်တို့အကြွင်းမဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ချသွားခဲ့ကြသည်။

ဒုတိယကမ္ဘာစစ် နိဋ္ဌိတံခဲ့သည်။ နိဂုံးချုပ်ခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင် ၁၉၄၅ ခု ဩဂုတ်လ ၆ ရက်နေ့တွင် ဇင့်ကို မွေးဖွားခဲ့သည်။

ငယ်စဉ်ကတော့ အသက်ထက်ဆုံး အေးချမ်းမည်ဟု နိမိတ်ဖတ်ခဲ့ကြသေးသည်။

ဇင်သည် အများနည်းတူ ကြီးပြင်းကာ အများနည်းတူ ပညာရှာခဲ့သည်။

ဉာဏ်မထိုင်းလှသလို အတော်ကြီးလည်း မဟုတ်လှသော ဇင်သည် အခြားစာမေးပွဲများ၌ တစ်နှစ်တစ်တန်း အောင်ခဲ့သော်လည်း ခုနစ်တန်းလို ဆယ်တန်းလို အစိုးရစစ် စာမေးပွဲများ၌ တစ်နှစ်စီ ကျရှုံးခြင်းဖြင့် စာသင်နှစ် နှစ်နှစ်ပိုခဲ့သည်။

ဇင် တက္ကသိုလ်သို့ ရောက်သော ကာလ၌ မိန်းကလေးတို့သည် 'ခင်ယုမေဖက်ရှင်' ဟု ခေါ်သော လည်ထောင်အင်္ကျီ၊ ခြေသလုံးသားပေါ် ထမီမျိုးကို ဝတ်ကြသည်။

အောင်လင်း၊ ခင်နှင်းယုနှင့် တက္ကသိုလ်ဘုန်းနိုင်တို့၏ ဝတ္ထုများကို ဖတ်ကြသည်။

ကျော်ဆွေ၊ မောင်သင်နှင့် ကြည်ကြည်မြေး၊ သီသီ၊ စံရှားတင်တို့၏ ရုပ်ရှင်ကားများကို ကြည့်ကြသည်။

စန္ဒားချစ်ဆွေ၊ ကိုသန်းလှိုင်၊ မင်းနောင်နှင့် ထား၊ တင်တင်မြ၊ ညွန့်ညွန့်စိန် တို့၏ သီချင်းများကို နားထောင်ကြသည်။

ဇင်သည် 'မောင်'နှင့် ပထမနှစ်မှာပင် စတင် တွေ့ဆုံခဲ့လေသည်။

မောင်သည် အောင်လင်း၏ ဝတ္ထုတွေထဲက ဇာတ်လိုက်များလို မညိုးမှိန်လှသော်လည်း တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုတွေထဲက ဇာတ်လိုက်များလောက်လည်း မတောက်ပလှပေ။

သို့သော် မောင်နှင့်ဇင်တို့ တွေ့ဆုံပုံကဖြင့် ဝတ္ထုဆန်နေလေသလား မသိ။

သစ်တောတို့ စိမ်းမြကာ စိန်ပန်းတို့ ရဲရဲနီအောင် ပွင့်လေ့ရှိသော မိုးနေ့တစ်နေ့တွင် ဖြစ်ပါသည်။

ဇင်သည် လှည်းတန်းဈေးသို့ လာသည်။ ဘီစကွတ်၊ လက်ဖက်၊ ကော်ဖီမှုန့်၊ နို့ဆီ၊ ရေအိမ်သုံးစက္ကူကဲ့သို့ တိုလီမုပ်စများ လာဝယ်ခြင်း ဖြစ်သည်။

အဆောင်မှ ထွက်စက မိုးရိပ်မိုးဆင် မမြင်ခဲ့ရ။ မိုးသားမိုးတိမ်ကို မမြင်ခဲ့ရ။

ကိုင်တွယ်စရာတွေ များသည်နှင့် ထီးကို ချန်ထားရစ်ခဲ့သည်။

ရန်ကုန်မိုးဆိုသည်က သိကြသည့်အတိုင်း မဟုတ်လား။

မဆင်ဘဲနှင့်လည်း ရွာတတ်သည်။ မညိုဘဲနှင့်လည်း ပြိုတတ်သည်။ မအုံ့ဘဲနှင့်လည်း ဖွေတတ်သည်။

ခုပဲကြည့်။

ဈေးမှာ အချိန်အတော်များများ ဖြုန်းကာ ဝယ်ခြမ်းပြီး ထွက်လာခဲ့သည်။ ရာမညဆောင်ရှေ့သို့ ရောက်ပြီဆိုသည်နှင့် တစ်ပြိုင်နက်မှာပင် ရေပြည့်အိုးကို မှောက်သွန်လိုက်သလို အုန်းအင်းသရော ရွာချလိုက်သည်။

ဇင့်မှာ အခက်ကြုံရသည်။

အနီးအပါးမှာ မိုးခိုစရာ မမြင်၊ အရိပ်အာဝါသ မရှိ။

တမင်ဆင်၍ ရိုက်ကူးထားသော ရုပ်ရှင်ကားတွေထဲကလို ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သည် ဇင်၏ ရှေ့တူရူမှ လာနေသည်။

သူ့လက်ထဲမှာ ထီးတစ်ချောင်းပါသည်။

မိုးပေါက်တွေ ကျလာတော့ လက်ထဲမှ ထီးကို ဖွင့်ဆောင်းသည်။

ယင်းအချိန်တွင် ဇင်နှင့် ထိုသူမှာ လက်တစ်ကမ်းစာအကွာမျှသာ ရှိတော့သည်။

သူသည် အကာကွယ်မဲ့နေသော ဇင့်ကို မြင်သည်။ ခိုကိုးစရာ မဲ့နေသော အဖြစ်ကို တွေ့သည်။

ဇင့်ကို သူ့လက်ထဲမှ ထီးဖြင့် မိုးပေးလာသည်။

နှစ်ယောက်သား ပထမအကြိမ်အဖြစ် မျက်နှာချင်းဆိုင်မိခြင်း။ သို့မဟုတ် သံယောဇဉ်တစ်ခု၏ အစဟု ဆိုနိုင်သည်။

'မိုးတွင်းကြီးပဲဗျာ၊ အပြင်ထွက်ရင် ထီးယူခဲ့ဖို့တော့ ကောင်းတာပေါ့'

သူ၏ အပြစ်တင်သံ။

ဇင်ကတော့ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဘာမျှ ပြန်မပြောတတ်ခဲ့။

သူ့ကိုသာ အကဲခတ်သလို ကြည့်မိသည်။

အသားညိုသည်ကိုလည်း မှတ်မိပြီ။ နှာတံပေါ်သည်ကိုလည်း သတိပြုမိပြီ။ မျက်ဝန်းကြည်လဲ့သည်ကိုလည်း တွေ့ရပြီ။

အရွယ်အားဖြင့် ဇင်နှင့် မတိမ်းမယိမ်း။ ပုံစံအားဖြင့် ကျောင်းသားတစ်ယောက်မှန်း သိသာသည်။

'ဘယ်အထိ ပြန်မှာလဲ'

'မာလာ'

'အဝေးကြီးပဲ၊ ကြွက်စုတ်ရေနှစ်သလို ရွှဲကုန်တော့မှာပဲ'





'လူက ကိစ္စမရှိပါဘူး၊ ပစ္စည်းတွေသာ စိုမှာစိုးတာပါ'

'ကျွန်တော် လိုက်ပို့ပေးရမလား'

'ကျေးဇူး...ဒါ...ဒါပေမယ့်...'

ဇင် ဆုံးဖြတ်ရ ခက်နေသည်။ မိုးစိုမှာလည်း ကြောက်သည်။ သူတစ်စိမ်း ယောကျ်ားတစ်ယောက်နှင့်အတူ ထီးတစ်ချောင်းတည်း တွဲဆောင်းရမှာလည်း မဝံ့ရဲ။

သူသည် ခတ်ယဲ့ယဲ့ ပြုံးလိုက်သည်။

'ကျွန်တော် နားလည်ပြီ။ ကဲလေ ထီးကိုပဲ ယူသွားပေါ့။ ကဲ...ရော့...ရော့'

ဇင် ဘာမျှ မပြောလိုက်နိုင်ခင် ဇင့်လက်ထဲသို့ ထီးရောက်လာသည်။

ဇင် ဘာမျှ မပြောလိုက်နိုင်ခင်မှာပင် သူ မိုးရေထဲရောက်သွားသည်။

ဇင် ဘာမျှ မပြောလိုက်နိုင်ခင်မှာပင် သူ ရာမညဆောင်ထဲ ပြေးဝင်သွားသည်။

အတန်ကြာ ကြောင်နေသည်။ ရှာဖွေသော မျက်လုံးများဖြင့် ရာမညဆောင်ဘက် လှမ်းကြည့်သည်။

အား...လား...လား။

ပေါ်တီကိုအောက်မှာ ဇင်တို့အဖြစ်ကို ဝိုင်းကြည့်နေသူတွေ ဒုနှင့်ဒေး။

ဇင် ရင်တုန်ပန်းတုန်ဖြစ်လာကာ ခပ်သွက်သွက် လှမ်းခဲ့မိသည်။ အဆောင်သို့ ပြန်ရောက်ခဲ့သည်။ အဆောင်ရောက်၍ ထီးကို အသေအချာ ကြည့်မိတော့ ထီးက အကောင်းစား၊ အော်တိုမစ်တစ်ခလုတ်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



ဇင့် စိတ်ထဲမှာ အုံ့သြနေသည်။

အဖိုးတန်ထီးကို ရက်ရောစွာ ပေးလိုက်သည်။ ထီးပြန်ယူဖို့ သို့မဟုတ် ထီးပြန်ယူရင်း အသိအကျွမ်းဖြစ်လာဖို့တော့ ကြိုးစားဖို့ ကောင်းသည်။ ဇင့် ပြောစကားအရ အဆောင်ကို သိပြီထား၊ အခန်းနံပါတ်မမေးတောင် နာမည်ကလေးတော့ မေးထားလိုက်ဖို့ ကောင်းသည် ထင်သည်။

ယခုတော့ သူက ပီဘိ ဝေဿန္တရာ လက်သစ်။

ခက်သည်က နောက်ရက်များတွင် ဇင် အလုပ်ရှုပ်ရတော့သည်။ ထီးသည် ဇင့်ထံမှာ ရက်ပေါင်းများစွာ သောင်တင်နေတော့သည်။

တစ်နေ့ ပြန်လာယူနိုး မျှော်သည်။ မလာ။

ကျောင်းသားတွေထဲမှာ ရှာသည်။ မတွေ့။

စူဠလိပ် ရေထဲလွှတ်လိုက်သည့်ပမာ အစပျောက်နေသည်။ မိုးရက်တို့ ကုန်ကျွမ်းခဲ့ပြီ။

နှင်းဝေသော ဆောင်းရက်များသို့ ရောက်ခဲ့သည်။

ဆောင်းတစ်ရက်မှာတော့ သူ့ကို ဇင် ဖမ်းမိခဲ့ပါသည်။

စားသောက်ဆိုင်တန်းမှာ ဖြစ်သည်။

ဇင်သည် မုန့်တီစားရန် ဆိုင်တန်းသို့ ဝင်သည်။

ဆိုင်မှာ သူက အလျင်ရောက်နှင့်နေသည်။ မမျှော်လင့်ဘဲ ပက်ပင်းတိုးရသည်။

ဒုတိယအကြိမ် ဖြုန်းစားကြီး မျက်နှာချင်းဆိုင်မိသည်။

'သြ...'

'သြ...'

ပထမ ထွက်လာသော စကားလုံးမှာ သည်မျှသာ။





ဇင်က စ၍ မေးရသည်။

'မှတ်မိလား ဟင်'

သူက ခေါင်းညိတ်ပြသည်။

'ဘာလို့ ထီးလာမယူတာလဲ'

'ဘယ်လို ယူရမှန်းမှ မသိတာ'

'မာလာဆောင်လို့ ပြောခဲ့သားပဲ'

'နာမည် မမေးလိုက်မိဘူးလေ၊ အခန်းနံပါတ် မမေးလိုက်မိဘူးလေ'

'ထီးယူသွားတဲ့ မိန်းကလေး ထွက်ပေးပါဗျို့လို့ လိုက်အော်ရင် လာပေးမှာပေါ့'

'ဒီအထိ သတ္တိမရှိပါဘူး၊ နို့ပြီး...အစကတည်းက စေတနာ သုံးတန် ဖြတ်ထားပြီးသားပါ'

ဈေးသည်ဘက်သို့ လှည့်ကာ 'မုန့်တီတစ်ပွဲ ထပ်ပေးပါဦး၊ မုန့်စားရအောင် လာတာမဟုတ်လား'

'ဇင်က ကျွေးပါရစေ'

'ဇင် တဲ့လား'

'မသက်ဇင်ပါ။ မာလာကပါ၊ အခန်းနံပါတ်....ကပါ'

'အားလုံး မှတ်မိသွားပါပြီ။ သည်က နာမည်က မျိုးမင်းနိုင်'

'သိပ်မှတ်ရလွယ်တဲ့ နာမည်ပဲ။ မေ့သွားမှာ မဟုတ်တော့ပါဘူး'

'ဘယ်လိုကြောင့်'

'ဆရာ ပါမောက္ခဦးမျိုးမင်းကို မှတ်ထားရင် ပြီးတာပဲ'

ရယ်မိကြသည်။

'ညနေကျရင် ထီးလာယူနော်'



www.burmeseclassic.com

www.burmeseclassic.com



'မိုးတောင် ကုန်နေပြီ'

'ဒါဖြင့် မယူတော့ဘူးပေါ့'

'ဟင့်အင်း ယူမှာပေါ့'

ရယ်မိကြပြန်သည်။

ညနေ ဧည့်ချိန်ကျတော့ အဆောင်သို့ သူ ရောက်လာသည်။ ဧည့်ခန်းမှာ ဆုံကြသည်။

'ပထမနှစ် ထင်တယ်'

'ဘယ်လိုလုပ် သိသလဲ ဟင်'

'အရင်က မမြင်ဖူးဘူးလေ'

'ကျောင်းကို ရောက်လာသမျှ မိန်းကလေးတွေကို အကုန် လိုက်ကြည့်ပြီး မှတ်ထားတာပဲလား'

'အကုန်တော့ မဟုတ်ပါဘူး၊ ချောချောလှလှကလေးတွေ ဆိုရင်တော့ မှတ်ထားတာပေါ့'

'ဇင်က မလှလို့ မှတ်မထားတာပေါ့ ဟုတ်လား'

'မဟုတ်ပါဘူး၊ ဇင်က လှပါတယ်၊ သည်က မျက်စိရှုန်း နေခဲ့တာပါ'

'အပြောကလေးကတော့ မဆိုးလှပါကလားနော်'

ဇင် ရယ်သွမ်းသွေးမိခဲ့သည်။

သည်လိုဖြင့် ဇင်နှင့် မောင်တို့ ဆုံကြသည်။

သည်လိုဖြင့် ဇင်နှင့် မောင်တို့ တွေ့ကြသည်။

ဇင့် ဘဝထဲသို့ 'မောင်' စတင် ဝင်ရောက်လာခြင်းပင် ဖြစ်တော့သည်။

× × ×



ဇင် သည် တက္ကသိုလ် ဒုတိယနှစ်များကို တက်ရောက်ခဲ့သည်။

သည်အတွင်း 'ဝင်းဦး' သည် နှုတ်ခမ်းမွေးစစ၊ စပို့ရှပ်အင်္ကျီ၊ ဖင်ကျပ်ဘောင်းဘီဝတ်ကာ ဂစ်တာကိုင်ပြီး 'မေဘာရဏီလို ရွှေပန်းချီတောင်လက်မှိုင်ချရမကိုး...မမမိုး...' ကဲ့သို့ ရော့ခ်အင်ရိုးဆန်ဆန် သီချင်းများကို သီဆိုကာ ရုပ်ရှင်နယ်ပယ်သို့ လျှမ်းလျှမ်းတောက် ထိုးဖောက် ဝင်ရောက်လာသည်။

ရုပ်ရှင်လောကတွင် အပြောင်းအလဲဖြစ်သည်။

ဂီတလောကတွင် အပြောင်းအလဲ ဖြစ်သည်။

ဖက်ရှင်လောကတွင် အပြောင်းအလဲဖြစ်သည်။

ယောကျ်ားကလေးတွေ၏ အဝတ်အဆင် ပြောင်းလဲလာသည်။ နှုတ်ခမ်းမွေးစစ၊ စပို့ရှပ်၊ ဖင်ကျပ်ဘောင်းဘီ။ ဂစ်တာကိုင်သော အလေ့သည် သည်မှ စသည်ထင်၏။

ခေတ်မှီသော မိန်းကလေးအသိုက်အဝန်း၌ 'ဘရာ' နှင့် 'ဘလောက်'ကို တွေ့ရစ ပြုလာသည်။ သို့သော် ဇင်တို့ကတော့ ခါးတိုဘော်လီအင်္ကျီကိုပင် မရဲတရဲ ဝတ်ဆင်ဆဲ။

တက္ကသိုလ်၌ ဒုတိယနှစ်ဖြစ်သလို မောင်နှင့်လည်း ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပင် ဖြစ်ပါသည်။

ဇင်သည် 'ချစ်ရမည့်သူနှင့် လက်ထပ်ရမည့်သူ' အတူတူသာ ဖြစ်ရမည်ဟူသော အယူအဆရှိသူ ဖြစ်သည်။

ထို့ကြောင့် မောင့်ကို ချစ်တော့မည်ဆိုသောအခါ လက်ထပ်နိုင်မည့်သူ ဟုတ်မဟုတ်ကိုပါ လေ့လာခဲ့သည်။

တစ်သက်တွင် တစ်ခါတော့ လက်ထပ်ရမည်၊ တစ်ခါတော့ အိမ်ထောင်ပြုရမည်။

အိမ်ထောင်ရေး သံမဏိစည်းကမ်းတွေ ကြို၍ချမထားသော၊ ကြိုတင်စေ့စပ်ကြောင်းလှမ်းခြင်း၊ ငယ်သူငယ်ချင်း အချင်းချင်း ကတိထားရှိခြင်း စသော ရှုပ်ရှုပ်ထွေးထွေးကိစ္စတွေ ကင်းရှင်းသော ဖေဖေနှင့် မေမေတို့၏ အိမ်ထောင်ရေးသဘောထားမှာ ယေဘုယျပြောလျှင်တော့ လွတ်လပ်သည်ဟု ဆိုရမည်။

'သမီးမှာ ရည်းစားသန် ရှိရင်လဲ ပြောပေါ့'

ဇင် ဆယ့်ရှစ်နှစ်ပြည့်သည့်နေ့မှာ မေမေက ပြောခဲ့သည်။ ဇင်က ခေါင်းခါပြခဲ့သည်။

မေမေ့သဘောထားမှာ အိမ်ထောင်ရေးတွင် 'ကိုယ်ဖြစ်ကိုယ်ခံ၊ ကိုယ်ဖြစ်ကိုယ်စံ' သဘောပင်။ သည်သဘောထားအတိုင်း ဖေဖေမေမေတို့လည်း အိမ်ထောင်ရေးကို တည်ဆောက်ခဲ့ပုံရသည်။

တစ်နေ့သောအခါ မောင်က ဇင့်ကို ချစ်ရေးဆိုလာသည်။

ကြိုတင်မျှော်လင့်ခဲ့သည်မို့ ဇင့်အဖို့ အဆန်းတစ်ကြယ် ဖြစ်မနေခဲ့တော့။

မောင့်ကို လေ့လာပြီး ဖြစ်နေသည်။

မောင်နှင့် ပတ်သက်၍ ရုပ်ရည်မှာ အထူးပြောစရာ မရှိပါ။ အသားညိုညို၊ နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ဖန်ကောင်းကောင်းနှင့်၊





ယောကျ်ားတစ်ယောက်တွင် ရှိသင့်ရှိအပ်သော အရပ်အမောင်းနှင့် ထွားကျိုင်းမှုရှိသည်။

ပညာအနေနှင့်လည်း တတိယနှစ်။

မောင်သည် မြေလတ်သား။

မောင့်မိဘများက ပွဲရုံပိုင်ရှင်ဟု သိရသည်။ မောင်သည် ငွေကို ထိုက်သင့်သလို သုံးစွဲနိုင်သည်။ သူဌေးသား ပုံစံမျိုး မဟုတ်သည့်တိုင် ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ထဲက မဟုတ်သည်ကို သိသာနိုင်သည်။

ဇင်မှလွဲလျှင် ရည်းစားဟူ၍ မရှိခဲ့ပါဆိုသော မောင့်စကားကို ယုံကြည်ခဲ့သည်။

မောင့်ကို ချစ်ရမည့်သူအဖြစ်နှင့်ရော လက်ထပ်ရမည့်သူအဖြစ်နှင့်ပါ စိတ်နှလုံးတုံးတုံးချ လက်ခံနိုင်ရန် ဇင် အရှည်အကြာမစဉ်းစားခဲ့။

မောင်ကျွေးသော အစာကို စားသည်။ မောင်ပေးသော လက်ဆောင်ကို ယူသည်။

ချစ်သူတို့ နားနေရာ အင်းလျားကန်သာ၏ ဆည်းဆာများသည် ပိုမိုတောက်ပကြသည်။ မြသီလာ ဝန်းကျင်မှ တောအရေးသည် ပိုမို ရွှန်းစို စိမ်းမြသည်။ ကျေးငှက်သံတို့သည် ပိုမို ချိုမြနေကြသည်။

များစွာသော စုံတွဲတို့အကြားတွင် ဇင်နှင့် မောင်လည်း ပါဝင်လာသည်။ တက္ကသိုလ် မြကျွန်းသာ၏ မထူးဆန်းတော့ပြီဖြစ်သော ချစ်ပုံပြင်များတွင် စာတစ်မျက်နှာ တိုးလာသည်။

သို့ပေမယ့် ပထမဆုံးအကြိမ် ရုပ်ရှင်ကြည့်စဉ်က ဇင်သည် မောင့်လက်များ မိမိပခုံးကို ထွေးဖက်လာမည့်အရေးမှ ရှောင်ပြေးခဲ့သည်။ တိတ်တခိုးအနမ်းကို ကာကွယ်ရန် ခေါင်းကို ငုံ့စောင်းထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပြောရလျှင် သတိထားရလွန်းသည်နှင့် ရုပ်ရှင်ကိုပင် ဖြောင့်ဖြောင့်မကြည့်ခဲ့ရ။

စင်စစ် ၁၉၆၀ ဝန်းကျင်က သမီးရည်းစား တွေ့ဆုံမှုဆိုသည်မှာ အများအားဖြင့် ရှေ့ရေးနောင်ရေးဆွေးနွေးရန်နှင့် အချစ်စစ် အချစ်မှန်ကို သာဓကပြရန်သာ ဖြစ်သည်။

မေမေ ရန်ကုန်သို့ လာသောအခါ မိမိမှာ ချစ်သူရှိနေပြီဖြစ်ကြောင်း ဖွင့်ပြောလိုက်သည်။

ကျောင်းပိတ်ရက်တစ်ရက်တွင် မောင့်ကို မြို့သို့ ခေါ်လာခဲ့သည်။ ဖေဖေ မေမေတို့နှင့် တွေ့ပေးသည်။

ဖေဖေ မေမေတို့တွင် အထူးထွေပြောစရာမရှိပါ။ 'ရှမ်းကြိုက်နွားချော' ပင်။

မောင့်ကို မြို့မှ တန်ခိုးကြီးဘုရားများသို့ လိုက်ပို့ပေးသည်။ စည်ကားသော အရပ်များသို့ လိုက်ပို့ပေးသည်။ သည်အခါ ဇင့်မှာ တကယ်တမ်း ရည်းစားသန့်ရှိလာပြီဆိုခြင်းကို ဝန်ခံလာရသည်။

သည့်နောက်ပိုင်းတွင် မောင်နှင့်တွေ့ဆုံမှု စိပ်လာသည်။ နှစ်ဦးလုံးမှာပင် စိတ်ဆန္ဒများ ပြင်းပြထက်သန်လာသည့် အဖြစ်ကို တွေ့ရသည်။

မွေးနေ့တွင် ဇင့်အတွက် ရင်ထိုးကလေးကို မောင်ကိုယ်တိုင် ဇင်၏ဘယ်ဘက်ရင်အုံပေါ်မှာ ထိုးပေးစဉ်က မောင်၏လက်များတုန်နေသည်။ ထိုနေရာမှာ ဇင်၏အသည်းနှလုံးနှင့် အနီးကပ်ဆုံးနေရာဖြစ်သည်။

နောက်တော့ အပယိက အထိအတွေ့ကလေးများကို ဇင်လိုက်လျောခွင့်ပြုခဲ့သည်။ ငြင်သာဖွဖွ အနမ်းကလေးများကို ဇင်ကိုယ်တိုင် သာယာလာမိသည်။





ဇင်၏ ဒုတိယနှစ်ဝက်အရောက်မှာ ဖေဖေဆုံးသည်။

ဇင် မြို့သို့ပြန်သောအခါ မောင် လိုက်ပါလာကာ ခုနစ်ရက်လည်သည် အထိ နေသည်။

ဇင်သည် ဖေဖေ့အကြောင်း၊ မေမေ့အကြောင်း၊ အိမ်အကြောင်းကို ယခုမှ ဇစ်ဇစ်မြစ်မြစ် သိခဲ့ရသည်။

ဖေဖေသည် နှစ်ပေါင်း မြောက်မြားစွာကတည်းက အရက်ကို စွဲစွဲမြဲမြဲ သောက်ခဲ့သည်။ သို့သော် အခြား အရက်သမားတွေလို ဆူဆူပူပူမဟုတ်၊ ရမ်းရမ်းကားကား မဟုတ်။ အရက်သောက်ထားစဉ်တွင် ဖေဖေသည် ပို၍ ငြိမ်သည်။ ထို့ကြောင့် ဖေဖေ အရက်သောက်ခြင်းသည် ဇင်တို့အတွက် အကြောင်းမဟုတ်ခဲ့။ ပြဿနာ မဟုတ်ခဲ့။

သို့သော် ဖေဖေ သေဆုံးရခြင်းမှာ အရက် စွဲစွဲမြဲမြဲ သောက်သောကြောင့် အသည်းမာပြီး သေရသည့်အဖြစ်က အကြောင်းဖြစ်လာသည်။

ယခုတော့ မေမေသည် အသက်ငါးဆယ်ရှိလာပြီဖြစ်ပြီး လင်သေပြီ ဆိုသောအခါ လက်ရှိနေသော အိမ်နှင့် လက်ရှိဝတ်သော အဝတ်အစားများသာ ရှိသည်။ ငွေပိုငွေလျှံ ဟူ၍ များများစားစား မကျန်ခဲ့။ ဖေဖေသည် အာမခံဌာနတွင် အလုပ်လုပ်သော်လည်း သူ၏ အသက်ကို အာမခံ မထားရှိခဲ့။ နောင်ရေးအတွက် ဘာ အာမခံမှု လုပ်မထားခဲ့။

မေမေသည် စိတ်ဓာတ်ကျကာ ငို၍ချည်းနေသည်။ အစာစားရန် အဝတ်လဲရန် ငြင်းဆန်နေသည်။

ဇင်က 'ဘာမှ မပူပါနဲ့ မေမေရယ်၊ အားလုံးအဆင်ပြေသွားမှာပါ' ဆိုသောအခါ မေမေသည် ဇင့်ကို နားမလည်နိုင်သလို၊ မယုံကြည်နိုင်သလို ကြည့်သည်။ ပြီး ထပ်၍ ငိုပြန်သည်။ ဇင် ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



လည်း မေမေ့ကို အားသာ ပေးနေရသည့် ကိုယ့်သတ္တိကို ကိုယ် မယုံနိုင်ခဲ့။

'မေမေရယ်၊ ကျေးဇူးပြုပြီး မငိုပါနဲ့လား၊ အစစအရာရာ အဆင်ပြေသွားမှာပါ။ သမီး ကတိပေးပါတယ် မေမေ'

သည်အခါမှပင် မေမေသည် သူ့မှာ အားကိုးအားထားရာ သမီးတစ်ယောက် ရှိသေးသည်ကို သတိရလာပုံပေါ်သည်။ အငိုတိတ်ခဲ့သည်။

'ဇင် ဘာလုပ်မယ် စိတ်ကူးသလဲ ဟင်'

မောင်က မေးလာသည်။

'ဇင် အလုပ်တစ်ခုခု ထွက်လုပ်ရမှာပေါ့ မောင်'

ဇင်သည် ပထမဆုံး အကြိမ် အဖြစ် မိမိဘဝကို တွေးကာ ဝမ်းနည်းမိသည်။ တက္ကသိုလ် စာသင်ရက်များ နိဂုံးချုပ်ရတော့မှာလား။ မောင်နှင့် ခွဲရတော့မှာလား။ ဇင်သည် ဝမ်းနည်းလာကာ မောင့်ရင်ခွင်ကျယ်မှာ မျက်နှာအပ်၍ ငိုသည်။ မောင့်ရုပ်အင်္ကျီ စိုသည်အထိ ဖြစ်သည်။

မောင်က ဇင့်ကို နှစ်သိမ့်မှုပေးသည်။

'ဇင် ဘာအလုပ်မှ လုပ်စရာမလိုပါဘူး၊ ဇင်တို့ သားအမိကို မောင် ပစ်မထားပါဘူး'

ထိုစဉ်က မျက်ရည်တွေအကြားမှ မြင်ရသော မောင့်အပြုံးသည် ဇင့်အဖို့ အရွှန်းလက်ဆုံး ဖြစ်မည် ထင်သည်။

ဇင့်မှာ တွေး၍ ရလာသော အရာများ ရှိသည်။

ဖေဖေသည် စင်စစ် သူတစ်ကိုယ်တည်းအတွက်သာ ဂရုထားခဲ့သည်။ သူ အသက်ရှင်နေစဉ်အတွင်း နေထိုင် စားသောက်သွားနိုင် ဖို့သာ အာရုံစိုက်ခဲ့သည်။ မေမေနှင့် ဇင်၏ နောင်ရေးကို





လျစ်လျူရှုခဲ့သည်။ ဥပေက္ခာပြုခဲ့သည်။

ဇင် လက်ထပ်မည့် ယောကျ်ားတစ်ယောက်သည် ဖေဖေ့လို တစ်ကိုယ်ကောင်းဆံသော ယောကျ်ားတစ်ယောက် မဖြစ်ပါစေနှင့် ဟုလည်း ဆုတောင်းမိသည်။

ဒုတိယနှစ်ဝက် စာသင်ရက်များကို ဇင် စိတ်မဝင်စားနိုင်တော့ပါ။ တက္ကသိုလ် ကျောင်းသူ ဘဝ၌ မပျော်ပိုက်နိုင်တော့ပါ။

စင်စစ် ဇင့်အဖြစ်က ရွှေကျောင်းပြောင်ပြောင် ဝမ်းဟောင်းဟောင်းဟူသော အဖြစ်မျိုး။ ကိုယ့်ဝမ်းနာ ကိုယ်သာ သိသည်မို့ အများနည်းတူ မပျော်နိုင်ခဲ့။

မောင်ကတော့ အားပေးရှာပါသည်။ ကူညီထောက်ပံ့မှု ပေးပါသည်။

သို့ပေမယ့် ဇင့်မှာက မာနကလည်း မချနိုင်သေး။

ဘာမျှ မဖြစ်ခင်တွင် ဘာအကူအညီမှ မလိုချင်။

အလုပ် ထွက်လုပ်ဖို့ကိုတော့ မောင်ရော မေမေကပါ တားသည်။

မေမေသည် အိမ်ခန်းများကို ကန့်လိုက်သည်။ အိမ်ခန်း လေးခန်းအနက် သုံးခန်းကို အငှားချထားသည်။ စပေါ်ငွေဖြင့် အိမ်ဆိုင်ကလေး တည်လိုက်သည်။ လောလောဆယ် စားဝတ်နေရေး အတွက် ထိုက်သင့်သလောက် ပြေလည်သည်ဆိုရမည်။ သို့သော် ဇင်၏ တက္ကသိုလ် စရိတ်များအတွက်မူ အာမ မခံနိုင်သေး။

ဇင်သည် မောင်နှင့် လက်ထပ်ရန် ဆုံးဖြတ်သည်။

ခိုကိုးရာမဲ့သော မြန်မာမိန်းကလေးတို့၏ ရှေးရိုးလမ်းဟောင်းအတိုင်းပင် ဖြစ်သည်။ အိမ်ထောင်ပြုသည်ဆိုခြင်းမှာ အချို့သော သူတို့အဖို့ အမှီရှာခြင်းပင်။ ထွက်ပေါက်ရှာခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



သည်နှစ် ကျောင်းပိတ်ရက်မှာ မောင်က ဆွေပြ မျိုးပြ ဆိုသလို ဇင့်ကို သူတို့မြို့သို့ လိုက်စေချင်သည်။ ဇင်ကလည်း မိမိ ယောက္ခမလောင်းများ၏ အထာကို သိရှိလိုသည်နှင့် လိုက်ဖို့ ကတိ ပေးလိုက်သည်။

သည်မှာတွင်ပင် ဇင်သည် မိမိနှင့် မောင်တို့အဖြစ်မှာ အစတွင် ဝတ္ထုဆန်သော်လည်း တဖြည်းဖြည်းနှင့် စိတ်ကူးယဉ်ဝတ္ထု များနှင့် ကင်းကွာလာသည့် အဖြစ်ကို တွေ့ရသည်။ လက်တွေ့ ဘဝ သည် စိတ်ကူးယဉ် ဝတ္ထုများနှင့် အဟပ်ကွာလှပေသည် တကား။

ဘူတာရုံမှာ လာကြိုလိမ့်မည် ထင်သော်လည်း ရထားဆိုက် သောအခါ ပလက်ဖောင်းပေါ်မှာ ဇင်တို့ချည်းသာ ရှိသည်။ မည်သူကမျှ အကြိုမထောက်ခဲ့။

'ဒီရာသီမှာ ဖေဖေ မေမေတို့ အလုပ်များနေတဲ့ ရာသီပဲ။ ဒါကြောင့် လာမကြိုတာ ဖြစ်မှာပါ'

မောင်က အမျက်ပြေစကား ဆိုသည်။

ဘူတာမှသည် အိမ်အထိ မြင်းလှည်းဖြင့် လာခဲ့သည်။ မောင်တို့ မြို့မှာ အလတ်တန်းစား မြို့တစ်မြို့ဖြစ်သည်။ ရောင်းဝယ် ဖောက်ကားမှုဖြင့် စည်ပင်သည်။ သို့သော် မြို့၏ပုံစံမှာကား ရိုးလွန်း နေသည်။ လမ်းတို့ ကျဉ်းမြောင်းကာ ချိုင့်ခွက်ထူပြောသည်။ တိုက်တာ အိမ်ခြေတို့ ပုံစံမှာ စစ်မဖြစ်မီက အတိုင်းဖြစ်သည်။ အများ အားဖြင့် ရှုပ်ထွေးသော ဈေးဆိုင် ကန့်လန့်များသာ ဖြစ်ကြသည်။

လမ်းတွင် ဇင် မေးခဲ့သည်။

'မောင့်ဖေဖေ မေမေတွေက ဇင့်ကို သဘောကျပါ့မလားဟင်'

'ဒီအတွက် ပူမနေပါနဲ့ကွယ်၊ သူတို့ သဘောကျမှာပါ'

မောင်သည် မြို့သို့ရောက်ကာမှ ထူးထူးခြားခြား နှုတ်ဆိတ်





နေသည်။

ဇင်သည် ယခုတိုင် မျှော်လင့်ချက်ထားဆဲ ဖြစ်သည်။ အိမ် ပေါက်ဝသို့ ခြေချလိုက်သည်နှင့် တစ်ပြိုင်နက် ယောက္ခမလောင်း တို့၏ 'ဟယ် သားနဲ့သမီးပါလား၊ လာကြ၊ လာကြ၊ အမလေး အမေ့ သမီးကလေးက လှလိုက်တာဟယ်' စသည့် အသံများ၊ ဖော်ရွေ ရင်းနှီး သော ထွေးပွေ့ယုယမှုများ။

အိမ်ရှေ့မှာ မြင်းရထား ဆိုက်မိသည်။

ဇင်သည် စိတ်ပျက်မှုကို ဖုံးကွယ်မထားတတ်အောင် ဖြစ်ရ သည်။

အိမ်မှာ ဂိုဒေါင်ပျက်ကြီးတစ်လုံးလိုဖြစ်သည်။ ရှည်မျောမျော အဆောက်အအုံတစ်ခု၊ အမှန်မှာလည်း ပွဲရုံတစ်ရုံပင်။ ရှေ့တွင် အညာ အကြေကုန်များ သိုလှောင်ရာ ဂိုဒေါင်။ နောက်ဘက်မှာ လူနေအိမ်။

ဇင် ထင်မှတ်ခဲ့မိသည်က မောင်တို့ အိမ်သည် အနည်းဆုံး အုတ်ပတ်ကားတက်ထားသည့် နှစ်ထပ်အိမ်တစ်အိမ်တော့ ဖြစ်မည် ဟူ၍ပင်။

အထင်နှင့်အမြင်ကား ကွာခြားချင်တိုင်း ကွာခြားနေတော့ သည်။

ကုန်များမှာ ခြေချစရာ မရှိအောင် ပွနေသည်။ ရှုပ်နေသည်။

လူဝင်လူထွက်ကလည်း များပါဘိ၊ အလုပ်သမား ဖြစ်ဟန် တူသော လူတစ်ချို့သည် ကိုယ်အပေါ်ပိုင်းတွင် ဗလာကျင်းထား သည်။ မန်ကျည်းသီးမှည့်ရောင် ပေါက်နေသည် အသားများမှာ ချွေး ရွှဲကာ ပြောင်လက်နေသည်။ အိတ်ကြီး အိတ်ငယ်များ၊ တောင်းကြီး တောင်းငယ်များကို ထမ်းပိုးနေကြသည်။

တစ်နေ့ရာတွင် ကတ္တားရှိသည်။ ကတ္တားဘေးမှာတော့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်။ သို့သော် သူမသည် ဆံပင်ကို တပတ်လျှို ထုံးထားသည်မှအပ မိန်းမ မဆံလှပါ။ မျက်နှာမှာ သနပ်ခါးမရှိ။ ကိုယ်မှာ ရုပ်အင်္ကျီတစ်ထည် ဝတ်ထားသည်။ ခါးမှာ ယောကျ်ား လုံချည်ကို ထဘီမကျ ပုဆိုးမကျ ဝတ်ထားသည်။

'မောင့် မမလေ'

မောင်က မိတ်ဆက်ပေးသောအခါ ဇင်က ပြုံးပြလိုက်ရသည်။ မောင့်မမသည် စကားတစ်ခွန်းမျှမဆို။ ဇင့်ကို ကြည့်လာသော အကြည့်က စူးရှရဲတင်းလွန်းလှသည်။

'အစ်မကော'

'အိမ်ထဲမှာ'

မောင်နှမ နှစ်ယောက်၏ ပဋိသန္ဓာရ စကားမှာ သည်မျှသာ ဖြစ်သည်။

မောင့်မမသည် ကတ္တားပေါ်မှ တောင်း၏ အလေးချိန်ထက် ဇင့်ကိုပို၍ စိတ်ဝင်စားနိုင်ဟန် မတူပါ။

မောင်က ဇင့်အား မည်းမှောင်ရှည်လျားသည့် အိမ်အတွင်းပိုင်းသို့ ခေါ်လာခဲ့သည်။

မီးဖိုခန်းသို့ ဖြစ်သည်။

ခပ်လှမ်းလှမ်း ကတည်းကပင် မီးဖိုအနီးမှာ အလုပ်ရှုပ်နေသော မိန်းမကြီးသည် မောင့်မိခင်ဖြစ်မည်ဟု ဇင် ထင်ခဲ့သည်။

မှန်ပါသည်။

မောင့်မိခင်သည် တရှိန်ရှိန်တငြီးငြီး တောက်နေသော မီးဖိုနှစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ မီးဖိုတစ်လုံးပေါ်တွင် ထမင်းအိုးနှပ်ထားသည်။ တစ်လုံးမှာတော့ ဝက်သားဟင်း။ မောင့်မိခင်သည် ဝက်သား အိုးတွင်ရောဖို့ အာလူးများကို ထုတ်ယူနေသည်။





ထမင်းအိုးမှာ အနည်းဆုံး ဆန်လေးငါးပြည်တော့ ဆံ့မည်။ ဝက်သားအိုးမှာလည်း အလှူအသေးစားမှာ ချက်သည့် အိုးမျိုး။ အနည်းဆုံး သုံးလေးပိဿာရှိမည်။

မောင့်မေမေသည် ဝဝဖိုင့်ဖိုင့်ကြီးဖြစ်သည်။ ဖြူဖြူဖွေးဖွေးကြီးဖြစ်သည်။ အထူးသဖြင့် ရင်ဘတ်များမှာ ကြီးမားလှသည်။ ဝကစ်လှသည်။ လုံချည်ကို တိုတိုဝတ်ထားသည်။ အသားသည် နေပူပူ မီးပူပူတွင် အဆီပြန်နေသည်။

'အစ်မ' မောင့် အသံကြောင့် နောက်သို့ လှည့်ကြည့်လာသည်။

'အစ်မ' ဟူသည်မှာ 'အမေ' ကိုပင် ခေါ်ကြောင်း နောက်တော့ ဇင်သိရသည်။

'ဩ' ဆိုကာ မောင့်မိခင်က ဇင့်ကို သမင်လည်ပြန် ကြည့်သည်။

'ကျွန်တော် ပြောပြနေတဲ့ မသက်ဇင်လေ'

'သြော်...အင်းအင်း' ဆိုကာ မောင့်မိခင်သည် အာလူးများကို အတုံးကြီးကြီး လှီးထားသော ဝက်သားထဲသို့ ရောလိုက်သည်။

မောင့် မိခင်သည် ဇင်တို့ ရောက်လာမည်ကို ကြိုတင်သိနေပုံရသော်လည်း သားသားနားနား မကြိုနိုင်သည့်အတွက် ဝမ်းနည်းပုံကားမပြပါ။

ထိုနေ့က ဇင်သည် ပထမဆုံးအကြိမ်အဖြစ် အခွံမနွှာသော အာလူးဟင်းကို စားသုံးခဲ့ရသည်။ လည်ချောင်းမှာ တစ်ဆို့နေလျက်က ကျိတ်၍ မျိုချခဲ့ရသည်။

'အဖေကော'

'ရွာဘက်သွားတယ်၊ ဒီနှစ်က အရင်နှစ်တွေလို မချောင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်' မှ အစချီကာ အမျိုးသမီးကြီးသည် အလုပ်နှင့် ပတ်သက်၍ ညည်းညူနေသည်။ 'အင်း...မင်းအဖေလဲ မင်းအဖေအလျောက်၊ မင်းအစ်မလဲ မင်းအစ်မအလျောက် ပင်ပန်းကြတယ်။ ငါ့မှာလဲ မြင်တဲ့အတိုင်းပဲလေ။ အလုပ်သမား ဆယ်ယောက် ဆယ့်ငါးယောက်ကို မနက်စာ ညစာ ချက်ကျွေးနေရတာ အနှစ်နှစ်ဆယ်တောင် ကျော်လာပြီ။ ဘယ်တော့များမှ ဒီဝန်ထုပ်ဝန်ပိုးကြီး ခေါင်းပေါ်က ကျမလဲ မသိပါဘူး'

စင်စစ် မောင့် မေမေသည် သည်ညည်းချင်းကို ယခုလော လောဆယ်မှာ မညည်းသင့် ထင်သည်။ တကယ်တမ်းတွင် ဇင်သည် သူစိမ်းသက်သက်သာ ရှိသေးသည်။ ဇင့်ရှေ့မှာမှ မဟုတ်၊ မျက်နှာသိ ဧည့်သည်ရှေ့မှာပင် ရောက်ရောက်ချင်း သည်စကားမျိုး ပြောသင့်သည် မဟုတ်ပေ။

မီးဖိုခန်းတံခါးပေါက်ကို မှီရပ်နေသည့် ဇင်သည် မိန်းမသား ပီပီ မောင့်မိခင်ကို ကူညီချင်သည်။ သို့ပေမယ့် ဝင်လုပ်ရန် အချိန်စောသေးသည်။ ရင်းနှီးမှု လိုသေးသည်ဟု ထင်သည်။ စိတ်မှာတော့ အလိုလို ကျဉ်းကျပ်အားနာနေမိသည်။

အိမ်ရှေ့မှာ ကားတစ်စီး ထိုးဆိုက်လာသည်။

'ဟော မင့် အဖေ ပြန်လာပြီ'

မောင့် မိခင်သည် ဇင်တို့ မီးဖိုခန်းမှ ထွက်သွားသည့်အတွက် ဝမ်းသာလိမ့်မည် ထင်သည်။

မောင်က ဇင့် လက်ကိုဆွဲကာ အိမ်ရှေ့သို့ ထွက်လာသည်။

ဇင် အံ့သြမိသည်မှာ ဖုန်အလိမ်းလိမ်းတက်ကာ ရက်ပျက်ဆင်းပျက်ဖြစ်နေသော မော်တော်ကားမှာ 'မာစီဒီး' ဖြစ်နေ၍ ပင်တည်း။





မောင့် ဖခင်သည် မောင်နှင့် ရုပ်ချင်းဆင်သည်။ မောင် အသက် ငါးဆယ်ကျော်လာလျှင် သည်ရုပ်မျိုးပင် ဖြစ်ပေလိမ့်မည်။

မောင့် ဖခင်က မရိုင်းလှပါ။ ဇင့်ကို အရေးတစ်ယူပင် နှုတ်ဆက်သည်။

'တို့များရဲ့ အိမ်ကတော့ မြင်တဲ့အတိုင်းပဲကွ။ နေတတ်သလို သာ နေပေတော့ ကလေးရေ'

ညနေစာအတွက် ပြင်ဆင်သောအခါ ဇင်သည် မောင့် မိခင်ကို ကူညီသည်။ ထမင်းဝိုင်းမှာ အတော်နှင့် အတောမသတ်။ ကြောက်စရာကောင်းအောင် စားလုံးသောက်လုံး ကြီးကြသည်။ တစ်နေကုန် ပင်ပန်းထားသော အလုပ်သမားတို့၏ ထမင်းဝိုင်းမှာ စတုဒိသာ ကျွေးသလို စည်ကားသိုက်မြိုက်လှချေသည်။

မောင်တို့ မိသားစုကို အကဲဖြတ်၍ ရလာသည်။

သူတို့သည် တကယ့်အလုပ်သမားများ ဖြစ်ကြသည်။ တစ်နေ့တွင် ဆယ်နာရီကျော် ဆယ့်နှစ်နာရီလောက် အလုပ်လုပ်ကြသူများဖြစ်သည်။ ပညာ၊ သာယာမှုနှင့် အားလပ်ခြင်းတို့ကို ဥပေက္ခာပြုထားကြသူများ ဖြစ်သည်။

သည်မှာ နေရစဉ် သုံးရက်တွင် ဇင်သည် စိတ်ကျဉ်းကျပ်လျက် ရှိရသည်။ မောင်သည် သူ့ဖခင်၏ ကားကိုယူကာ ဇင့်အား မြို့ဝန်းကျင်ကို လိုက်ပြသည်။ ဇင်တို့အတွဲ ထွက်လာလျှင် မြို့မှ လူများ ဝိုင်းဝန်းကြည့်ကြသည်။ နောက်ကျောဖက်တွင် တီးတိုးစကားဆို၍ ကျန်ရစ်ကြသည်။

ဇင် နှစ်ခြိုက်မိသည်မှာ တစ်ခုသာရှိသည်။

ညနေပိုင်း လမ်းလျှောက်ရသော အရသာဖြစ်သည်။

မြို့မှာ ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိသည်။ ယခုလို



www.burmeseclassic.com

www.burmeseclassic.com



နွေရာသီတွင် မြစ်ရေကျကာ သောင်သည် အပြန့်အပြောကျယ်စွာ ထွန်းနေသည်။ နေဝင်ဆည်းဆာအချိန် အပြန့်ကျယ်သော သောင်ပေါ်၌ လမ်းလျှောက်ရသောအခါကျမှ ဇင်သည် လွတ်လပ်ပေါ့ပါးသော အရသာကို ခံစားရသည်။

သည်ထက် ကြာကြာနေဖို့ ရည်မှန်းပြီးလာခဲ့ပါလျက် သုံးရက်နှင့်ပင် ဇင်တို့ ပြန်ဖြစ်ကြသည်။

အပြန်တွင်လည်း အလာတုန်းကလိုပင် ဘူတာရုံမှာ ဇင်တို့ အထီးတည်းသာ။

ဇင်သည် ယောက္ခမလောင်းများနှင့် သော်လည်းကောင်း၊ ယောက်မလောင်းနှင့် သော်လည်းကောင်း မရင်းနှီးခဲ့။ အဖွဲ့မကျခဲ့။ ညှိသည်သွား ညှိသည်လာ။ မေးထူးခေါ်ပြော လောက်ပင်။

ဇင်သည် စိုးရိမ်ဆဲ။ မျက်ကွယ်မှာ မေးမိပြန်သည်။

'သူတို့ တကယ်ပဲ ဇင့်ကို နှစ်ခြိုက်ကြရဲ့လား မောင်'

'နှစ်ခြိုက်ကြပါတယ်'

'မောင် ဘယ်လိုလုပ် သိသလဲ'

'ဒီလိုပဲ သိတာပေါ့'

'မောင် မသိပါဘူး'

'သိပါတယ်။ မကြာခင် ဇင်လဲ သိလာမှာပါ'

'တစ်ခုတော့ ပြောချင်တယ် မောင်။ မောင်နဲ့ လက်ထပ်ပြီး အဲဒီ ဂိုဒေါင်ကြီးနဲ့တူတဲ့ ပွဲရုံထဲမှာ အလုပ်သမား လေးငါးဆယ် ယောက်ကို ဒိုင်ခံ ထမင်းချက်ကျွေးနေရတဲ့ ဘဝတော့ မရောက်ချင်ဘူး'

'ဘယ်သူက ဇင့်ကို အဲဒီမှာ ထားမယ် ပြောလို့လဲ၊ မောင်ကိုယ်တိုင် အနှစ်နှစ်ဆယ်ကျော် အဲဒီမှာ နေလာရတာ ပျင်းရိငြီးငွေ့





လှပါပြီကွာ။ စိတ်ချပါ။ ဇင် အဲဒီမှာ မနေစေရပါဘူး'

နောက်ရက်သတ္တပတ်အနည်းငယ်ကြာသောအခါ ဇင်ရှိရာသို့ မောင် ရောက်လာသည်။ ဇင်တို့မြို့သို့ ဖြစ်သည်။

'အစ်မက ဇင့်အတွက် လက်ဆောင်ပေးလိုက်တယ်'

စက္ကူဗူးကလေးတစ်ခုကို ဇင့်ရှေ့မှာ ချပြသည်။

'ဘာ လက်ဆောင်များပါလိမ့်'

ဇင်သည် စက္ကူဗူးကို ဖွင့်ကြည့်သည်။

ဇင်၏ မျက်ဝန်းသည် ရွှန်းစိုတောက်ပ လာရသည်။ ရင်တွေ့ပန်းတွေတုန်ကာ မျက်ရည်လည်လုမတတ် ရှိရသည်။

ဘူးထဲမှာ မြင်ရသည်က စိန်လက်စွပ် တစ်ကွင်း။

စိန်သည် အရည်အသွေး ကောင်းလှသည်။ နက်ပြာရောင် ကတ္တီပါ အခင်းပေါ်မှာ တဖိတ်ဖိတ် လက်နေသည်။

'အို....မောင်ရယ်၊ တကယ်ပဲလား'

'တကယ်ပေါ့ဇင်ရ။ မောင် မပြောဘူးလား၊ သူတို့ ဇင့်ကို နှစ်ခြိုက်ကြပါတယ်လို့'

ဇင်မှာ ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်လာသည်။

စိန်အကြောင်း နားလည်ဟန်တူသော မေမေက 'သိပ်အရည်အသွေးကောင်းတဲ့စိန်ပဲ၊ ကာလပေါက်ဈေး လေးငါးသောင်း အထက်မှာရှိမယ်' ဟု အကဲဖြတ်သည်။

မေမေ့ နောက်ကွယ်ကျတော့ မောင်ကိုယ်တိုင် လက်စွပ်ကို ဇင်၏လက်သူကြွယ်မှာ ဝတ်ပေးသည်။

'မောင်နဲ့ လက်ထပ်ရမယ့် ကံထူးသူ သတို့သမီးအတွက် ရည်ရွယ်ပြီး လုပ်ထားတာတဲ့။ ကြည့်စမ်း၊ တိုင်းရက်တဲ့ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့် ဆိုတာလို ဇင့်လက်နဲ့ အံကိုက်ပဲနော်'



www.burmeseclassic.com

www.burmeseclassic.com

အမှန်ပြောရလျှင်တော့ ဇင်တစ်သက်တာတွင် စိန်ကို တစ်ခါမျှ မဝတ်ဖူးခဲ့ပေ။ ဝတ်ဖို့ဝေး၍ စေ့စေ့ပင် မမြင်ဖူးခဲ့။

ထိုကြောင့်ပင် ဖြစ်မည်။ ညအိပ်တော့ ဇင်သည် မကြာခဏ နိုးနိုးလာသည်။ လက်မှ လက်စွပ်ကို မီးရောင်တွင် မကြာခဏ ထောင်ထောင်ကြည့်သည်။ မီးရောင်တွင် လက်လာသည့် အနီ၊ အဝါ၊ လိမ္မော်၊ အပြာ၊ ခရမ်း စသော ရောင်ပြေးကလေးများကို ကြည့်မဝ၊ ရှုမဆုံး။

မောင့်ဖခင်၊ မိခင်၊ အစ်မတို့ကို ကျေးဇူးတင်သည်။

အို....အဲသည်နေ့က ဇင့်တစ်သက်မှာ အပျော်ဆုံးပဲ ထင်သည်။

× × ×



ကံ ကော်ပန်း ရနံ့သည် လှိုင်နေသည်။

ပိတောက်တို့ မိုးရေသောက်ချိုးကာ ပွင့်ခဲ့ဖူးခဲ့ပြီ။

စိန်ပန်းနီစွေးစွေးတို့ ဖွေးဖွေးလှုပ်မျှ ပွင့်ကြသည်။

ထိုင်သူမဲ့ ခုံတန်းလျားကလေးတွေမှာ ဒွိယံဒွိယံ အတွဲကလေးတွေ တွေ့ရစပြုပြီ။

လ အတန်ကြာ ရှင်းလင်းနေခဲ့သော အဓိပတိ လမ်းမှာ စည်ကားစ ပြုပြီ။

အတန်ကြာ အသံတိတ်ခဲ့သည့်စာသင်ခန်းများမှာ ညံစီစပြုပြီ။

အမိတက္ကသိုလ် ပြန်ဖွင့်ခဲ့ပြီ။

သို့သော်....ဇင်သည်လည်းကောင်း၊ မောင်သည် လည်းကောင်း တက္ကသိုလ်နယ်မြေသို့ ပြန်မရောက်ခဲ့ကြတော့ပါ။ ကံ့ကော်မြေကို ကျောခိုင်း ခဲ့ကြသည်။

ဇင်တို့ လက်ထပ်ဖြစ်ခဲ့ကြသည်။

လက်ထပ်ပွဲမှာ ဇင် ထင်မှတ်ထားခဲ့သည်ထက်ပင် အကျဉ်းနည်း ဆံနေသည်။

ဇင် မျှော်လင့်ထားခဲ့မိသည်က သိပ်ခမ်းခမ်းနားနားကြီး


www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သည့်တိုင် အလတ်တန်းစား မင်္ဂလာအခမ်းအနားကလေးတော့ ဖြစ်လိမ့်မည်ဟူ၍ပင်။

တကယ်တမ်းကျတော့ ဇင်တို့ ဘာအခမ်းအနားမှ မလုပ်နိုင်ခဲ့။

မိတ်ဆွေအချို့နှင့်အတူ တရားရုံးတွင် လက်မှတ်ရေးထိုးလိုက်ကြသည်။ ညနေစာကို ဟော်တယ်တစ်ခုတွင် စားကြသည်။

သည်မျှသာပါပဲ။

သည်မျှနှင့်ပင် ပုဆိုးတန်းတင် အကြင်လင်မယား ဖြစ်ခဲ့ကြရသည်။

အစကတော့ ဇင်သည် ဘာကြောင့် မောင် ကျောင်းပိတ်ရက်များတွင် မိမိအိမ်၌ သောင်တင်နေခဲ့သည်ကိုမသိ။ ဘာကြောင့် လက်ထပ်ကြပါစို့ဟု တဖွဖွ ပြောခဲ့သည်ကို မသိ။

လက်ထပ်ကြပြီဆိုတော့မှ ရိပ်စားမိရပါတော့သည်။

စင်စစ်တွင် မောင် ပြောသလို မောင့်မိဘများက ဇင့်ကို သဘောမတူခဲ့ကြပါ။ မနှစ်မြို့ခဲ့ကြပါ။

သူတို့က မြို့ခံလူချမ်းသာထဲက မိန်းကလေး တစ်ယောက်နှင့် မှန်းထားသည်။ ထိုမိန်းကလေးမှာ ရုပ်ရည်နှင့်ပညာ မရှိသော်လည်း ငွေရှိသည်။ ဇင့်ကို ပစ်ပြီး ထိုမိန်းကလေးနှင့်လက်ထပ်ဖို့ မောင့်ကို နားချသည်။

မောင်က ငြင်းသည်။

မောင်က ဇင်မှ ဇင်။

သည်လိုနှင့် မောင့်ကို သူတို့သားအဖြစ်မှ စွန့်လွှတ်ခဲ့ကြသည်။

ဇင့်အား ပေးခဲ့သည့်စိန်လက်စွပ်မှာ စင်စစ် မောင့်မိဘများ





ဘက်က နောက်ဆုံးအနေနှင့် စွန့်ကြဲလိုက်သော လက်ဖွဲ့ပစ္စည်းပင် ဖြစ်တော့သည်။

ဇင်တို့ လက်ထပ်ပြီးစီးကြောင်း သတင်းစာ၌ ကြော်ငြာပါလာပြီး ခုနှစ်ရက် ကြာသောအခါ မောင့်မိဘများက မောင့်အား သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြော်ငြာပါလာခဲ့သည်။

ဇင်တို့ အိမ်ထောင့်ရှင် ဖြစ်ခဲ့ကြပြီ။

ဘဝကို စတင်ကြရပြီ။

ဘဝကို စတင်ရပြီ ဆိုတော့မှပင် ဘဝဟူသည်မှာ အလွန်နက်ရှိုင်း မှောင်ပိန်းသော ချောက်ကမ်းပါးကြီးတစ်ခု ဖြစ်သည်ကို ဇင် သိလာရပါတော့သည်။ မသိနားမလည်နိုင်သော အရာများဖြင့် ပြည့်နက်နေသော အဘိဓမ္မာစာအုပ်ကြီးတစ်အုပ်ကို ကြည့်နေရသည်နှင့်တူကြောင်း သိရပါတော့သည်။

ဇင်က မိမိ ပညာ ဆက်လက် မသင်သည့်တိုင် မောင့်ကိုတော့ ပညာဆုံးခန်းတိုင်စေချင်သည်။ နောက်ဆုံးနှစ်လည်း ဖြစ်နေသည် မဟုတ်လား။

သို့သော် မောင်ကတော့ ဘဝရပ်တည်ရေးအတွက် အလုပ်ဝင်ခဲ့သည်။

သည်အချိန်က ခုနှစ်တန်းအောင်လျှင်ပင် အောက်တန်းစာရေးရဖို့ မခဲယဉ်းလှသော ကာလမို့ မောင့်လို ပညာတတ်တစ်ယောက်အဖို့ အလုပ်ရဖို့ လွယ်သည်။

မောင်သည် အကောက်ခွန်ရုံးတွင် ကာကွယ်ရေးအရာရှိ ဖြစ်လာသည်။

အစသော် ဇင်သည် မြို့မှာပင် မေမေနှင့်အတူ နေသည်။

ဘဝကို စတင်ပြီဆိုသော်လည်း ဇင်တို့မှာ ဘာမျှအဆင်သင့် မဖြစ်သေး။



www.burmeseclassic.com

www.burmeseclassic.com

စနေ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များတွင် မောင်သည် ရန်ကုန်မှနေ၍ ဇင့်ထံ ပြန်လာသည်။ တနင်္ဂနွေတစ်ပတ်တွင် ဇင်တို့ တွေ့ဆုံရက်မှာ တစ်ရက်ခွဲသာ ရှိသည်။ တစ်ခါတစ်ရံ တာဝန်ပိုလာသည်နှင့် ကြုံလျှင်တော့ တစ်လမှာ တစ်ရက်လောက်သာ တွေ့ခွင့်ရသည်။

ခွဲခွါ၍ မနေချင်။

ပြီး....မောင့်မှာ စားရေး နေရေး မချောင်လှ။

သည်တော့ အတူနေဖို့ စိတ်ကူးရသည်။

သည်မှာ စိန်လက်စွပ်၏ အခန်းကဏ္ဍသည် ပါလာရတော့သည်။

မောင်က စိန်လက်စွပ်ကို ရောင်းဖို့ ပြောသောအခါ ဇင်မငြင်းနိုင်ခဲ့။

အရင်းအနှီးဟူ၍ သည်တစ်ခုသာ ပိုင်ဆိုင်သည် မဟုတ်လား။

လေးငါးခြောက်သောင်း တန်မည်ဖြစ်သော်လည်း ရွှေဈေး၊ အိမ်ဈေး၊ ကားဈေးတွေ မတရား ထိုးကျနေသော ကာလမို့ သုံးသောင်းငါးထောင် ရအောင်ပင် မနည်း ပြောယူရသည်။

ဇင်သည် ဘဝကို တကယ်ပဲ စတင်ရပေပြီ။

ဘဝကို စတင်ပြီ ဆိုသည်မှာ စင်စစ် ရေစစ် ပုဝါကနေ ရေတိဆုံ၊ ကျောက်ပျဉ်အထိ ဝယ်ရခြင်းမျိုးလေလားဟု တစ်ခါတစ်ခါ ဇင် စဉ်းစားသည်။

အမှန်ပင် ဇင်တို့တွင် လိုအပ်သော အရာတွေက များလှသည်။

ရန်ကုန်ရောက်တော့ တစ်ခြားအရာတွေကို ထားကာ ဇင်တို့ ဈေးဝယ်ထွက်ရသည်။ မောတော့ မောသည်။ သို့ပေမယ့် ပျော်စရာကောင်းသည်ဟုလည်း ထင်ပါသည်။

ဈေးတစ်လျှောက် ဇင်က လိုချင်တာတွေ လျှောက်ဝယ်သည်။ မောင်က နောက်မှ အထုပ်တွေ တနင့်တပိုးသယ်ကာ လိုက်ရသည်။ ဈေးသည်တွေက ဇင်တို့ကိုကြည့်ကာ ရယ်ကြသည်။ အစုမှ အိမ်ထောင်ကျကြတာ ထင်ပါရဲ့ အတပ်ပြောကြသည်။

ဇင်တို့ ငှားရမ်းထားသည်မှာ အနံ ဆယ့်နှစ်ပေ၊ အလျားပေလေးဆယ်လောက် ကျယ်ဝန်းမည့် အခန်းတစ်ခန်း ဖြစ်သည်။ ယင်းအခန်းမျိုး နှစ်ခန်းပါရှိသည့် သစ်သားအိမ် ဖြစ်သည်။ ခန်းဆီးမှာ သဘော် ဆေးနံ့ပင် မပြယ်သေး။

ဆင်းရဲသားရပ်ကွက်ဟုပင် ခေါ်ရချေမည်။ အသားမကျလှသေးသော ကွက်သစ်တစ်ခု။ လမ်းတို့သည် ကျဉ်းမြောင်းသည်။ ခလုတ် ကန်သင်းနှင့် ရွှံ့ဗွက်ရေအိုင်များ ရှိသည်။ လမ်းပေါ်တွင် ကလေးတို့ ပြေးလွှား ဆော့ကစားကာ တစ်ခါတစ်ရံ ညစ်ညမ်းစွာ ဆဲရေးတတ်ကြသည်။

အိမ်သို့ စတင်ရောက်ရှိသောနေ့တွင် ဇင်တို့ ဘာမျှနေရာတကျ မထားရသေးချေ။ ပစ္စည်းများကို စုပုံ ထားရသည်။ ဖွာဆန်ကြဲနေသည်။

ညစာကို ကမန်းကတမ်း ချက်ပြုတ်သည်။ ထမင်းစားကြတော့ စားပွဲခုံ မရှိသေး။ ငါးပိရည်ပန်းကန် မဝယ်ရသေး။ ဇွန်းပင်စုံစေ့အောင် မရှိသေးချေ။

ခုတင်ကို မဆင်ရသေး။ မွေ့ရာလိပ် မဖြေရသေး။

ဇင်တို့သည် ကြမ်းပြင်ပေါ်တွင်ပင် ဖျာခင်းကာ အိပ်ဖို့ ပြင်ဆင်ရတော့သည်။

ဘာပဲပြောပြော အဲသည်နေ့ညကို ဇင် မမေ့။







www.burmeseclassic.com

www.burmeseclassic.com



ဇင်တို့ ညဥ့်နက်သည်အထိ ရှေ့ရေးအတွက် တိုင်ပင်ကြသည်။ စီမံကိန်းတွေ ချကြသည်။

မောင်က ဇင့်ကို မေးသည်။

'ဇင်....ကလေး ဘယ်နှစ်ယောက်အထိ ယူမယ် စိတ်ကူးသလဲ ဟင်....'

'လေးယောက်'

'မများဘူးလား'

'မများပါဘူး၊ ဇင်က တစ်ဦးတည်းသောသမီး ဖြစ်ခဲ့တယ် မောင်။ ဇင်ရဲ့ကလေးဘဝဟာ ဘယ်လောက် ခြောက်သွေ့တယ် ထင်သလဲ။ သူတစ်ပါး ညီအစ်ကိုမောင်နှမတွေ ကစားတာ ကြည့်ပြီး ဇင့်မှာ အစ်မတွေ၊ အစ်ကိုတွေ၊ မောင်တွေ၊ ညီမတွေ ရှိနေစေချင်လိုက်တာ မပြောပါနဲ့တော့'

'မပြောတော့ပါဘူး'

'ဟင်'

'ဩော်....ဇင် လိုချင်သလောက် ယူပါ။ မောင် မပြောတော့ပါဘူးလို့'

ရယ်ကာမောကာ မောင့်ရင်ခွင်ကို လက်သီးနုနုဖြင့် ထုရသည်။

ဇင်တို့ ချစ်ကြသည်။ လွတ်လပ်ပေါ့ပါးစွာ ဖြစ်သည်။

'မောင်'

'ဟင်'

'ဇင့်ကို ချစ်သလား'

'ဘယ့်နှယ်ပြောပါလိမ့်'

'မချစ်ဖူးလား'





'သိပ်ချစ်တာပေါ့ ဇင်ရယ်'

'ဇင် ကလေးအမေဖြစ်ရင်ကော ချစ်မှာလား'

'အင်းပေါ့'

'ပေါ့ကြီးကို ဖြုတ်ထားလိုက်စမ်းပါ၊ အလေးအနက် ပြောစမ်းပါ'

'အလေးအနက်ပြောတာပါ၊ ချစ်မယ်'

'အသားအရေတွေ လျော့ပါးပြီး နို့ပျဉ်းကျကြီးနဲ့၊ ဗိုက်ခေါက်ထူကြီးနဲ့ ဆိုရင်ကော'

'ချစ်မှာပါပဲ'

'မောင်ရယ်'

'ဇင်'

'ဇင် စိုးရိမ်နေမိတယ်'

'ဘာကိုလဲ'

'မောင် မချစ်တော့မှာကို'

'ဆံဖြူသွားကြွေ ပါးရေ နားရေ တွန့်တဲ့အထိ ချစ်မှာပါ ဇင်ရယ်'

'တကယ်လား'

'တကယ်'

'ဇင့်ကို ပစ်ပြီး အချစ်သစ် မရှာရဘူးနော်'

'ယုံပါကွယ်'

ဇင်တို့ ချစ်ကြပြန်သည်။

ထိုနေ့ညက ဖျာအခင်းပေါ်ဝယ် တစ်ယောက်လက်မောင်း တစ်ယောက်ခေါင်းအုံးကာ အိပ်မောကျရသည့်အဖြစ်ကို ဇင့်တစ်သက် မမေ့နိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရှင်ဘဝ၏ ပထမနေ့ရက်များမှာ တကယ်တမ်း လွတ်လပ်သည်။ ပျော်ရွှင်ဖွယ်ဖြစ်သည်။ နှစ်ယောက်သားအချိန်ရှိ သရွေ့ တစ်ယောက်နှင့်တစ်ယောက် ပူးကပ်တွယ်မှီကာနှင့်။ စကား လက်ဆုံ ပြောရ၍မကုန်အောင်လည်း ဖြစ်သည်။ ပြောကြသည့် စကား များမှာ နောက်ပိုင်းက ချစ်ခဲ့ရသည့် နေ့ရက်များအကြောင်းလည်း ပါသည်။ ရှေ့တွင် ကြုံကြရမည့် ရှေ့ရေးအကြောင်းတွေလည်း ပါ သည်။ စီမံကိန်းတွေ ချကြသည်။ သားသမီးရလျှင် ဘယ်သလို့ပြုစု မည်၊ ဘယ်ပုံစံသွင်းမည်၊ ဘယ်ကျောင်းထားမည်။ ဆရာဝန်တွေ၊ စစ်ဗိုလ်တွေ၊ ကျောင်းဆရာတွေ၊ အင်ဂျင်နီယာတွေ လုပ်ခိုင်းမည် စသည်ဖြင့် ဖြစ်သည်။

အိမ်ထောင်ဦး ရက်လများသည် အိမ်မက်ဆန်သော စိတ်ကူး ယဉ်မှုများနှင့် ပြည့်လျှမ်းနေသည် အမှန်ပင်။

ဇင်တို့သည် တစ်ခါတစ်ရံ အိမ်တွင်းစားသောက်ဖွယ် အဆန်းတကြယ်များ လုပ်စားကြသည်။ ဇင်က ပူတင်းအဖုတ်တော် သည်။ မလေးရှားခေါက်ဆွဲ အကြော်ကောင်းသည်။ ကျောင်းမှာ ကတည်းက သည်ပညာတွေတတ်ခဲ့ကာ အခန်းနီးနားချင်းများ၏ အံ့ဩချီးမွမ်းခြင်းကို ခံခဲ့ရသည်။

ရံခါတွင်တော့ အိမ်မှာ မီးခိုးတိတ်ထားကာ လေဟာပြင်လို၊ စားသောက်ဆိုင်တစ်ခုခုလို နေရာမျိုးမှာ စားသောက်ကြသည်။ အထူး သဖြင့် လခထုတ်ရက်မှာ ဖြစ်သည်။

ရုပ်ရှင်ကြည့်ကြသည်။ အိမ်မှာ ထိုင်နေရင်း ပျင်းပါတယ် ဆိုကာ ညဥ့်နက်ပိုင်း ရုပ်ရှင်ပွဲများကို သွားကြည့်ကြသည်။

တနင်္ဂနွေတစ်ပတ်တိုင်းမှာတော့ မေမေ့ထံ သွားကြမြဲ။ နောက်တော့လည်း စရိတ်စကကို ငဲ့ကာ လခထုတ်ရက်နှင့် စနေနေ့





တိုက်ဆိုင်သည့်နေ့များမှာမှ သွားကြသည်။ မေမေ့ကိုလည်း ထိုက်သင့် သလောက် ထောက်ပံ့နိုင်ခဲ့ကြသည်။ မောင့်မိဘတွေနှင့်မူ သူစိမ်း ပြင်ပြင်ပင်။

ဆံစတွေခြောက်သည်။ ရင်သည် မို့ယမ်းလာသည်။ ရက် ကျော်လာသည်။ အချဉ်မှတစ်ပါး အခြားအစားအစာကို စားချင်စိတ် မရှိ။ ပျို့ချင် အန်ချင်သည်။

သည်သို့ဖြင့် ဇင်သည် ပဋိသန္ဓေ ရှိလာပြီဆိုသည့်အဖြစ်ကို သိလာရသည်။

သိကျွမ်းနားလည်သော အမျိုးသမီးကြီး တစ်ယောက်က ဇင်သည် သုံးလကျော်လေးလအတွင်း ရောက်ရှိလာပြီဖြစ်ကြောင်း သတိပေးသည်။ ရှောင်ရန် ဆောင်ရန် ကိစ္စတွေကို သင်ကြားသည်။

အမှန်ပင် ဇင်သည် ပျော်ရွှင်နေသည်။

မေမေ့ကိုပြောပြတော့ မေမေကလည်း ဝမ်းသာသည်။

မေမေ့အဖို့ မြေးဦးရတော့မှာပါကလား။

ဘာရယ်လို့ တိတိပပ သိရချိန်မှာ မောင်သည် တာဝန်ဖြင့် ခရီးထွက်နေရသည်။ အဝေးသို့ ရောက်နေသည်။

ဇင်သည် မောင့်ထံ တယ်လီဖုန်းဆက်ရန် ကြိုးစားသည်။

စင်စစ် တယ်လီဖုန်းကို ရုံးကိစ္စမှတစ်ပါး အသုံးမပြုရဟု ကန့်သတ်ထားသည်။ သည်အကြားမှ ဇင် ကြိုးစား ပမ်းစား ဆက်ခဲ့ ခြင်း ဖြစ်သည်။

မိန်းမသားတို့သည် သည်အချိန်မှာ လင်သား ဖြစ်သူကို အားအကိုးဆုံး၊ အတောင့်တဆုံး အချိန် ဖြစ်သည် ဟူသော စကား မှန်လေမည် ထင်သည်။

မောင့်အသံကို ကြားရသောအခါ ဇင့်မှာ အင်အား ပြည့်သွား



www.burmeseclassic.com

www.burmeseclassic.com



သလို ခံစားရသည်။

'ဇင် နေကောင်းလား ဟင်'

'နေကောင်းပါတယ်'

'မောင် မရှိတော့ ဇင် သိပ် အထီးကျန် ဆံနေသလား ဟင်'

'ဟင့်အင်း....အခုတော့ ဇင် အထီးကျန် မဆံတော့ဘူးမောင်၊ ဇင့်မှာ အဖော်ရှိနေပြီလေ'

'အဖော်'

'ဟုတ်တယ် မောင်၊ ဇင့်မှာ အဖော်ရနေပြီ၊ ဇင်လေ...ဇင် × ×'

'အို ဇင်ရယ်....တစ်ကယ်လား၊ တစ်ကယ်ပဲလား ဟင်'

'တကယ်ပေါ့၊ မောင် ဝမ်းမသာဘူးလား'

'ဝမ်းသာပါတယ် ဇင်၊ အို....ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိအောင်ပဲကွယ်'

သို့ဖြင့်....တာဝန်ပြီးဆုံး၍ ပြန်လာသော မောင့်ကို ဇင် မျက်နှာပန်းလှစွာ ကြိုဆိုနိုင်ခဲ့သည်။

ဇင်နှင့် မောင်တို့သည် ယုယစွာ ပိုက်ထွေးထားရင်း....

'မောင် သားသားကလေး ယူချင်လား၊ မီးမီးလေး ယူချင်လား'

'ဘာပဲဖြစ်ဖြစ်ပေါ့ ဇင်။ သားသားလေးဆိုရင် မောင့်အတွက် အကူအညီရမယ်၊ မီးမီးလေးဆိုရင် ဇင့်အတွက် အားကိုးရမယ်။ ဘာလို့ မေးတာလဲ ဟင်'

'သြော်....တချို့က သားဦးဆိုရင် ယောကျ်ားကလေးသာ ဖြစ်စေချင်ကြလို့ပါ'

'မောင့်မှာ အဲဒီအစွဲ မရှိပါဘူး။ ကျားဖြစ်ဖြစ် မ,ဖြစ်ဖြစ် အရေးမကြီးပါဘူး'





ကိုယ်ဝန် ဆောင်ထားရသော ရက်များတွင် မောင်သည် ဇင့်ကို အငြင်သာဆုံး ဆက်ဆံသည်။ ယုယမှု ပေးသည်။

လ,ရင့်လာပြီး ကလေးဆံပင်ပေါက်၍ ဝမ်းရေယားယံသည် မျိုး၊ ကလေး တွန်းကန်လှုပ်ရှားသောအခါမျိုးတွင် နှစ်ယောက်သား အရေပြားပေါ်မှ စမ်းသပ်ကာ ရယ်မောကြရသေးသည်။

ဇင်သည် သားဖွားနှင့်မီးယပ်ဆိုင်ရာ ဆရာဝန် ချိန်းဆိုသော နေ့များတွင် မပျက်မကွက် သွားရောက်သည်။ ပေးသောဆေးနှင့် ဓာတ်စာ အာဟာရများကို စားသုံးသည်။ အပတ်စဉ် ပေါင်ချိန်သည်။

ကလေး၏ အခြေအနေနှင့် ပတ်သက်၍ မေးသောအခါ ဆရာဝန်က....

'အမလေး အမေရယ်...ဘာမှ ပူစရာမရှိပါဘူး။ အမေ့မှာက အင်အားလဲ ရှိတယ်၊ ကျန်းမာရေးလဲ ကောင်းတယ်။ ကလေးရဲ့ အခြေအနေကလဲ သိပ်ကောင်းတယ်။ တစ်ယောက် မဟုတ်ဘူး ဆယ်ယောက်မွေး ဘာမှ မဖြစ်နိုင်ဘူး'

သည်သို့ဖြင့်....ဇင်၏ မိခင်လောင်းဘဝမှာလည်း အပူပင် အကြောင့်ကြ မရှိခဲ့။

သို့ပေမယ့်....နည်းနည်းတော့ ပြောစရာ ရှိသည်။

မောင် စတင် အရက်သောက်လာခြင်း ဖြစ်သည်။

ယခင်ကတော့ အရက်သောက်ခြင်းနှင့်ပတ်သက်၍ ဇင်တို့မှာ သိပ် ထူးထူးခြားခြား ရှိလှသည် မဟုတ်ပေ။

များစွာသော ယောကျ်ားတို့ အရက် သောက်ကြသည်။ ဖေဖေလည်း သောက်သည်။

သို့သော် ဖေဖေ အသည်းမာ၍ သေဆုံးရသည်၊ စီးပွားရေး အရ အရက်သည် ကောင်းကျိုးမပေးနိုင်ဆိုသည်တို့ကို တွေ့လာရ



www.burmeseclassic.com

www.burmeseclassic.com



သော‌အခါ အရက်အတွက် စိုးရိမ် ပူပန်ရခြင်း ဖြစ်လာသည်။

မောင့်ကို မသောက်စေချင်။

သို့ပေမယ့်....မောင်က ဆင်ခြေဆင်လက်ပေးသည်။

'ယောကျ်ားတွေရဲ့ ဆိုရှယ်လောကမှာ အရက်အပါလို့ မပြီးဘူး ဇင်။ အရက်ကြောင့် အသိအကျွမ်း များလာတယ်၊ နယ်ကျယ်လာတယ်၊ အမြင်ကျယ်လာတယ်။ အရက်မသောက်ရင် ဝိုင်းမဝင်ဘူးကွာ၊ ကြောင်တက်တက်နဲ့၊ လူညံ့စာရင်းဝင် ဖြစ်ရတတ်တယ်'

'ဒါပေမယ့်....ဇင့် ဖေဖေဟာတော့ အရက်ကြောင့် အရှုံးမတိုင်မီ သေခဲ့ရတယ် မောင်'

'မောင်က သိပ် အလွန်အကျွံ သောက်တာ မဟုတ်ပါဘူး ဇင်။ နာမည် ပျက်ရုံတင်ပါ'

မှန်တော့ မှန်သည်။ မောင်သည် တခါဖူးမျှ အလွန်အကျွံမူးလာသည် ဆိုသည်မျိုး မရှိခဲ့။ ရုပ်ပျက်ဆင်းပျက် မဖြစ်ခဲ့။ အိမ်ပြန်နောက်ကျ၍ မျှော်ရသည်မျိုး၊ လခ ထုတ်ရက်မှာ လစာ အပြည့်အဝ ပါမလာသည်မျိုးသာ ရှိခဲ့သည်။

အိမ်ထောင်ရှင် သူငယ်ချင်းတစ်ယောက်က ပြောဖူးသည်။

'ယောကျ်ားဆိုတာ မကောင်းမှု တစ်ခုမဟုတ် တစ်ခု လုပ်နေရမှ ကျေနပ်တာကွ၊ အရက်သောက်ရင်သောက်၊ ဖဲရိုက်ရင်ရိုက်၊ မိန်းမလိုက်ရင်လိုက်၊ အဲဒီအထဲက တစ်ခုခုကလေးမှ မလုပ်ရဘူး ဆိုရင် ယောကျ်ားကောင်း မပီသဘူးလို့ ထင်နေကြသလား မသိပါဘူးကွာ၊ တစ်ချို့ကျတော့လည်း ယောကျ်ားကောင်း ပီသအောင် မကောင်းမှုမှန်သမျှ အကုန်လုပ်ကြတော့တာပဲ'

အထိုင်အထ လေးလာသည်။ ဝမ်းရေတွေ တင်းကာ အကြောများ ပြတ်ကုန်ပြီထင်သည်။ တစ်နင့်တစ်ပိုး လွယ်ထားရ





သည်။ သို့ပေမယ့်...သားကလေးလား၊ သမီးကလေးလားဟူသော အတွေးစိတ်ကူးဖြင့် ဇင်တို့ ပျော်နေကြသည်။

သည့်ရက်များတွင် မေမေသည် အိမ်မှာ လာစောင့်ပေးသည်။ ကျေးဇူးတင်ရပါသည်။

ရှစ်လလွန်လာသည်။ ကိုးလအတွင်း ရက်စွန်းလာပြီဆိုသည်နှင့် တပြိုင်နက်မှာပင် ဇင်သည် မွေးဖွားချင်သည့် အရိပ်အယောင်ပြလာသည်။ ဗဟိုအမျိုးသမီး ဆေးရုံသို့ ပြေးရသည်။

ဝမ်းနာရသည့် အဖြစ်ကတော့ လင်စိတ်သားစိတ်ကုန်ပါရဲ့ ဆိုသည်မျိုး။ ဇင်သည် တစ်နေ့နှင့် တစ်ညတိုင်တိုင် နာရသည်။ သည်အချိန်မှာ အမေ့ကို သတိအရဆုံး။ အမေ့ကို အတရဆုံး။ နံနက် ရှစ်နာရီမှာ သမီးကို မွေးဖွားပေးခဲ့သည်။ သမီးကိုမွေးဖွားချိန်၌ ဇင်သည် ကောင်းစွာ သတိရနေသည်။ ကလေးငိုသံကို ကြားနေရသည်။

ဇင်က ကလေးချီရန် လက်ကမ်းသည်။

ကလေး စစ်ဆေးနေသော ဆရာဝန်မက...

'ဒီအချိန်မှာ ကလေးကို ချီလို့ မဖြစ်သေးဘူးကွယ့်၊ သူ့ကို ပေါင်ချိန်ဖို့၊ မှတ်ပုံတင်ဖို့ ခေါ်သွားရဦးမယ်'

ကလေးကို တစ်ခြားသို့ ယူသွားသည်။ ဇင်သည် ခံပြင်းသလို ဖြစ်မိသေးသည်။ သို့ပေမယ့် ဇင်သည် မကြာမီမှာပင် ဝမ်းမြောက်ကျေနပ်ခဲ့သည်။ သူမက မိန်းမသား တစ်ယောက်မဟုတ်လား။ မိန်းမသားပီသစွာ လောက၏ တာဝန်တစ်ခုကို ထမ်းဆောင်ခဲ့ပြီပြီဟူသော အတွေးကို တွေးမိလာကာ ပီတိဖြစ်လာမိသည်။

'သိပ်တော်တဲ့ မအေဘဲကွယ်၊ တို့များကို ဘာဒုက္ခမှမပေးဘူး'

ဆရာဝန်နှင့်သူနာပြု ဆရာမများက ဇင် ရှောရှောရှူရှူ မီးဖွား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ခြင်းအတွက် ချီးကျူးကြသည်။ ဇင်သည် တကယ်ပဲ ကျန်းမာသန်စွမ်းပြီး မွေးဖွားလွယ်သည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။

အစကတော့...သည် ချီးကျူးစကားအတွက် ဝမ်းသာလှသည့် ဖြစ်ခြင်းပေါ့။

မောင်က သမီးကလေးဟော့ ဆိုကတည်းက နာမည်ရှာထားနှင့်ပြီးသား ဖြစ်သည်။ နေ့နံတွေ တွက်ချက်ပြီး ဖြစ်သည်။

'ခင်ဥမ္မာမင်း'....တဲ့။

မောင် ပေးသည့် သမီး၏နာမည်။

× × ×



**စိတ်** ပညာစာအုပ်တွင် ဇင် ဖတ်ခဲ့ဖူးသည်။ ပထမဦးဆုံး ကလေးရသောအခါ ဖခင်လုပ်သူသည် ကလေးအပေါ် ဝန်တိုစိတ် မွေးတတ်သည်ဟူ၍ ဖြစ်သည်။

အကြောင်းမှု ကလေးသည် သူနှင့်ဇနီးအကြား၌ အတားအဆီးဖြစ်နေတတ်သည်။ မိခင်သည် လင်သည်ထက် ကလေးကို ပိုမိုဂရုစိုက်ကာ အိမ်ထောင်ရေးသုခများ ဆိတ်သုဉ်းရတတ်သောကြောင့်ဟု ဆိုသည်။

မောင်နှင့် ပတ်သက်၍မူ ဇင်သည် ထိုသို့မခံစားခဲ့ရပေ။

မောင်သည် ဇင့်ကိုလည်းချစ်သည်။ သမီးကိုလည်း ချစ်သည်။ ဇင်နှင့်သမီး မည်သည်ကို ပိုသည်ဟု ခွဲခြားမရနိုင်စွမ်းသော အချစ်မျိုးဖြစ်သည်။

ဇင်ကိုယ်တိုင်သည်လည်း သည်သို့သာ ဖြစ်သည်။ မောင်နှင့် သမီးမည်သူ့ကို ပို၍ ချစ်သည်ဟု မပြောနိုင်ခဲ့။

သို့သော်...မောင့်ထက် သမီးနှင့် ပတ်သက်သော တာဝန်များက ပိုမိုကြီးလေးလာသည်တော့ အမှန်ပင်။

မေမေရှိနေစဉ်က ဆိုလျှင်တော့ ကိစ္စမရှိ

မေမေပြန်သွားပြီ ဆိုသောအခါတွင်ကား ဇင့်မှာ ချက်ရေးပြုတ်ရေး၊ လျှော်ရေးဖွပ်ရေးနှင့် ကလေးကိစ္စပါ ရောထွေးကာ



www.burmeseclassic.com

www.burmeseclassic.com



ဂျင်ဂျီလည်းရတော့သည်။ မနိုင်မနင်း ဖြစ်ရတော့သည်။ ထိုအခါ မောင်နှင့် ပတ်သက်သော ကိစ္စများအပေါ် မလွဲမကင်းသာ ဥပေက္ခာ ပြုရတော့သည်။

ခက်သည်မှာတော့ ဇင့်တွင် ကလေးနှင့်ပတ်သက်သော ပြုစု ယုယမှု အတွေ့အကြုံမရှိ။ စမ်းတဝါးဝါးပင်။ သည်တော့ ကလေး ကိုယ်ပူခေါင်းပူ ဖြစ်လျှင်လည်း ဆေးတိုက်၊ လေနာဝမ်းသွားလျှင် လည်း ဆရာဝန်နှင့်၊ ဆေးဖိုးဝါးခကိုက မနည်းတော့ချေ။

အမေ့ထံ ပို့နေကျ ထောက်ပံ့ကြေးကို ဖြတ်တောက်လိုက်ရ သည်။

တော်သေးသည်မှာတော့...ဇင်သည် ကလေးကို နို့ဘူးတိုက် ရန် ငြင်းဆန်လိုက်မိခြင်းဖြစ်သည်။

မောင်ကတော့ အပြောသား။

'ကလေးကို နို့ဘူးတိုက်ပါလား ဇင်'

'ဘာဖြစ်လို့လဲမောင်'

'ဇင်သက်သာအောင်ပေါ့။ နောက်ပြီး ဇင် အလှမပျက်အောင် လေ'

'နေပါစေတော့ မောင်ရယ်၊ ဇင့်မှာ တစ်ခြား ဘာအလုပ်ရှိတာ မှတ်လို့။ နောက်ပြီး မိခင်ရဲ့နို့ရည်ဟာ အလတ်ဆတ်ဆုံး၊ အသန့်ရှင်း ဆုံးနဲ့ အဟာရအပြည့်အဝဆုံးတဲ့...၊ ဇင် ကြားဖူးတယ်'

တော်ပါသေးရဲ့၊ နို့ဘူးသာ တိုက်လျှင်တော့ နို့မှုန့်နို့ဆီဖိုးနှင့် မောင် ခေါင်းပြောင်ရချည်ရဲ့။ ပြီး...နို့ဘူးတိုက်ရသည့် ကရိကထက လည်း နည်းလှသည်မဟုတ်။

ဇင်တွင် ကောင်းစွာယုံကြည်နေသော အချက်တစ်ရပ် ကလည်း ရှိသည်။ ၎င်းမှာ သမီးကို အခြားအစာအဟာရ အကူအညီ





မလိုဘဲ မိမိနို့ရည်ဖြင့်ပင် ကြီးပြင်းအောင် မွေးမြူနိုင်မည်ဟူ၍ ဖြစ်သည်။

သို့ပေမယ့်...စင်စစ် ဤသည်မှာ ဇင်၏ အတွေးမျှသာ ဖြစ်သည်။

သမီးလေး အခါလည် အရွယ်သို့ ရောက်သောအခါ 'နောက်တစ်ယောက်' သည် လာ၍ တံခါးခေါက်ပြန်လေသည်။

သီချင်းတစ်ပုဒ်ရှိသည်။ သာခု၏ 'ညှော်သည်' ရုပ်ရှင်ကားမှ ဖြစ်သည်။ လူကြမ်းမင်းသားကြီး မျိုးငြိမ်းက သီဆိုထားသည်။

'ပထမလာတော့ ရွှေညှော်သည်၊ ဒုတိယလာတော့

ငွေ ညှော်သည်။ နောင်သောအခါဝယ် မကြာမကြာရောက်

တော့...သောက် ညှော်သည်'

ဆိုသည့် သီချင်း။

သည်လိုပဲ ဖြစ်မည်။

ပထမ ကလေးရှိစဉ်တုန်းကတော့ ဇင်ရော မောင်ပါ ဝမ်းသာ လိုက်ကြသည့် ဖြစ်ခြင်း။ ရွှေညှော်သည်ပေါ့။ ယခုဒုတိယအကြိမ် ရောက်လာပြန်ပြီဆိုတော့၊ နှစ်ယောက်လုံးက အင်တင်တင် ဖြစ်ချင် လာသည်။

မောင့်ကို ဖွင့်ပြောတော့...'ဇင်ကလဲကွာ' မောင်က ညည်း သလို ဆိုသည်။

'ဇင်က ဘာဖြစ်သလဲ မောင်'

'ဪ...ဘာမှ မဖြစ်ပါဘူး'

ဇင် သိပါသည်။ ရိပ်မိပါသည်။

မောင် သိပ်မကြည်ဖြူသည့် အဖြစ်။

သို့ပေမယ့်...ဇင်ကကော ဘာများတတ်နိုင်ပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်လုံးပင် သည်လောက်နီးလိမ့်မည် မထင်ခဲ့။ ပြီး နှစ်ယောက်လုံး မဆင်ခြင်နိုင်ခဲ့။

ယခုအခါ ပြန်တွေးလျှင်တော့ ဇင်အ,တာ တုံးတာ အမှန်ပင်။

ဇင့်တွင် သားသမီးကင်းဝေးရေးနှင့် ပတ်သက်သော ဗဟုသုတမရှိ။ အသိဉာဏ်မရှိ။ ဆေးဆိုသည်ကိုလည်း မသုံးတတ်ခဲ့ပါ။ 'ရာသီခွင်ဇယား'တွေ ဘာတွေကိုလည်း မသိနားမလည်ခဲ့ပါ။

နောက်တစ်ခုက ဇင်သည် အလွန် အရှက်အကြောက်ကြီးကာ ဤသည်နှင့်ပတ်သက်သော စာအုပ်စာတမ်းတွေ ဖတ်ဖို့နှင့် ဆွေးနွေးတိုင်ပင်ဖို့ ရှောင်ရှားနေခဲ့သည်။

ဇင် ကလေးများများလိုချင်သည်မှာ မှန်သော်လည်း ခုလို အလွန်နီးနီးကပ်ကပ်ကြီးမျိုးတော့ မဟုတ်ပေ။ နေသာ နားသာခွင့် ကလေးကိုတော့ ပေးစေချင်ပါသည်။

ဘာပဲပြောပြော ယခုတော့ 'ငွေညှိသည်' ကို လက်ခံလိုက်ရပြီ။

'မင်းဟာ ကျန်းမာတယ်ဆိုပေမယ့် ခလေးနှစ်ယောက်ကို တစ်ပြိုင်နက် အစာကျွေးဖို့တော့ မသင့်ဘူး မသက်ဇင်။ မင်းရဲ့ အင်အားတွေကို မျှယူရတဲ့ ကလေးနှစ်ယောက်မှာလဲ ကြီးထွားမှု လျော့လာလိမ့်မယ်' ဆိုသော ဆရာဝန်၏ စကားအရ သမီးဥမ္မာကို နို့ဖြတ်လိုက်ရသည်။

သည်အတွင်းမှာပင် ဇင်တို့ ရပ်ကွက်အိမ်ငှားမှသည် မြို့လည်တိုက်ခန်းသို့ ပြောင်းရွှေ့ရသော အဖြစ်နှင့် ကြုံလာသည်။

မောင့် ဖေဖေကြောင့်ပင် ဖြစ်သည်။

တစ်နေ့သောအခါ အိမ်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာသည်။





မာစီဒီးကား။

ကားထဲမှ မောင်နှင့် မောင့်ဖေဖေ ဆင်းလာသည်။

ပစ္စည်းတွေ တပွေ့တပိုက်ကြီးနှင့် ဖြစ်သည်။

ဇင်သည် အံ့အားသင့်လျက် ရှိပေသည်။

'ဖေဖေက ရန်ကုန်ဆင်းလာရင်း မောင့်ရုံးကို ရောက်လာခဲ့တယ် ဇင်။ ဇင့် ကိုလဲ တွေ့ချင်တယ်၊ သမီးဥမ္မာကိုလဲ မြင်ချင်တယ်။ ဒါကြောင့် မောင်နဲ့အတူ လိုက်ခဲ့တာပဲ'

မောင့်ဖေဖေ မဆိုးကြောင်းကို ဇင် ယခင်ကတည်းက ရိပ်မိခဲ့သည်။ နားလည်မှုရှိသော လူကြီးလူကောင်း တစ်ယောက်။

ယခုလည်း မောင့်ဖေဖေက ဇင့်ကို နှစ်သိမ့်မှု ပေးပါသည်။

'ဖေဖေ့ သဘောအရဆိုရင်တော့ ဒီလိုဘယ်ဖြစ်ရမလဲ။ အားလုံး ပြေပြေလည်လည် ဖြစ်စေရမှာပေါ့။ ခုတော့ သားရဲ့ မေမေနဲ့ အမက သိပ်ကို တင်းမာနေတယ်လေ။ သူတို့က ပညာဗဟုသုတ နည်းရှာတယ်။ တစ်ယူသန်တယ်။ သားတို့ သမီးတို့ကို အခုလို တွေ့မြင်ရတော့ ဖေဖေ စိတ်မကောင်းပါဘူးကွာ'

မောင့်ဖေဖေသည် သမီးဥမ္မာကို ပွေ့ယူနမ်းရှုပ်သည်။

ကလေးက ကြောက်လန့်တကြား ငိုချလိုက်မည် ထင်သော်လည်း ပြုံးရယ်၍ နေလေသည်။

'ဒီရပ်ကွက်မှာနေတာ ဘယ်ကောင်းမလဲ၊ ကျန်းမာရေးနဲ့လဲ မညီဘူး။ မီးထင်းကိစ္စလဲ စိုးရိမ်ရတယ်။ ဒီထက်ကောင်းတဲ့ တစ်နေရာ ပြောင်းဖို့သင့်တယ်'

မောင်နှင့် သူ့ဖေဖေတို့ အစီအစဉ်ပြုကြသည်။ မောင့်လက်ထဲသို့ ငွေအတော်တော်များ ထည့်ပေးခဲ့ဟန်တူသည်။

များမကြာမီ ဇင်တို့ မြို့လယ်ရပ်ကွက်ရှိ တိုက်ခန်းတစ်ခန်း


www.burmeseclassic.com

www.burmeseclassic.com

သို့ ပြောင်းဖြစ်ခဲ့ကြသည်။

ယင်းနေရာသို့ ပြောင်းခဲ့ရသဖြင့် ဇင်မပျော်ပိုက်နိုင်ခဲ့သည်မှာ အမှန်ပင်။

ရပ်ကွက်က မြန်မာရပ်ကွက်မဟုတ်၊ အများအားဖြင့် လူမျိုးခြား တရုတ်ကုလားတွေကို မြင်နေရသည်။

ဇင်တို့ အခန်းသည် သုံးထပ်မှာရှိသည်။ ဆယ့်နှစ်ပေခွဲ ပေငါးဆယ် ကျယ်ဝန်းသည်။

လုပ်ငန်းများ ရှိရာအရပ်မို့ ဘယ်အခါမှ ဆိတ်ငြိမ်မနေ။ တစ်နေကုန် စည်စည်ကားကားနှင့် ဆူညံနေတော့သည်။ ညရောက်တော့လည်း ပုံနှိပ်စက်သံများ ညံနေသည်။ သန်ကောင်တိုင်အောင် လူငယ်တို့၏ ဂစ်တာသံ၊ အသံသေး အသံကြောင်ဖြင့် အော်ဟစ်သံ၊ တစ်ခါတစ်ရံ ရန်ဖြစ်ပြီး တုတ်ဆွဲဓားဆွဲသံများ ကြားနေရတတ်သည်။

အဆိုးဆုံးကတော့ သုံးထပ်အမြင့်သို့ ကျဉ်းမြောင်းမည်းမှောင်ကာ မတ်စောက်သော လှေခါးမှ တက်ရခြင်းဖြစ်သည်။ လှေခါးအဆုံးသို့ ရောက်သောအခါ တစ်နေ့တာ ရှရှိုက်ထားသော အောက်ဆီဂျင်များ ကုန်ခမ်းသွားသလို မောပန်းနေတော့သည်။

ပြီး...ဗမာရပ်ကွက်တွေမှာလို တစ်အိမ်နှင့်တစ်အိမ် တစ်ခန်းနှင့်တစ်ခန်း ကူးလူးဆက်ဆံ၍ မရ။ အနေစိမ်းကြသည်။ တစ်ဘက်ခန်းမှာ လူသတ်မှုဖြစ်နေစေဦးတော့ သည်ဘက်ခန်းက သိလိုက်မည်မဟုတ်ချေ။

ဇင်သည် ဈေးသွားမည် ဆိုလျှင်လည်း ကလေးတစ်ဘက် ဈေးခြင်းတစ်ဘက်နှင့်။ ပြည်သူ့ဆိုင်က ဘာပေးသည်ဆိုလျှင်လည်း ကိုယ်တိုင် ကလေးချီပိုးကာ ပြေးပြီးတန်းစီရပြန်သည်။

မောင်ကို အားကိုး၍လည်း မရနိုင်။





မောင်တို့ ယောကျာ်းဆိုသည်က အလုပ်အများသားလေ။ ရုံးချိန်ကျပြန်တော့ ရုံးမှာမို့။ ရုံးချိန်ပြီးပြန်တော့ ရုပ်ရှင်တွေ၊ ဘောလုံးပွဲတွေမှာ အချိန်ဖြုန်းရပြန်သည်။ တစ်ခါတစ်ရံကျတော့ အဖော်အပေါင်း ကောင်းသည်နှင့် အရက်ဝိုင်းရှည်ကြာသွားပြီး ညည့်နက်မှ မူးရူးကာ အိမ်ပြန်ရောက်လာသည်။

ဇင်တို့ သမီးရည်းစားဘဝက တွေးခဲ့သည့် ရှေ့ရေးနောင်ရေးတွေမှာ သည်အကြောင်းမပါဝင်ခဲ့ပါ။ ဆွေးနွေးကြစဉ်ကလည်း ရုပ်ရှင်တွေ၊ ဘောလုံးပွဲတွေအကြောင်း မပါဝင်။ သူငယ်ချင်းတွေနှင့် အရက်သောက် အချိန်ဖြုန်းမည့် အကြောင်းတွေ မပါဝင်။

အင်္ဂလိပ် အမေရိကန် မဂ္ဂဇင်းတွေမှာ မြင်ရတတ်သည့် အိမ်ထောင်စုမျိုးကို စိတ်ကူးယဉ်ခဲ့သည်။ ဆေးရောင်စုံ ဓါတ်ပုံတွေထဲက လှပသည့် ဧည့်ခန်းမျိုးတွေ၊ သန့်ရှင်းသပ်ရပ်သည့် မီးဖိုခန်းတွေကို စိတ်ကူးယဉ် တည်ဆောက်ကာ မိမိကိုယ်မိမိ အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်လာဖို့လောက်ကိုသာ ဇင်တွေးခဲ့သည်။

အိမ်ဖော်ထားဖို့ပင် စိတ်မကူးရဲသေး။ လခက အကြောင်းမဟုတ်။ လူတစ်ယောက်၏ စရိုက်ကို ကြည့်ရသေးသည်။

မေမေ လာနေနိုင်လျှင်တော့ အကောင်းသားပေါ့။ သို့သော်... မေမေသည် ရန်ကုန် စရိုက်ကို မကြိုက်။ ရပ်ကွက်ထဲမှာ နေတုန်းကလည်း အိမ်သာပြဿနာ၊ မိလ္လာသိမ်းသည့် စနစ်များကို မေမေ့မှာ လက်မခံနိုင်အောင် ရှိသည်။

မြို့မှာဆိုလျှင်တော့ ရေလောင်းအိမ်သာ မတတ်နိုင်ဘူးထား၊ တွင်းနက်နက်ကြီးတွေတူးကာ သန့်ရှင်းစွာ အသုံးပြုနိုင်သည်။ ရန်ကုန်ဆင်းရဲသား ရပ်ကွက်များ၏ ဇလားအိမ်သာ စနစ်ကို မေမေ မနှစ်ခြိုက်နိုင်။ မိလ္လာသိမ်းသည့် ကားလာလျှင် မေမေ စိတ်ဆင်းရဲနေလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

ယခု မြို့လယ်တိုက်ခန်းကျတော့လည်း ပန်းနာရောဂါရှိသော မေမေနှင့်မကိုက်။ လှေခါးကို တစ်ကြိမ်တစ်ခါဆင်းရ တက်ရမည့် အရေးကို သေမလောက် တွေးကြောက်သည်။ ပြတင်းမဲ့အုတ်နံရံ နှစ်ဘက် အကြားမှာ နေရသည့်အတွက်လည်း လေကို ဝဝလင်လင် မရှူနိုင်။

သို့တိုင်အောင် မွေးဖွားရက် နီးလာပြီဆိုသောအခါ မေမေကြိုးစားပြီး လာနေပေးသည်။

'ငွေစည့်သည်' မှာ ယောကျာ်းကလေးဖြစ်၍ ဝမ်းသာရပါသေးသည်။

သားကို မွေးဖွားပြီးချိန်မှာ ဇင်သည် ပထမ ကလေးတုန်းကနှင့် မတူချေ။ မောပန်းနွမ်းလျကာ သတိမေ့တစ်ချက် လျော့တစ်ချက်ဖြစ်နေခဲ့သည်။ သွေးလွန်ကာ သွေးအစား သွင်းသည်။

မွေးဖွားပေးသော ဆရာဝန်ကလည်း ဇင့်ကို သိပ်ကျန်းမာတဲ့ အမေဟု မချီးမွမ်းတော့ချေ။ ကျန်းမာရေး ဂရုစိုက်ဖို့ သတိပေးသည်။

သည်မှာ မောင်နှင့် ပတ်သက်၍ နာစရာတစ်ခုရလာသည်။

ဇင် ဝမ်းနာချိန်မှာ ညဥ့်နက်ပိုင်းဖြစ်သည်၊ တစ်နာရီခွဲနေပြီ။ ထိုနေ့က ဇင်ကိုယ်တိုင် မသက်သာ၍ မောင့်ကို ရုံးမှ ခွင့်ယူခိုင်းထားသည်။ မောင်က အရေးတကြီး ကိစ္စရှိ၍ဆိုကာ ခွင့်မယူခဲ့။ ပြီး အချိန်တန်သည့်တိုင် အိမ်ပြန်မလာ။

ဖြစ်ရပုံများ....တစ်ဘက်ခန်းမှ လင်မယားကလည်း အဖော်မရ။ တံခါးခေါက်၍ အကူအညီ တောင်းသည့်တိုင် ဖွင့်မပေးခဲ့။

မေမေကိုယ်တိုင် တက္ကစီကား ဆင်းရှာရသည်။ ဇင့်ကို တွဲချ





ပေးရသည်။

မေမေ ခမျာ ဖတ်သီ လိုက်နေသည်။ မောနေသည်။ လှေကား တက်ရဆင်းရ နှင့်မေမေ့ရင်သည် ဖားဖိုလို နိမ့်ချည်မြင့်ချည်ဖြစ်နေသည်။ ဇင်မှာ မိမိကိုယ်ထက် မေမေ ရုတ်တရက်များ သေဆုံးသွားတော့မလား ထင်မိသည်။

သမီးဥမ္မာကိုနှိုးကာ သားအမိသုံးယောက် ဆေးရုံသို့ လာခဲ့ကြသည်။ ထိုနေ့ညက ဇင်သည် ဆေးရုံ မွေးလူနာခန်း၌ သေလုမျောပါး ဝေဒနာ ခံစားနေရစဉ် ဆေးရုံစင်္ကြံ၌ မေမေနှင့် သမီးဥမ္မာတို့မှာ ညလုံးပေါက် ချမ်းချမ်းစီးစီးနှင့် မိုးစင်စင် လင်းခဲ့ရသည်။

မနက်ကျတော့ မောင် ဆေးရုံသို့ ရောက်လာသည်။ 'မောင့်ကို ကြည့်ရသည်မှာ အရက်နာကျနေသည့်ပုံမျိုး၊ လွန်ထားသည့်ပုံမျိုး။

'မောင် တကယ်ပဲ စိတ်မကောင်းပါဘူး ဇင်ရယ်။ မောင့်ကို ပေးချင်တဲ့အပြစ်ပေးပါ'ဆိုကာ မောင် မျက်ရည်ကျပြသည့်တိုင် ဇင့်ရင်ထဲမှ အကျိတ်အခဲက မကြေနိုင်ချေ။

ဇင်သည် မောင့်ကို ဘာတစ်ခွန်းမှမပြောဘဲ မျက်ရည်တွေတွေ ကျသည်။

'နောင် ဒါမျိုး ဘယ်တော့မှ မဖြစ်စေရပါဘူး ဇင်ရယ်နော်။ ဒီတစ်ခါတော့ ခွင့်လွှတ်ပါကွယ်'

မောင်က သားအတွက် နာမည် ရွေးပေးသည်။

'မောင်နန္ဒာမင်း....' တဲ့။

ဇင်သည် သား၏အမည်ကို ရွတ်ဆိုရင်း ရှေ့ရေးအတွက်တွေးကာ သက်ပြင်း တစ်ချက်ကို ကျိတ်၍ ရှိုက်လိုက်မိလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

**ဇင်** သည် တစ်ခါတစ်ရံ မိမိကိုယ်မိမိ ရူးသွပ်သွားလေတော့မလား ထင်မှတ်မိသည့်တိုင်အောင် စိတ်ဓာတ်ကျဆင်းလျက်ရှိရသည်။

ဇင် စိတ်ပညာစာအုပ်မှ ဖတ်ဖူးသည်က ပထမဦးဆုံးကလေးအမွေးတွင် ဖခင်ဖြစ်သူသည် ကလေးအပေါ် ဝန်တိုစိတ်ရှိသည်ဟု ဖြစ်သည်။ အကြောင်းမှာလည်း မိမိနှင့် ဇနီးတို့ အကြားမှ ချစ်ခြင်းမေတ္တာကို လုယူသွားသည်ဟု အထင်ရောက်သောကြောင့်ဟု ဆိုသည်။

ဇင် အမှတ်များ မှားလေသလား၊ သို့မဟုတ် စာအုပ်ကပဲ မှားလေသလား၊ သို့မဟုတ် မောင့် စိတ်ထားကပဲ မှားလေသလား။

မောင်နှင့် ကလေးတို့အကြား ဝန်တိုစိတ် ပွားလာသည်မှာ သားကို မွေးလာမှ ဖြစ်သည်။

စင်စစ် ပထမ ဝန်တိုသူက သမီးဖြစ်သည်။ တစ်နှစ်ခွဲကျော်ရုံ ကလေးမျှသာရှိသေးသော ဥမ္မာသည် မအေနှင့် ခွဲအိပ်ရသည့်အတွက်၊ မအေ၏ ယုယမှုကို မခံရသည့်အတွက် မောင်ငယ်အပေါ် ဝန်တိုလျက်ရှိသည်။ စိတ်ကောက်လျက် ရှိသည်။ သို့ဖြင့် ငိုသံမစဲအောင် ရှိခဲ့ရသည်။





နို့က ပြတ်ခဲ့ပြီဖြစ်သော်လည်း ဥမ္မာသည် နို့ဘူးကိုကား စို့တုန်းစို့ဆဲ ရှိသည်။ အစဦးက အကျင့်မလုပ်ခဲ့သော်လည်း ကလေးနီးလှ၍ နို့ဘူးကို အစားထိုး သောက်သုံးစေခဲ့ရသည်။

မေမေ၏ အခြေအနေမှာ သည်အိမ်တွင် ဆက်နေရလျှင် သက်ဖိုးရှည်စရာမမြင်။ လေ အရှူးရ ကျပ်သည်။ ပြီး....လေက အောက်သိုး စိုထိုင်းနေတတ်သည်။

တစ်ခါတစ်ရံတွင် မေမေသည် သုံးထပ်လှေကားကို ပြေးဆင်းပြီးအနီးရှိ ပန်းခြံသို့ သွားကာ လေရှူရသည်။ ထိုအခါတွင်မှ သက်သောင့်သက်သာ ရှိရှာတော့သည်။

ဇင် သားကို မွေးဖွားပြီ တစ်လကြာသောအခါ မေမေ မြို့သို့ ပြန်ပြေးလေတော့သည်။

ဇင်သည် ကလေးနှစ်ယောက်နှင့် ဂျင်ဂျီလည်ရပြန်တော့သည်။

မောင်ကတော့ ခပ်ပေါ့ပေါ့ပင် ပြောသည်။

'ဇင်တစ်ယောက်တည်း မနိုင်ရင် အိမ်ဖော်ငှားပေါ့'တဲ့။

ဒီတော့ ဇင်က ခပ်ရိုင်းရိုင်းပင် ပြန်ပြောမိသည်။

'ဘယ်မလဲ အိမ်ဖော်ငှားဖို့ ရှင့်× × ဆံ'

ယခု အချိန်တွင် ကလေးနှစ်ယောက်တာဝန်၊ ကြီးမားသော အိမ်လခ၊ မောင့်အရက်ဖိုးနှင့် တစ်လတစ်လ လခ ထုတ်ချိန်တွင် ဇင်မှာ ခေါင်းဖြူမတတ် ကြံရဖန်ရသည်။

တစ်ခါတစ်ရံ မေမေ့ထံမှပင် ဆွဲသုံးရသည်။

ထားပါ။

အိမ်ဖော် မငှားနိုင်ဘူးပဲ ထားပါ။ အကယ်၍ မောင့်အကူအညီသာရမည်ဆိုလျှင် ဇင် မမှုပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

အဝတ်လျှော်ဖို့အတွက်၊ တော်ရုံတန်ရုံ အိမ်မှုကိစ္စတွေလုပ်ဖို့အတွက်တော့ တစ်ပတ်မှာ သုံးခါလောက် ရောက်လာသည့် အမျိုးသမီးတစ်ယောက်ရှိသည်။ သူ့ကို အဝတ်အရေအတွက်နှင့် အပ်ကာ ငွေချေရသည်။ ရုပ်အင်္ကျီကအစ လက်သုတ်ပုဝါအထိ တစ်ထည် တစ်မတ်။ အဝတ်ဟောင်းကလေးတွေပေးကာ၊ ထမင်းချော့ကျွေးကာ အိုးတိုက်ခိုင်းရသည်။ ကြမ်းတိုက်ခိုင်းရသည်။

ပြဿနာက ညပိုင်းကိစ္စ ဖြစ်သည်။

ဥမ္မာ၏ နို့ဘူးပြဿနာ ဖြစ်သည်။

ဇင်သည် ညညများတွင် အိပ်စက်ရသည်ပင် မထင်မိချေ။ ညအခါ အိပ်ရေးပျက်သဖြင့် နေ့ခင်းဘက်တွင် အစားထိုးအိပ်မည် ကြံသော်လည်း ဗာဟီရကိစ္စနှင့် အိပ်ဖြစ်သည် မရှိ။

တစ်ခါတစ်ရံ ညလုံးပေါက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ချင်စမ်းပါဘိဟု ဆုတောင်းမိသည်မှာပင် အကြိမ်ကြိမ်။

သည်အချိန်မျိုးမှာ မောင်ကတော့ ဈာန်ကလေးဝင်ကာ တခေါခေါနှင့်ပေါ့။

မတတ်သာ၍ နိုးသည့်အခါမျိုးတွင်လည်း တအင်းအင်း တအဲအဲ ညည်းညူပြီး ဆက်အိပ်နေတာမျိုး၊ အလုပ်ပင်ပန်းလာလို့ မထပါရစေနှင့်ဆိုတာ မျိုးတွေနှင့်ချည်းပင်။

သည်အကြား မောင်က ဇင့်ကို အလိုရှိပြီဆိုသော အချိန်မျိုးတွင် ဇင်မှာ တုံးထိုးထားသလို အိပ်ပျော်နေခိုက် ဖြစ်ချင်ဖြစ်နေမည်။ ကလေးနိုးနေချိန်မျိုး၊ နို့ဘူး ဖျော်နေချိန်မျိုးဖြစ်မည်။

ထိုအခါ မောင် စိတ်ပျက်လက်ပျက်ဖြစ်သည်။ မကျေမနပ် ဖြစ်သည်။

တစ်ခါတစ်ရံ ဇင့်ကို စိတ်ကောက်၍ပဲလား၊ ကလေးတွေကို





မကျေနပ်၍ များလားမသိ။ မောင်ပို၍ သောက်လာသည်။ ပို၍ မူးလာသည်။ တစ်ခါတစ်ရံ ဇင်ကိုယ်တိုင် မောင်တစ်ကိုယ်ရေ ကျေနပ်မှုရှာသည်ကို သိလျက်က ငြိမ်နေခဲ့ရသည်မျိုးလည်းရှိသည်။

ဇင်၏ ကိုယ်အလေးချိန် လျော့ပါးလာသည်။ မျက်တွင်းတွေ ချိုင့်ခွက်ကာ ညိုလာသည်။

ဆရာဝန်ကို ပြကြည့်တော့ ကိစ္စမရှိပါဘူးဆိုကာ အားဆေးပေးသည်။ စင်စစ် ဇင်တွင် လိုနေသည်က အင်အားထက် အနားယူဖို့ ဖြစ်သည်။ အိပ်ရေးဝဖို့ဖြစ်သည်။

တစ်နေ့မှာတော့ ဇင် ပေါက်ကွဲတော့သည်။

သားက နိုးနေသည်။ ရှုရှုရွှဲနေသည်။ သမီးက နိုးလာပြန်သည်။ နို့ဘူးလိုပြီ။

ဇင်သည် ခေါင်းမထောင်နိုင်လောက်အောင် အိပ်ချင်မူးတူးဖြစ်နေသည်။ သည်အကြားက အိပ်ရာမှ ထရသည်။ မောင့်ကို ကြည့်တော့ မောင်သည် တခေါခေါ ဟောက်နေသည်။

ဇင် မီးဖိုခန်းသို့လာသည်။

ကွဲစေတတ်သော အရာမှန်သမျှကို ပစ်ခွဲသည်။ ပန်းကန်တွေ၊ ဖန်ခွက်ကွဲတွေ ကြမ်းပြင်မှာ ပြန့်ကျဲနေတော့သည်။

မောင် အိပ်ရာမှ ထလာသည်။ အစပိုင်းကတော့ ဒေါသနှင့်ပင်။ သို့သော် အကွဲတွေကြားမှာ ခြေပစ်လက်ပစ်ထိုင်ကာ ရှိုက်ကြီးတငင် ငိုနေသော ဇင်ကို မြင်သွားသည်။

'ဘာဖြစ်တာလဲ၊ ဘာတွေဖြစ်နေတာလဲ'

ဒေါသသံက ပါလာသေးသည်။

'မတရားဘူး၊ နည်းနည်းလေးမှ မတရားဘူး၊ ဒီမှာ ကိုမျိုးမင်းနိုင်၊ ရှင့်ကိုကျွန်မယူထားတာ ကျွန်ခံဖို့မဟုတ်ဘူး၊ ကလေး



www.burmeseclassic.com

www.burmeseclassic.com

တွေဆိုတာကလဲ ကျွန်မတစ်ယောက်တည်းက မွေးထားတာမဟုတ်ဘူး၊ ရှင့်အပြင် တခြားလူနဲ့မွေးထားတာလဲမဟုတ်ဘူး၊ နှစ်ယောက်လုံးမှာ တာဝန်ရှိနေကြတာပဲမဟုတ်လား၊ အခုတော့....ရှင့်ဟာက နေနိုင်လိုက်တာ၊ ပထွေးကျနေတာပဲ'

ဇင်၏အသံက ဆို့နင့်သွားသည်။

မောင်သည် ဇင့်အပါးသို့ လာထိုင်သည်။ ဖန်ခွက်ကွဲရှမိကာ သွေးများ စီးကျနေသည့် ဇင့်လက်ကို ကိုင်သည်။ ရေဆေးပေးသည်။ ဆေးထည့်ပေးသည်။ အဝတ်စည်းပေးသည်။

'ဆောရီးပဲဇင်၊ တကယ်ပဲ ကိုယ် စိတ်မကောင်းပါဘူးကွာ'

အဲသည့်ညက သား၏သေးစိုကို မောင်ကိုယ်တိုင် လဲရှေးသည်။ သမီး နို့ဘူးဖျော်ပေးသည်။

ဇင်သည် ငိုရင်းရှိုက်ရင်းနှင့် ညည့်ခန်းကုလားထိုင်ပေါ်တွင် အိပ်ပျော်သွားခဲ့ရသည်။

သည်လိုဖြင့် ရန်ဖြစ်လိုက်ကြ၊ ချော့လိုက်ကြ၊ ကတောက်ကဆတ်ဖြစ်လိုက်ကြ၊ ပြန်တည့်လိုက်ကြနှင့်။ ဇင်သည် ဘဝကို ရယူခြင်းမျိုးဖြင့်မဟုတ်ပဲ ပေးဆပ်ရခြင်းမျိုးဖြင့် ကျင်လည် လှုပ်ရှားလာခဲ့ရသည်။

သည်အတွင်း မောင်သည် စစ်တွေသို့ အလုပ်တာဝန်ဖြင့် ပြောင်းရသည်။

'မောင်နဲ့အတူ လိုက်ခဲ့ပါလား ဇင်'

မောင်က ခေါ်ပါသေးသည်။

ဇင် ငြင်းခဲ့သည်။ အကြောင်းများစွာ ရှိသည်ပင်။

သူစိမ်းတစ်ရံဆံ နယ်မြေသို့ရောက်လျှင် ပို၍အဆင်မပြေစရာများ တွေ့လာရမည်ကို စိုးသည်။ မောင့်အကျင့်အတိုင်း ဇင့်ကို ကလေး





တွေနှင့် ပစ်ထားပြီး သွားချင်ရာသွားနေပါက မခက်ပါလား။ ပြီး...ဇင်သည် ဇာတိမြို့နှင့် ရန်ကုန်တွင်သာ ကျင်လည်ဖူးသည်။ နေရာအနှံ့ မရောက်ဖူးခဲ့။

ဝေးဝေးလံလံ နယ်မြေတွေကို ကြောက်သည်။

'ဒါတော့ ဇင် သူ့ရဲ့ဘောကြောင်တာပဲ'

မောင်က မကျေမနပ် ဆိုခဲ့သေးသည်။

'ရှိပါစေတော့ မောင်ရယ်၊ ဇင် သူ့ရဲ့ဘောကြောင်တယ်ပဲ ထားပါတော့'

မောင်စစ်တွေသို့သွားလျှင် ဇင်သည် မေမေ့ထံ ပြန်နေဖို့ စိတ်ကူးပြီးသား ဖြစ်သည်။

ယင်းသို့ နေခြင်းအားဖြင့် စရိတ်စက သက်သာမည်။ ငွေကိုချွေတာပြီး စုဆောင်းနိုင်လိမ့်မည်ဟု အထင်ရှိခဲ့သည်။

အဓိက ကတော့ မောင်နှင့်ခွဲနေခြင်းအားဖြင့် ဇင်သည် 'တတိယမြောက် ဇင်သည်' ကို ရှောင်ကွင်းနိုင်လိမ့်မည်ဟု ထင်သည်။ ယခုတိုင် ညည့်သည့် 'သန့်' ဆဲပင် ဖြစ်သည်။

သို့ဖြင့်...မောင်က စစ်တွေသို့ ထွက်သွားသည်။ ဇင်က မေမေ့ထံ ပြန်လေသည်။

မေမေ့အိမ်မှာ ပြန်နေရတော့ ဇင့်တွင် အချိန်ပိုတွေ များစွာရသည်။ မေမေက ကလေးများနှင့် ပတ်သက်၍ ကူညီနိုင်သည်။ ဇင် နားနားနေနေ နေခွင့်ရသည်။

ဇင်၏ စိတ်သည် ပြန်လည်နုပျိုလာသည်။ ဇာတိမြေ၌ ပျော်ပါးကစားပုံများ၊ ကျောင်းနေခဲ့ပုံများကို စားမြုံ့ပြန်ခွင့်ရသည်။ အားလျှင် သူငယ်ချင်းများ၏ အိမ်သို့ လျှောက်လည်သည်။

သည်လိုနှင့် ဇင်၏ ကျန်းမာရေးအခြေအနေ ကောင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဆီကိုတော့ တစ်ပတ်တစ်ခါ စာမှန်မှန်ရေးသည်။ မောင့်ထံမှလည်း တစ်ပတ်တစ်ခါ စာရောက်လာမြဲ။ စာတွေထဲမှာတော့ အလွမ်းးသယ်လှချည့်ပေါ့။ ဇင်တို့သည် သမီးရည်းစား ဘဝလို ဖြစ်နေခဲ့သည်။

ဇင့်အလုပ်က မောင့်ထံမှစာကိုမျှော်ကာ မောင်ပို့ပေးသည့် လခကို ထုတ်ယူနေရုံပဲရှိသည်။ မောင့်တာဝန်တွေ ကင်းခဲ့ပြီဆိုတော့ ကလေးတွေကို ပိုပြီး ဂရုစိုက်နိုင်သည်။ ကလေးများလည်း ကျန်းမာ ဝဖြိုး လာကြသည်။

သြော်...မောင် အဘယ့်ကြောင့် သည့်ထက် စောစောက နယ်မပြောင်းရပါလိမ့်။

သည်သို့သော အပန်းဖြေနည်းကို ဇင် အဘယ်ကြောင့် စောစောက မသိခဲ့ရပါလိမ့်။

ငယ်သူငယ်ချင်း တစ်ယောက်ဖြစ်သော 'မေအေး'နှင့် ပြန်တွေ့ရသည့် အဖြစ်ကိုမူ ဇင် မမေ့နိုင်အောင် ရှိရသည်။

တစ်နေ့တွင် မေအေး၏အိမ်သို့ ဇင် သွားလည်သည်။

မေအေးနှင့်ဇင်မှာ ငါးတန်းမှသည် ဆယ်တန်းအထိ ကျောင်းအတူနေဘက်ဖြစ်သည်။ ခုနစ်တန်း စာမေးပွဲနှင့်ဆယ်တန်းမှာ ကျကြသည်လည်း အတူတူ။ နှစ်နှစ်မြောက်မှာ ဇင်က အောင်ခဲ့ပေမယ့် မေအေးကတော့ စာမေးပွဲ ကျခဲ့သည်။ နောက်တစ်နှစ်ကျတော့ မေအေး၏ မင်္ဂလာပွဲသတင်းကို ဇင် ကြားရသည်။

သူငယ်ချင်းချင်း တွေ့ကြတော့ ဝမ်းသာရွှင်လန်းစွာ ထွေးပွေ့မိကြသည်။

'ဇင်ရယ်....ပိန်လိုက်တာကွယ်'

မေအေး၌ နှိမ်လိုက်သောဆန္ဒမျိုးမရှိသည်ကို ဇင်သိသည်





သူမကိုယ်တိုင်ကမူ ဝဖြိုးနေသည်။

'အေးမှာ ကလေး ဘယ်နှစ်ယောက်လဲဟင်'

'အေးက ကလေးမရခဲ့ဘူး ဇင်ရဲ့'

'သြော်....'

ဒါကြောင့်ပဲဖြစ်မှာပါဟု ဇင်တွေးသည်။

'အေးတို့က မလိုချင် ကြသေးဘူးလေ၊ အခုထိ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်ပဲ နေချင်သေးတယ်ကွယ်။ အသက်တွေကလဲ ဘာမှကြီးသေးတာ မဟုတ်ဘူးမို့လား၊ အသက်သုံးဆယ်လောက်ကျမှ ယူမယ် စိတ်ကူးတယ်'

'ဒီ....ဒီလို ရွေ့ထားလို့လဲ ဖြစ်တာပဲလား'

'ဘာလို့မဖြစ်ရမှာလဲ၊ အမလေးဟဲ့ မရွှေဇင်၊ အေးထင်နေတာက ဇင်ကတက္ကသိုလ်ကိုလဲ ရောက်ခဲ့တယ်၊ ရန်ကုန်မှာလဲ နေဖူးတယ်ဆိုတော့ အတော် ဗဟုသုတ ပြည့်စုံနေမယ် အောက်မေ့တာ'

အမှန်ပင် ဇင်သည် သည်ကိစ္စတွေမှာ မေအေးကို ဆရာတင်ရတော့သည်။ မိမိချွတ်ယွင်းညံ့ဖျင်းချက်တို့ကို တွေ့လာရတော့သည်။

'ပြီးတော့....ကြည့်စမ်းပါဦး ဇင်၊ မင်းဝတ်စားထားတဲ့ အဝတ်အစားတွေ၊ နိုင်တီးဝမ်တီးက ပုံစံမျိုးတွေပါလား'

မှန်သည်။ ဇင်သည် တက္ကသိုလ်ရောက်စနှစ်တွေတုန်းက ထွန်းကားသည့် ခင်ယုမေ ဖက်ရှင်မျိုးကို ဝတ်ဆဲ၊ အကျီမှာလည်ထောင်တပ်ထားဆဲ။

ဤသည်က အကြောင်းတော့ ရှိသည်။ ဇင့်မှာ မြို့လယ်ကောင်တွင် နေလင့်ကစား မလေ့လာနိုင်အားတာတွေ၊ ကလေးအမေဖြစ်လာပြီမို့ မလိုအပ်တော့ဘူး ထင်မိတာတွေ ရှိသည်။ ပြီး....



www.burmeseclassic.com

www.burmeseclassic.com

ဇင်သည် ချွေတာသည့်အနေနှင့် အဝတ်အထည်ကို ရှိယင်းစွဲမှုတစ်ပါး ချုပ်မဝတ်နိုင်ခဲ့တာတွေလည်း ပါသည်။

'မင်းကိုကြည့်ရတာ အဘွားကြီးအိုကလေး ရုပ်ကို ပေါက်နေတာပဲ ဇင်ရယ်။ ဒီအတိုင်း ကိုယ့်ကိုယ်ကို ပစ်ထားရင် မင်းယောကျ်ားက စိတ်ကုန်သွားလိမ့်မနော်'

မေအေးက ရယ်သွမ်းသွေးခဲ့သောအခါ ဇင့်ရင်မှာ အောင့်လာမိသည် အမှန်။

'အေး ပြောမယ်ဆိုလဲ ပြောစရာပဲကွယ်။ ဇင်က ဘရာစီယာကိုတောင် ကလေးနို့လှန်တိုက်လို့ ကောင်းတာနဲ့ ဝတ်ခဲ့တာပါ။ ခေတ်နဲ့ကိုယ်နဲ့ ကင်းကွာခဲ့တာ ကြာပြီ'

မေအေးထံမှ ပြန်လာသောအခါ ဇင်သည် စိတ်ဓာတ်ကျဆင်းခြင်းကို ဖုံးကွယ်ထား၍ မရနိုင်အောင် ရှိရတော့သည်။

လောကက ဆန်းကြယ်တာလား၊ အခြေအနေက ကျဉ်းကျပ်တာလား၊ မောင်က ဆိုးတာလား၊ ဇင် ကိုယ်၌က ညံ့တာလား မသိတော့ပါ။

စင်စစ် ဇင်သည် ငယ်ရွယ်ပါသေးသည်။ အလှဆိုသည်ကလည်း ထင်သလောက် ယုတ်လျော့မှု မရှိသေး။ ဇင်၏ ဘဝကို မောင့်ထံ၌ ထာဝရ မြှုပ်နှံရတော့မလား၊ ကလေးတွေနှင့်ပင် အချိန်ကို ကုန်ဆုံးပစ်လိုက်ရတော့မလား၊ ဘဝဆိုသည်မှာ လင့်ကိစ္စ၊ ကလေးကိစ္စကိုသာ ဆိုလိုသလား။ ဇင်သည် လွတ်လပ်သော လူသားအဖြစ် ကိုယ့်ဘဝ၏ ရယူပိုင်ခွင့်တွေကို မရနိုင်တော့ဘူးလား။

ဇင် စဉ်းစားစ ပြုလာသည်။

မောင် အလုပ်ကိစ္စနှင့် ရန်ကုန်သို့ ခေတ္တ ပြန်ရောက်လာသောအခါ ကလေးတွေနှင့်အတူ တိုက်ခန်းသို့ ပြန်လာနေသည်။





ဇင်သည် မေအေးပေးသည့် အကြံအတိုင်း ရာသီခွင် ဇယား (Menstrual Cycle) အရ နေကြည့်သောအခါ မောင် အံ့အားသင့်နေသည်။ ရာသီခွင့်ဇယား မှာ ရှောင်ရန်ဆောင်ရန်ရက်များ ဖြစ်ပေသည်။ စိတ်ချရသောရက်ကို တွက်၍ရပေသည်။

'ဇင်က ပညာတွေဘာတွေတတ်လို့ပါလား' ဆိုခဲ့သေးသည်။

နောက်တစ်လတွင် မောင့်ထံမှ စာရောက်လာသည်။ စာထဲမှာ မောင်က . . .

'ဇင် မောင့်ဆီကို လိုက်လာစေချင်တယ်။ အနားယူတဲ့သဘောလည်း ပါတယ်။ အသစ်အဆန်းတွေ မြင်စေချင်တဲ့ ဆန္ဒလည်း ရှိတယ်'

ဇင်သည် မောင့်ထံလိုက်ဖို့ ဆုံးဖြတ်သည်။

ကလေးတွေကိုတော့ လေယာဉ်စီးရမှာ ငယ်လွန်းသေးသည် ထင်၍ မခေါ်တော့။ အမှန်မှာ ဇင်ကိုယ်တိုင်ပင် လေယာဉ်စီးရမည်ကို ကြောက်နေသည်။ လေယာဉ်ခရီးနှင့် စိမ်းနေသည်။

မောင့်ထံ လိုက်သွားတော့မည် ဆိုသောအခါ ဇင်သည် အဝတ်များကို ကြိုး၍ချုပ်သည်။ ခေတ်မီသော အဆင်ဆန်းများကို စက်တွင်အပ်သည်။ မောင်သည် ဇင့်ကို လှလှပပမြင်ရစေချင်သည်။

ထိုအတွက် ငွေကုန်ကြေးကျများခဲ့သည်။ ငွေမလောက်၍ မေမေ့စုငွေထုပ်ကလေးကို ဖြည်ခဲ့ရသည်။

ဘာပဲပြောပြော ယခင်နှင့်စာလျှင် ပိုမိုတက်ကြွသည့် ဇင် ဖြစ်လာသည်။

စိတ်တွေမှာ ဇွန် ခုနစ်ရက်နေသည်။

မောင်ကတော့ သည်ထက်ကြာကြာ နေစေချင်သည်။ ဇင်က ကလေးတွေကို အောက်မေ့သည်။ ကလေးတွေက အဘွားနှင့် နေသား



www.burmeseclassic.com

www.burmeseclassic.com



ကျနေပြီဆိုလင့်ကစား အမေကိုတော့ သတိရကြပေမည်။ ပြီး...မေမေ့အဖို့ တာဝန်ကြီးနေမှာကိုလည်း ကြောက်သည်။

စစ်တွေမှာ နေရသော ခုနစ်ရက်မှာ ဇင်တို့အဖို့ သမီးရည်းစားဘဝနှင့် နေခဲ့ကြစဉ် ကလို ဖြစ်သည်။

သစ်တောတို့သည် ပိုမို စိမ်းမြသည်။

ပင်လယ်ရေပြင်သည် ပိုမို ပြာလွင်သည်။

နေရောင်သည် ပိုမို တောက်ရွှန်းသည်။

ပန်းတို့ ပိုမို ဖူးပွင့်ကြသည်။

ငှက်ကလေးများ၏ တေးသံမှာ ပိုမို ချိုမြသည်။

....စသည်....စသည်ဖြင့် ထင်မှတ်ဖွယ် ဖြစ်ပါသည်။

ဘဝကို မေ့ထားနိုင်သော၊ သောကကို လျစ်လျူရှုထားနိုင်သော၊ အိမ်လွမ်းစိတ်ကို ဖယ်ထားနိုင်သော အခါတွင် မောင်နှင့်ဇင်တို့၏ နှလုံးသားများသည် သန့်စင်လန်းဆတ်လာသည်။ ချစ်ဆိပ်ရည်ဖြင့် ပြည့်လျှမ်းရွှန်းမှည့်လာသည်။

ထိုအခါ လောကသည် သာယာခြင်းအပြည့်နှင့်သာတည်း။

ဇင်တို့ကိုယ်တိုင် ငယ်မူငယ်သွေးပြန်ကြသည်။ဇင်တို့ကို တွေ့မြင်ရသောသူတို့ကလည်းညားခါစလင်မယားဟု အထင်ရောက်ကြသည်။လွန်းကြင်ငှက်ကလေးများဟု နောက်မှတီးတိုးဆိုကြသည်။ ထိုစကားသည် မောင်နှင့် ဇင့်နားမှာ ပျားရည်ထက် ချိုမြသည်။

'ဇင်ရယ်.....ဇင့်ကို မောင် လောကမှာ ရှိရှိသမျှအရာအားလုံးထက် ချစ်မြတ်နိုးပါတယ်'

'ဇင်ကလဲ ဒီအတိုင်းပါပဲမောင်'

စစ်တွေမှာနေစဉ်အတွင်း ဇင့်စိတ်တွင် အနည်းအပါးဆိုသလို အနှောင့်အယှက်ဖြစ်ရသောအရာ ရှိသည်။ ၎င်းမှာ မောင်ထမင်းလခပေးစားနေသောအိမ်နှင့် ပတ်သတ်၍ဖြစ်သည်။





မောင်တို့လို တာဝန်အလျောက် နယ်ပြောင်းလာခဲ့သော အရာရှိမိသားစုအိမ်ပင် ဖြစ်ပါသည်။ တစ်ကိုယ်ရေတစ်ကာယ ဖြစ်နေသော မောင့်ကို စာနာစိတ်ဖြင့် ထမင်းကျွေးနေခဲ့ခြင်းဖြစ်သည် ဟု ဆိုသည်။

သည်အိမ်မှာက ဆယ်နှစ်အရွယ် သမီးကလေးရှိသည်။ မိန်းကလေးက လှသည်လေ။ ရဲတင်းသည်လေ။ သည်တော့လည်း ဇင် စိတ်မချချင်ဘူး ဆိုသည်မှာ အဆိုး မဆိုသာပါ။

ဇင် ပြန်တော့မည်ဆို၍ လေယာဉ်သို့ လိုက်ပို့သောအခါ လေဆိပ်မှာ သည်အကြောင်းကို စကားစဖြစ်သည်။ မောင်ကတော့ ရယ်စရာမောစရာ အနေနှင့် ဇင့်သံသယကို ချေဖျက်ပစ်ခဲ့သည်။

ဇင်ကလည်း မောင့်ကို မယုံကြည်၍တော့ မဟုတ်ပါ။

မောင်သည် ဇနီးကိုချစ်သည်လည်း အမှန်။ သမီးနှင့်သားကို ချစ်သည်လည်း အမှန်။

သို့တိုင်အောင် ဇင်, စစ်တွေမှ ပြန်လာသောအခါ မောင့်အတွက် နောက်ဆံတင်းမိသည်လည်း အမှန်ပါပင်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

**မေ**မေက ဇင့်အတွက် အိမ်ဖော်မိန်းကလေးတစ်ယောက် ရှာပေးသည်။

ဆွေမျိုးသားချင်းထဲမှပင် ဖြစ်ပါသည်။ ထမင်းကျွေး၊ အဝတ်အစား ဆင်ရုံလောက်ပင်။

သည်မှာ ဇင် အတွေးတစ်ခု ပေါက်လာသည်။

မေမေ့အိမ်မှာနေရင်း အိမ်နီးနားချင်း ကလေးများကို စာပြပေးသည်။ ဇင်က သင်္ချာ တော်သည်လေ။ သည်အကြောင်းသိတော့ စာမေးပွဲ နီးကပ်လာသော ကာလများက သင်ပေးဖို့ ပူဆာကြသည်။

အကယ်၍ ဇင်သာ ဆန္ဒရှိမည်ဆိုလျှင် မြို့တွင်ပင် ကျူရှင်ကလေးတစ်ခု ဖွင့်နိုင်သည်။ သို့ပေမယ့် ဇင့်မှာက မပြတ်သေးဘူး မဟုတ်လား။ ရန်ကုန်တွင် အိမ်ခန်းကို သော့ပိတ်ထားရသည်။ မောင်ကလည်း တစ်နေ့သောအခါ ရန်ကုန်ပြန်ပြောင်းရမည်။ ဇင်သည် ဇာတိမြို့၌ ညဉ့်သည်သာ ဖြစ်သည်။ အခြေစိုက်၍ မရနိုင်။ မောင့်ကို မြို့သို့ပြောင်းခိုင်းဖို့ကလည်း မောင်တို့ ဌာနသည် မြို့တွင် မရှိပေ။

ဇင် နားလည်လာမိသည်မှာ ဇင် အလုပ်လုပ်၍ ရနိုင်သည်။ ငွေရှာနိုင်သေးသည်ဟူ၍ပင် ဖြစ်သည်။

မေအေးနှင့် တွေ့ရသည်ကလည်း တစ်ခုတော့ ကျေးဇူးရှိ





သည်။ ဇင်သည် အိမ်ထောင်တာဝန်မှအပ ဖြစ်သော အပြင်လောကကို မျှော်ကြည့်ခွင့် ရလာခြင်းဖြစ်သည်။

ကြည့်လေ။ အပြင်လောကမှာ ဇင်တို့လို ကလေးမအေတွေပဲ ရုံးတွေမှာ၊ စက်ရုံတွေမှာ၊ ကျောင်းတွေမှာ၊ ဈေးတွေမှာ၊ နေရာတကာမှာ အလုပ်လုပ်နေကြသည်။ အချို့က ကိုယ့်ဝမ်းစာကိုယ်ရှာကာ ကိုယ့်ဝမ်းကိုယ်ကျောင်းနေကြသည်။ အချို့က မိသားစုကို ထောက်ပံ့နေကြသည်။

တန်ဖိုးကြီးမားသော တက္ကသိုလ်ပညာကို သင်ယူထားခဲ့ခြင်းသည် ကလေးပုခက်နှင့် မီးဖိုချောင်အတွက် မဟုတ်ကြောင်း ဇင် သဘောပေါက်လာသည်။

မောင့်ထံ ဇင် အလုပ်လုပ်ချင်ကြောင်း စာရေးတော့၊ မောင်က 'မောင်တော့ သဘောမတူနိုင်ဘူး ဇင်၊ ဇင့်ကို မောင်လုပ်ကျွေးနိုင်ပါတယ်' ပြန်ရေးသည်။

မေမေနှင့်တိုင်ပင်တော့၊ မေမေက 'သမီးသဘောပဲလေ၊ သမီးလဲ ငယ်တော့တာမှ မဟုတ်ပဲ ချင့်ချိန်လုပ်ပေါ့' ဆိုသည်။

တစ်ခုကောင်းသည်က သမီးဉမ္မာသည် မအေထက် အဘွားကို ပိုပြီးခင်သည်။ အဘွားက လက်သာသည်ကိုး။ အဘွားနှင့် အတူ မြို့မှာပင် ထားခဲ့၍ရမည်။

ဇင်ရယ်၊ သားရယ်၊ အိမ်ဖော်ရယ်ဆိုတော့၊ ဇင်တို့မှာ အချိန်အားတွေ များစွာရနိုင်သည်။

မောင် ဘာပြောပြော ဇင် အလုပ်ထွက်လုပ်ဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။

ဇင်သည် ဖေဖေလုပ်ခဲ့ဖူးသော ရုံးသို့သွားသည်။ အဆက်အသွယ်ရှာသည်။ ဖေဖေ့ အထက်အရာရှိတစ်ဦး၏ ဆက်သွယ်ပေး



www.burmeseclassic.com

www.burmeseclassic.com


မှုဖြင့် ရုံးချုပ်မှ အရာရှိတစ်ဦးနှင့် အဆက်အသွယ်ရသည်။

ဇင်နှင့် ပထမအကြိမ် တွေ့ကြသောအခါ...'အန်ကယ် အစွမ်းကုန်ကြိုးစားပေးမယ်၊ စိတ်ချသာပြန်' ဟု နှစ်သိမ့်သည်။

စာမေးပွဲဖြေရသည်။ အထက်တန်းစာရေး တစ်နေရာ အတွက် ဖြေရသည့်လူက နှစ်ဆယ်ကျော်။ သည်အထဲမှာ ဇင်သည် နံပါတ်တစ်ချိတ်အောင် ဖြေဆိုနိုင်ခဲ့သည်။

မောင့် လခရယ်၊ ဇင့်လခရယ်ပေါင်းလိုက်တော့၊ အခြေအနေ က မဆိုးလှ။ အခါတိုင်းကလို လကုန်ခါနီး ရက်တွေမှာ ခေါင်းခဲ ရသည့် အဖြစ်နှင့်စာလျှင်တော့ တော်သေးသည်။

ဇင်သာ ခြစ်ခြစ်ချုတ်ချုတ် သုံးစွဲနိုင်မည်ဆိုလျှင် အဝတ် အစားဖိုး ပိုထွက်လာနိုင်မည်။ မေမေ့ကိုလည်း ဖဲ့၍ ထောက်ပံ့နိုင်ဦး မည်။

ဇင်သည် မိမိဘဝကို တစ်စတစ်စ အဓိပ္ပါယ်ပြည့်ဝလာပြီးဟု အထင်ရောက်လာသည်။ ဇင်သည် အခါတိုင်းကလို လူပိုမဟုတ် တော့။ အလုပ်ကြီး အကိုင်ကြီးနှင့် ဇင် ဖြစ်လာပါပကော။

ဇင်အလုပ်ဝင်၍ သုံးလအကြာမှာ မောင်ခွင့်နှင့် ရန်ကုန်သို့ ပြန်လာသည်။

မောင်သည် ပြောင်းလဲနေသော ဇင့်ကိုတွေ့ရသည်။

တက်ကြွနေသော ဇင်၊ ရွှင်လန်းနေသော ဇင်။

တစ်နေ့မှာ မောင်သည် ဇင် အဝတ်လဲနေသည်ကို ခုတင် တွင် လှဲလျောင်းရင်း ကြည့်နေသည်။

'သိပ်အလှပြင်နေပါလား ဇင်'

'လူထဲသူထဲ သွားနေရတာပဲ မောင်ရဲ့၊ လူနဲ့သူနဲ့ ထိုက်တန်အောင်တော့ ဝတ်ရမှာပေါ့" ဇင်သည် မောင့်အပါးသို့



ကပ်သွားသည်။ ကျီစယ်သည့်ဟန်ဖြင့် မောင့်မျက်နှာအနီးသို့ ပါးကို တိုးပေးလိုက်ရင်း 'ဇင်လှနေတာကို မောင်က မနာလိုဘူးလား'

ဇင်၏ ပါးတစ်ဖက်မှာ ဖြန်းခနဲ အရိုက်ခံလိုက်ရသည်။ ဇင် ချာလည်လည် သွားသည်။ ယိမ်းယိုင်ပြီး ခုတင်ပေါ်သို့ ထိုင်ကျ သွားသည်။

ဇင်သည် အံ့အားသင့်သွားမိသည်။ မောင့်ကို နားမလည် နိုင်သလို ကြည့်နေမိသည်။

'မင်းအလှပြင်နေတာ ငါ့အတွက်ဟုတ်လို့လား၊ မင်းအသစ် တွေ့နေပြီလား"

မောင့် အမေးစကားသည် ဇင့် နားအတွင်း ခါးသီးစွာ ဝင်ရောက်လာသည်။

ဇင် ဘာမျှ ပြန်မပြောမိ။

မောင့်ကိုသာ စိမ်းစိမ်းကြီး ပြန်ကြည့်နေမိသည်။

ရင်ထဲမှာတော့ ဒေါသဂယက်ထန်နေသည်။ ဇင့် မျက်ဝန်း များသည် ပြောင်လက်နေသည်။ နောက်တော့ မျက်ရည်ပေါက်များ သည် မျက်လုံးအိမ်မှ စီးကျလာသည်။

ဇင့် တစ်သက်တာတွင် မောင်၏ အရိုက်အနှက်ကို ပထမဆုံးအကြိမ် ခံရဖူးခြင်း ဖြစ်သည်။

မောင်သည် ပြုပြီးမှ သူ့အမှားကို သတိရလိုက်မိပုံပေါ်သည်။

'ဆောရီးပဲ ဇင်'

သူက ဇင့်လက်ကို ဖမ်းကိုင်ရာ ဇင် ခါထုတ်ပင်လိုက်သည်။

သည်တစ်ခေါက် မောင်ပြန်တော့ ဇင်သည် လေယာဉ်ဆိပ် သို့ပင် လိုက်မပို့ဖြစ်ခဲ့ချေ။

ဇင့်မှာ နားမလည်နိုင်အောင် ရှိရသည်။


www.burmeseclassic.com

www.burmeseclassic.com

မောင်သည် ဇင့်ကို အိမ်အလုပ်တွေ၊ လင့်ဝတ္တရားတွေ၊ ကလေးကိစ္စတွေနှင့်သာ အချိန်ကုန်စေချင်သလား။ လူတစ်ယောက်ကို လက်ထပ်လိုက်ခြင်း ဆိုသည်မှာ စင်စစ် မိမိဘဝကို သည်အရာတွေ အကြားမှာ စတေးလိုက်ဖို့လား။

မိန်းမနှင့် ယောကျ်ားယှဉ်လျှင် မိန်းမသည်သာ အဘက်ဘက်က တန်ဖိုးအချခံထားရသည်။ ကမ္ဘာဦးအစတုန်းကလည်း အတူတူပင် ဖွားမြောက်လာကြသည်။ အကယ်၍ ဘုရားသခင်က ဖန်ဆင်းထားသည် ဆိုပါစို့။ တူညီတူမျှ ဖန်ဆင်းခဲ့မည်သာ ဖြစ်သည်။ ဘုရားသခင်သည် ဘယ်သူက သာစေ ဘယ်သူက နာစေဟု သဘောထားလိမ့်မည် မထင်ပါ။ မြေမှုန့်ကလာသည် ဆိုလျှင်လည်း မြေမှုန့်ချင်းအတူတူသာ ဖြစ်မည်။

အနောက်နိုင်ငံတွေမှာ မိန်းမတို့ အခွင့်အရေးတိုက်ပွဲဝင်နေသည်ဆိုခြင်းကို အစက ဇင်နားမလည်ခဲ့ပါ။ ဘာကြောင့်တိုက်ပွဲဝင်နေတာလဲ၊ ဘာကို တိုက်စရာရှိလို့လဲ ထင်ခဲ့သည်။ မိန်းမသားတို့၏ လွတ်လပ်ခွင့်ကို တောင်းဆိုနေသည် ဆိုရာတွင်လည်း မိမိအပါအဝင် မိန်းမသားထု တစ်ရပ်လုံးအတွက်ဟု မထင်မှတ်ခဲ့။

ခုတော့ကြည့် မိန်းမနှင့်ယောကျ်ား အတူတကွ ရုံးမှာလုပ်ကြသည့် အလုပ်သမားတွေ ဆိုပါတော့။ မိန်းမလုပ်သူသည် မနက်စာအတွက် အိပ်ရာမှ စောထရသည်။ ယောကျ်ားလုပ်သူက သတင်းစာတစ်စောင်နှင့် ပက်လက်ကုလားထိုင်မှာ ဇိမ်ယူကောင်းနေတုန်း ဖတ်သီလိုက်အောင် ချက်ရပြုတ်ရသည်။ ရုံးဆင်းချိန်ကျပြန်တော့ မိန်းမလုပ်သူက စောပြန်ကာ ဈေးဝင်၊ နောက်တစ်နေ့အတွက် ကြိုတင်ပြင်ဆင်ရပြန်သည်။ ပုရိသအပေါင်း သူတော်ကောင်းတို့ကတော့





ဘောလုံးပွဲရောက်ချင် ရောက်မည်။ အရက်ဝိုင်း ရောက်ချင်ရောက်မည်။ ရုပ်ရှင်ကြည့်ချင် ကြည့်နေမည်။ မိန်းမကို စာစာနာနာနှင့် အိမ်စောစောပြန်သည့် ယောကျ်ား ဘယ်နှစ်ယောက် ရှိပါသလဲ။

ထား . . .။

စနေ၊ တနင်္ဂနွေလို အားရက်ကလေးတွေကျတော့ တပတ်လုံး ဝတ်လာသည့် အဝတ်တွေ၊ အောင်းထားသည့် အဝတ်ကြွေးတွေ လျှော်ရာဖွတ်ရာကျတော့ကော ဘယ်မင်းယောကျ်ားကို ခြင်ထောင်ရေညှစ်ခိုင်း၍ ရပါသလဲ။

နှစ်ဆယ်ရာစုနှစ်အထိ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းခဲ့သည့် ယေဘုယျ ဥပဒေသများမှာ ယောကျ်ားတို့ဘက်က အသားချည်းသာ ဖြစ်သည်။

ကြည့်ပါဦး.....ဆုပန်ရာမှာပင် ယောက်ကျ်ားစင်စစ် ဖြစ်ရပါလို၏တဲ့။ မပြောလိုက်ချင်ဘူး၊ တစ်ကမ္ဘာလုံး ယောကျ်ားတွေချည်းသာ ရှိနေစေချင်စမ်းလှသည်။ ကမ္ဘာကြီး ဘာဖြစ်သွားမည်မသိ။ စကနဦး ကတည်းက မိန်းမ မပါခဲ့လျှင် ဘဒ္ဒကမ္ဘာဟူသည်ပင် ပေါ်ပေါက်လာမည်မဟုတ်။ မြတ်စွာဘုရားသည်ပင်သည် သည်ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူမှာလား မေးလိုက်ချင်သည်။

ထားပါတော့လေ....။

မောင်ပြန်သွားပြီး မကြာမီမှာပင် စာရောက်လာသည်။ စာထဲတွင် မောင်က သူ့အပြုအမူအတွက် ခွင့်လွှတ်ဖို့ တောင်းပန်သည်။ ဇင်သည် ဖြစ်စတုန်းကသာ နာနာကြည်းကြည်း ရှိခဲ့သော်လည်း နောက်တော့ မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့သည်။

စာအရေးကျဲလာသည်။ တစ်လနှစ်စောင်ပင် ပုံမှန်မလာချင်။

မောင့်ရင်ထဲမှာ ဘာတွေဖြစ်နေမည်ကို ဇင်သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်သည် ဇင့်အတွက် နောက်ဆံတင်းကောင်း တင်းနေမည်။ သားမယားနှင့် ခွဲနေရသည့်အတွက် လွမ်းဆွေးနေကောင်းနေမည်။

ဇင်ကိုယ်တိုင်လည်း တစ်ခါတစ်ရံတော့ သည်ခံစားချက်မျိုးတွေနှင့် မောင့်ကို မျှော်မိသည်အမှန်ပင်။

ဇင် ပြောဖူးပါသည်။

'ရန်ကုန်ကို ပြောင်းရအောင် ကြိုးစားပါလားမောင်ရယ်'

'ပြန်ပြောင်းရင်တော့ဖြစ်ပါတယ်၊ ဒါပေမယ့် မောင် အနည်းအပါးဆိုသလို အနစ်နာခံလိုက်ရင် ပရိုးမိုးရှင်းက ကျိန်းသေနေတယ်။ ဒါကြောင့်ပါ ဇင်"

မောင့် ရာထူးအတွက်က စိတ်မချရသေးသော်လည်း၊ ဇင့်အတွက်ကမူ ရေကန်အသင့်ကြာအသင့်လို ဖြစ်နေသည်။ ရုံးတွင်း စာမေးပွဲများ၌ အမှတ်များများရခြင်းဖြင့် ဇင်သည် အဆင့်မြင့်မြင့် တက်လာခဲ့သည်။

သည်ကတည်းက ဇင် ကျောင်းဆက်တက်ချင်သည်။ ဘွဲ့တစ်ခုခုယူချင်သည်။

သို့ပေမယ့် သားက ရှိသေးသည်။ သားကို အဖော်နှင့်ချည်းမထားရက်သည် အမှန်။

သမီးဥမ္မာသည် မူလတန်းကြီးသို့ စတင်တက်ရောက်နေပြီ။

ယခင် အိမ်မှုကိစ္စတွေချည်း ကုန်းရုန်းလုပ်နေရစဉ်က တစ်နေ့တာသည် ကုန်ခဲလှသည်။ ယခုလို လှုပ်လှုပ်ရှားရှားနှင့် ပြင်ပကမ္ဘာကို ထိတွေ့ခွင့်ရပြီဆိုသောအခါ တစ်နေ့တာသည် ဘယ်ပုံဘယ်နည်း ကုန်ဆုံးသွားမှန်းပင် မသိလိုက်ချေ။

မောင့်ထံမှ စာလာသည်။ သည်လကုန်တွင် ခွင့်နှင့်ပြန်လာ





မည်ဟု ဆိုသည်။ မောင့်စာမှာ ထူးခြားသည်က အိမ်သားအားလုံးကို တွေ့ဆုံချင်သည်ဟု ဆိုခြင်းဖြစ်သည်။ ဆိုလိုသည်မှာတော့ သမီးဥမ္မာကိုပါ ရှိနေစေချင်သည့် သဘောဖြစ်သည်။ တစ်ခါတစ်ရံ မောင်ပြန်လာခိုက်တွင် သမီးနှင့် ဆုံချင်မှဆုံကြသည်။

မောင့်ဆန္ဒအတိုင်း သမီးဥမ္မာကို ခေါ်ယူထားခဲ့သည်။

လကုန်ရက်တွင် မောင်ပြန်လာသည်။

မောင့်အမူအရာတွေက ထူးခြားနေသည်။ မောင်သည် အခါတိုင်းကလို ရွှင်ရွှင်ပြပြ မရှိလှ။ မောင့် ပြုံးဟန် ရယ်ဟန်တွေက အသက်မပါ။ မောင့် မျက်ဝန်းသည် တစ်စုံတစ်ရာဖြင့် မှိုင်းရီနေသလိုရှိသည်။

မောင်သည် ရန်ကုန်မှာ တစ်ပတ်နေသည်။ ဇင်နှင့် ကလေးတွေကို အခါတိုင်းထက် ဂရုစိုက်သည်။ ဘုရားကို ခေါ်သည်။ တိရစ္ဆာန်ရုံသို့သွားသည်။ ဟိုတယ်တွေမှာ ညစာစားကြသည်။ သို့တိုင် မောင့်အသွင်အပြင်တွေက အေးတိအေးစက်နှင့်။ ထုံထုံထိုင်းထိုင်းနှင့်။

ဇင့်ရင်ထဲမှာတော့ ထိတ်နေသည်။

တစ်ခုခုပဲတော့ ထင်သည်။ ဘာတစ်ခုခုလဲ ဆိုသည်ကို မသိခြင်းက ခက်နေသည်။ သို့သော်လည်း ဘာမျှမပြောဘဲ မောင့်နောက်သို့ ကြည်ကြည်သာသာပင် လျှောက်လိုက်ခဲ့သည်။

တစ်ပတ် ပြည့်သောနေ့။

ကလေးတွေ အိပ်စက်ကုန်ကြလေပြီ။

မောင်သည် အိမ်ရှေ့ခန်းမှာ ငူငူကြီး ထိုင်နေသည်။ ဇင်သည်လည်း သူ့အပါးမှ ဆိတ်ငြိမ်လျက်နှင့်ပင်။

ခဏအကြာတွင် မောင် မီးဖိုခန်းသို့ ဝင်သည်။ ဇင်



www.burmeseclassic.com

www.burmeseclassic.com



နောက်က လိုက်ခဲ့သည်။

မောင်သည် အရက်ပုလင်းထဲမှ အရက်ကို ငှဲ့နေကြောင်း တွေ့ရသည်။

'မောင် ထပ်သောက်ဦးမလို့လား'

'အင်း'

'အရင်က ထမင်းစားပြီးရင် မောင်မသောက်ပါဘူး'

အမှန်ပင်၊ မောင် ဘယ်လောက် အရက်ကြိုက်သည် ဆိုဆို ညစာထမင်း စားအပြီးမှာ သောက်လေ့သောက်ထမရှိခဲ့။

'ထိုင်ပါလား ဇင်'

မောင်က ထမင်းစား စားပွဲမှ ကုလားထိုင်တစ်လုံးကို ညွှန်ပြသည်။

ဇင် ဝင်ထိုင်လိုက်ရသည်။

မောင့်တွင် ပြောစရာစကားတွေ ရှိနေသည်ကို ဇင် သိသည်။ မောင် အပြောရခက်နေသည်ကိုလည်း ဇင် ရိပ်မိသည်။

မောင်သည် ဇင်နှင့်မျက်နှာချင်းဆိုင် ကုလားထိုင်၌ ဝင်ထိုင်သည်။ အရက်ကိုကား မသောက်ဖြစ်သေး။ ဖန်ခွက်ကို လှည့်နေသည်။ ခေါင်းငုံ့ကာ ဖန်ခွက်အတွင်း စိုက်ကြည့်နေသည်။

အတော်ကြီးကြာမှ မောင့်အသံကို ကြားရသည်။

'ဇင်'

ဇင်က ပြန်မထူးဘဲ မောင့်မျက်နှာကို မော့ကြည့်သည်။

'မောင့်မှာ ဇင့်ကို ပြောစရာစကားတွေ ရှိတယ်'

'ဇင် သိပါတယ်'

'မောင် မှားမိခဲ့တယ်၊ အမိက တရားခံကတော့ အရက်ပေါ့လေ' မောင်သည် သက်ပြင်းကို လေးကန်စွာ ချသည်။ 'နောက်တစ်ခု





ကလဲ ဟိုဘက်က အနေအထိုင် မတတ်တာ၊ လိုက်လျောလွန်းတာတွေလဲပါတယ်'

ဇင့်ရင်ထဲတွင် ပြင်းစွာလှုပ်ရှားနေသော်လည်း ဇင်သည် မျက်နှာပျက်မသွားအောင် ကြိုးစားထိန်းချုပ် နေလိုက်သည်။

'မောင့်မှာ သိပ် အကျဉ်းအကျပ် တွေ့နေရတယ် ဇင်'

ဇင်သည် သက်ပြင်းတစ်ချက်ကို ကျိတ်ရှိုက်လိုက်သည်။

'သူပဲမဟုတ်လား၊ ဇင်တွေ့ခဲ့တဲ့ ကလေးမကလေးပဲ မဟုတ်လား'

မောင်က နှုတ်ဖြင့်မဖြေဘဲ ခေါင်းညိတ်ပြသည်။

'ဇင် သတိပေးခဲ့သားပဲ'

'မောင်မှားပါတယ်၊ သိပ်ကို မှားပါတယ်'

မောင့်မျက်ဝန်းသည် မျက်ရည်ကျတော့မတတ် အရည်လည်နေသည်။ မောင့်နှုတ်ခမ်းသည် တဆတ်ဆတ် တုန်လေတော့မလား ထင်ရသည်။

'မောင် ရန်ကုန်ကို ပြန်ပြောင်းခဲ့ရင် ကောင်းမယ်လို့ ဇင် ထင်တယ်'

ဇင်က စကားထောက်ပေးသည့်တိုင် မောင့်အသံသည် တော်တော်နှင့် ပေါ်ထွက်မလာခဲ့။

အတော်ကြီးကြာမှ မောင်က ခေါင်းကိုရမ်းခါ ပြလိုက်သည်။

'မောင်....ပြောင်းလာလို့ မဖြစ်တော့ဘူး'

ဇင်သည် မောင့်မျက်နှာကို ကြက်သေသေကာ ကြည့်နေလိုက်မိသည်။ မောင်သည် ဇင့်အကြည့်ကို မခံနိုင်သလို မျက်နှာလွှဲနေသည်။

'ဒီတော့...ဇင်တို့ ဘာလုပ်ကြမလဲ'



www.burmeseclassic.com

www.burmeseclassic.com



မောင်က ဇင့်အမေးကို မဖြေ။

'ပြောစမ်းပါမောင်၊ ဒီတော့ ဇင်တို့ ဘာလုပ်ကြမလဲ'

ဇင့် အသံ အတော်ချည်း ကျယ်လောင်သွားသည်။

'သူက အငယ်အနှောင်း အနေနဲ့လဲ မနေချင်ဘူး၊ သူ့မိဘ မျက်နှာကိုလဲ ထောက်ထားစရာရှိသေးတယ် မဟုတ်လား'

ဇင့် ရင်ထဲ ကျင်ခနဲ နာသွားသည်။

'ဇင်ကလည်း ကိုယ့်ယောကျာ်း နောက်မိန်းမ ယူနေတာကို ကြည်ကြည်သာသာ လက်ခံနိုင်မယ် ထင်သလား'

မောင်သည် ငြိမ်နေသည်။ မျက်လွှာချထားသည်။ မောင့် မျက်နှာ သည် ဆယ်နှစ်ထက်မနည်း ပိုမိုအိုစာသွားသလို ရှိသည်။

မောင်က အရက်ကို မော့သောက်သည်။ ထပ်မံငှဲ့ရန် နေရာမှ ထမည် ပြုသည်။

ဇင်က မောင့်ပခုံးကို ဆွဲနှိမ်လိုက်သည်။

'ထိုင်ပါ၊ ဇင်ထည့်ပေးပါမယ်'

မောင် သောက်နေကျထက် ပိုပြီးထည့်ပေလိုက်သည်။

'ဇင် သိပါတယ်မောင်ရယ်၊ မောင်ဇင့်ကို လက်ထပ်တုန်းက ဇင်ဟာ အဲဒီခေတ် အဲဒီအခါက မောင်နဲ့သင့်တော်တဲ့ မိန်းမပေါ့ ဟုတ်လား၊ အခုတော့လဲ အခြေအနေနဲ့ အချိန်အခါက ပြောင်းပြီး သွားပြီလေ၊ အခုခေတ် အခုအခါနဲ့ လိုက်လျောညီတဲ့ မိန်းမကို အခု မောင်ရှာနိုင်ပြီ မဟုတ်လား'

'မောင် ပြောပါပကောလား ....'

'မိုးကြိုးပစ်ရာကို ထန်းလက်နဲ့ ကာမနေပါနဲ့တော့ မောင်၊ မောင်ဘယ်လို ဆင်ခြေဆင်လက်ပေးမယ်ဆိုတာကို ဇင်သိပြီးသားပါ။ ကဲလေ...အခုတော့ သူက အငယ်အနှောင်းအဖြစ်နဲ့ မနေချင်ပါဘူး၊





ရှင့်မယားကြီးနဲ့ ကွာရှင်းပါ၊ ကျွန်မကို လက်ထက်ပါပေါ့၊ ဒီလိုမဟုတ် လား'

'မောင် ငြင်းလိုက်ရင် သူ့အဖေ အရှိန်အဝါသုံးပြီး မောင် အလုပ်ပြုတ်တဲ့အထိ၊ အရှက်တကွဲ အကျိုးနည်း ဖြစ်တဲ့အထိ လျှောက် လုပ်လာလိမ့်မယ် ဇင်'

'သြော်...အခုတော့လဲ အကြောက်တတ်သားပါလား၊ သိပ်အရှည်အဝေးပြောနေဖို့ မလိုပါဘူးမောင်၊ မောင် ဒီတစ်ခေါက် လာတာ ဇင်နဲ့ ကွာရှင်းဖို့လား၊ ကလေးတွေကို လာနှုတ်ဆက်တာ လား ဟင်'

'သူတို့က မောင့်ကို အဘက်ဘက်က အကြပ်ကိုင်နေကြ တယ် ဇင်၊ ပြီးတော့...သူ...သူ့မှာလည်း မပေါ့မပါးဖြစ်နေပြီ'

'သူ့ကလေးက အပြင်မရောက်သေးပါဘူး...နော်၊ အပြင် ရောက်နေတဲ့ ဇင့်ကလေးတွေကိုကျတော့ကော မောင် ဘယ်လို လုပ်မလဲ'

'မောင့်ကလေးတွေကို ပစ်မထားပါဘူး၊ တိုက်ခန်းကို ဇင်နဲ့ ကလေးတွေ ယူထားလိုက်ပါ၊ သူတို့အတွက် စရိတ်လဲ ထောက် မှာပါ'

'သြော်...ဒီအထိ အပြတ်အသား စဉ်းစားထားပြီးပြီကိုး...၊ ဒါဖြင့် အစိက ကတော့ မောင် ဇင့်ဆီက ကွာရှင်းပြတ်စဲကြောင်း လက်မှတ် လိုချင်တာပဲ ဆိုပါတော့၊ မဟုတ်လား ဟင်'

မောင့်ထံမှ တော်တော်နှင့် အသံထွက်မလာ၊ အတန်ကြာမှ....

'မောင် ဘယ်လိုမှ မတတ်သာတော့ဘူး ဇင်'

ဇင်သည် အိမ်ရှေ့ခန်းသို့ ပြေးထွက်ခဲ့သည်။ ကုလားထိုင် ပေါ်မှာ ထိုင်ပြီး တဝကြီး ငိုပစ်လိုက်သည်။ တစ်သက်နှင့်တစ်ကိုယ် အားပါးတရ အငိုမိဆုံးပဲ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတော်ချည်းကြာတော့ မောင် အိမ်ရှေ့ခန်းသို့ လိုက်လာသည်။ ဇင့်အပါးမှာ ထိုင်သည်။ ဇင့်ပခုံးကို နှစ်သိမ့်မှုပေးသလို လှမ်းဆုပ်လိုက်သည်။ ဇင် ရှောင်တိမ်းလိုက်ပါသည်။

'ဇင့်အသားကို မထိနဲ့မောင်၊ အခုအချိန်ကစပြီး ဇင်နဲ့မောင်တို့ဟာ သူတစ်စိမ်းတွေ ဖြစ်သွားကြပြီ။ မောင် ဇင့်ကို စိမ်းရက်နိုင်တယ်နော်'

'ဇင်ရယ်'

မောင်သည် ဇင့်မျက်နှာကိုပဲ စိုက်ကြည့်နေသည်။

ဇင့် မျက်နှာမှာ ဘယ်လို အမူအရာတွေ ဖြစ်ပေါ်နေလဲဆိုတာတော့ မသိပါဘူး။ ဇင့် ရင်ထဲမှာတော့ နာကျည်းမှုတွေရော၊ ဝမ်းနည်းမှုတွေရော၊ ခံပြင်းမှုတွေပါ ရောထွေးနေသည်။

'ဇင်ရယ်....ဇင့်ကို မောင် တကယ်ချစ်ပါတယ်'

'ဇင်ကလဲ မောင့်ကို အပျက်အပျက် ချစ်ခဲ့တာမှမဟုတ်တာ'

'ဟုတ်ပါတယ်၊ ကိုယ်တို့အကြားမှာ အမှား တစ်ခုခုတော့ရှိမယ် ထင်တယ်။ အေးလေ....အမှားက တစ်ခုမကဘူး၊ အမှားတွေအများကြီး ရှိတယ်။ အဲဒီအမှားကို မောင်လဲမသိဘူး။ ဇင်လဲ မသိနိုင်ဘူး'

'ဇင်တော့ ထင်တယ်၊ ဇင့်ဘက်က မမှားဘူး။ ဇင် ဘာတစ်ခုမှ အမှားမလုပ်ခဲ့ဘူး။ အခုဟာက အကျပ်ကိုင်ခံရတာ၊ အနိုင်ကျင့်ခံရတာ'

ဆူဆူညံညံ အသံများကြောင့် ထင်သည်။ သမီးနိုးလာသည်။

သမီးဥမ္မာသည် တင်းမာ ခက်ထန်နေသော ဇင့်မျက်နှာကိုကြည့်ကာ တစ်စုံတစ်ခု ဖြစ်သည်ကို ရိပ်မိဟန် ရှိသည်။





ဇင်သည် သမီးကို အိပ်ရာပေါ်သို့ ပြန်သိပ်သည်။ သမီးအိပ်ပျော်သောအခါ ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည်ကို ယူလာသည်။ မောင့်ကို ပစ်ပေးလိုက်ရင်း....

'ဒီည မောင် ဒီ နှစ်ယောက်ထိုင် ကုလားထိုင်ပေါ်မှာပဲ အိပ်ပေါ့' ပြောပြီး အိပ်ခန်းထဲ ဝင်ခဲ့သည်။

သို့သော် အဲသည့်ညက နှစ်ယောက်လုံး တစ်ရေးမှ အိပ်မပျော်ကြသည့် အမှန်ပင်။

ဇင် သိနေသည်။

သည်တစ်ပွဲမှာ ဇင် 'ခံ'လိုက်ရပြီ ဆိုခြင်းကို သိနေသည်။

ဇင်ကပဲ ပုပန်စိတ်နည်းတာလား၊ မောင့်အပေါ် ယုံကြည်စိတ်ချလွန်းတာလား၊ လွတ်လပ်မှုကို ရှာဖွေလွန်းရာ ကျခဲ့သလား၊ မပြောတတ်။ ဖြစ်နိုင်သည်မှာတော့ မောင့်အပေါ် ယုံကြည်စိတ်ချလွန်းတာပဲ ဖြစ်မည်။

ဖေဖေ သေဆုံးစဉ်က မိမိဘဝတွင် ဖေဖေ့လို တစ်ကိုယ်ကောင်းဆံသူနှင့် ဆုံဆည်းရလိမ့်မည် မဟုတ်ဟု အထင်ရှိခဲ့သည်။ မိမိ လက်ထပ်မည့်သူသည် လုံခြုံမှု ပေးနိုင်သူ၊ ချမ်းမြေ့မှုပေးနိုင်သူ၊ ယုံကြည်လောက်သူဟု ယူဆခဲ့သည် အမှန်ပင်။

သို့ပေမယ့်....ယခုတော့ သည်ပုတ်ထဲက ထွက်သည့် သည်ပဲပါပဲကလား။

ယောကျ်ားထဲက တစ်ယောက်ဖြစ်သော မောင်သည် ယောကျ်ားထဲက တစ်ယောက်ဖြစ်သော ဖေဖေ့လို တစ်ကိုယ်ကောင်းဆံသူ တစ်ယောက်ပါပဲကလား။

နောက်တစ်နေ့ကျတော့ ဇင်တို့ သားအမိတစ်တွေ မောင့်ကို လေဆိပ်သို့ ဆင်းပို့ကြသည်။ မောင့်မှာ 'နှစ်ဦးသဘောတူ ပြတ်စဲ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သဘောတူညီပါသည်' ဆိုသည့် ဇင့်၏ စာပါသွားခဲ့ပြီ ဖြစ်သည်။ မကြာမီ သတင်းစာများ၌ ထိုကြေညာချက် ပါလာပေလိမ့်မည်။

မောင်သည် မျက်ရည် တရစ်ဝဲဝဲဖြင့် ကလေးတွေကို နမ်းရှုပ် နှုတ်ဆက်သည်။

ကလေးတွေကတော့ ဘာမှ မသိရှာ။

'ဖေဖေ မြန်မြန်ပြန်လာနော်' မှာရှာကြသေးသည်။

ဇင်ကတော့ တတ်နိုင်သမျှ ဟန်ဆောင်နေခဲ့သည်။

မောင် စီးနင်းလိုက်ပါသွားသော လေယာဉ် ထွက်ခွါသွားပြီး ဧည့်ခန်းဆောင်ထဲ ပြန်ရောက်မှ 'သမီးတို့ သားတို့ ခဏ နေရစ်ဦးနော်' ဆိုကာ သန့်ရှင်းရေးအခန်းထဲသို့ ဝင်ပြီး ငိုလိုက်သည်။ နောက်တော့ မျက်နှာသစ်သည်။ ကရင်းပတ်ဖြင့် ပေါင်ဒါ ပြန်ဖို့ကာ အပူရုပ်ကို အမူလုပ်ဖုံးကွယ်လျက် ပြန်ထွက်လာခဲ့သည်။

ဝတ္ထုတွေထဲကလို နှစ်ပေါင်းခုနှစ်ရာ မငိုခဲ့ပေမယ့် ခုနှစ်နာရီလောက်တော့ ဇင် ငိုခဲ့မိသည် ထင်သည်။

ဤသည်မှာ မောင်နှင့်ဇင်တို့၏ ဓာတ်လမ်း နိဂုံးဖြစ်သည်။

ဇင့်ဘဝထဲမှ မောင် ထွက်ခွါသွားခြင်းပင် ဖြစ်ပါတော့သည်။

× × ×



ယေဘုယျ ပြောမည်ဆိုလျှင်တော့ သည်တစ်ပွဲသည် ဇင့်အတွက် အရှုံးပွဲ။

မောင်က စွန့်ခွါသွားပြီဆိုသောအခါ ဇင်သည် တိုက်ခန်းတစ်ခန်း၊ ကလေးနှစ်ယောက်၊ အသည်းဒဏ်ရာအချို့သာ အဖတ်တင်ကျန်ရစ်ခဲ့သည်။

မောင်က အနိုင်နှင့် ပိုင်းလိုက်သည်။ သစ်စိမ်းချိုး ချိုးလိုက်သည်။

သို့ပေမယ့် ဇင် စိတ်ဓာတ် မကျခဲ့ပါ။

ယခုလို ကိုယ့်ရာထူးနှင့် ကိုယ့်တစ်ဝမ်းတစ်ခါး အသက်မွေးဝမ်းကျောင်းနိုင်သည့် ကာလမျိုးမှာသာမဟုတ်။ ဈေးတောင်းခေါင်းရွက်မှ စားရမည့် ကာလမျိုးဖြစ်သည့်တိုင် ကိုယ့်အပေါ် မကြင်နာတော့ဘူး ဆိုသူကို လုံချည်စ လိုက်ဆွဲပြီး မျက်ရည်ခံထိုးကာ တောင်းပန်နေမည့် ဇင် မဟုတ်။ ဝေးစွာ့ခြောက်ပါး ဆိုသလိုပါပဲ။

အိမ်ထောင်တစ်ခုကို တည်ဆောက်ရာမှာ အချစ်သက်သက်ချည်းဖြင့် မရနိုင်သည်ကို ဇင်သိတတ်ခဲ့ပြီ။ သံယောဇဉ်ဆိုသည်သာ အခိုင်မာဆုံး နှောင်ကြိုးဖြစ်သည်။ သံယောဇဉ်ကို ဖြတ်ပယ်နိုင်ပြီဆိုလျှင် အရာရာစွန့်လွှတ်နိုင်မြဲ။



www.burmeseclassic.com

www.burmeseclassic.com

ဇင်၏ စိတ်ဓာတ်သည် မီးသင့် ဖယောင်းလို ပျော်းနွဲ့သွားမည့်အစား အခါခါ မီးတင်ခဲ့သည့် သံချောင်းလို ပို၍ မာလာသည်။

ဇင်တို့ ကွာရှင်းပြတ်စဲကြောင်း သတင်းစာတွင် ပါလာသောအခါ ပထမဆုံး အံ့ဩရသူမှာ မေမေဖြစ်သည်။ မေမေသည် မောင့်ကို သားလိုချစ်ကာ မောင့်၏ စာရိတ္တကို ရှေးမဆွကပင် စိတ်ချထားခဲ့သူ ဖြစ်သည်။ ယခုလို ပြုံးပြုံးဒိုင်းဒိုင်း ဖြစ်သွားတော့ အံ့ဩရုံမှတစ်ပါး အခြား မတတ်နိုင်။

သို့သော် ဖြေသိမ့်စကားကိုတော့ ဆိုခဲ့ရှာပါသည်။

'ဆန်ဆုံစား ကံကုန်သွား ဆိုသလိုပဲ ဖြစ်မယ်ထင်ပါရဲ့ကွယ်'

ဇင်သည် မေမေ့ကို ပို၍ တွယ်တာလာသည်။ သမီးနှင့်သားအပေါ် ပို၍ ကရုဏာ သက်ရောက်သည်။ မိမိကိုယ်ကို ပို၍အားကိုးလာသည်။ ယုံကြည်မှု ပိုလာသည်။

ဘဝကို တစ်ကြော့ပြန်၍ စရပေဦးတော့မည်။

တိုးဝင်ရမည့် လောကကို လှမ်းမျှော်ကြည့်လိုက်လေတော့လည်း အပြောင်းအလဲတွေ များလှပါကလား။

တူတယ်ခေတ်၊ ဘရိုကိတ်ခေတ်မှသည် ပါတိတ်ခေတ်၊ တက်ထရွန်ခေတ်၊ ဖော့ခရစ်ခေတ်သို့ ရောက်ရှိနေပြီ။ လှိုင်းကြီး၊ လှိုင်းလေး၊ လှိုင်းလတ်ခေတ်သို့ ရောက်နေပြီ။

လူတို့ ဂျိမ်းစ်ဘွန်း ရုပ်ရှင်ကားတွေကို ကြည့်ကြသည်။

ဂျိမ်းစ်ဟာဒလီချေ့နှင့် အာသာဟေလီ ဘာသာပြန် ဝတ္ထုတွေ ဖတ်ကြသည်။

တက္ကသိုလ်ထွန်းနောင်၏ 'မာမီရယ် ရှာပေးကွယ် ရည်းစားလိုချင်တယ်' သီချင်းကို လှမ်းပေါ်က ခြောက်နှစ်သားအရွယ် ကလေးကအစ အော်ဟစ်နေသည်။ မင်းမင်းလတ်၏ 'အပေါ်ထက်နဲ့ အောက်





ထပ်ဇာတ်လမ်း' ကို ကျောတချမ်းချမ်း နားထောင်နေရသည်။

ရုံးတွင် ယောကျ်ားတွေက ဗီယက်နမ်စစ်၊ ကမ္ဘာ့ဘောလုံးပွဲ ပုလဲနက်ပီလီနှင့် ကပ်စီးယပ်ကလေးအကြောင်း ငြင်းခုန်နေချိန်တွင် မိန်းမသားများက လှိုင်းကြီး၊ လှိုင်းလေးအကြောင်း စကားဖောင်ဖွဲ့ကြသည်။

မိန်းကလေးတွေက ဆံပင်တိုတိုထားကာ ယောကျ်ားကလေးတွေက ဆံပင်ရှည်ထားကြသည်။

ယောကျ်ားကလေးတွေက ခေါင်းလောင်းဘောင်းဘီဝတ်ကာ မိန်းကလေးတွေက ဘလောက်စ်နှင့် 'ဘရာ'ကို ဝတ်နေကြပြီ။

ယဉ်ကျေးမှု မျက်နှာစာ၊ ဖက်ရှင်မျက်နှာစာတွေမှာ အသစ်သစ်တွေ ဖြစ်ပေါ်လာခဲ့သည်။

သည်ကာလတွင် ဇင်သည် တစ်ခုလပ်ဘဝဖြင့် အထက်မရောက် အောက်မရောက်ဖြစ်နေရသည်။

လူငယ်တွေထဲ ဆင်းဖို့လည်း မဖြစ်၊ လူကြီးတန်းလည်း မဝင်သေး။

အစသော် လုပ်သားကောလိပ်ဆက်တက်ကာ ဘွဲ့တစ်ခုခု ယူဖို့ စဉ်းစားသည်။ သို့သော် ယင်းအကြံကို ပယ်ဖျက်ကာ လောလောဆယ် အလုပ်ဖြစ်မည့် စာရင်းကိုင် သင်တန်းကို တက်ရောက်ခဲ့သည်။

စရိတ် ကျဉ်းသွားစေရန်နှင့် ငွေပိုငွေလျှံ ထွက်လာစေရန် မြို့လယ် တိုက်ခန်းကို ရောင်းလိုက်သည်။ သားနှင့် အိမ်ဖော်ကို မေမေ့ထံပို့လိုက်သည်။ ဇင်ကိုယ်တိုင်ကတော့ ဘော်ဒါဆောင် တစ်ဆောင်တွင် နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


စင်စစ် ဇင်သည် ယခုမှ အလွတ်လပ်ဆုံး ဘဝကို ရရှိခြင်း ဖြစ်တော့ သည်။

တာဝန်မရှိ၊ နှောင်ကြိုးမရှိ။

ဇင်မှ တစ်ပါး ဇင့်ကို ထိန်းသိမ်းကြိုးကိုင်မည့်သူ မရှိ။

တစ်ခါတစ်ခါတော့လည်း သည်လိုနေရသည်မှာ ပျော်စရာ အကောင်းသားပါကလား။

ကြားဖူးသော စကားလို သည်လိုမှန်း သိ အစကတည်းက ကိုယ့် အပူကိုယ်မရှာပါဘူး ဆိုသလိုပင်။

ဇင်သည် အလုပ်မှာ အာရုံစိုက်ကာ သင်တန်းမှာ ဘဝကို မြှုပ်နှံကာ အတိတ်၏ ဒဏ်ရာဒဏ်ချက်တွေကို ကုစားဖို့ ကြိုးစား သည်။

သို့တိုင်အောင် မောင်နှင့်ပတ်သက်သော အသည်း ဒဏ်ရာက မကျက်သေး။ အကင်းမသေသေး။

မောင့်ကို နာကျည်းသည်တော့အမှန်။ သို့သော်....လွမ်းတ ရသောစိတ်ကို အဆုံးထိုင် ဖျောက်ဖျက်နိုင်သည်လည်း မဟုတ်။ သား နှင့်သမီးနှင့် ဆုံရပြီဆိုလျှင် ဝဲလာသောမျက်ရည်ကို မထိန်းချုပ်နိုင် သေး။ သည်အကြားက မောင့်ဖေဖေ ဆုံးပြီဆိုခြင်းကို သတင်းစာ၌ တွေ့ရ၍ မျက်ရည်ကျမိခဲ့သေးသည်။

သည်အကြားက ယောကျ်ားတွေနှင့် ရှောင်လွှဲ၍ မရနိုင်ဘဲ ကြုံဆုံရသေးသည်။

အလုပ်ထဲမှာ၊ သင်တန်းမှာ၊ အပြင်မှာ တွေ့ရသည်သာပင်။

ရုံးမှာဆိုလျှင်လည်း 'ကယ်တင်ရှင်တွေ' ဒုနှင့်ဒေး၊ သင်တန်း မှာ 'သနားတတ်သူ' တွေ တစ်ပုံတစ်ပင်ချည်း။ အပြင်ပကတော့ မသိနားမလည်ကြလို့ ဖြစ်မှာပေါ့။ အပျိုအထင်နှင့် ချဉ်းကပ်လာ ကြသည်။

အချို့မှာတော့ တကယ်စိတ်ကောင်း စေတနာကောင်းရှိချင် ရှိပါလိမ့်မည်။ များသောအားဖြင့်တော့ ရလေမလား အထင်နှင့် အချောင်နိုက်ချင်သူချည်းသာပင်၊ ဈေးပေါင်ကျိုးမှာ သာသာထိုးထိုး ကလေး ရလိမ့်မည်အထင်နှင့် ဈေးဆစ်လာကြသူတွေလည်း ရှိသေး သည်။

ဇင့် အဖို့ကတော့ ခံမှန်ဖူးတဲ့ စာသူငယ်ဆိုသလိုပါပဲ။ ဘယ်ယောကျ်ားကိုမှ ယုံကြည်စိတ်ချ၍မရ။ ပုရိသဟူသည် အတူတူ နှင့် အနူနူချည်း။ သိုးဖြူတွေထဲမှာ သိုးမည်းတစ်ကောင်ပါလာလျှင် ထင်းထင်းမြင်သာသည်။ သိုးနက်တွေထဲမှာ သိုမဲကိုရှာဖို့ ဆိုသည် ကတော့ အခက်သားကလား၊ ဇင့်အနေနှင့် လောလောဆယ် မြင်နေ ရသည်မှာ အမည်းမဟုတ်တောင် အညိုတော့ ဖြစ်နေတတ်သည် ချည်းပင်။ အညိုမဟုတ်သည့်တိုင်လည်း မီးခိုးရောင်ကလေးတော့ သမ်းနေတတ်သည်။

သည်သို့ပြောရသည်မှာ ဇင်သည် မရှောင်မကွင်းသာ တွေ့သည့်ယောကျ်ားများအနက်မှ ယောက်ကျ်ားသုံးလေးယောက်နှင့် 'တကယ်' ချစ်မိတော့မယောင် ဖြစ်ခဲ့သေး၍ ဖြစ်သည်။

သူတို့အကြောင်း အနည်းအပါးတော့ ပြောရဦးမည်။

တစ်ယောက်သောသူက မြင့်ထွန်းဦး။ ဆရာဝန်။

ဆရာဝန်တွေ ခေတ်ကောင်းဆဲမှာ ဆရာဝန်မဆံချင်သော ဆရာဝန်တစ်ယောက်။ ဒါကြောင့်လည်း ဇင်နှင့် တွေ့တာဖြစ်မှာပါ။

သူက ရွှေလင်းယုန်၏ 'သူ' ကို ဖတ်ပြီး ဝါသနာမပါဘဲ ဆရာဝန်လိုင်း လိုက်ခဲ့သည်ဟု ဆိုသည်။ သည်တော့လည်း 'သူ' ထဲက 'ကိုမြင့်မောင်' လို အနစ်နာခံ စိတ်ထားကို ကြိုးစားမွေးမြူ



www.burmeseclassic.com

www.burmeseclassic.com

နေသည်။

မဖွံ့ဖြိုးသေးသော တောင်တန်းတွေဆီ သွားချင်သည်။ သွေးသားချင်း ပြည်ထောင်စု ညီနောင်တွေကို ကူညီချင်သည်။

တောရွာ ကျေးလက်တွေကို ဆင်းချင်သည်။ ဆင်းရဲသားတောင်သူလယ်သမား၊ အလုပ်သမားတွေကို ဆေးကုချင်သည်တဲ့။

'သူ'ထဲက 'ဆရာဝန်မြင့်မောင် အချိန်မရွေး တွေ့နိုင်သည်' ဆိုသော ဆိုင်းဘုတ်မျိုး အိမ်ပေါက်ဝမှာ ချိတ်ချင်သည်။ 'ဒေါက်တာဗက်သွန်း'လို 'လူနာသည် ဆရာဝန်ထံ မလာရ။ ဆရာဝန်က လူနာရှိရာ သွားရမည်' ဆိုသော ဆောင်ပုဒ်ကို သဘောအကျကြီး ကျနေသည်။

ဒေါက်တာမြင့်ထွန်းဦးနှင့် သိကျွမ်းရသည်မှာ သင်တန်းဖော် တစ်ယောက်မှ တစ်ဆင့် ဖြစ်သည်။

သင်တန်းဆင်းချိန်မှာ အစ်မကို ကားဖြင့် လာကြိုရင်း ဇင်ပါ သူတို့ကားနှင့် တစ်ကြိမ်နှစ်ကြိမ် လိုက်ပါဖူးသည်။

အစ်မက ပြောထား၍ ဇင့်ဘဝ ထုပ္ပတ်ကို သိနေသည်တဲ့။

သည်တော့လည်း အနစ်နာခံ စိတ်ထားရှိသည့် ဆရာဝန်သည် ဇင့်ကို ကရုဏာသက်မိပုံရလေသည်။ ဇင့်ဘဝကို စာနာမိပုံရလေသည်။

သူ့အစ်မ သင်တန်းမတက်သောတစ်နေ့တွင် ဇင့်ကို လာကြိုကာ စကားပြောဖို့ ခွင့်တောင်းသည်။ ဇင်ကလည်း မောင်အငယ်လို ခင်တွယ်မိသည်မို့ သူ့ဖိတ်ခေါ်မှုကို လက်ခံလိုက်သည်။

စင်စစ် စကားပြောကြသည်ဆိုသော်လည်း သူကချည်း ပြောခြင်းဖြစ်သည်။ ဇင်က အင်းလိုက်ရုံသာ။ အစကတော့ သူ အမေရိကန် ရုပ်ရှင်ကားတွေ ကြိုက်ကြောင်းပြောသည်။ စာဖတ် ဝါသနာပါ





ကြောင်း ပြောသည်။

နောက် ဇင့်ဘဝကို စာနာကြောင်း၊ ဇင့်ကို ကရုဏာ သက်ကြောင်း ပြောသည်။

သည်လိုနှင့် စ,ခဲ့ကြသည်။

တစ်နေ့မှာတော့ ဇင်တို့မြို့သို့ သူသွားရန် ရှိသည်ဆိုသည်နှင့် ဇင် ခရီးကြုံ လိုက်ခဲ့သည်။ စင်စစ် သူ တမင်တကာ ခရီးကြုံအောင် ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း ဇင် သိပါသည်။

သူသည် မေမေနှင့်တွေ့သည်။ ကလေးတွေနှင့် တွေ့သည်။

မေမေ့ပန်းနာအတွက် စားရမည့် ဆေးကို ညွှန်သည်။ ကလေးတွေကို ကြင်ကြင်နာနာ ဆက်ဆံပြတော့ ကလေးတွေက 'ဦးဦးဒေါက်တာ' ကို သဘောကျသွားသည်။

အစသော် သူက 'မမဇင်' ဟုခေါ်သည်။ နောက်တော့ 'မမ'၊ နောက်တော့ 'မ' ပေါ့လေ။

စာဖတ်လေ့မရှိသော ဇင်သည် သူနှင့် တွေ့ကာမှပင် ဝတ္ထုတွေအကြောင်း သိရသည်။ စာရေးဆရာတွေအကြောင်း သိရသည်။ 'သူ' ဝတ္ထုကြီး အကြောင်းကို ဇင် ကြားဖူးရုံသာ ကြားဖူးခဲ့ပြီး သူပြောပြမှပင် ခရေစေ့တွင်းကျ သိရတော့သည်။

သူ၏ရည်ရွယ်ချက်၊ အားမာန်နှင့် စေတနာတွေကို လေးစားတာနှင့်ပင် သူ့ကို ချစ်မိသည်ဟု ဇင် အထင်ရောက်မိခြင်း ဖြစ်မည်။

ဒေါက်တာ မြင့်ထွန်းဦးနှင့် ဇင်သည် တစ်နှစ်ခွဲလောက် တွဲလိုက်သည်။

သို့မေမယ့် အမေရိကန် ရုပ်ရှင်ကားတွေကြည့်ကာ ငါးသုံးလုံး စီးကရက်ကြိုက်ပြီး ကားပေါ်မှ မဆင်းသော ဆရာဝန်သည် ဘယ်ပုံဘယ်နည်း 'ဒေါက်တာမြင့်မောင်' ဖြစ်လာမည်၊ ဘယ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်း 'ဒေါက်တာ ဗက်သွန်း' ဖြစ်လာမည်ကို ဇင် မတွေးတတ်။

ဘယ်ပုံဘယ်နည်း သွေးချင်းသားချင်းတွေရှိရာ ဝေးလံသီခေါင်သော တောတောင်တွေထဲသို့ အရောက်သွားမည်၊ ကျေးလက်တောရွာနှင့်စက်ရုံတွေရှိရာမှာ လူမှုဆေးပညာ တော်လှန်ရေးတွေ လုပ်မည်ကို ဇင် မစဉ်းစားတတ်။

အဆုံးပြောရလျှင် သူ့ထက် သုံးလေးနှစ်ကြီးသော၊ တစ်ခုလပ် ဖြစ်သော၊ ကလေးနှစ်ယောက်အမေ ဖြစ်သော ဇင့်ကို ဘယ်ပုံဘယ်နည်း ကယ်တင်မည်ဆိုသည့် အကြောင်းကိုလည်း ဇင် ခေါင်းရှုပ်ခံကာ မစဉ်းစားခဲ့။

သူနှင့် စကားပြောရသည်မှာ သာယာသည်။

သူနှင့်တွေ့ရသည်မှာ ပျော်စရာ ကောင်းသည်။

သူ့ကို ချစ်သည်ဟုလည်း ထင်မိသည်။

သူသည် ဇင်နှင့် တွဲနေဆဲမှာပင် ပညာသင်ဆုရကာ နိုင်ငံခြားသို့ ထွက်သွားရသည်။

လန်ဒန်ရောက်စကတော့ စာတွေ မကြာမကြာ လာသည်။ လွမ်းကြောင်း၊ ဆွေးကြောင်း၊ သတိရကြောင်း၊ နောက်တော့ မျက်လုံးပြာပြာ၊ ပေါင်ဖြူဖြူမလေးတွေ အကြားမှာ နစ်မျောသွားလေသလား မပြောတတ်။ စာ အဆက်အသွယ် ပြတ်သွားသည်။

သူ ပြန်ရောက်လာတော့ 'ဗော့စ်ဝက်ဂင်(ဂေါ့ဖ်)'ပါသည့် အကြောင်း၊ ပညာတတ် သူဌေးသမီးတစ်ယောက်နှင့် လက်ထပ်လိုက်သည့် အကြောင်း၊ ရွှေဘုံသာလမ်းမှာ ဆေးခန်းဖွင့်သည့်အကြောင်း ကြားလိုက်ရသည်။ ဟာဟ....ဘယ်သူက ဝေးလံသီခေါင်သည့် နေရာ သွားမလဲ၊ ဗွက်ထူတဲ့ ကျေးလက်ဆင်းမလဲ။ ချွေးစော်နံတဲ့အလုပ်ရုံထဲ ဝင်မလဲ။ ပြီးတော့ ဇင့်ကို ဘယ်လိုလုပ် ကယ်တင်ဖို့ စိတ်ကူးတော့မလဲ။

မီးခိုးရောင် သိုးကလေးတစ်ကောင်သာ ဖြစ်တော့သည်။

ဒုတိယလူက ရှေ့နေ။ ကိုကောင်းမြင့်။

တစ်ခုတော့ ပြောရမည်။ ဇင်တို့တွေ့လိုက်ရလျှင် သိပ်အညံ့ထဲကတော့ မရှိလှ။ ထိပ်ထိပ်ကြဲမဟုတ်တောင် အလတ်တန်းစားလောက်နှင့်တော့ ချိတ်မိတတ်ရဲ့။

ကိုကောင်းမြင့်မှာ ဇင်နှင့်တမြို့တည်းသားချင်းဖြစ်သည်။ ဇင်နှင့် အသက်တူပေမယ့် စာတော်၍ နှစ်ချင်းပေါက် အောင်ကာ ဇင့်ထက် တက္ကသိုလ်သို့ နှစ်နှစ်စော ရောက်ခဲ့သည်။

မြို့မှာရှိစဉ်ကတော့ မခင်ခဲ့ပါ။ ကျောင်းမှာလည်း မြင်ဖူးတွေ့ဖူးရုံလောက်ပင်။

စနေနေ့မြို့သို့အပြန်မှာ သူပြန်သည့်အပတ်နှင့် ကြုံလျှင် ဘတ်စ်ကားပေါ်မှာ၊ မီးရထားပေါ်မှာ ဆုံတတ်မြဲ။ တနင်္လာနေ့ စောစော ရန်ကုန်သို့ ပြန်လာကြပြီဆိုတော့လည်း တမင်မချိန်းပါဘဲ လျက် ကြုံတတ်မြဲပင်။

သည်လိုကနေ မျက်မှန်းတန်းမိကာ မေးထူးခေါ်ပြော ရှိလာသည်။ ပျင်းရိဖွယ်ကောင်းသော လမ်းခရီးမှာ စကားပြောဖော်ရလာသည်။

သူနှင့်ပတ်သက်လာလျှင်တော့ ဇင့်ကို သနားရမှာထက် သူ့ကို ပို၍ သနားစရာ ကောင်းနေသည်။ သူ့ဇနီးသည် မီးဖွားရင်း မီးတွင်းထဲမှာ ဆုံးပါးခဲ့သည်။ ကလေးက နှစ်နှစ်အထိ အသက်ရှင်ပြီးမှ ဆုံးသည်။

စင်စစ် သူ့ဇနီးဆိုသည်ကလည်း ဇင်တို့၏ ကျောင်းနေဘက် သူငယ်ချင်းပင်။





မြိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စာနာမှုကြောင့် ချစ်မယောင်ဖြစ်ခဲ့သည် ထင်သည်။

မေမေကလည်း တစ်ဘက်တစ်ဒေါင့်က ပါသည်။

အမှန်ပြောရလျှင်တော့ မေမေသည် ဇင် ရန်ကုန်မှာ အလုပ်လုပ်နေသည်ကို မကြိုက်။

ယောက်ျားတွေနှင့် တန်းတူရည်တူ ကုန်းရုန်းလှုပ်ရှားနေရသည့်အဖြစ်ကို မနှစ်သက်။ မြို့မှာပင် နေကာ ရသမျှနှင့် ရောင့်ရဲပြီး သားသမီးတွေနှင့်အတူ နေစေချင်သည်။

သို့ပေမယ့် ဇင်က မျက်စိနားပွင့်နေပြီ။ တိုးတက်မှု ရှာချင်သည်။

ရည်မှန်းချက် ကြီးသည်။ လောဘကြီးလာပြီ ဆိုလျှင်လည်း ဆိုနိုင်သည်။

တိုက်မတည်၊ ကားမစီးရလျှင် နေပါစေ။ လှလှ ဝတ်ချင်သည်။ ကောင်းကောင်း စားချင်သည်။

ကလေးတွေရဲ့ နောင်ရေးကလဲ ရှိသေးတယ် မဟုတ်လား မေမေရဲ့။ သည်ကလေးတွေ ကြီးပြင်းအောင်၊ ပညာတတ်အောင်၊ လူတစ်လုံးဖြစ်လာအောင် ဇင် ရုန်းရဦးမည်။ ကန်ရဦးမည်။

ဇင် ငယ်ရွယ်ပါသေးသည်။ အင်အားရှိပါသေးသည်။

မေမေကတော့ သူ့ဆန္ဒနှင့်သူ 'တစ်ပင်လဲမှ တစ်ပင်ထူဆိုသလိုပဲ၊ သမီး အိမ်ထောင်ပြုခဲ့ရင်လဲ ဘယ်သူမှ အပြစ်ဆိုမှာ မဟုတ်ပါဘူး' ဆိုသည်။ 'မေမေကတော့ မောင်ကောင်းမြင့်ကို သဘောကျချင်ချင်ပဲ'

သည်အချိန်မှာ ကိုကောင်းမြင့် ကိုယ်တိုင်ကလည်း ချစ်ရေးဆိုလာခဲ့ပြီဖြစ်သည်။

ကိုကောင်းမြင့်ကို ဇင် နှစ်ခြိုက်မိသည်မှာ သူသည် ရှေ့နေ





ဆိုသော်လည်း စကားတည်ကြည်ကာ ဘဝအပေါ် အလေးအနက်ရှိ၍ ဖြစ်သည်။ ဂုဏ်သတင်းကျော်စောကာ ထွန်းတောက်မည့် အလားအလာရှိသည်။ နောက်တစ်ခုက ဇင်သည် သူ့လုပ်ငန်းကို ကူညီနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

ဇင်တို့ ရန်ကုန်မှာ အတော် တွဲလိုက်သေးသည်။

သူက ထူးထူးခြားခြား ဇင့်ကို အများခေါ်သလို ဇင်ဟု မခေါ်။ 'သက်' ဟု ခေါ်သည်။ နောက်တော့ 'အသက်'တဲ့။

အများက 'ထီးလိုမင်းလို' ဆိုသည့်မျိုးမို့ ယူဖြစ်ကြလိမ့်မည် ထင်သည်။ လက်ထပ်ဖြစ်လိမ့်မည် မျှော်လင့်သည်။

သို့သော် ဇင်တို့ လွဲခဲ့ကြသည်။

သိပ်ကြီးကြီးကျယ်ကျယ်ဟု မဆိုလျှင်လည်း ဖြစ်သည်။ ကြီးကျယ်သည်ဟူ၍လည်း ပြောလျှင်တော့ ရမည်ပင်။

ဇင်တို့ ရှေ့ရေး နောက်ရေးတွေ ပြောကြတော့....

'ကိုယ်တို့ လက်ထပ်ပြီးရင်လဲ ဒီအတိုင်းပဲ နေကြရအောင်'

'ဘယ်လို ဒီအတိုင်းလဲ'

'ဒီအတိုင်း လွတ်လွတ်လပ်လပ်လေ။ အသက်ရဲ့ ကလေးတွေကို သူ့အမေကြီးနဲ့ပဲ နေပေစေပေါ့။ အမေ့အိမ်ကို ပြန်ဆောက်ပေးပြီး ကလေးတွေအတွက် စရိတ်ထောက်ကြတာပေါ့။ ကိုယ်တို့ကတော့ ရန်ကုန်မှာပဲ အခန်း တစ်ခန်း ဝယ်ပြီး နေကြရင် ကောင်းမယ်ထင်တယ်'

သူ့စကားကို ကြားရသောအခါ ဇင် အံ့အားသင့်သွားသည်။

ဇင် ဖြစ်စေချင်သော အရာတို့နှင့် အားလုံး ဆန့်ကျင်နေတော့သည်။ ဇင်ကတော့ အမေနှင့်ကလေးတွေကို အမြဲ ပြုံးရယ်နှုတ်ဆက်တတ်သော ကိုကောင်းမြင့်သည် အမေ၊ ကလေးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဇင်တို့ အတူတကွနေရသော 'မိသားစု' အိမ်ထောင်ရေးကို တည်ဆောက်လိမ့်မည်ဟု အထင်ရှိခဲ့သည် အမှန်။

သည်အချိန်က ဇင်တို့ စားသောက်ဆိုင်တစ်ဆိုင်ထဲမှာ ရှိကြသည်။ စားပွဲတွင် ထိုင်ပြီး စားသောက်နေကြဆဲ ဖြစ်သည်။ သည်အခိုက် သူ့ထံမှ သည်စကားကို ကြားရခြင်း ဖြစ်သည်။

ဇင်သည် ဖွန်းခက်ရင်းကို အသံမြည်အောင် ပစ်ချလိုက်သည်။ ထိုင်ရာမှ ထရပ်ပစ်လိုက်သည်။ တစ်ဆိုင်လုံး ဇင်တို့ဘက်သို့ စောင်းငဲ့ကြည့်ကြသည်။

ဇင်သည် အသားတဆတ်ဆတ်တုန်နေသည်။ ကိုကောင်းမြင့်ကို စူးစူးဝါးဝါး ကြည့်သည်။

'ရှင်ဟာ ဖွဲပဲ၊ အလကားလူပဲ၊ တစ်ကိုယ်ကောင်း ဆံတဲ့ ယောကျ်ားဖွဲတွေထဲက ဖွဲတစ်မှုန့်ပဲ'

သည့်နောက် ဇင် လက်ပွေ့အိတ်ကို ကောက်ယူကာ ဆိုင်ထဲမှ ထွက်ခဲ့သည်။

ကိုကောင်းမြင့်သည် နောက်က လှမ်းခေါ်သေးသည်။ သို့သော် ကပ်စေးနဲလှသော သူ့ဓလေ့စရိုက်အတိုင်း အစားအစာတွေ အလကား ထားပစ်ခဲ့ရမည်ကို စိုးရိမ်ပြီး ထ၍မှ မလိုက်ခဲ့တော့ချေ။ သည်ကစ၍ သူနှင့် ဇင်တို့ မတွေ့ဖြစ်တော့။

အဖြူရောင်ဆောင်သော သိုးမည်းတစ်ကောင်ပင် ဖြစ်တော့သည်။

ကျန်တာတွေကိုတော့ 'ကျမ်းလေးအံ့စိုး၍' ဆိုသလို ထားလိုက်။

ယခုတော့လည်း ဇင်သည် 'ရှင်ကြီးဝမ်းထဲလဲ ဝင်ဖူးပြီ။ ရှင်ငယ့် ဝမ်းထဲလဲ ဝင်ဖူးပြီ။ မစင်စော်လဲ နံဖူးပြီ' ဆိုသလိုပါပဲ။





၁၂၃

အတွေ့အကြုံတွေ များလာပြီ။ ရင့်ကျက်လာပြီ ဆိုရမည်။ ယောကျ်ားကျမ်း ကြေပြီရယ်လို့တော့ မပြောဝံ့သေးပါဘူး။

လူပြက်တွေပြက်ကြသလို 'ပြောလဲ ပြောချင်ပါရဲ့၊ ပြောလဲ မပြောချင်ပါဘူး' ဆိုသည့်မျိုး။ 'ကြောက်လဲ ကြောက်ပါရဲ့၊ ကြောက်လဲ မကြောက်ပါဘူး' ဆိုပါတော့။

ဇင်သည် သည်လိုနှင့်ပင် မဟာရန်ကုန်၏ သမီးပျိုအဖြစ်နှင့် အပြောကျယ်လှသော စီးပွားရေးလောကထဲ၌ ကျက်စားနေခဲ့သည်မှာ ကြာပြီ။

စာရင်းကိုင်သင်တန်း အပြီးမှာ ဇင်သည် မိမိ ကံကြမ္မာကို ရှုံးမှာထက် ပြင်ပမှာ ထွက်၍ ရှာရသည်က ပိုကောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

ဇင့်ကို ဒါကြောင့် လောဘကြီးလာပြီဟု ဆိုရခြင်းဖြစ်သည်။

ဇင်သည် ရောင့်ရဲစိတ် နည်းပါးလာသည်။ ကြီးကျယ်လိုသော အာရုံ စိတ်ဇော ပြင်းပြလာသည်။

သည်မှာ ဦးမျိုးဆွေနှင့်အဆက်အသွယ်ဖြစ်သည်။ ဦးမျိုးဆွေမှာ ဇင်တို့၏ သင်တန်းဆရာလည်း ဖြစ်သည်။ စာရင်းအင်းလောက၏ ဘုရားဟုလည်း အသိအမှတ် ပြုထားကြသည်။

'ဝါဏိဇ္ဇ'ကို တည်ထောင်ဖြစ်သည်။

ဦးမျိုးဆွေမှာ ဦးတင်မောင်သန့်နှင့် တစ်မြို့တည်းသား ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ 'ပဒေသရာဇာ' တွင် စာရင်းအင်းနှင့် ဖတ်သက်၍ အကူအညီ လိုအပ်လာပြီဆိုသောအခါ ဦးတင်မောင်သန့်က ဦးမျိုးဆွေနှင့် ဆက်သွယ်လာသည်။ သည်ကမှ ဇင်နှင့် ကြုံဆုံရခြင်း ဖြစ်ပါသည်။

သည်လိုနှင့်ပင် ရက်တို့ ကုန်ဆုံးလာသည်။ လ,တို့



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းမြေ့သွားကြသည်။ နှစ်တို့ ပြောင်းရွေ့လာသည်။ ဇင်၏ ဘဝတွင် ဆယ်စုနှစ်တစုသည် အရိပ်ပမာ ဖြတ်သန်းသွားသည်။

နှစ်ဆယ်ရာစုသည် နှောင်းပိုင်းသို့ ရွေ့လျားလာလေပြီ။

ဇင်သည်လည်း အသက် သုံးဆယ် ရှိလာပြီ။

အခြေအနေ အရပ်ရပ်တို့ ပြောင်းလဲလာခဲ့ပြီ။

ယခုအခါ ဗီယက်နမ် အကြောင်းသည် စကားဝိုင်းတွင် ထည့်သွင်း ပြောကြားစရာအကြောင်း မဟုတ်တော့ပါ။ 'ကပ်စီးယပ်ကလေး' ခေါ် 'မိုဟာမက်အလီသည်' သည် ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံး လူသားဟု မဝင့်ကြွားနိုင်တော့ပါ။

'ဂျိမ်းစ်ဘွန်း' ရုပ်ရှင်ကားတွေနေရာမှာ 'လက်တစ်ဘက်ပြတ်မားသမား' လို ဟောင်ကောင်ထုတ် ရုပ်ရှင်ကားတွေ အစားထိုးဝင်ရောက်လာသည်။

စာဖတ်သူတို့သည် ရှေးက နှစ်ခြိုက်ခဲ့သည် စာအုပ်များကို ငြင်းပယ်စပြုလာသည်။ ယုဝတီခင်စိန်လှိုင်၊ ကလျာ–ဝိဇ္ဇာသိပ္ပံနှင့် သိုင်းဝတ္ထုများ၊ ရုပ်ပြဇာတ်လမ်းများကို အဖတ်များကြ သည်။

ဂီတတွင် စတီရီယိုတေးသည် နေရာယူလာသည်။ စိုးပိုင်၊ သိန်းတန်(မြန်မာပြည်)၊ သန်းနိုင်၊ စိန်လွင်တို့၏ သီချင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာသည်။ နွဲ့ယဉ်ဝင်း၊ ပုလဲနှင့်တင်မိုးခိုင်တို့ကို နားထောင်ကြသည်။

ဖက်ရှင်လောကတွင်လည်း အပြောင်းအလဲ ဖြစ်ခဲ့ပြီ။

'အလပ်စတိတ်' ကြီးစိုးသည့်ခေတ် ဖြစ်နေပြီ။

သည်ကာလတွင် ဇင်သည် 'ဦးတင်မောင်သန့်'နှင့် ကြုံဆုံခဲ့ရခြင်း ဖြစ်ပါသည်။

× × ×



# ၁၉

၇၇ နှစ်ကုန်ပိုင်းတွင် 'ဝါဏိဇ္ဇ' အဖွဲ့သည် 'ပဒေသရာဇာ' သို့ ဝင်ဖြစ်ခဲ့ကြသည်။

အဖွဲ့တွင် ဇင်သည် ခေါင်းဆောင်အဖြစ် ပါဝင်လာသည်။ 'ပဒေသရာဇာ' တွင် ဇင်တို့ ထင်မှတ်သည်ထက် ပိုမိုခက်ခဲ သော အရာများကို တွေ့လာရသည်။ ဦးတင်မောင်သန့်သည် စာရင်းဇယားနှင့် ပတ်သက်ပါက အတော်ပင် ပစ်စလက်ခတ်နိုင်ကြောင်း တွေ့ခဲ့ရသည်။ ဇင်တို့ လိုအပ်သော စာရွက်စာတမ်းများကို မရနိုင်ခဲ့။ တောင်းဆိုလာတိုင်း ခေါင်းခါသည်ချည်း။

'ဒီလိုပုံစံနဲ့ ဘယ်လိုလုပ်ပြီး အလုပ်တွေကို လည်ပတ်ခဲ့တာပါလိမ့်နော်....'

ဇင် ညည်းမိသည်အထိ ဖြစ်သည်။

'ဒီလိုပဲ လည်ပတ်ခဲ့တာပါပဲ မသက်ဇင်၊ ဒီလိုပဲ ဆိုတာက ကျွန်တော်တို့ဟာ နောက်ကိုလှည့်မကြည့်ဘဲ မီးရထားလို ဆက်လက်ခုတ်မောင်း သွားခဲ့တာပါပဲ' ဦးတင်မောင်သန့် ပြောပုံက ခတ်ပေါ့ပေါ့ပင်။ 'အဲ...အခွန်တော်ဌာနက ခေါ်ပြီဆိုတော့မှ နောက်ကို လှည့်ကြည့်မိတော့ တာပါပဲ'

'နောက်လှည့်ကြည့်တော့လည်း ဘာမှပါမလာဘူး ဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



တော့'

'အမှန်ပါပဲ မသက်ဇင်၊ အမြီးငုတ်တိုကလေးတောင် မတွေ့ခဲ့ရပါဘူး'

ဇင်တို့လူသိုက် ဝင်ရောက်လာခြင်းသည် 'ပဒေသရာဇာ' အတွက် စိတ်အနှောင့်အယှက် ဖြစ်ဖွယ်မဟုတ်ပါ။ ညစ်ညူးဖွယ် မဟုတ်ပါ။ ပျော်ရွှင်ဖွယ် ဖြစ်ပါသည်။ ကြည်နူးဖွယ် ဖြစ်ပါသည်။

ဇင်သည် အဖွဲ့ကို ဦးဆောင်မှု ပေးနိုင်သည့်အတွက် ဦးတင်မောင်သန့်၏ အထင်ကြီးလေးစားမှုကို ခံယူရသည်။

ဇင့် အနေနှင့် ပြောရလျှင်တော့...ဦးတင်မောင်သန့်၏ အနုပညာဗီဇနှင့် ချမ်းသာကြွယ်ဝမှုကို အထင်ကြီးလေးစားရသည် အမှန်ပင်။

ဇင်တို့ စစ်ဆေးကြည့်သောအခါ 'ပဒေသရာဇာ' သည် ငွေကြေးသက်သက်အတွက်ချည်း စာပေလုပ်ငန်းကို လုပ်ကိုင်မနေကြောင်း တွေ့ရသည်။ အနုပညာအရ အောင်မြင်ပြီး ငွေကြေးအရ အရှုံးပေါ်သော စာအုပ်စာတမ်းများကိုလည်း ထုတ်ဝေခဲ့ကြောင်း တွေ့ရသည်။

'အစပိုင်းတုန်းကတော့ ကျွန်တော်က ဝါသနာသက်သက်အတွက် အလုပ်လုပ်ခဲ့တာပဲ မသက်ဇင်။ စာပေနယ်ထဲ ဝင်စပညာမတတ်သေးတဲ့အချိန် ဆိုတော့ သောက်သောက်လဲ ရှုံးခဲ့တာပေါ့၊ ဒီတုန်းက ကျွန်တော်ဟာ အနုပညာသက်သက်ကိုပဲ ကြည့်ခဲ့တယ်လေ၊ မသက်ဇင် ပြောတဲ့ 'ဆယ့်ငါးရက်အတွင်း ဆေးလိပ်ဖြတ်နည်း' လို စာအုပ်မျိုးတွေကို ထုတ်ဝေခဲ့ရတာက အနုပညာပိုင်းအရ မဟုတ်ဘူး၊ အမြတ်သက်သက် အတွက်ပဲ။ အရှုံးကို ထေမိအောင် ထုတ်ဝေရတာပဲ။ ဒီပညာမျိုး တတ်ခဲ့တာက ဘာမှ မကြာသေးဘူးလေ'





ဦးတင်မောင်သန့်၏ နောက်ပိုင်းတွင် တောင့်တင်းသော ကျောထောက်နောက်ခံ ရှိသည်။ ငွေကြေး အလုံအလောက် ရှိသည်။ ဤသည်မှာ သူ၏ဇနီးမှာ ချမ်းသာကြွယ်ဝသောကြောင့် ဖြစ်သည်ကို ဇင် ကြိုတင်လေ့လာခဲ့မိသည်။

ဦးတင်မောင်သန့်တို့တွင် အလွန်ခမ်းနားသော တိုက်တစ်လုံး ရှိကြောင်း၊ ဇနီးသည်က အိမ်တွင်းပုန်းဆံလုကြောင်း ဇင် သိထားသည်။

ဇင် သိထားခဲ့မိသည်မှာ ဦးတင်မောင်သန့်၏ ဇနီးသည် အလုပ်တိုက်သို့ မည်သည့်အခါမျှ မလာရောက်ခြင်း ဖြစ်သည်။ ဦးတင်မောင်သန့်နှုတ်မှ သူ၏ဇနီးအကြောင်း တစ်ခါမျှ ထုတ်ဖော်ပြောကြားမှု မရှိခြင်းဖြစ်သည်။

ဇင်တို့ 'ပဒေသရာဇာ' သို့ ဝင်ရောက်ခဲ့သော အစဦးပိုင်းရက်များတွင် ဇင်နှင့်ဦးတင်မောင်သန့်တို့ ဆက်ဆံရေးမှာ သာမန်မျှသာ ဖြစ်ပါသည်။ သို့သော် 'ဝါဏိဇ္ဇ' အဖွဲ့တွင် ဇင်သည် ဦးတင်မောင်သန့်နှင့် အဦးဆုံး ဆက်ဆံရသူ ဖြစ်သည်။ အဖွဲ့ခေါင်းဆောင်လည်း ဖြစ်၍ အခြားသူများထက် ပိုမိုနီးကပ်ဆက်ဆံခြင်း ခံရသည်။

အကယ်၍ ဦးတင်မောင်သန့်သာ စိတ်ဝင်စားမည်ဆိုလျှင် 'ဝါဏိဇ္ဇ'၌ စိတ်ဝင်စားချင်စရာသူတွေ များစွာရှိသည်။

ဥပမာ...သင်းသင်းအောင် ဆိုပါစို့...။ အသက် နှစ်ဆယ့်ငါး၊ ဝါဏိဇ္ဇဗေဒ ဘွဲ့ရပြီးသား။ သည်ကလေးမက ပြည့်ဖြိုးသည်။ တောင့်တင်းသည်။ သွက်လက်ချက်ချာသည်။ ယောကျ်ားတို့ စိတ်ဝင်စားခြင်း အများဆုံး ခံရသူဖြစ်သည်။

ပြီး...ဇင်မေညွန့် ရှိသေးသည်။ အသက် နှစ်ဆယ်နှစ်၊ စာရင်းကိုင်အောင်ပြီးပြီ။ သူကတော့ ရိုးရိုးအေးအေး။ ဖြူဖြူနွဲ့နွဲ့။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကလေးက နှာမည်ကျော် ရုပ်ရှင်မင်းသမီးတစ်ဦးနှင့် တူသည်။ အထူးသဖြင့် စကားပြောလျှင် ဆွဲဆောင်မှုနှင့် ပြည့်ဝသည်။ လူတကာ ငေးကြည့်နေရတတ်သည်။

'ဝါဏိဇ္ဇ'သည် သည်သို့သော ငယ်ရွယ် တက်ကြွသည့် ခြေတက်များနှင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ သည်အကြားက ဦးတင်မောင်သန့်သည် ဇင့်ကို စိတ်ဝင်စားဟန် ပြလာသည်။

စင်စစ် ဇင်သည် အဖွဲ့ခေါင်းဆောင် ဖြစ်ရုံမက အရွယ်ကလည်း အကြီးဆုံးဖြစ်သည်။ သိက္ခာအနေနှင့်လည်း ဇင့်တွင် အပြစ်ပြောစရာ မရှိ။

သည်အစဉ်အလာကို ထိန်းသိမ်းသော အနေနှင့် ဇင်သည် ဦးတင်မောင်သန့်ကို တည်တည်တံ့တံ့ပင် ဆက်ဆံခဲ့သည်။ အလုပ်သဘောထက် မပိုအောင် စောင့်စည်းခဲ့သည်။ ကလေးတွေရှေ့မှာ ကိုယ်က စံပြဖြစ်ရမည် မဟုတ်လား။

သို့ပေမယ့် တစ်ခါတစ်ရံမှာတော့ အလုပ်သဘောထက် ပိုခဲ့သော အရာများရှိခဲ့သည်။

ဇင်သည် အဖွဲ့ခေါင်းဆောင် အနေနှင့် အလုပ်တာဝန် ပိုခဲ့သည်။ အများပြန်ချိန်မှာ မပြန်နိုင်။ 'ပဒေသရာဇာ' မှာပင် စစ်ရင်းဆေးရင်း ကျန်ရစ်ရတတ်သည်။ ထိုအခါ ဦးတင်မောင်သန့်က သူ့ကားနှင့် အဆောင်သို့ လိုက်ပို့သည်မျိုး ရှိသည်။

'ကျွန်တော် ဆာနေပြီ၊ မသက်ဇင်လည်း ဆာရောပေါ့၊ အိမ်မပြန်ခင် တစ်ခုခု ဝင်စားကြရအောင်လား' ဆိုကာ စားသောက်ဆိုင် ဝင်ကြသည်မျိုးလည်း ရှိသည်။

'ပပဝင်းကကား ကြည့်ပြီးပြီလား၊ မကြည့်ရသေးရင် ဝင်ကြည့်ရအောင်လား မသက်ဇင်' စသည်ဖြင့် အဖော်စပ်ခံရခြင်းမျိုး





ရှိသည်။

တစ်ခါတစ်ရံ 'ပဒေသရာဇာ'တွင် ဇင်နှင့် ဦးတင်မောင်သန့် နှစ်ယောက်တည်း ကျန်ရစ်တတ်သည်။ လက်နှိပ်စက်တစ်လုံးဖြင့် အလုပ်ရှုပ်နေသော ဇင့်ကို ကြာမြင့်စွာ စူးစိုက်ကြည့်နေတတ်သည်။

'မသက်ဇင်'

ဦးတင်မောင်သန့်အား မော့၍ လှည့်ကြည့်သောအခါ ဇင့်ကို စူးစိုက်ကြည့်နေသည့် မျက်ဝန်းများနှင့် ရင်ဆိုင်ရတတ်သည်။

'မသက်ဇင် ထမင်းဘယ်မှာ စားသလဲ ဟင်'

'အဆောင်မှာပဲပေါ့'

'ကိုယ့်ဟာကိုယ် ချက်စားတာလား'

'ဟင့်အင်း...ထမင်းချိုင့်မှာစားတာပါ၊ ဇင်က စားတော့ ထမင်းဆိုင်၊ အိပ်တော့ ဇရပ်မှာဆိုသလိုပဲ ဦးတင်မောင်သန့်ရဲ့၊ နေတော့ ဘော်ဒါဆောင်၊ စားတော့ ထမင်းချိုင့်ပေါ့၊ တစ်ခါတစ်ခါ ထမင်းချိုင့်က ဟင်းတွေထမင်းတွေ ငြီးစော်နံလာရင်တော့ ကိုယ့်ဟာကိုယ် ချက်စားတာပါပဲ'

'မသက်ဇင်မှာ ဆွေမျိုးရင်းချာ မရှိဘူးလား'

'အမေရှိပါတယ်'

'အမေက ဘယ်မှာလဲ ဟင်'

ဇင်က ရယ်မောလိုက်ရင်း... 'ဇင် ပဒေသရာဇာမှာပါ နော်'

'ဟင်'

'သြော်....အမျိုးသားမှတ်ပုံတင်ဌာနများ ရောက်နေသလားလို့၊ အမေးအမြန်း ထူလို့ပါ'

'သြော်...မသက်ဇင်ရယ်...ကျွန်တော်က မသက်ဇင် အကြောင်း သိချင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com

'ဇင့် အကြောင်းသိရရင် ဦးတင်မောင်သန့် ဆွေးသွားမှာပေါ့'

'ဒါဖြင့် ပြောပြစမ်းပါ၊ ဆွေးချင်လို့ပါ'

ဇင်က ရယ်မောရင်းနှင့်ပင် စကားကို လွှဲပြောင်းပစ်ခဲ့သည်။

'စနေနေ့တိုင်း ဘာလို့ အလုပ် ကမန်းကတန်း သိမ်းသိမ်း ပစ်ရတာလဲ မသက်ဇင်'

'အဲဒီနေ့မှာ ဇင် အမေ့အိမ်ကို ပြန်တယ်လေ'

'သြော်...'

သည်လိုကနေ တစ်နေ့တစ်ခြား ရင်းနှီးလာသည်။ အကျွမ်းတစ်ဝင်ရှိလာသည်။ ဦးတင်မောင်သန့်သည် အများသိသာလောက်အောင် ဇင့်ကို အရေးပေးလာသည်။ သည်လိုနှင့်...

ဒီဇင်ဘာလ၏ ချမ်းမြသော ညတစ်ညတွင် ဇင်နှင့် ဦးတင်မောင်သန့်တို့ 'နမ်စင်း' ၌ ညစာ စားဖြစ်ခဲ့ကြသည်။ အပြန်တွင် ဦးတင်မောင်သန့်သည် ကားကို ပြည်လမ်းမှသည် တက္ကသိုလ်ရိပ်သာလမ်းသို့ ချိုးကွေ့ဝင်ခဲ့သည်။

'ဇင့်ကို ဘယ်ခေါ်သွားမလို့လဲ ဦးတင်မောင်သန့်'

'မစိုးရိမ်ပါနဲ့ မသက်ဇင်၊ ကျွန်တော် မသက်ဇင်နဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ပါ'

ကားကို အင်းလျားစောင်း၌ ရပ်သည်။ ဇင်သည် အရေးရှိလျှင် ပြေးနိုင်အောင် ကားတံခါးကို ဆွဲဖွင့်ထားလိုက်သည်။

လေက တကယ်ဘဲ အေးမြနေသည်။ အင်းယားဝန်းကျင်တွင် မြူဖြင့် မှိုင်းနေသည်။

'တံခါးပြန်ပိတ်ထားလိုက်ပါ မသက်ဇင်၊ ကျွန်တော် လူကြီးလူကောင်းပါ'

ဇင့် အကြံကို ရိပ်မိဟန်နှင့် ဦးတင်မောင်သန့်က ဆိုသည်။





ဇင်သည် မိမိ၏ စိုးရိမ်စိတ် လွန်ကဲမှုကြောင့် ဦးတင်မောင်သန့်၏ သိက္ခာကို စော်ကားသလို ဖြစ်သွားကြောင်း သဘောပေါက် မိသည်။

'အေးအေးဆေးဆေး စကားပြောချင်တယ်ဆို'

ဇင် ရယ်မောပစ်လိုက်သည်။ တံခါးကို စေ့လိုက်သည်။

'မသက်ဇင်ကို အအေးပတ်ပြီး နမိုးနီးယားတော့ မဖြစ်စေချင်ပါဘူး'

အမှန်ပင် သည်နေ့က ဇင်သည် ပါးလွှာသော အဝတ်များကိုသာ ဝတ်ခဲ့မိသည်။

ဦးတင်မောင်သန့်သည် မော်တော်ကား လက်ကိုင်ဘီးမှာ လက်နှစ်ဘက်လုံး တင်ထားသည်။ ဇင့်ကို မကြည့်ဘဲ ပြောသည်။

'မသက်ဇင်ကို ကျွန်တော် ချစ်နေမိပြီ ထင်တာပဲ'

ဇင်ကလည်း နှင်းမှုန်ထဲကိုသာ စူးစိုက်ကြည့်ရင်းက ပြန်ပြောလိုက်သည်။

'ဇင် အပျိုမဟုတ်ပါဘူး'

'ကျွန်တော် သိပါတယ်၊ မသက်ဇင် ယောကျ်ားရဖူးတယ်၊ ကလေးနှစ်ယောက် ရှိတယ်ဆိုတာ သတင်းရပြီးပါပြီ'

'ဦးတင်မောင်သန့်မှာ ဇနီးရှိတယ်၊ သမီးရှိတယ် ဆိုတာကိုလဲ ဇင်သိနေပါတယ်'

'ကျွန်တော်တို့ အိမ်ထောင်ရေးက သေနေခဲ့တာကြာပါပြီ'

'ကွာရှင်းပြတ်စဲတဲ့ အကြောင်း သတင်းစာတွေမှာ ကျွန်မ မတွေ့ခဲ့ရသေးပါဘူး'

'သမီးကြောင့်ပေါ့၊ ကျွန်တော်တို့နှစ်ယောက် ကွာရှင်းပြတ်စဲလိုက်ပြီဆိုရင် သမီးမျက်နှာငယ်သွားမယ် မဟုတ်လား'

'သမီးရဲ့ မျက်နှာကို ဆက်လက်ထောက်ထားပြီး စောစောက



www.burmeseclassic.com

www.burmeseclassic.com



စကားကို ပြန်ရုပ်သိမ်းစေချင်ပါတယ် ဦးတင်မောင်သန့်'

သည်တော့... ဦးတင်မောင်သန့်သည် ဇင့်ဘက်ကို လှည့်ကြည့်သည်။

ဇင်ကတော့ ငေးမြဲပင်။

ဇင့် ရင်ထဲမှာလည်း မည်သို့မျှ ဖြစ်မလာဟု ထင်သည်။ သုံးဆယ်သုံးနှစ်ဆိုသော မိန်းမတစ်ယောက်သည် အလွယ်တကူ ရင်ခုန်နိုင်စွမ်း မရှိသည်တော့ အမှန်ပင်။

'မသက်ဇင် ကျွန်တော့်ကို စိတ်ဆိုးသွားသလား'

ဇင်က ခေါင်းကို ဖြေးညှင်းစွာ ရမ်းခါပြလိုက်သည်။

'ကျွန်တော့်စကားက သိပ်ကွင်းစိမ်းနေသလား မသိဘူး၊ သိပ်တဲ့ဒိုး ဆံနေသလား မပြောတတ်ဘူး။ ဒါပေမယ့်...ကျွန်တော် ဒီစကားပြောဖြစ်ဖို့ အတော်ကြိုးစားယူရတယ်ဆိုတာတော့ ယုံပါ'

ဇင်တို့အကြားမှာ ဆိတ်ငြိမ်နေသည်။

အင်းလျားကန်တစ်ဘက် ပြည်လမ်းတစ်ဘက်မှ ကားမီးရောင်တန်း ပြိုပြက်သွားသည်။ ကန်ဘောင်ရိုးမှ မီးလုံးတန်းကလေးတွေသည် ပြာမှိုင်းသော နှင်းမှုန်ကြားမှာ ဝေဝေဝါးဝါး ရှိနေသည်။

'မသက်ဇင် အံ့သြမလားမသိဘူး။ မသက်ဇင်ကို မြင်ရင်မြင်ချင်းထဲက ကျွန်တော် ချစ်မိလိုက်တယ် ထင်တာပဲ။ မသက်ဇင် ပထမဆုံးအကြိမ် ကျွန်တော့် အလုပ်ခန်းကို ရောက်လာကတည်းကပဲ'

ဇင်ကလည်း ထိုနေ့က အကြောင်းကို အမှတ်တရ ရှိနေမိသည် အမှန်ပင်။ အအေးဆိုင်မှာ စကားမရှိ စကားရှာပြီး အချိန်ဆွဲထားသည်ကို သတိရနေသည်။

'ဇင်တို့ အခုထက် ငယ်သွားပြီး တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားဘဝ ပြန်ရောက်ခဲ့ရင်တော့ ဒီစကားဟာ နားဝင်ချိုစရာ





ကောင်းမှာပါ။ ခုတော့ ဇင်တို့က စိတ်ကူးယဉ်ရမယ့် အရွယ်တွေကို လွန်ခဲ့ပြီလေ။ ဇင်တို့ လက်တွေ့ဘဝထဲကို ရောက်ခဲ့ကြပြီးပြီ'

'မသက်ဇင်မှာ ကျွန်တော်နဲ့ ပတ်သက်လို့ ဘာမှ စိတ်လှုပ်ရှားမှု မဖြစ်ခဲ့ဘူးလား'

'ဇင်...ဦးတင်မောင်သန့်ကို အလုပ်ရှင်တစ်ယောက် အနေနဲ့ လေးစားပါတယ်'

ဦးတင်မောင်သန့်သည် တစ်ဘက်သို့ ပြန်လှည့်သွားသည်။ စောစောကလိုပင် ကားမှန်မှတစ်ဆင့် ပြင်ပသို့ ငေးနေသည်။

ဇင်တို့အကြားမှာ တိတ်ဆိတ်ခြင်းက လွှမ်းမိုးဆဲ။

အတော်ကြီး ကြာသွားသည်။

'ဇင်တို့ ပြန်ကြပါစို့၊ အဆောင်က အဝင်နောက်ကျလို့ မကောင်းဘူး'

ဦးတင်မောင်သန့် သက်ပြင်းရှိုက်သံကို ကြားရသည်။

ကားစက်နှိုးသည်။ ဂီယာသွင်းသည်။

အင်းလျားကို ဖဲကြဉ်ခဲ့သည်။

လမ်းတွင်လည်း စကားမပြောဖြစ်ကြ။

အဆောင်ရှေ့သို့ ရောက်လာသည်။

ဇင်သည် ကားတံခါးကို ဖွင့်လိုက်သည်။ အခါတိုင်းလိုပင် နှုတ်ဆက်စကား ဆိုသည်။

'ဇင် သွားတော့မယ်'

သည်တော့မှ ဦးတင်မောင်သန့်၏ အသံကို ပြန်၍ ကြားရသည်။

'မနက်ဖြန် အလုပ်လာမယ် မဟုတ်လား'

'မနက်ဖြန် ဒီဇင်ဘာ နှစ်ဆယ့်ငါးလေ။ ရုံးပိတ်ရက်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဇင် အမေ့ဆီ…အဲ အမေနဲ့ ကလေးတွေဆီ ပြန်မယ်လေ'

ဇင်အဆောင်အတွင်း ရောက်လာသည့်တိုင် ကားသည် ထွက်မသွားပေ။

အတော်ချည်းကြာမှ မောင်းထွက်သွားသံကို ကြားရသည်။

ဇင်သည် အဝတ်အစားကို အလျင်မလဲဘဲ ခုတင်ပေါ်သို့ နွမ်းလျစွာ ပစ်လှဲလိုက်သည်။

မျှော်လင့်သောရက်ကို ရောက်လာပါပြီကော။ ထင်မှတ်သည့် အတိုင်း ဖြစ်လာခဲ့ပါပကော။ ယခုတော့လည်း…ဇင် အစအဦးကတည်းက တွေးခဲ့သလို ဦးတင်မောင်သန့်သည် ဇင့်ထံမှ အလိုရှိသော အရာတွေ အများအပြားရှိနေပြီ ဆိုခြင်းမှာ ထင်ရှားလာသည်။

အံ့သြစရာတော့ မဟုတ်ပါ။

မဟာ ရန်ကုန်လို နေရာမျိုးမှာ ဇင့်လို လွတ်လပ်သော မိန်းကလေးတစ်ယောက်အဖို့ လူတွေလိုချင်စရာ အများအပြား ရှိနေသည်မှာ မဆန်းကြယ်ပါ။

ပြောရလျှင်တော့ အစိမ်းအရိုင်း ဆိုသည်ကမှ ခက်လျှင် ခက်ဦးမည်။ အတွေ့အကြုံရှိသူမျိုးကတော့ လွယ်တတ်သည်။ သာဓကတွေကလည်း အများသား မဟုတ်လား။ အချို့သော ကြွက်ပျင်းများဆိုလျှင်တော့ ဒါမျိုးကိုပင် တမင်သက်သက် ရှာဖွေနေတတ်ကြသည်။

လက်ထဲမှ ခဲတစ်လုံး ရှိနေသည်ဆိုလျှင် ငှက်မြင်သမျှကို လက်တည့်စမ်းချင်ကြမည်။ နံပြည်စုတ်ကိုပင် ချွင်းချန်ထားမည် မဟုတ်။ ဇင်က နံပြည်စုတ်ထက် အကောင်ကြီးသည့်ငှက်။ ပြီး…လူယဉ်သည်။ ရဲသည်၊ အနီးကပ်ခံသည်။ လူယဉ်သလို၊ ရဲသလို၊





အနီးကပ်ခံရလျှင် ခံဖို့လိုသည် ဆိုခြင်းကိုလည်း ဇင်က ခံယူထားပြီးသားဖြစ်သည်။

သားရဲပေါ်သည့် တောတွင် သမင်လာဖြစ်မှတော့ မျက်စိလျင်ပြီးသား ဖြစ်ရမည်။ နားပါးပြီးသား ဖြစ်ရမည်။ ဒါကို သဘာဝအရ နားလည်ထားပြီးသား။ ဒါကြောင့်ပင် မဆန်းကြယ်ပါဘူး ပြောရခြင်းဖြစ်သည်။

ရုံးပိတ်ရက်ကုန်ပြီး နောက်တစ်နေ့ ဇင် 'ပဒေသရာဇ' သို့ လာသောအခါ တည်တည်ငြိမ်ငြိမ်ပင် ဖြစ်ပါသည်။ အေးအေးဆေးဆေးပင် ဖြစ်ပါသည်။

ဦးတင်မောင်သန့်သည်သာ အနည်းငယ် အမ်းသလို ဖြစ်နေသည်။ ဇင်ကို ရှောင်ကွင်းနေသည်။

သြော်…ရယ်စရာကောင်းလေသား။ ကောက်ညှင်းက မစေးရဘဲ ဆန်းကြမ်းကများ စေးရသည်ရှိသေး။

နေ့လယ်ပိုင်း ရောက်လာတော့ ဦးတင်မောင်သန့်ကို ဇင်ကပင် စတင် စကားပြောရသည်။

'ခုနစ်ဆယ့်ခြောက်ရဲ့ စက်ရိုက်မှတ်တမ်းတွေ ရနိုင်မလား ဦးတင်မောင်သန့်'

'ဟုတ်…ဟုတ်ကဲ့၊ ရနိုင်လိမ့်မယ် ထင်ပါတယ် မသက်ဇင်'

အလုပ်ချိန်ပြီးသောအခါ ထုံးစံအတိုင်း ဇင် နောက်ကျကျန်ရစ်သည်။ အစပိုင်းကတော့ ဘာမျှမပြော။ ဇင် 'ပဒေသရာဇာ' က ထွက်ခဲ့ပြီး ဘတ်စ်ကားဂိတ်သို့ လျှောက်လာသောအခါ နောက်မှကားဖြင့် လိုက်လာသည်။ ဇင့်ဘေးတွင် သူ၏ ဖော့စ်ဝက်ဂင်ကားကို ယှဉ်ရပ်သည်။

'ကျွန်တော် လိုက်ပို့ပါရစေ မသက်ဇင်'



www.burmeseclassic.com

www.burmeseclassic.com



'နေပါစေ...ဇင့် ဘာသာပဲ ပြန်ပါ့မယ်'

'မဟုတ်တာပဲ၊ လာပါဗျာ၊ ကားပေါ်တက်ပါ'

ဇင် မငြင်းပယ်ခဲ့တော့ပါ။ ကားပေါ်သို့ တက်ခဲ့သည်။

သည်တစ်ခါမှာတော့ သူက ဇင့်ကို ဘိုတထောင်ဆိပ်ကမ်းဆီသို့ ခေါ်သွားသည်။ လူရှင်းသော ဇော့တံတားထိပ်၌ မြစ်ကို မျှော်တော်ကားဦးထိုးကာ ရပ်လိုက်သည်။

မြစ်သုံးခွဆုံ ဆီမှာ ရေလှိုင်းကလေးတွေ တလိမ့်လိမ့် တလူးလူး ပြေးနေသည်။ ကျုံနေတွင် မွေ့နှန်းစံရာ သန်လျင်ကျွန်းသည် ရေးရေးပျပျ၊ မှိုင်းမြမြနှင့်။ လွမ်းစရာချင့်ဖွယ်ပင်။

ဆားငံခတ်ပါသော လေသည် နွေးနေလေသည်။

'မသက်ဇင့်အကြောင်း ကျွန်တော့်ကို ပြောမပြနိုင်ဘူးလား ဟင်'

ဆိုင်းမပါ ဗုံမဆင့်ဆိုသလို ဦးတင်မောင်သန့်က မေးလိုက်သည်။ သူ့မျက်နှာသည် လေးနက်ဟန်ဖြင့် တည်ကြည်နေသည်။ သူ့မျက်ဝန်းများသည် ယခင်ကလောက် မတောက်ပတော့ဟု ထင်သည်။

'ပြောမပြနိုင်စရာ မရှိပါဘူး။ ဇင့်အဖြစ်အပျက်တွေက ဘာမှ မဆန်းကြယ်ပါဘူး။ အများတကာတွေလို နေထိုင်လာပြီး ဇင် တက္ကသိုလ် ရောက်ခဲ့ပါတယ်။ ဒုတိယနှစ်မှာ မောင်နဲ့ တွေ့ပါတယ်။ လက်ထပ်ခဲ့တယ်။ ကလေးနှစ်ယောက်ရတော့ မောင်က ပစ်သွားတယ်၊ ဒါပါပဲ'

'မသက်ဇင်ပြောပုံက ဘာခံစားချက်မှ မရှိသလိုပဲ'

'ဒါတွေကို တွေးပြီး ဆွေးနေရရင် သည်ခေတ်တွင် မယ်ကြည်အောင် ဆယ်ပြည်ထောင် ချော့တော့ မပြုံး ဆိုတာလို ဖြစ်နေ





တော့မှာပေါ့။ ဘာပဲပြောပြော ယောကျ်ားနဲ့ မိန်းမဆိုတာ ခန္ဓာဗေဒ အရ တည်ဆောက်ပုံကွာပေမယ့် ရင်ထဲက ခံစားချက်တွေကတော့ အတူတူပါပဲ၊ ဖြစ်စတုန်းကတော့ အများကြီး ခံစားခဲ့ရတာပေါ့ရှင်'

'မသက်ဇင်လို မိန်းမတစ်ယောက်ကို ပစ်ခွာသွားရက်တဲ့လူကို ကျွန်တော် အံ့သြတယ်'

'သူ့မှာ ဇင့်ထက်သာတဲ့မိန်းမကို ရှာတွေ့ခဲ့လို့ နေမှာပေါ့။ လူတွေဟာ ဒီလိုပဲ တစ်ဆင့်ထက်တစ်ဆင့် သာတာကို ရှာကြတာ ဓမ္မတာပါ'

'ယောကျ်ားအားလုံးတော့ ဒီသဘောအတိုင်း ရှိကြမှာ မဟုတ်ပါဘူးဗျာ'

သူက ခုခံကာကွယ်သောအခါ ဇင် ရယ်မောလိုက်မိသည်။

ဦးတင်မောင်သန့်သည် ဘာမပြော ဘာမဆို ကားကို စက်နှိုးလိုက်သည်။ ဂီယာထိုးကာ မောင်းထွက်ခဲ့သည်။ ကုန်သည် လမ်းပေါ် ရောက်မှ 'တစ်ခုခုစားပြီးမှ ပြန်ပါလား မသက်ဇင်' ဆိုသည်။

'နေပါစေတော့ ဇင် အဆောင်ကိုပဲ ပြန်ချင်ပါတယ်'

အဆောင်သို့ ရောက်တော့ သည်တစ်ခါ သူက အလျင် နှုတ်ဆက်သည်။

'ကျွန်တော် ပြန်မယ် မသက်ဇင်'

ဇင် ခေါင်းညိတ်ပြလိုက်သည်။ အရှိန်ပြင်းစွာ မောင်းထွက်သွားသော ကားနောက်ပိုင်းကို ငေးကြည့်ရင်း ဇင် အဆောင်အတွင်း နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် ဝင်ခဲ့သည်။

'နတ်သျှင်သူ့ကြောင့် တရေးမှောင့်ခဲ့' ဆိုသလိုပါပဲ။

သည်တခါမှာတော့ ဇင် တွေးရပါပြီ။

ဇင် ပြောခဲ့သောစကားက သူ့ကို တိုက်ရိုက်ထိခိုက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သလား။ သူ စိတ်ဆိုး၍များ သွားလေပြီလား။

သူ့ကို ကြည့်ရသည်မှာ သိပ် လေးနက်လွန်းနေသည်။

ဇနီးရှိသောယောကျ်ားတို့ ဖောက်ပြန်ကြခြင်းမှာ အိမ်တွင်းရေး မသာယာမှုများကြောင့်လည်း ဖြစ်သည်။ ဇနီးအပေါ် အလိုမကျနိုင်ခြင်းက စသည် ထင်ပါ၏။ စင်စစ် ဇင်နှင့်မောင်တို့ ကွဲကွာခဲ့ခြင်းကပင်လျှင် သည်အကြောင်းတွေကြောင့် ဖြစ်နိုင်သည်။

ကလေးနှစ်ယောက် ရလာချိန်မှာ လူကွဲလက်ကွဲမရှိသည်နှင့် ဇင်သည် ဖြစ်သလိုနေခဲ့သည်။ အသန့်အပြန့်ကြိုက်သော မောင့်အလိုကျ မဖြစ်ခဲ့။ ဇင့်ခေါင်းမှာ မလျှော်အားသဖြင့် ဂျပ်ခဲဖြစ်ကာ နံစော်နေတတ်သည်။ ဇင့်အနီးသို့ ကပ်လျှင် ကလေးနို့အပ်စော် နံနေမည်မှာအမှန်။ ကလေးသေးစော်လည်း နံချင်နံနိုင်သေးသည်။

ပြီး....တစ်ခါတစ်ရံ ခက်ရာခက်ဆစ် လာတွေ့ရသော မောင့်ကို ဇင်က 'ရာသီခွင်ဇယား'အရ နေထိုင်ဖြလိုက်တော့ မောင့်မှာ အလိုမကျ ရှိခဲ့ရသည်။

သည်လို မထင်မှတ်သော အဖြစ်အပျက်ကလေးတွေက စကာ ပြဿနာကြီးထွားလာတတ်ခြင်း ဖြစ်သည်။ အမှိုက်ကစ နန်းတော်တစ်ခုလုံး မီးလောင်ရသည့်ကိန်း ကြုံရခြင်းဖြစ်သည်။

သူတို့မှာ ဘာပြဿနာများရှိပါလိမ့်။

သူတို့ အိမ်ထောင်ရေးမှာ 'သေ' နေပြီဆိုတော့ ကြာမြင့်သော အချိန်ကတည်းက ပြဿနာအထွေထွေရှိခဲ့လေမည် ထင်ရသည်။

သူ့ဇနီးသည် သူစိတ်ချမ်းသာအောင် မစွမ်းဆောင်နိုင်လောက်အောင် မမာမကျန်း ဖြစ်နေသလား၊ သူတစိမ်းနှင့် ဖောက်ပြန်ခဲ့သလား၊ အပြင်မှာ ပျော်စရာ ရှာလေသလား။ ငွေကြေးချမ်းသာသူတွေမှာ ဖြစ်ပေါ်တတ်သော အဓိကပြဿနာကတော့ မရောင့်ရဲနိုင်





ခြင်းပင်။ ဖောက်ပြန်လွယ်ခြင်းပင်။

နောက်တစ်ခု တွေး၍ရသည်မှာတော့ သူ့ဇနီးသည် ဓနဂုဏ်မောက်ကာ သူ့အပေါ် အနိုင်ယူလေသလား၊ အခွင့်အရေးယူသလား။

အို...သည်အကြောင်းတွေ တွေးရတာ စိတ်ညစ်ဖို့ ကောင်းလိုက်တာ။

ဇင်သည် လုံချောင်းရာမှ ဆတ်ခနဲ ထလိုက်သည်။ အခန်းထဲမှ ပြေးထွက်ခဲ့သည်။

'နေ့ာရာရေ ရုပ်ရှင်သွားကြည့်ရအောင်ကွယ်၊ ကိုယ်ဒကာခံပါ့မယ်'

သည်လိုနှင့် လေးနက်လာသော အတွေးများကို ဖျောက်ဖျက်ပစ်ခဲ့ရသည်။

၇၈၊ မတ်လဆန်းတွင် 'ဝါဏိဇ္ဇ'သည် 'ပဒေသရာဇာ'ကို အပြီးသတ်ပေးခဲ့သည်။ ဇင်တို့အဖွဲ့ကတော့ အလုပ်တစ်ခု ပြီးစီးပြီမို့ ဝမ်းသာကြသည်။ ပျော်ရွှင်ကြသည်။

သည်ကပြီးလျှင်တော့ အခြား သည်လိုပဲ စာရင်းတွေအင်းတွေ မနိုင်မနင်းဖြစ်နေသည့် လုပ်ငန်းကိုင်ငန်းကြီးတစ်ခုသို့ ဝင်ကြရဦးမည်။

ဇင့်အဖို့ကတော့ ဦးတင်မောင်သန့်ကို ခွဲခွါပြီးနောက် အခြား ဦးတင်မောင်သန့်နှင့် အလားတူသော လုပ်ငန်းရှင်ကြီး တစ်ဦးဦးနှင့် တွေ့ဆုံရပါဦးမည်။

ဇင်တို့က ပျော်နေသလောက် ဦးတင်မောင်သန့်၏ မျက်နှာကတော့ ခပ်ညှိုးညှိုးပင်။ ဇင်တို့အဖွဲ့ ထွက်ခွါသွားမည်ကို လိုလားဟန် မပြလှ။



www.burmeseclassic.com

www.burmeseclassic.com

'နောက်နောင် ဦးချိုကို နို့ညှစ်တဲ့လူတွေနဲ့တွေ့ရင် ဦးတင်မောင်သန့် ဘာမှ ကြောက်စရာမလိုတော့ဘူးပေါ့'

ဇင်က ရယ်စရာပြောသည်။ သူ မရယ်နိုင်။

ဇင်တို့အဖွဲ့ကို ဦးတင်မောင်သန့်က ကရဝိတ်တွင် ညစာကျွေးသည်။

သည်တော့မှ သူ အတော် အရက်သောက်နိုင်ကြောင်းကို ဇင် တွေ့ရသည်။

အဖွဲ့သားများကို လိုက်ပို့ပြီး နောက်ဆုံးမှ ဇင့်ကို အဆောင်သို့ ပြန်ပို့ပေးသည်။

သည်တစ်ခေါက်မှာတော့ ဇင်သည် သူ့ကို ဘိုဆံဆံပင် နှုတ်ဆက်မိသည်။

'ဂွဒ်ဘိုင်....ဦးတင်မောင်သန့်'

စင်စစ် ဇင့်အနေနှင့် နောက်ဆုံး နှုတ်ဆက်ခြင်းပင် ဖြစ်ပါသည်။ ခွဲခွါမှုသည် နောက်ဆုံးဖြစ်သည် ဆိုသည့် အနေနှင့် 'ဂွဒ်ဘိုင်' ဟု သုံးခဲ့ခြင်းဖြစ်သည်။

ဦးတင်မောင်သန့်သည် ဇင့်လက်ကို ဆွဲယူဆုပ်ကိုင်ပြီး တော်တော်နှင့် လွှတ်မပေးခဲ့။

'နောက်နေ့တွေမှာ မသက်ဇင်ဆီကို ကျွန်တော် ဖုန်းဆက်လို့ရမလားဟင်'

'အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး မကျေလည်တာ၊ အခက်အခဲဖြစ်တာဆိုရင် အချိန်မရွေးဆက်လို့ရပါတယ် ဦးတင်မောင်သန့်'

'အလုပ်ကိစ္စနဲ့ ပတ်သက်မှပဲလား မသက်ဇင်ရယ်'

အမှန်ပင် သူ့မျက်နှာသည် ညှိုးနေကာ သူ့အသံက တိမ်နေသည်။





ဇင် ဘာပြောရမည် မသိတတ်ခဲ့။

'ကျွန်တော်က ကိုယ်ရေးကိုယ်တာကိစ္စအတွက် ဆက်ချင်တာ'

ဇင်သည် သူ့လက်ထဲမှ မိမိလက်ကို နှုတ်ယူလိုက်သည်။

'မသက်ဇင် သိမှာပါလေ။ ဝါဏိဇ္ဇကို လက်ခံခဲ့တာဟာ စင်စစ် ကျွန်တော့်အဖို့ ဘာအဓိပ္ပါယ်မှ မရှိပါဘူး။ သူတို့တောင်းသလောက် ကျွန်တော်ပေးလိုက်နိုင်တာကိုလဲ မသက်ဇင် သဘောပေါက်မှာပါ'

'ဇင် သိပါတယ်၊ ဦးတင်မောင်သန့်မှာ ဘောဂဗေဒ အခြေခံတဲ့ စိတ်ထားမရှိတာ စောစောကတည်းက ဇင် သိခဲ့ပါတယ်။ နောက်တစ်ခုကလဲ ဝါဏိဇ္ဇကို လက်ခံခဲ့တာဟာ သက်သက် ပိုက်ဆံဖြုန်းခဲ့တာဘဲ ဆိုတာကိုလဲ ဇင် သဘောပေါက်ပါတယ်'

'ဒါဆိုရင် ကျွန်တော် ကိုယ်ရေးကိုယ်တာအတွက် ဖုန်းဆက်တာကိုလဲ မသက်ဇင် လက်ခံဖို့ကောင်းတာ အမှန်ပဲပေါ့နော်'

ဇင်က အင်းမလုပ်၊ အဲမလုပ်။

'ကျွန်တော် ပြန်ပါဦးမယ် မသက်ဇင်'

ဇင်သည် အရှိန်ပြင်းစွာ မောင်းထွက်သွားသော သူ့ကားနောက်ပိုင်းကို ငေးကြည့်နေခဲ့သည်။ တိတ်တခိုး သက်ပြင်းရှိုက်လိုက်သည်။

ဇင် အဝတ်လဲ၍ မပြီးသေးမီမှာပင် အဆောင် ဧည့်ခန်းမှ တယ်လီဖုန်း ခေါင်းလောင်းသံ ညံလာသည်။

တယ်လီဖုန်းနှင့် နီးသူတစ်ယောက်က ကောက်ကိုင်လိုက်ဟန် တူသည်။ ခေါင်းလောင်းသံ ပျောက်သွားသည်။

'ဇင်ရေ မင်းအတွက် တယ်လီဖုန်း'



www.burmeseclassic.com

www.burmeseclassic.com

နော်ရာ၏ အသံကို ကြားရသည်။

'လာပြီ နော်ရာ'

ဇင် အဝတ်ဝတ်ရင်း တစ်ဝက်တစ်ပြက်နှင့်ပင် ဧည့်ခန်းကို ပြေးထွက်ခဲ့သည်။ 'ဟယ်လို' ဆိုသောအသံကို ကြားရသောအခါ ဇင့် မျက်လုံးပြူးသွားသည်။

'ဘုရား....ဘုရား....ဦးတင်မောင်သန့် မဟုတ်လား'

'ဟုတ်ပါတယ် မသက်ဇင်'

'ဒါ....ဒါထက်'

'သိပ် အံ့သြသွားသလား၊ ကျွန်တော် ဘယ်မှ မရောက်သေးပါဘူး၊ မသက်ဇင်တို့ လမ်းထိပ်မှာတင် ရှိပါသေးတယ်၊ အသိတစ်ယောက် အိမ်ကနေ ဆက်တာပါ'

'သြော်....ဦးတင်မောင်သန့်ရယ်....'

'ကျွန်တော် ကိုယ်ရေးကိုယ်တာ ကိစ္စလေးတစ်ခု ပြောချင်လို့ပါ' လေသံသည် တိုးသွားကာ 'ကျွန်တော်....မသက်ဇင်ကို....ချစ်တယ်....'

စကားပြောခွက်ကို အလျင်စလို ချသွားသည်။

ဇင်သည် စကားပြောခွက်ကို ကိုင်ရင်း ငိုင်နေမိလေသည်။

× × ×



ယေဘုယျ ပြောရလျှင်တော့ ဇင်၏ စိတ်ဓာတ်မှာ ကျောက်စာတိုင်လို မခိုင်မြဲသော်လည်း သစ်ငုတ်လောက်တော့ ခိုင်သည်အမှန်။

နောက်ပိုင်းရက်များတွင် အဆောင်မှာရော၊ ဝါဏိဇ္ဇအဖွဲ့ရုံးခန်းမှာပါ တယ်လီဖုန်းလာလျှင် အမည်ကို ပထမ မေးပေးဖို့ မှာကြားထားသည်။ ဦးတင်မောင်သန့်ဆိုလျှင် 'ကြည့်လိုက်ပါဦးမယ်၊ အပြင်ထွက်သွားပါတယ်' ပြောဖို့ မှာထားသည်။

သည်လိုနှင့် ရက်ပေါင်းများစွာ ရှောင်ကွင်းနေနိုင်ခဲ့သည်။

တနင်္လာနေ့တစ်နေ့မှာ ဇင်မြို့သို့ ပြန်သည်။ မေမေက မှာ၍ ဖြစ်သည်။ အင်္ဂါနေ့ အဆောင်ပြန်ရောက်တော့ နော်ရာက ဆီး၍ ညည်းသည်။

'ဇင့် ဆီကို ဖုန်းဆက်ဆက်နေတာ ဘယ်'

'လူတွေအများကြီးက ဆက်နေကြတာပဲ'

'မဟုတ်ဘူးလေ တစ်ယောက်တည်း ဖွဲကောင်းကောင်းနဲ့ ဆက်နေတဲ့ လူ'

'ဦးတင်မောင်သန့်လား'

'ဟုတ်မယ်၊ ဒီလူကို ဆက်သွယ်ရေး ကော်ပိုရေးရှင်းက


www.burmeseclassic.com

www.burmeseclassic.com

ရွှေတံဆိပ်ဆုချဖို့ ကောင်းတယ်'

'ဘာကြောင့်လဲ နော်ရာရဲ့'

'ဘာကြောင့်ရမလဲ၊ တစ်နေ့တည်း သူတစ်ယောက်တည်း အခါ သုံးဆယ်တိတိ ဆက်တယ်'

'မြတ်စွာဘုရား'

'မနေ့ကပေါ့၊ မြို့ကို ပြန်သွားပါတယ်ဆိုတာလဲ မယုံဘူးတဲ့။ ငါးမိနစ်တစ်ကြိမ်လောက်ကို ဆက်ခဲ့တာပဲ ဇင်။ ဒီလိုလူမျိုးတွေကြောင့် ဖုန်းတွေ ဟိုခေါ်မရ ဒီခေါ်မရဖြစ်ကုန်တာ ထင်တယ်'

သည်တော့လည်း ကျောက်စာတိုင်မဟုတ်သည့် ဇင်သည် အနည်းငယ် လှုပ်ချင်လာသည်။

သူ့အဘယ်မျှ ဆန္ဒပြင်းထန်နေသည်၊ လေးနက်နေသည်၊ စိတ်စောနေသည်ဆိုခြင်းမှာ သိသာလှသည်။ လူတစ်ယောက်ကို သည်အထိ ညှဥ်းရက်သော မာကျောသည့် နှလုံးသားကို ဇင် မပိုင်ဆိုင်ပါ။

ပြောမည့်သာ ပြောရသည်။

ဇင်သည်လည်း အသွေးနှင့်ကိုယ် အသားနှင့်ကိုယ်ပဲ မဟုတ်လား။ လူတစ်ယောက်က မိမိအပေါ် သည်အထိ အာရုံစူးစိုက်နေသည် ဆိုတော့လည်း ဥပေက္ခာပြုရမှာကို ဇင် ဝန်လေးလာသည်။

သည်တစ်ခါမှာတော့ သူ့ဖုန်းကို ပြန်ဖြေမည်ဟု ဇင် ဆုံးဖြတ်သည်။ ကာကွယ်ရေး စစ်ဖြူပြာကို လျှော့ချလိုက်သည်။ ဘယ်သူက ဖုန်းဆက်လာလာ ဇင့်ကို ခေါ်ဖို့ မှာကြားထားသည်။

သြော်...သည်က လျှော့ပြီ ဆိုကာမှ တစ်ဘက်က အမှုပိုသည် ထင့်။

လာသမျှ ဖုန်းမှာ ဇင့်အတွက် မဟုတ်ခဲ့။ ဇင့်အတွက်





ဆိုသောဖုန်းကလည်း အခြားသူသာ။

ဒုတိယနေ့တွင် ဇင်သည် တစ်နေ့လုံးလိုလို တယ်လီဖုန်းနှင့် မနီးမဝေးတွင် ရှိနေခဲ့သည်။ မျှော်သည်၊ စောင့်သည်။ သို့သော်... မလာခဲ့ပါ။ တတိယနေ့သည်လည်း ထိုအတိုင်း။

'ကဲ...မလာချင်လည်း နေတော့ကွယ်...၊ တယ်လီဖုန်းရယ်...'

ဇင်သည် မျှော်လင့်ချက်ကို ပယ်ဖျက်လိုက်သည်။

စိတ်မှာ လွတ်လပ်သွားသည်။ ကိုယ်မှာ ပေါ့ပါးသွားသည်။

သို့ပေမယ့် စတုတ္ထနေ့မှာတော့ နံနက်စောစောစီးစီးမှာပင် တယ်လီဖုန်း ခေါင်းလောင်းသံက ခွန်းချိုနှုတ်ဆက်လာသည်။

'ဇင်ရေ...တယ်လီဖုန်း၊ ဦးတင်မောင်သန့် တဲ့'

ဘာရယ်ကြောင့်မသိ၊ ဇင်၏ ရင်သည် ခုန်လာကာ စကားပြောခွက်ကောက်ကိုင်လိုက်သော လက်က တုန်ချင်နေသည်။

'မသက်ဇင်ပါ'

'သြော်...မသက်ဇင်'

တစ်ဖက်မှ အသံသည် ညည်းညူသံပါနေသည်။ သက်ပြင်းရှိုက်သံကြားရပြီး တိတ်ဆိတ်နေသည်။

'ပြောလေ၊ ဘာပြောမလို့လဲ'

'မသက်ဇင်ကို နေ့လယ်လောက် တွေ့လို့ရမလား'

'ဘာအတွက်ပါလိမ့် ရှင်'

'မသက်ဇင် စိတ်ဝင်စားမယ့် ကိစ္စပါ၊ စာရင်းဇယား ကိစ္စပါ'

'အမှားအယွင်းတွေများ ရှိနေလို့လား'

'ခုနစ်ဆယ့်ငါးနဲ့ ပတ်သက်လို့ သိပ်ကျေနပ်မှုမရှိသေးဘူးတဲ့'

'ဇင် မှတ်မိပါတယ်၊ အရှုံးပြထားလို့ ဖြစ်ပါလိမ့်မယ်'

'ဒီလိုပဲလား'


www.burmeseclassic.com

www.burmeseclassic.com

'ရှင်'

'အရှုံးပြရင် မကျေနပ် မကျေနပ်ကြဘူးလား'

ဇင် ပြန်မဖြေတတ်။

'ခိုင်လုံလျက်နဲ့ မကျေနပ်ဘဲ ဒီအတိုင်း ကျိတ်မှိတ်နေရတာတွေ တစ်ပုံကြီးပါ'

'ဦးတင်မောင်သန့် ဘာကို ဆိုလိုပါလိမ့်'

'ကျွန်တော်နဲ့ မသက်ဇင်တို့ပွဲမှာ ကျွန်တော့်ဘက်က ရှုံးတယ်'

'စာရင်းဇယား မခိုင်လုံပါဘူး'

'ဒီ့ထက် ခိုင်လုံရဦးမလား မသက်ဇင်၊ ကျွန်တော်သာ ဆယ့်ခြောက်နှစ်သားကလေး ဆိုရင် အခုလောက်ရှိ အသည်းကွဲနေပြီ'

'ဒါကြောင့် ပြောတာပေါ့၊ အရေထူနေပြီဖြစ်တဲ့ ဦးတင်မောင်သန့် အသည်းမှာ အက်ရာတောင် ထင်မှာ မဟုတ်ပါဘူး'

'ဒါပေမယ့် အသည်းဟာ မူးရီနေတယ်၊ မပြောကြဘူးလား တစ်နေ့တည်း ကျွန်တော် အကြိမ်သုံးဆယ် ဖုန်းဆက်တယ်'

'ဇင် မြို့ကို တစ်ကယ်ပြန်သွားတာပါ'

'နှစ်ရက်ဆက်ပြီး အရက်ချည်း သောက်နေလိုက်တယ်'

'ဇင် အရက်စကား သိပ်မကြားချင်ဘူး'

'ကိုးဆယ်ရာခိုင်နှုန်း အဲ...အခုတော့ ကျွန်တော်လည်း စာရင်းဇယားတွေနဲ့ ပြောတတ်ဆိုတတ်လာပြီဆိုပါတော့။ ကိုးဆယ့်ကိုးရာခိုင်နှုန်းသော မိန်းမတွေဟာ အရက်ကို မုန်းကြတယ်၊ အရက်ဆန့်ကျင်ရေးသမားတွေပဲ'

'ဇင်လဲ ထိပ်ဆုံးက ပါတယ်'

'သူလဲ သောက်တက်တာပဲလား'





'ယောကျ်ားပဲရှင်'

'အရက်က မသက်ဇင်တို့ကို ခွဲခဲ့တာလား'

'ဒီအကြောင်း တစ်ယောက်တည်းကြောင့်တော့ မဟုတ်ပါဘူး၊ နေပါဦး ဇင့်အကြောင်း ဒီလောက်အစ်ထုတ်နေတာ ဝတ္ထုရေးဖို့လား'

ရယ်သံကြားရသည်။

'မသက်ဇင်ရယ်...အစက ဒီလောက်စိမ်းကားတတ်မှန်း သိခဲ့ရင်...'

'ဇင် မစိမ်းကားတတ်ပါဘူး၊ ဇင်အမှန်ဆုံးအရောင်ဟာ အစိမ်းပဲ'

'မစိမ်းတောင် ဖက်ဖူးရောင်လောက်တော့ ဖြစ်မှာပါ'

'အဲဒီလောက်တော့ ရှိချင်ရှိပါလိမ့်မယ်။ ဇင်ဟာ မိန်းမသားပါ ဦးတင်မောင်သန့်'

'ကျွန်တော် နားလည်နိုင်ပါတယ်ဗျာ၊ ခွင့်လွှတ်နိုင်ပါတယ်၊ မသက်ဇင်ကလဲ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ဘာကြောင့်လဲ မသိဘူး၊ အခုတလော ကျွန်တော် သိပ်ကလေးဆံသလို ဖြစ်နေတယ်'

'အနောက်နိုင်ငံ အယူအဆနဲ့ ဆိုရင် လူဆိုတာ အသက်လေးဆယ်ကျမှ စတင်လူဖြစ်သတဲ့။ ဦးတင်မောင်သန့်က လေးဆယ့်တစ်နှစ်ဆိုတော့ အခါလည်သားပဲ ရှိသေးတာပဲ'

'အေးဗျာ အမိုက်အမဲမို့ ဗွေမယူပါနဲ့လို့သာ တောင်းပန်ရတော့မှာပဲ'

'ဒီတော့...' ဇင် စကားဖြတ်ချင်နေပြီ။

'ဒီတော့ မသက်ဇင် ပဒေသရာဇာကို လာမလား'

'အလုပ်ကိစ္စအတွက် လာခဲ့ပါမယ်'


www.burmeseclassic.com

www.burmeseclassic.com

'ကောင်းပါပြီ၊ အလုပ်ကိစ္စအတွက်ပဲ လာပါ၊ ဒါပါပဲ မသက်ဇင်'

စကားပြောခွက်ကို ချသွားသည်။ ဆောင့်ကြီး အောင့်ကြီးနှင့် ဖြစ်သည်။

နေ့လယ်တွင် ဇင်သည်, သည် 'ပဒေသရာဇာ' သို့ လာသည်။

'ဒေါ်သက်ဇင်တို့အဖွဲ့ ထွက်သွားကတည်းက ပဒေသရာဇာဟာ ခြောက်သွေ့သွားတာပဲဗျ၊ ကျွန်တော်တို့တွေ ပျင်းကျန်ခဲ့တာပဲ'

'ပဒေသရာဇာ' အဖွဲ့သားများက ဇင့်ကို ဆီးကြိုပြောကြသည်။ သည်စကားမျိုးကတော့ ဇင့်တို့ ထွက်ခဲ့သော နေ့ရာတိုင်းမှ ကြားရမြဲ။

ဦးတင်မောင်သန့်ကို သူ၏ သီးသန့်ခန်း၌ တွေ့ရသည်။ သူသည် ရေခဲအိတ်ကို ခေါင်းပေါ်မှာ မျက်နှာသုတ်ပုဝါပတ်ပြီး တင်ထားသည်။ မျက်နှာမှာ ညိုနေကာ မျက်လုံးများက ရဲနေသည်။

'နေမကောင်းဘူးလား'

'အရက်များထားတဲ့ ဒဏ်တွေလေ၊ အရက်နာကျတယ် ခေါ်တာပေါ့၊ ဘိုလိုတော့ ဖတ်စ်ကလပ် ဟင်းအိုဗာဆိုတာပေါ့'

'အရက်သောက်တာကိုတော့ အပြစ်မဆိုချင်ပါဘူး၊ အရက်များများ သောက်တာကိုတော့ မုန်းတယ်'

'ကျွန်တော်တို့ အရက်သမားတွေဟာလဲ ဒီအတိုင်းပါပဲ၊ အရက်တော့ သောက်ချင်တယ်၊ အရက်နာကျတဲ့ ဝေဒနာကိုတော့ မုန်းတယ်'

'အလွန်အကျွံ မဖြစ်စေနဲ့ပေါ့ရှင်'

'တစ်ခါတစ်ခါမှာတော့ အသိခေါက်ခက် အဝင်နက် ဆိုသ





လို ထိန်းရင်းက လွန်သွားတတ်တယ်။ တစ်ခါတစ်ခါ ဆိုတာမှာ ခံစားချက်တွေ သိပ်ပြင်းပြတဲ့အခါမျိုးကို ဆိုလိုတာပါ'

ဇင်သည် စကားကို လွဲပြောင်းပစ်ဖို့ တန်ပြီဖြစ်ကြောင်း ရိပ်စားမိသည်။

'ဇင် ပြန်ကြည့်ပေးရမှာ ခုနစ်ဆယ့်ငါးနော်'

'ဟုတ်ပါတယ်'

'ဘယ်လို ပြန်လုပ်ပေးရမလဲ၊ အရှိုးအတိုင်း ထားမလား၊ အမြွတ်ပြရမလား၊ နည်းနည်းပါးပါး အမြွတ်ပြခဲ့ရင်....'

'မသက်ဇင် သဘောကျသလိုသာ လုပ်ပါ'

'ဒါနဲ့များ ဇင့်ကို ဘာလို့ခေါ်ရသေးသလဲ'

'ဘာလို့ဆိုတာတော့ မသက်ဇင် သိမှာပါလေ၊ ထားပါ၊ မသိဘူးပဲထားပါ။ သိအောင်လဲ ရှင်းမပြတော့ပါဘူး။ အခိုက ပြောချင်တာတော့ မသက်ဇင် ကျွန်တော့်ကို အခုလို ပစ်ပစ်ခါခါကြီးတော့ မလုပ်လိုက်ပါနဲ့ဗျာ'

'ဟုတ်ကဲ့၊ ဇင် ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်ဆိုတာ သွန်သင်ပါ'

'ကျွန်တော် မသက်ဇင်နဲ့ တယ်လီဖုန်းကနေ စကားပြောချင်ပါတယ်၊ ရံဖန်ရံခါ တွေ့ချင်ပါတယ်'

ဇင် သူ့ကို တွေကြည့်နေမိသည်။

'ကျွန်တော့်ဘက်က ကတိပေးပါတယ် မသက်ဇင်၊ နောက်နောင် မပစ်မှားပါဘူး၊ မသက်ဇင် မကြားချင်တဲ့ စကားတွေ မပြောပါဘူး'

'ဦးတင်မောင်သန့် ဆိုလိုတာက ဇင်တို့ မိတ်ဆွေလို အရှည်ဆက်ဆံသွားဖို့ ထင်ပါရဲ့'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်...ဟုတ်ပါတယ်'

'ဒါဆိုရင်...ဇင့်ဘက်က ဘာမှ ကန့်ကွက်စရာ မရှိပါဘူး'

'ကျွန်တော် ဝမ်းသာပါတယ် မသက်ဇင်၊ ဒီအခွင့်အရေးဟာ ကျွန်တော့်အတွက် ကြီးကျယ်တဲ့ ရလာဒ်ပါပဲ၊ အခုအတိုင်းဆိုရင်တော့ မသက်ဇင် ခုနှစ်ဆယ့်ငါးကို ပြန်ကြည့်စရာ မလိုတော့ပါဘူး၊ ဒီအတိုင်းပဲ ထားလိုက်ကြပါစို့ရဲ့'

'ဇင် ပြန်ပါဦးမယ်'

'နေပါဦးလား မသက်ဇင်၊ မိတ်ဆွေဖြစ် ကျွန်တော်တို့ အအေးတစ်ခွက်စီလောက် သောက်ကြရအောင်ပါ'

ကျောက်စာတိုင် မဟုတ်သော သစ်ငုတ်သာဖြစ်သည့် ဇင်သည် လှုပ်လာသည်တော့ အမှန်။

သည်လို အစပျိုးခဲ့တာပဲ မဟုတ်လား။ အအေးကလေး တစ်ခွက်သောက်ရာက စခဲ့တာပဲ မဟုတ်လား။ ခဲမှန်ဖူးသော်လည်း သည်းခြေနည်းသည့် စာသူငယ်သည် သည်ကိုင်းဖျား ကိုင်းနားမှာ နားချင်တုန်းပင် ဖြစ်သည်။

အစပိုင်းကတော့ ဦးတင်မောင်သန့်သည် ဇင့်ထံ တစ်နေ့ တစ်ခါလောက် ဖုန်းဆက်သည်။ သာကြောင်း မာကြောင်းပါပဲ။ မနက်က ဘာဟင်းနဲ့စားပြီး ညနေဘာဟင်းနဲ့စားသည် ဆိုရုံလောက်ပါပဲ။

တစ်ခါတစ်ရံ 'ဝါဏိဇ္ဇ' ရုံးခန်းသို့လာကာ အအေးသောက်ဖို့ ခေါ်သည်။ တစ်ခါတစ်ရံ ရုပ်ရှင်ကြည့်သည်။ တစ်ခါတစ်ရံမှာတော့ ထမင်းလိုက်ကျွေးသည်။

ဇင် ဝန်ခံပါသည်။

သည်အရာများကို ဇင် မသာယာဘူးဟု မငြင်းချင်။ သာယာ





မိသည့် အမှန်ပင်။

တွက်လည်း ကြည့်ပါဦး။

မဟာရန်ကုန်တွင် ဇင်တို့လို အတန်းအစားမျိုးတွေ ဘယ်ပုံဘယ်နည်း ကျင်လည်နေကြရသည် ဆိုခြင်းကို။

ဇင်၏ ဝင်ငွေသည် တစ်လ တစ်လတွင် အဆောင်ကြေးနှုတ်၊ ထမင်းချိုင့်ဖိုးနှုတ်၊ မုန့်ဖိုးနှုတ်၊ ဘတ်စ်ကားခနှုတ်၊ ကလေးနှင့်အမေထံပို့သည့် စရိတ်နှုတ်။ အမြီးနှုတ် ခေါင်းနှုတ်နှင့် ဘာမျှ မည်မည်ရရ ကျန်သည်မဟုတ်။

တစ်ခါတစ်ရံ မြိုးမြိုးမြတ်မြတ်ရတော့လည်း ပေါ်ဦးပေါ်ဖျား အဝတ်အစား ဝယ်ချင်သေးသည်။ မဝယ်၍လည်း မဖြစ်။ သိပ်လှချင်လွန်းလို့ မဟုတ်သော်လည်း သူများနည်းတူ မဝတ်နိုင်က အထင်သေးခံရသည်။

မောင့်ထံမှ မှန်မှန်ရနေသည့် ကလေးစရိတ်ကိုတော့ ငွေစုဘဏ်မှာပင် ထားရသည်။ ကလေးတွေရဲ့ နောင်ရေးအတွက်။

သည်တော့ ဇင်တို့ အရေးတကြီး ကိစ္စမရှိဘဲ တက္ကစီကားတွေ မစီးနိုင်။ ချွေးစော်နံသည့်၊ ကျပ်ညပ်နေသည့် ဘတ်စ်ကားကိုပင် တိုးဝှေ့စီးရသည်။ မရှောင်နိုင်။

ရန်ကုန်ဘတ်စ်ကား ဆိုသည်ကလည်း သိကြသည့်အတိုင်း မဟုတ်လား။ ကျပ်တာညပ်တာချည်းသာမက ယောကျ်ားယုတ် တို့၏ ပက်စက်မှုကိုလည်း အခါမလပ် ခံစားကြရသေးသည်။ သည်ကနေ့ခေတ့်ဘတ်စ်ကားပေါ်မှာ ဆိုသည်ကလည်း ဘာမဆို အကုန်ဖြစ်နိုင်သည်။ ကြမ်းပေါက် ကျွံကျခြင်းမှသည် မြွေကိုက်ခံရနိုင်သည် အထိ။

တစ်ပတ်တစ်ခါလဲသည့် ရုပ်ရှင်ကို အလွန်ပျင်းပျင်းရိရိရှိသည်နှင့်၊ သို့မဟုတ် ဓာတ်ဆောင်ကြိုက်လို့၊ ဓာတ်လမ်းကြိုက်လို့



www.burmeseclassic.com

www.burmeseclassic.com

ဆိုတောင် တစ်လတစ်ကြိမ် နှစ်ကြိမ်လောက် ကြည့်ဖြစ်ဖို့ အလွန်စွန့်စားရသည်။

စားရသည့် ထမင်းချိုင့်ကလည်း ဟင်းတွေ ထပ်နေသည်။ တစ်ခါတစ်ရံ ဟင်းအမယ်သာ ပြောင်းသည်။ အနံ့အသက်ကတော့ တစ်နံ့တည်း။ ချက်ပြုတ်ပုံကလည်း တစ်ပုံစံတည်း။

ဟင်းမကြိုက်၍ သွားရည်စာ စားဖို့ ဆိုသည်လည်း မဟာစွန့်စားခန်းပင်။ ကိုယ့်ပိုက်ဆံနှင့် ကိုယ်ဆို အအေးတစ်ခွက်သောက်ဖို့ ကိုယ့်ပါးစပ်ကိုယ် မသဒ္ဓါချင်။

သည်တော့လည်း အဝတ်ဆန်းကလေးတွေ လက်ဆောင်ရတော့ လိုချင်သည်ပေါ့။ ဘတ်စ်ကားအစား ကိုယ်ပိုင်ကားကလေးနှင့် ကြော့ကြော့မော့မော့ ပြန်ရသည်ကို ကြည်နူးမိသည်ပေါ့။

ဆင်ခြေဖုံးက ရုံစုတ်ကလေးတွေမှာ 'စတော'က ကြည့်ရမည့်အစား လေအေးရုံမှာ 'ဒီစီ' က ကြည့်ချင်ပေမပေါ့။

ပထမတန်းစား ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေဆို လျှင် ကိုယ့်ဘာသာကိုယ် ဆိုပါက အနားပင် မသီနိုင်၊ သဒ္ဓါပေါက်၍ ကျွေးမည့်မွေးမည့်သူ ရှိလာတော့လည်း အမြိန့်သား စားမိသည်အမှန်။

သည်လိုနှင့် ပိတ်စတစ်စ၊ ခေါက်ထီးတစ်လက်၊ ကားတစ်ခေါက်၊ ရုပ်ရှင်တစ်ပွဲ၊ အအေးတစ်ခွက်၊ ထမင်းတစ်နပ်နှင့် ဘဝဆုံးပါးရသူတွေလည်း ဒုနှင့်ဒေးရှိသည်။ လူစုံသော ဘော်ဒါဆောင်မှာ နေနေရသည့် ဇင်သည် မိမိ မျက်စေ့ရှေ့မှာပင် ဒါမျိုးတွေ ရှိးလုအောင် မြင်ရဖူးသည်။ တွေ့ရဖူးသည်။ ကြုံဆုံရဖူးသည်။

ဇင် ကိုယ်တိုင် ရှောင်ကြဉ်ချင်ပေမယ့် ဇင် ကိုယ်တိုင် သာယာမိသည့်အဖြစ်ကို ဖုံးကွယ်မထားနိုင်။





ကိုယ့်ကိုယ်ကို သာယာမှု ရေစီးနောက် အစဉ်တစိုက် မျောပါမသွားဖို့လောက်သာ ကြိုးစားနိုင်သည်။ အန္တရာယ်ကို ရှောင်တိမ်းနိုင်အောင် အားထုတ်ရသည်။

ဇင့်မှာက လက်နက်ကောင်းကလေးများလည်း ရှိသည်။ အပျိုမဟုတ်သည်က တစ်ချက်၊ အသက် မငယ်တော့သည်က တစ်ချက်၊ ကိုယ့်ကိုယ်ကို ထိန်းနိုင်သည်ဟု ယုံကြည်သည်က တစ်ချက်။ သည်အချက်ကလေးတွေကြောင့် ယခု အချိန်အထိ ဇင်သည် လွတ်မြောက်သည့်နယ်မြေတွင် ရှိနေရခြင်း ဖြစ်သည်။

မေမေသာ ရန်ကုန်မှာ လာနေပေးနိုင်မည်ဆိုလျှင်တော့ အလွန်အဆင်ပြေမည်။ သို့သော် မေမေသည် ဘယ်အခါမှ လာနေပေးလိမ့်မည် မဟုတ်ချေ။

မေမေသည် ရန်ကုန် လူနေမှု စနစ်ကို ကြောက်သည်။ ဘတ်စ်ကားကို ကြောက်သည်။ ဆူညံမှုကို ကြောက်သည်။ ရွှေတောင်ကြားလို နေရာမျိုးမှာ တိုက်နှင့်ကားနှင့် ထားနိုင်လျှင်တော့ အဟုတ်သားပေါ့။ ယခုတော့ ဇင်က သိန်းထီ ဆယ်စုလုံးလည်း မပေါက်။ မီလျံနာနှင့်လည်း မညား။

ခက်တော့လည်း အခက်သားကလား။

ဇင်ဘဝက သဒ္ဒါပေါက်သူရှိပြီး အိမ်သို့ ကားနှင့်ပြန်အပို့ခံရမှု သည်ကနေ့အတွက် ကုန်ကျမည့် ဘတ်စ်ကားခကို ငွေပိုငွေလျှံထဲ စာရင်းတို့နိုင်သည့် အခြေမှာသာ ရှိသည်။

သို့ပေမယ့် ပစ္စည်းမယူပါနဲ့၊ လူလဲ ချမ်းသာပေးပါဆိုသလိုပါပဲ။ လူကို အထိမခံနိုင်၊ ဂုဏ်ကို အထိပါးမခံနိုင်။

ထို့ကြောင့်လည်း ဇင်သည် အလေးအနက်သမားများကို ကြောက်သည်။ ခုမြင် ခုပျောက်၊ ခုတွေ့ ခုမေ့ဆိုသည့် လူစားမျိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သာ တွေ့ချင်သည်။

အလေးအနက်သမားတွေက ခက်သည်။ ကျန်လူစားတွေကတော့ ကျွန်မ အပျိုမဟုတ်ပါဆိုသည်နှင့် လန်သွားသူတွေလည်း ရှိသည်။ ကလေးနှစ်ယောက် အမေပါဟု သိသည်နှင့်တစ်ပြိုင်နက် ချန်ထားရစ်သူတွေလည်း ရှိသည်။

အဓိက,ကတော့ ကိုယ့်ကို အန္တရာယ် မပေးနိုင်အောင်နှင့် အမည်းစက် ထင်မကျန်ရစ်အောင် ရှောင်ကွင်းနိုင်ဖို့ပဲ ဖြစ်သည်။ ယခုတော့လည်း သည်အဋ္ဌာရသတွေကို ကျွမ်းကျွမ်းကျင်ကျင် မဟုတ်တောင် ထိုက်သင့်သလောက်တော့ ဇင်က တတ်ခဲ့ပြီ ဖြစ်သည်။

ဇင်သည် လောဘမကြီးတတ်။ ရေဆုံးရေဖျားမလိုက်တတ်။

တော်ပါပြီ။ ထမင်းတစ်နပ်၊ ကားတစ်ပတ်လောက် ဆိုလျှင် ပင် လူတစ်ယောက်အပေါ် ကျေနပ်ပါပြီ။ လောဘကြီးလာပြီဆိုလျှင်တော့ ထိဖို့သာ ပြင်ပေရော့။

တစ်ချို့ကတော့ လောဘကြီးသည်။ ဥပမာ...အဆောင်မှ သီတာညိုလို မိန်းကလေး။ လှသည်၊ အနုပညာ ထက်သန်သည်၊ ရုပ်ရှင်မင်းသမီးဖြစ်လိုသည်။ ကျော်ကိစ်မ်းသမားဆိုသူတွေနှင့် ပေါင်းမိသည်။ အစကတော့ ရုပ်ရှင်ပဲ ရိုက်တော့ မလိုလို၊ ရွှေတောင်ကြားလမ်းမှာ တိုက်ဝယ်တော့မလိုလို၊ ကားစီးရတော့မလိုလိုနှင့်။ ဘာမှဖြစ်မလာ၊ နောက်တော့မှ သူ့လူတွေက တစ်ကြိမ်တစ်ခါသာ ပွလိုက်သည့် ကျောက်ပွဲစားတွေမှန်း သိရသည်။

သည်ကျတော့ လွန်နေပြီ။ သီတာညိုတို့ ပျက်စီးခဲ့ပြီ။

နော်ရာတို့ကတော့ ကိုယ့်အကြောင်း ကိုယ်သိ၍ထင့်၊ အလွန်ရှောင်သည်။ အလွန်တိမ်းသည်။ ပထွေးကြောင့် အိမ်မှ ဆင်းပြေးလာခဲ့ရပြီး အဆောင်နေကာ လက်ထပ်ယူမည့် ငယ်ရည်းစား စစ်ဗိုလ်





ရှေ့တန်းမှအပြန်ကို စောင့်နေသည်။

သည်လောကမှာက လည်လျှင်လည်၊ မလည်လျှင်ရပ်။ အလတ်တန်းစားလောက် ဆိုလျှင်တော့ မလွယ်ရေးချ မလွယ်။

ဇင်သည် ဦးတင်မောင်သန့်ဘက်က လေးနက်လာ၍ ကိုယ်ရှိန်တန့်ခဲ့သည်။ သာမန် အနေအထားဆိုလျှင်တော့ မဆိုးပါဘူး။ ဇင့်အနေနှင့် ထမင်းတစ်ပွဲ စားလိုက်သည်။ အအေးတစ်ခွက် သောက်လိုက်သည်ကြောင့် သူ့လို သူဌေးတစ်ယောက်အဖို့ နစ်နာစရာဘာမျှ မရှိပါ။ သည်သဘောနှင့် ဆက်ဆံခဲ့သည်။

သို့ပေမယ့် သည်လူက အခက်သား။ လေးဆယ်ကျော်ကာမှ ငယ်မူပြန်နေပြန်သည်။

သည်ကနေ့ ဇင့်မွေးနေ့။ ဇင် ရွှေတိဂုံဘုရားသို့ တက်သည်။ သူနှင့်ဖုန်းဆက်တော့ သည်အကြောင်း ပြောမိသည်။ သူက ဇင့်ကို အဆောင်သို့ လာခေါ်သည်။

သည်ကနေ့တော့ ဦးတင်မောင်သန့်က အင်းလျားလိတ်ကို ရွေးသည်။ ဇင့်ကို ညစာကျွေးသည်။

ဆောင်းနှောင်းည တစ်ညဖြစ်သည်။

ပူပြင်းစ ပြုလာပြီ။

အင်းလျားလိတ်၏ အအေးခန်းမှ ထွက်လာပြီးနောက် အိုက်စပ်စပ်ရှိလာသည်။ ရှစ်မိုင်ဘက်မှ လှည့်ပြန်ပြီး အင်းလျားကန် ရေစပ်တွင် ကားရပ်သည်။ လေညှင်းခံသည်။ ထိုအတွက် ဇင့်မှာ ကန့်ကွက် စရာမရှိပါ။ သည်နေရာမှာက လူမပြတ်လှ။ ကားအသွားအလာ ထူပြောသည်။ ဇင်သည် ရေစပ်သို့ လာသည်။ သူက ဇင့်နောက်မှ လိုက်လာသည်။

'မသက်ဇင်'



www.burmeseclassic.com

www.burmeseclassic.com



သူက နေ့သြဖြင့် ရေစပ်နှင့်မနီးမဝေးတွင် ဇင် ရပ်နေလိုက်သည်။

'ဒီကနေ့ မသက်ဇင် မွေးနေ့နော်'

'ဟုတ်ပါတယ်၊ ဒါကြောင့်ပဲ ဦးတင်မောင်သန့် ဇင့်ကို တကူးတက ထမင်းလိုက်ကျွေးတာ မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒီလောက်နဲ့ ကျေနပ်နိုင်ရိုးလား မသက်ဇင်ရယ်....'

'ဒီထက်ဘာများ ဖြစ်စေချင်သေးလို့လဲ ရှင်ရယ်'

'မသက်ဇင်အတွက် မွေးနေ့လက်ဆောင် ပေးချင်သေးတယ်'

'တော်လောက်ပြီ ထင်ပါရဲ့၊ ထမင်းတစ်ပွဲကပဲ မနည်းကျနေပါပြီ'

'ထမင်းတစ်ပွဲကြောင့် မွဲမသွားပါဘူးဗျာ၊ ကျွန်တော်က အမှတ်တရလဲ ရှိစေချင်တယ်လေ'

သူသည် အင်္ကျီအိတ်အတွင်းမှ ကော်ဘူးတစ်ခုကို ထုတ်ယူသည်။

'ဒီမှာကြည့်စမ်း'ဆို၍ ဇင် လှမ်းကြည့်လိုက်သည်။

လက်စွပ်တစ်ကွင်းပါပဲ။ စိန်ဖြစ်မယ်ထင်ပါရဲ့။ မီးရောင်မှာလက်နေသည်။

ဇင်သည် တုန်သွားသည်။

သည်လိုပါပဲ။ မောင်နှင့်တုန်းကလဲ စိန်လက်စွပ်ရောက်လာသည်က စကြတာပါပဲ။

'အင်းလျားလိတ်မှာထဲက ပေးဖို့ပါ၊ လူတွေများနေတာနဲ့'

'ဟင့်အင်း...ဇင် မယူပါဘူး'

'ဘာလို့ မယူရမှာလဲ၊ တမင် မသက်ဇင်အတွက် ရည်စူး





ထားခဲ့တဲ့ဥစ္စာ'

'မယူဘူး....ဇင် မယူဘူး'

မှိန်ပြပြလမ်းမီးရောင်တွင် ဇင်၏တုန်လှုပ်နေသောမျက်နှာကို သူ အံ့အားသင့်စွာ ကြည့်နေသည်။

'အမှန်ပြောတာပါ ဦးတင်မောင်သန့်၊ ဇင် မယူချင်ဘူး'

'ဘာဖြစ်လို့ ဒီလောက် ခါးသီးနေရတာလဲ မသက်ဇင်ရယ်၊ ကျွန်တော် အခွင့်အရေးလိုချင်လို့ ဒါကို ပေးတာ မဟုတ်ဘူးဆိုတာယုံပါ'

'အို....ဇင် မယူပါရစေနဲ့ရှင်'

'ကျွန်တော့်စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့'

'ဇင် မယူဘူး'

ဇင်၏အသံသည် အတော်ကြီး ကျယ်လောင်သွားသည်။

ဦးတင်မောင်သန့်၏ မျက်နှာသည် တင်းမာသယောင်ဖြစ်သွားသည်။

'ဒီမှာ မသက်ဇင်၊ ကျွန်တော် အခွင့်အရေးတစ်ခုခုကိုလိုချင်လို့လို့ထင်ရင် ဒီကနေ့ကစပြီး နောက် ကျွန်တော့်ကို ဘယ်တော့မှ မခေါ်နဲ့၊ လမ်းတွေ့ရင်တောင် နှုတ်မဆက်နဲ့၊ ကျွန်တော်လဲ မသက်ဇင်ကို ဖြတ်လိုက်တော့မယ်။ ကျွန်တော် ဒီလက်ဆောင်ကို လုပ်လာတာ ဆန်ပေးမှ ဆေးရ ဆိုတဲ့ သဘာဝမျိုးမဟုတ်ဘူး၊ စိန်နဲ့ ရွှေနဲ့ ပိုက်ဆံနဲ့ ဖြားယောင်းတယ်ဆိုတာ အောက်တန်းစားဆံတဲ့လူတွေရဲ့အလုပ်ပဲ၊ ဒါမျိုး ကျွန်တော် ဝါသနာမပါဘူး'

'ဘာပဲပြောပြော ဇင့်ကို ပေးလို့မရတာ သေချာတယ် ဦးတင်မောင်သန့်၊ ဘယ်နည်းနဲ့မှ ဇင် ယူမှာမဟုတ်ဘူး'

'တကယ်ပဲလား'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပဲ'

'ဒါဖြင့်'

'အို…ဘယ်လို လုပ်လိုက်တာလဲ'

ဦးတင်မောင်သန့်၏ လက်မြှောက်သွားသည်။ သူသည် ကော်ဘူးရော စိန်လက်စွပ်ကိုပါ လက်တစ်ဆုံးဆန့်၍ ရေထဲသို့ လှမ်းပစ်လိုက်ခြင်း ဖြစ်သည်။

ကော်ဘူးသည် ရေထဲသို့ မှောက်လျက်ကျကာ ပေါလောမျောနေသည်။ ကော်ဘူးထက်လေးသည့် စိန်လက်စွပ်သည် ခပ်လှမ်းလှမ်းသို့တိုင် ရောက်သွားကာ ရေထဲသို့ စွပ်ကနဲမြုပ်သွားသည်ကို ဇင် ထင်ထင်ရှားရှား တွေ့လိုက်ရသည်။

နောက်ဆုံး ပြိုပြတ်သွားသည့် အရောင်ကို မြင်လိုက်ရသည်။

ဇင်သည် မင်သက်မိသလို ရှိသည်။ ကြက်သေ သေနေသည်။

'သွားကြရအောင်'

ဦးတင်မောင်သန့်သည် မော်တော်ကားဆီသို့ ပြန်လျှောက်သွားသည်။

ဇင် ရောက်မလာခင်မှာပင် စက်နှိုးပြီး ဖြစ်နေသည်။ ဇင်က တွန့်ဆုတ်စွာဖြင့် ကားအတွင်း ဝင်ထိုင်လိုက်သောအခါ ကားကို မောင်းထွက်ခဲ့သည်။

စကားမပြောဖြစ်ကြ။ ငြိမ်နေသည်။

အဆောင်ရှေ့သို့ ရောက်လာသည်။

ဇင် ရုတ်တရက် ကားပေါ်မှ မဆင်းခဲ့။

'ဇင့်ကို စိတ်ဆိုးနေသလား'

'မဆိုးပါဘူး'





'ကျွဲမြီးတော့ တိုတယ်ဆိုပါတော့'

'မသက်ဇင် ဘာလို့ ကျွန်တော့်စေတနာကို စော်ကားရတာလဲ'

'ဇင်မှ မလိုချင်တဲ့ ဥစ္စာ'

'ဒါဖြင့်လဲ ပြီးပြီပေါ့၊ ဒီကိစ္စကို မေ့လိုက်ကြရအောင်'

'ဇင်ကတော့ မမေ့ပါဘူး'

'ကျွန်တော့်ကတော့ မေ့ထားလိုက်မှာပဲ'

'ဇင် သွားတော့မယ်'

'ကောင်းပါပြီ'

ထိုနေ့ညက ဇင် အိပ်မပျော်နိုင်။

မောင်နှင့် ကွဲကွာခဲ့ပြီးကတည်းက သည့်တစ်ခါ သတိအရမိဆုံးပဲ ထင်သည်။ အတိတ်ဟောင်းသည် စိတ်ကြေးမုံပြင်မှ လာဟပ်သည်။

မောင့်အတွက် မိဘများက နောက်ဆုံးပေးကမ်းစွန့်ကြဲလိုက်သည့် လက်စွပ်။ ဇင် တစ်သက်မှာ တစ်ခါသာ ရဖူးသော စိန်။

ညဘက်မှာ တော်တော်နှင့် အိပ်မပျော်ဘဲ လက်စွပ်ကို မီးရောင်တွင် အမျိုးမျိုး ထောင်ကြည့်ကာ အကြိမ်ကြိမ် နမ်းခဲ့မိသည့်အဖြစ်။

ဇင်တို့ ဘဝကို သည် စိန်လက်စွပ်နှင့် စခဲ့သည်ပဲ မဟုတ်လား။

သည်လိုနှင့် ဇင်နှင့် မောင့်ဘဝတို့ နိဂုံးချုပ်ခဲ့ရသည်ပဲ မဟုတ်လား။

ဒါကြောင့်လည်း စိန်ဆိုလျှင် စိတ်နာချင်သည်။

မေမေက 'သမီးရယ် မိန်းကလေးဆိုတာ ဒီအချိန် ဒီအရွယ်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ စိန်နားကပ်နဲ့မှ တင့်တယ်တာကွယ့်၊ ငွေစုပြီး စိန်နားကပ်ကလေးတစ်ရံတော့ ဝယ်ပါလားကွယ်' ဆိုစဉ်က ဇင် ခါးခါးသီးသီး ငြင်းခဲ့သည်။

ဝယ်မဝတ်နိုင်တာလည်းပါသည်။ စိတ်နာတာလည်း ပါသည်နှင့် ဇင့်နားမှာ ပတ္တမြား နားကပ်ကလေးသာ ရှိခဲ့သည်။

ယခုတော့ ဦးတင်မောင်သန့်က စိန်နှင့်ပင် စလာပြန်သည်။ စိန်ကိုပင် ယူလာပြန်သည်။

သူ ဒီအထိ စိတ်မြန်လက်မြန် လုပ်လိုက်လိမ့်မည်လည်း မထင်ခဲ့။ ကြိုသိခဲ့လျှင်တော့ ခေတ္တဖြစ်ဖြစ် ယူထားပြီး နောက်မှ တစ်နည်းတစ်ဖုံ ပြန်ပို့ရလျှင် အကောင်းလေသား။

နောက်တစ်နေ့ နံနက် ဖုန်းဆက်တော့ ဦးတင်မောင်သန့်၏ အသံမှာ အကောင်းပတီပင်။ ဘာမျှ မဖြစ်ခဲ့သလိုပင်။ ချိုချိုသာသာ ရှိသည်။

သည်တစ်ပတ်လဲသည့် ရုပ်ရှင်ကားကို ကြည့်ကြဖို့ ဖြစ်သည်။ ဇင် ငြင်းလိုက်ပါသည်။

'ညက ကိစ္စ ပြောရအောင်'

'ဘာကိစ္စလဲ'

'အစက ဦးတင်မောင်သန့် ဒီလောက် စိတ်လိုက်မာန်ပါ လုပ်လိုက်လိမ့်မယ် မထင်ဘူး'

'မသက်ဇင် ဘာကို ပြောနေတာလဲ'

'စိန်လက်စွပ်ကို ပြောနေတာရှင့်၊ သိပလား'

'သြော်...'

'ဘယ်လောက်တန်မလဲ ဟင်'

'ငါးသောင်းတင်ပါ'





'အို . . .'

'ကျွန်တော်တော့ ပျော်သွားတယ်၊ ငွေငါးသောင်းကို ရေထဲ တကယ်လွှတ်ပစ်ရင် အခုလောက် ရှောရှောရှူရှူ ဖြစ်မှာမဟုတ်ဘူး'

'အို...ရှင်ရယ်...'

ဇင်ကတော့ ရေငုပ်ကိရိယာတွေယူပြီး သွားချင်လှသည်။ ငွေငါးသောင်း ရေထဲကျပြီး ဓာတ်သိမ်းသွားခန်းမှာ အရောင်ကလေး တစ်ချက် ပြိုးပြက်ပြီး စွပ်ကနဲမြည်လိုက်ရုံသာ ရှိသည်။

ငါးသောင်းဟူသည်မှာ ဇင်တို့ အတန်းအစားအဖို့ လူတစ်ယောက်၏ ဘဝကို ပြောင်းလဲသွားစေနိုင်သည့် ငွေကြေးမျိုး ဖြစ်သည်။ ဇင်တို့လို မရှိဆင်းရဲသား အဖို့ ခါးပူအောင်ထိုင်ကာ ခြေတိုအောင် လမ်းလျှောက်ရှာသည့်တိုင် မရနိုင်သည့် ငွေကြေးမျိုး ဖြစ်သည်။

ဇင် အမှန်ပင် စိတ်မကောင်းနိုင်ခဲ့။

ဆင်းရဲနွမ်းပါးသော ကလေးတစ်ယောက် ရေလာကူးရင်း တွေ့သွားပါစေဟုသာ ဆုတောင်းရပါတော့သည်။

သည်ကိစ္စဖြစ်အပြီးမှာတော့ ဇင်သည် ဦးတင်မောင်သန့်၏ စိတ်ဓါတ်ကို အကဲခတ်၍ ရနိုင်စွမ်းလာသည် ထင်ပါ၏။

ခံစားလွယ်သည်။ ထိခိုက်လွယ်သည်။

ပြေပျောက်လွယ်သည်ဟူ၍တော့ မပြောရဲပါ။ အချို့သည် ခံစားလွယ်၊ ထိခိုက်လွယ်သလောက် အမှတ်သညာကြီးကြသည့် အဖြစ်ကို ဇင် မြင်ဖူးသည်။

နှမြောမိသော်လည်း ဇင့်စိတ်တွင် ဝမ်းသာရသော အကြောင်းကတော့ ရှိနေသည်။

ဇင် လောဘမကြီးသည့် အကြောင်းကို သူ သိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇင်သည် ကျွေးတိုင်းစားကာ ပေးတိုင်းယူတတ်သည့် မိန်းမစားမျိုး မဟုတ်သည်ကို သဘောပေါက်နိုင်လိမ့်မည် ထင်ပါသည်။

နောက်တစ်ခါ ပြန်တွေ့ကြတော့ ဇင်သည် သူ့ကို ဗိုလ်ချုပ်ဈေးသို့ ပို့ပေးရန် ပြောသည်။ လိုက်ပို့ပေးသည်။

ဈေးတန်း တစ်နေရာသို့ ရောက်သောအခါ ခေါက်ထီး တစ်ချောင်းကို ရွေးယူလိုက်သည်။

'ပိုက်ဆံပေးလိုက်ပါ'

ဇင်က အမိန့်ပေးသလို ပြောလိုက်ရာ သူ အံ့သြသလို ရှိသွားသည်။ ငွေထုတ်ချေလိုက်သည်။

ဇင်က လျှောက်လာရင်း ပြောလိုက်သည်။

'ဒါကို လက်ဆောင်အဖြစ် ဇင် ယူပါရစေ၊ ဇင့်အတွက် ဦးတင်မောင်သန့်ရဲ့ မွေးနေ့လက်ဆောင်ပါပဲ'

သူသည် အံ့အားသင့်သွားကာ နောက်တွင်ရပ်ပြီး ကျန်ရစ်သည်။

'သြော်...မသက်ဇင်ရယ်'

ညည်းသံ ပြုလိုက်လေသည်။

ဇင်ကိုယ်တိုင်လည်း မိမိကိုယ်မိမိ လောဘ သတ်နိုင်ခဲ့သည်ကို စိတ်ထဲက ကျိတ်၍ ကျေနပ်နေမိသည်။

× × ×



သို့ ဖြင့် ဧပြီလသို့ ရောက်လာသည်။ သင်္ကြန်ရက်များသည် နီးကပ်လာသည်။

ထိုရက်များတွင် ရန်ကုန်တစ်မြို့လုံး အလုပ်ရှုပ်နေပါတော့သည်။

သင်္ကြန်ရက် မတိုင်မီကပင် မဏ္ဍပ်တွေ ထိုးဖို့ ပြင်ဆင်နေကြသည်။ ရေပက်ခံကားအတွက် အဆင်အယင် ပြုလာကြသည်။ သံချပ်အဖွဲ့တွေ လှုပ်လှုပ်ရွရွ ရှိလာသည်။ ဆိုင်းသံ ဗုံသံကြားရစ ပြုပြီ။

ဦးတင်မောင်သန့်က မေးခဲ့သည်။

'ဒီနှစ် သင်္ကြန်မှာ မသက်ဇင် ဘာလုပ်ဖို့ စိတ်ကူးထားသလဲ ဟင်...'

'ဇင်လား...ဘာမှ စိတ်မကူးပါဘူး'

'ပျော်ပျော်ပါးပါး ရေပက်ခံထွက်ဖို့ ဖြစ်ဖြစ်၊ ဘုရားကျောင်းကန်တွေမှာ ဥပုသ်သီတင်း ဆောက်တည်ဖို့ ဖြစ်ဖြစ် စိတ်မကူးဘူးလား မသက်ဇင်'

'ဟင့်အင်း...ဇင် မြို့ကိုပြန်မယ်၊ ဟိုမှာ ကလေးတွေနဲ့ ပျော်မယ်။ နှစ်တိုင်းလဲ ဒီလိုပြန်နေကျပါပဲ'

အမှန်ပင် ဇင့်တွင် ရန်ကုန်သင်္ကြန်နှင့် ပတ်သက်၍ အတွေ့



www.burmeseclassic.com

www.burmeseclassic.com



အကြုံမရှိခဲ့။ တစ်ခါဖူးမျှ ရေပက်မခံခဲ့။

သင်္ကြန်အကြိုနေ့ ရောက်ပြီလားဆိုလျှင် ရုံးမှာ လုပ်တုန်းကတော့ နေ့လယ်တစ်နာရီ မီးရထားအမှီ ဘူတာရုံသို့ သုတ်ခြေတင်ရသည်။ သင်္ကြန်ရက်များအတွင်း အိမ်တွင်နေပြီး တစ်ခါတစ်ရံ မေမေနှင့်အတူ ဥပုသ်စောင့်သည်။ အများအားဖြင့်တော့ ကလေးတွေနှင့်အတူနေသည်။

နှစ်ဆန်းတစ်ရက်နေ့လွန်မှ အလုပ်ခွင်သို့ ပြန်လာမြဲ။

'ဒီနှစ်တော့ တစ်ခုခုလုပ်ပါလား မသက်ဇင်'

'ရှင်...ဇင် ဘာလုပ်ရမှာလဲ'

'ရေပက်ခံ ထွက်ကြရအောင်ပါ'

'အို...ကြာသားမိုကြိုး ရှင်၊ ဒီအရွယ်ကြီးတွေ ကျမှ'

'ခက်ပါလား မသက်ဇင်ရယ်၊ ဒီအရွယ်ကြီးတွေ ဆိုရလောက်အောင် မသက်ဇင်က အသက်ဘယ်လောက်များ ကြီးသေးလို့လဲ၊ သီကြားမင်းက ဒီအရွယ်မှာ ရေမကစားရဘူးလို့ စည်းကမ်းချက်ထုတ်မထားပါဘူး'

'ဘာပဲပြောပြောလေ၊ ရေကစားတယ်ဆိုတာ လူငယ် လူရွယ်တွေ လုပ်တဲ့အလုပ်ပဲ။ ပြီးတော့ ရန်ကုန်သင်္ကြန်ဆိုတာကလဲ ရေကစားတာ သိပ်ကြမ်းသတဲ့၊ ကြားဖူးထားတယ်'

'မသက်ဇင်မှာ သင်္ကြန်အတွေ့အကြုံ ရှိခဲ့ဖူးသလား'

'ဟင့်အင်း'

'ဒါဆိုရင်လဲ အတွေ့အကြုံသစ်တစ်ခု ရတာပေါ့'

'ဇင်လေ...'

'ဇင်တွေ, ဇက်တွေ လုပ်မနေပါနဲ့တော့လေ၊ သင်္ကြန် အကျနေ့မှာ လည်ကြရအောင်၊ ကျွန်တော် စီစဉ်ထားလိုက်မယ်'





သည် အစီအစဉ်ကို ဇင်ကိုယ်တိုင်က သဘောမတူချင်လှပေမယ့် ကြိုက်နှစ်သက်သည့်ဘက်က မဲများနေသည်။ ဇင်က အဆောင်မှာ ပြန်တိုင်ပင်ကြည့်သောအခါ အလွန် အေးအေးဆေးဆေး နေတတ်လေ့ရှိသည့် နော်ရာကအစ ရေကစားထွက်ရန် သဘောတူ လက်ခံသည်။ အခြား အဖွဲ့ဝင် သုံးဦးတိုးလာသည်။

'ဒီအစီအစဉ် ဖြစ်မြောက်အောင် လုပ်ပါ၊ နော်ရာတို့လဲပါမယ်။ နော်ရာက သင်္ကြန်ရေ တစ်နှစ်မထိရင် တစ်သက်လောက်စိတ်မကောင်းဖြစ်ရတာ ဇင်ရဲ့'

ပြောမည့်သာ ပြောရသည် ဇင် ကိုယ်တိုင်သည်လည်း ရန်ကုန်သင်္ကြန်၏ အတွေ့အကြုံကို တစ်ကြိမ်တစ်ခါ ဆိုသလိုတော့ ခံစား ကြည့်ဖူးချင်သည်။

သည်လိုနှင့် သင်္ကြန်အကျနေ့မှာ ဇင်တို့ ရေကစားဖြစ်ခဲ့ကြသည် ဆိုပါစို့။

ဇင်ရယ်၊ နော်ရာရယ်၊ အဆောင်က မိန်းကလေး သုံးယောက်ရယ် ပါဝင်သည်။ ဦးတင်မောင်သန့်တို့ဘက်က ပဒေသရာဇာ အလုပ်တိုက်မှ မျက်နှာသိ သုံးဦးပါလာသည်။ လင့်ဒ်ရိုဗာကားကို ဦးတင်မောင်သန့် ကိုယ်တိုင်မောင်းသည်။

နံနက်ပိုင်းတွင် မြို့တွင်း၊ ရန်ကင်း၊ ကျောက်မြောင်း၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်ဘက်သို့ လှည့်သည်။ ဆယ့်တစ်နာရီလောက်ကျတော့ နားကာ ဒန်ပေါက်ဝယ်ပြီး ကန်တော်ကြီးမှာ နံနက်စာ စားကြသည်။

ရန်ကုန် သင်္ကြန်သည် ဇင့်အဖို့ ပထမဆုံး အတွေ့အကြုံဖြစ်သည်နှင့်အမျှ ကြောက်ရွံ့ ထိပ်လန့်၍လည်း သွားရပါတော့သည်။ ရေပတ်ကြမ်းသည်။ နှုတ်သရမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေပက်မဏ္ဍပ်တစ်ခုသို့ ရောက်တော့မည့် အခါတိုင်းမှာ ဇင် ရင်တုန်ရသည်။ သည်အခါတွင် ဦးတင်မောင်သန့်၏ ယုယထွေးပွေ့မှုများသည် လိုလားတောင့်တဖွယ်ရာ ဖြစ်လာသည်။ အားကိုးအားထားစရာ ဖြစ်လာသည်။

သူ၏ ရင်ခွင်ကျယ်သည် ဇင့်အဖို့ ခိုကိုးဖွယ်ရာပင်။ သူ၏ ထွေးဖက်ထားသော သန့်မာသည့် လက်များအကြားမှာ လုံခြုံမှု ရနေသည်ဟု အထင်ရှိသည်။

အမှန်ကို ဝန်ခံရမည်ဆိုလျှင် သူနှင့် ပတ်သက်သည့် ရင်ခုန်နွေးရမှုသည် သည်ကာလများ၌ စတင်ခဲ့ပေသည်။

ညနေပိုင်းရောက်တော့ ကြည့်မြင်တိုင်၊ မြေနီကုန်း၊ စမ်းချောင်းဘက်သို့ ရောက်သည်။

ရေပက်အကြမ်းဆုံး၊ ပျိုဖြူချောတွေ အများဆုံး၊ မဏ္ဍပ်တွေ တန်းစီနေရာ ရှမ်းလမ်းမှာ ဇင်တို့ ရေရေလည်လည် အပက်ခံခဲ့ရသည်။ ကြွက်စုတ် ရေနှစ်သလို ဖြစ်နေတော့သည်။ ရှမ်းလမ်းမှ ထွက်လေသောအခါ အသက်ရှူ မွန်းကျပ်နေတော့သည်။

နောက်ဆုံး အနေနှင့် ဇင်တို့ကို အင်းလျားသို့ ပို့ပေးသည်။

နေဝင်လုဆဲ ကာလ၊ ဆည်းဆာချိန်ကလေးမှာ ဖြစ်သည်။

'ဘယ့်နှယ်လဲ မသက်ဇင်၊ မနက်ဖြန် ထွက်ကြဦးမှလား'

'အမလေး၊ တော်ပါပြီနော်၊ ကြောက်ပါပြီ။ အခုတောင် ကံကောင်းလို့ အသက်နဲ့ကိုယ် မြဲနေတာပါ'

နော်ရာက 'ဘာ အခုမှ ကြောက်ပါပြီလဲ...' စသည်ဖြင့် နောက်နေသည်။

အင်းလျားရေသည် နွေးနေသည်။

ဦးတင်မောင်သန့်တို့က သစ်မြစ်ဆုံ တစ်ခုမှာ အရက်ဝိုင်း





ဖွဲ့ခိုက် ဇင်တို့ အမျိုးသမီးတစ်သိုက် ရေထဲသို့ ဆင်းကြသည်။ အချင်းချင်း သကြီန်ကျလိုက်ကြသေးသည်။ ကန်ရေနှင့် တစ်ယောက်ကို တစ်ယောက် ပက်ကစားကြသေးသည်။ ရေထဲမှာ လိုက်တမ်းပြေးတမ်း ကစားကြသည်။

ဇင်သည် ထိုကာလ၌ မိမိ၏ အသက်အရွယ်ကိုလည်း မေ့သည်။ ဘဝကိုလည်း မေ့သည်။ ပူပင်ကြောင့်ကြမှန်သမျှကို မေ့သည်။ အိုး....ပီတိ ဆယ်ကျော်သက်လို ပျော်လိုက်သည့်ဖြစ်ခြင်း။

ဇင်သည် ရေထဲမှနေ၍ နောက်ဆုံးမှ တက်လာသည်။ အဖော်များက ကက်သွားနှင့်သည်။

ဇင် ရေထဲမှ တက်လာသည်ကို ဦးတင်မောင်သန့်သည် သစ်မြစ်ဆုံမှာ ထိုင်ကာ ငေးကြည့်နေသည်။

ကြည့်ပါဦး....။

သည်ကာလမှာ ဇင် ဘယ်လောက်များ လှနေပါလိမ့်။

ရေပက်ခံထွက်သည့် အတွေ့အကြုံမရှိခဲ့သော ဇင်သည် ထူထဲသော အဝတ်များကို ဝတ်ဆင်ရန် သတိမရခဲ့ပေ။ ဇင်၏ကိုယ်မှာ ပါးလွှာသော အဝတ်များသာ ပါလာခဲ့သည်။ အဝတ်များက ရေစိုထားသည်။ အသားနှင့်ကပ်ကာ ချပ်ရပ်နေသည်။ ဇင်၏ ကိုယ်ခန္ဓာ အချိုးအဆက်ကို အရင်းတိုင်း ဖော်ပြနေသယောင် ထင်ရသည်။

ယခုအခါတွင် ကျန်းမာသန်စွမ်းကာ ပျော်ရွှင်ချမ်းမြေ့လျက် ရှိရပြီဖြစ်သော ဇင်သည် ကိုယ် အလေးချိန် တိုးလာခဲ့သည်။ အလွန်အမင်း ဝရွဲခြင်း ရှိမလာစေရန် အစဉ်လို ကိရိယာလွတ် လေ့ကျင့်ခန်းများ ယူခဲ့သည်။

သို့ဖြစ်၍လည်း ဇင်၏ အသားစိုင်တို့သည် ကျစ်လျစ်



www.burmeseclassic.com

www.burmeseclassic.com



မာကျောခြင်း ရှိသည်။ အချိုးအစား ပြေပြစ်ခြင်းရှိသည်။

ဇင်၏ လက်မောင်းအိုးတို့သည် ဝါဝင်းချောပြေနေသည်။ လည်တိုင်မှသည် ရင်ညွန့်မှာ ဝင်းမွတ်ညက်စင်နေသည်။ ရင်မှာ ထွားဝင့် ပြည့်တင်းသည်။ ခါးက သေးကျဉ်ကာ တင်ဆုံသည် ဝိုင်းစက်အိထွေးနေသည်။ ရှည်လျားသန်မာသော ပေါင်တံနှင့် တုတ်ခဲသော သလုံးသားများမှာ စကားဝါသွေးလို နုညက်ဝင်းဝါနေသည်။

ဆည်းဆာရောင်ကြွင်းကလည်း ဇင်၏ကိုယ်ကို ရွှေရည်ဆမ်းထားသလို ဖြစ်သည်။ ရေစိုထားသော ဆံပင်သည်ပင် ရွှေရောင်လှိုင်းတွန့်ကလေးတွေ ပြေးနေသည်။

သည်ကာလမျိုးမှာ ဘယ်သူက ဇင့်ကို လက်ထပ်ဖူးပါသည် ပြောမလဲ။

ကလေးနှစ်ယောက် မိခင်ဆိုတာ ဘယ်သူက ယုံမလဲ။

အို…လှလိုက်တဲ့ ဇင်ရယ်…။

ဦးတင်မောင်သန့်သည် သက်ပြင်းတစ်ချက်ကို ကျိတ်၍ ရှိုက်လိုက်လေသည်။

အစသော် ဇင်သည် သဲပြင်ပေါ်သို့ လွတ်လပ်စွာ ပြေးတက်လာခဲ့သည်။ ဦးတင်မောင်သန့်၏ ရဲရဲစူးစူး အကြည့်ကို မြင်ရမှပင် ကိုယ်ရှိန် သတ်လိုက်ရသည်။

ဇင်၏ရင်ဝယ် ရှိန်းမြသောအာရုံနှင့် မဝံ့မရဲသော စိတ်ဓာတ်များ ဝင်လာသည်။ ရင်ကို လက်နှစ်ဘက်နှင့် ယှက်သိုင်းလိုက်ကာ ကားဆီသို့ ကျွန်းရရ လျှောက်လာခဲ့သည်။

သည်က ပြီးလျှင်တော့ ဇင်တို့ အဆောင်သို့ ပြန်ကြသည်။ ယောကျ်ားဖော်များကို ပို့ပြီးမှ ဖြစ်သည်။

အခြားသူများ အဆောင်အတွင်း ဝင်ရောက်သွားကြသော





အခါ ဇင်သည် ဦးတင်မောင်သန့်အား နှုတ်ဆက်ဖို့ ကားအနီးမှာ ရပ်ပြီး ကျန်ရစ်သည်။

'ပျော်ရဲ့လား မသက်ဇင်'

ဦးတင်မောင်သန့်၏ အမေး။

'ပျော်ပါတယ်'

'မသက်ဇင် ပျော်တယ်ဆိုလို့ ကျွန်တော် ဝမ်းသာပါတယ်'

'ကျေးဇူးတင်ပါတယ်လို့ အားလုံးရဲ့ကိုယ်စား ဇင်ကပဲ ပြောပါရစေ'

'နောက်နေ့တွေမှာကော လည်ချင်သေးသလား မသက်ဇင်'

'တော်လောက်ပြီ ထင်ပါရဲ့၊ ဒီကနေ့ ရေစိုပြီး နေလောင်ထားတဲ့ အသားတွေကို ပင်ကိုအသားအတိုင်း ပြန်ဖြစ်အောင် ခုနစ်ရက်လောက် မွေးယူရဦးမယ်လေ'

ဇင်က ရယ်ရင်း ပြောလိုက်သည်။

ဦးတင်မောင်သန့်သည် ဇင့်ကို စူးစိုက်ကြည့်နေသည်။

'ဇင်'

ပထမဆုံးအကြိမ် အဖြစ် ဇင်၏ အမည်ကို အဖျားဆွတ်ခေါ်သည်။

ဇင့်မှာ ဆန်းကြယ်သလို ရှိသွားရသည်။

'ဇင်ဒီကနေ့ သိပ်လှတာပဲ။ ဆည်းဆာရိပ်အောက်က ဇင့်အလှကို ကျွန်တော်တစ်သက် မေ့ပျောက်ပစ်လို့ ရနိုင်တော့မယ် မထင်ဘူးဗျာ'

ဇင်သည် သူ၏ တိုက်ရိုက်ကျလွန်းသော အလှဖွဲ့စကားကြောင့် ရှက်ရွံ့သွားသလိုရှိကာ မျက်နှာကို ငုံ့လိုက်မိသည်။ မျက်လွှာကို ချထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဇင် အေးနေပြီ အဆောင်ထဲ ဝင်တော့မယ်နော်'

'ကောင်းပါပြီ ကျွန်တော်လဲ ပြန်ပါတော့မယ်'

သူ၏ကားး ထွက်သွားစဉ် ဇင် အဆောင်ထဲ ဝင်ခဲ့သည်။

မောမောပန်းပန်းနှင့် အိပ်ပျော်မသွားမီကာလ၌ ဇင့်အဖို့ အတွေးများ နက်ရှိုင်းခဲ့ရသည်။

ဦးတင်မောင်သန့်၏ အလေးအနက်ရှိမှုများသည် ဇင့်ထံ ကူးစက်လာပြီထင်သည်။ ဇင်ကိုယ်တိုင် သူနှင့်ပတ်သက်၍ အလေးအနက် တွေးရပါပြီ။

သူသည် ဇင့်ကို နှစ်သက်ခြင်း ပြင်းစွာဖြစ်နေရပြီ ဆိုခြင်းမှာ ယုံမှားစရာ မရှိပါ။ ဆန္ဒစောကာ စိတ်ဓာတ်ပြင်းပြလာသည့် အဖြစ်မှာ ဖုံးကွယ်ထား၍ မရနိုင်တော့ပါ။

သို့ပေမယ့် အခက်သားကလား။

သူက လူလွတ်မဟုတ်။ ဇနီးရှိသည်။ သမီးရှိသည်။

အကယ်၍ သူသာ လူလွတ်တစ်ယောက်ဖြစ်ခဲ့လျှင် ဇင့်စိတ်မှာ အဘယ်သို့ရှိမည်နည်း။ ဇနီးလက်ရှိမဟုတ်သည့် တစ်ခုလပ် တစ်ယောက်၊ သို့မဟုတ် မုဆိုးဖိုတစ်ယောက်၊ သို့မဟုတ် လူပျိုကြီး တစ်ဦးဆိုလျှင် ဇင် ယခုလောက် တင်းမာနိုင်ပါမည်လား။

ဇင်သည် မောင်နှင့်က လွဲလျှင်တော့ မဆွတ်ခင်က ညွတ်ချင်သည့် မိန်းမစားမျိုး မဟုတ်ခဲ့သည်မှာ အမှန်ပင်။ ယခင်က ချစ်ခဲ့ဖူးသည် ဆိုသည်မှာလည်း တစ်ဘက်က အလွန် ထက်ထက်သန်သန်ကြီး ရှိလွန်းသောကြောင့် ဖြစ်သည်။ ဇင့်အနေနှင့် မရှောင်ကွင်းနိုင်လောက်အောင် တန်းတန်းစွဲနေသောကြောင့် ဖြစ်သည်။

တစ်ခါတစ်ရံတော့လည်း ဦးတင်မောင်သန့်ကို လူလွတ်တစ်ယောက်သာ ဖြစ်လိုက်ပါတော့ဟု ဆုတောင်းချင်ချင် ဖြစ်သည်။





သည်အခါမျိုးမှာဆိုလျှင် ဇင် စိတ်လွတ်ကိုယ်လွတ် ပျော်ပစ်လိုက်မည်လား။

မိမိကိုယ်တိုင်က မိမိချစ်သူကို အလုယူခံထားလိုက်ရသူ ဖြစ်နေခြင်းကလည်း ဇင့်အတွက် တစ်မှောင့်။ အနည်းဆုံး ကိုယ်ချင်းစာ တရားကလေးတော့ မွေးဖို့ ကောင်းပေသပေါ့။ ကိုယ်ခံစားခဲ့ရသလို တစ်ပါးသူကို ခံစားစေဖို့တော့ မကောင်း။ အမြီးပြတ်သော မြေခွေးလို အခြားမြေခွေးများကို အမြီးပြတ်စေလိုသော ဆန္ဒမျိုး ဇင့်မှာ မရှိ။ အနည်းဆုံး မိန်းမချင်း ကိုယ်ချင်းစာသင့်သည်ကိုတော့ ဇင်သဘောပေါက်နေမိလေသည်။

နောက်တနေ့ကျတော့ ဇင် မနက်စောစောမှာပင် မြို့သို့ ပြန်လာခဲ့သည်။

သင်္ကြန်အကြိုနေ့တိုင်း ပြန်လာနေကျဖြစ်ပါလျက် သည်တစ်ခါ အိမ်ပြန်နောက်ကျသည့်အတွက် မေမေက စုံစမ်းမှု ပြုခဲ့သေးသည်။ အလုပ်တွေ မပြတ်သေးလို့ပါဟု အကြောင်းပြရသည်။

ဩော်...တစ်ကြိမ်တစ်ခါမျှ မလိမ်ညာဖူးသော မေမေ့ကိုပင် လိမ်ညာဖူးပါပကော။

သူတကာတို့ ပျော်ရွှင်မြူးတူးနေကြသောသင်္ကြန်ရက်များတွင် ဇင် ငေးငိုင်နေရလေသည်။

ဦးတင်မောင်သန့်အကြောင်း မေမေ့ကို ဖွင့်ပြောရန် သင့်မသင့် ချင့်ချိန်နေမိသည်။ ဖွင့်ပြောသင့်သည်ဟုတော့ ထင်သည်။ စင်စစ် သည်ကမ္ဘာမှာ ဇင့်အဖို့ တိုင်ပင်ဖော် တိုင်ပင်ဘက် ဟူ၍လည်း မေမေတစ်ယောက်သာ ရှိသည်မဟုတ်လား။ တိုးတိုးဖော် ဟူသည်မှာ မေမေပဲ မဟုတ်ပါလား။

သို့ဖြင့်....



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆန်းတစ်ရက်နေ့ညမှာတော့ မေမေ့ကို ဦးတင်မောင်သန့် အကြောင်း ဖွင့်ပြောမိသည်။ သားအမိနှစ်ယောက် သန်းခေါင်တိုင်အောင် ဆွေးနွေးဖြစ်သည်။ ဇင့်နှယ်ပင် မေမေကိုယ်တိုင်သည်လည်း ဦးတင်မောင်သန့်၏ မလွတ်လပ်သည့် အဖြစ်ကို ဘဝင်မကျနိုင်အောင် ရှိနေရသည်။

နှစ်ဆန်းနှစ်ရက်နေ့မှာ ဇင် ရန်ကုန်သို့ ပြန်လာသည်။ ဝါဏိဇ္ဇသို့ အလုပ်ဝင်သည်။

ဇင် ပထမဆုံးကြားရသည့် တယ်လီဖုန်းမှာ ဦးတင်မောင်သန့်ထံမှ ဖြစ်သည်။

'ဇင် ကတော့ မြို့မှာ ပျော်ပျော်ပျော်ခဲ့မှာပေါ့နော်'

'ပျော်တယ်လဲမဟုတ်ပါဘူး ဦးတင်မောင်သန့်ရယ်'

'ကိုယ်တော့ အခါရက်တွေအတွင်းမှာ ဇင့်ကိုပဲ သတိရနေမိတယ်၊ သကြ်န်အကျနေ့မှာ ပျော်ခဲ့ရသလောက် နောက်ရက်တွေမှာ-တော့ လွမ်းနေရတယ်ဗျာ'

'ဇင်လဲ သကြ်န် အကျနေ့ကို သတိရနေခဲ့ပါတယ်၊ မေမေနဲ့တောင် ဦးတင်မောင်သန့်အကြောင်း ပြောကြရသေးတယ်'

'ဟုတ်လား၊ ကျွန်တော့်အကြောင်း ပြောနေကြတယ်လား'

'ဟုတ်ပါတယ်၊ မေမေက ဦးတင်မောင်သန့်ကို မြင်ဖူးချင်နေတယ်'

'တစ်နေ့လောက် ဇင်ရောကိုယ်ပါ အလည်သွားကြရအောင်ပါ။ ကိုယ်ကလဲ ဇင်ရဲ့မေမေ၊ အဲ...ဇင်ရဲ့မေမေနဲ့ ကလေးတွေကို တွေ့ချင်နေပါတယ်'

သူက မေမေနှင့် ကလေးများအပေါ် သံယောဇဉ် ရှိသလို ပြောသံကြားရတော့လည်း ဇင် ဝမ်းသာမိသည်။





'ကိုယ်တို့ တွေ့ကြရအောင်လား'

'ဘယ်တော့လဲ'

'မနက်ဖြန်'

'ကောင်းသားပဲ မနက်ဖြန်မှာ တွေ့ကြမယ်လေ'

နောက်တစ်နေ့ညနေတွင် ဝါဏိဇ္ဇသို့ ဦးတင်မောင်သန့်ရောက်လာသည်။

သည်တစ်ခါမှာတော့ 'ဘဲန်းဘူးဟောက်စ်' ခေါ် 'ဝါးရိပ်သာ' သို့ ခေါ်သွားသည်။ 'ဝါးရိပ်သာ' မှာ အမည်နှင့်လိုက်ဖက်စွာ ဝါးချည်းသက်သက်ဖြင့် ဆောက်လုပ်ထားသော ပျော်ပွဲစားရုံတစ်ခုဖြစ်သည်။

ဇင်တို့ ဝရံတာတွင်ရှိသော စားပွဲမှာ နေရာယူသည်။ စားသောက်ဖွယ်ရာများ မှာကြားထားစဉ် ဇင်တို့ စကားများများ မပြောဖြစ်ဘဲ အတွေးနှင့် ငြိမ်နေမိကြသည်။

'ဇင်ရယ်' ဟု သက်ပြင်းရှိုက်ရင်း စကား စလာသူက ဦးတင်မောင်သန့်။ 'တကယ်လို့ ကိုယ်သာ သိဝိမင်းဆိုရင် အခုလောက်ရှိ ရူးနေပြီ ဇင်'

'ဘာအတွက်ပါလိမ့် ရှင်'

'ဇင့်ကို နှစ်ဆယ့်လေးနာရီ လုံးလုံး သတိရနေမိတယ်။ ခေတ်ဟောင်းသီချင်း ဓာတ်ပြားထဲကလိုပဲ။ စွဲမိပါပေါ့ခင်ရယ်။ ထမင်းတောင် အိပ်မပျော်နိုင်တော့တယ်....ဆိုတာလို ဖြစ်နေမိပြီ'ဇင်'

ဇင်သည် ဦးတင်မောင်သန့်ကို မကြည့်ဘဲ မိမိ၏ ကမာခွံလိုဖွေးနုနေသည့် လက်သည်းကလေးများကို စိုက်ကြည့်နေသည်။

'ဇင် ဒီကနေ့ ဦးတင်မောင်သန့်နဲ့ လာတွေ့တာ ဆုံးဖြတ်ချက် တစ်ခုကြောင့်ပဲ'



www.burmeseclassic.com

www.burmeseclassic.com

'ဘယ်လို ဆုံးဖြတ်ချက်လဲ ဇင်'

'ဒီကနေ့ဟာ ဦးတင်မောင်သန့်နဲ့ နောက်ဆုံး တွေ့ခြင်းပဲ ဆိုတဲ့ ဆုံးဖြတ်ချက်ပါ'

ဦးတင်မောင်သန့်သည် အံ့အားသင့်သလို ငြိမ်သက်သွားလေသည်။

'ဘာအတွက်ကြောင့်လဲ ဇင်ရယ်'

မေးလာသည့်အသံက ပျော့ညံ့လှသည်။

'ဇင်တို့အဖြစ်ဟာ ရှေ့ဆက်ဖို့ မကောင်းတော့ဘူး ထင်လို့ပါ။ လူလဲ သာစုမခေါ်၊ နတ်လဲ နှစ်သက်မှာ မဟုတ်တဲ့ လုပ်ရပ်တွေကို ရပ်တန်းက ရပ်ကြဖို့ ကောင်းပြီထင်ပါရဲ့ ရှင်'

'ဇင် ဘာကို ဆိုလိုတာလဲ'

'ဇင်တို့ လမ်းခွဲကြဖို့ သင့်ပြီ၊ သံယောဇဉ်ဆိုတာ အတွယ်တာ မလွန်ခင်မှာ ဖြတ်ကြတာ ကောင်းပါတယ်။ နို့မဟုတ်ရင် အားလုံးအတွက် ခက်ကုန်ကြလိမ့်မယ်'

'ဇင် ကိုယ့်အပေါ်မှာ သံယောဇဉ်တော့ရှိလာပြီပေါ့နော်'

'ဒါကြောင့် လမ်းခွဲဖို့ ဆုံးဖြတ်ရတာပါ။ ဇင်တို့ ဒီထက် စောစောက တွေ့ခဲ့ကြရင် သိပ်ကောင်းမှာပဲ။ ဘာဖြစ်လို့ ဦးတင်မောင်သန့်က ဇင့်ထက် အသက်ဆယ်နှစ်လောက် ပိုကြီးနေခဲ့ရတာလဲ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ဇင်တို့ ဘာကြောင့် မတွေ့ခဲ့ကြတာလဲ'

'မေမေကြောင့်ပေါ့။ မေမေက စောမွေးပေးခဲ့လို့ပေါ့'

ပြောရင်းက ရယ်လိုက်သည်။

'ဇင်က ဆုံးဖြတ်ချက်နဲ့လာသလို၊ ကိုယ်ကလဲ ဆုံးဖြတ်ချက်နဲ့ပါ။ အဲဒါကတော့ ကိုယ်နဲ့ သူနဲ့ ကိုယ့်လမ်း ကိုယ်သွားကြဖို့ ဆုံးဖြတ်ခဲ့ကြပြီဆိုတာ ဇင့်ကို ပြောမလို့ပါ'





'သူ ဆိုတာက'

'သူ ဆိုတာက ကိုယ့်ဇနီး၊ ခင်မေမြိုင်တဲ့'

ဇင်သည် 'ခင်မေမြိုင်'ဆိုသောအမည်ကို စိတ်ထဲမှာ ပဲ့တင်ထပ်ကြည့်နေမိသည်။

'ကိုယ့်လမ်း ကိုယ်သွားဖို့ဆိုတာက ကွာရှင်းပြတ်စဲကြတော့မယ့်သဘောလား'

'ဒါပဲပေါ့ ဇင်'

'ဒီမှာ ဇင်ဟာ တရားခံအဖြစ်တော့ မခံယူချင်ပါဘူး။ ဇင်နဲ့ ဘယ်လိုမှတော့ မပတ်သက်လိုက်ပါနဲ့နော်'

'ဇင့်ကြောင့် မဟုတ်ပါဘူး။ ကိုယ်တို့အဖြစ်က ကြာပြီလေ။ ပြတ်စဲဖို့ ကောင်းခဲ့တာ ကြာပြီ။ အခုတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်ခဲ့ပြီ ဇင်'

'သူကကော သဘောတူသလား'

'ပြောပါပကော ကိုယ်တို့ အိမ်ထောင်ရေးဟာ သေနေတာ ကြာပါပြီလို့။ ဇင် သိထားရအောင် ကိုယ့်အကြောင်းအနည်းအပါး ပြောပြထားရဦးမယ်။ ကိုယ်ဟာ ငယ်ငယ်က ဆင်းရဲတယ်၊ ပညာကို ချို့ချို့တဲ့တဲ့ သင်ခဲ့ရတယ်။ ဒီမှာ အထောက်အကူပြုကြတဲ့သူတွေက မြိုင်တို့ ဖေဖေနဲ့ မေမေပဲ။ အခုလို လူတစ်လုံးသူတစ်လုံး ဖြစ်လာရတာဟာ မြိုင်တို့ရဲ့ ကျေးဇူးတွေ မကင်းဘူးဆိုတာ ကိုယ်မငြင်းပါဘူး။ ကျေးဇူးတရားကို စောင့်သိတဲ့အနေနဲ့ ကိုယ်ဟာ မြိုင့်ကို ယူခဲ့ရတယ်၊ လက်ထပ်ခဲ့ရတယ်၊ သမီးတစ်ယောက် ရခဲ့တယ်။ ညိုမြာသန့်လို့ နာမည်ပေးထားတယ်။ သမီး မွေးပြီးတဲ့ နောက်ပိုင်းကတည်းက ကိုယ်တို့ အိမ်ထောင်ဟာ သာယာမှု ကင်းခဲ့တယ်။ တစ်နေ့မှာ ပေါက်ကွဲမယ်ဆိုတာသိခဲ့ပါတယ်။ သမီးရဲ့ မျက်နှာကို ထောက်ထား


www.burmeseclassic.com

www.burmeseclassic.com

ပြီး ကိုယ်တို့ရဲ့ အိမ်ထောင်သက် ရှည်ခဲ့တာပဲ'

'ဒေါ်ခင်မေမြိုင်ကို ဦးတင်မောင်သန့် မနှစ်သက်ဘဲ ယူခဲ့ရတယ်လို့ ဆိုလိုတာလား'

'ပွင့်ပွင့်လင်းလင်း ပြောရရင် လက်ထပ်စ အချိန်ပိုင်းတွေတုန်းကတော့ ပျော်ခဲ့ကြပါတယ်။ နှစ်သက်တယ်၊ မနှစ်သက်ဘူး ဆိုတာက အကြောင်း မဟုတ်ခဲ့ပါဘူး။ ဒီဘက်ပိုင်းကျမှ ပြဿနာတွေ များလာခဲ့ရတာ ဆိုပါတော့'

ဇင်သည် တွေတွေကလေး ငေးနေမိသည်။ ဘာမျှတော့ ပြန်မပြောဖြစ်။

ဦးတင်မောင်သန့်က စကားဆက်သည်။

'တစ်နေ့ကျရင် ဇင်နဲ့ သမီးကို ဆုံပေးရဦးမယ်။ သမီးက သူ့အမေလို မဟုတ်ဘူး၊ သဘောတရားပြည့်တယ်၊ နားလည်မှု ရှိတယ်။ ကိုယ်တို့ အိမ်ထောင်ရေး မပြေလည်တာကိုလဲ ရိပ်စားမိနေပါတယ်။ ကိုယ်တို့ လမ်းခွဲကြတာ့ကိုလဲ သဘောတူမှာပါ'

'ခက်တယ် ဦးတင်မောင်သန့်ရယ်၊ ဇင်တော့ ဘာပြောရမယ် မှန်းတောင် မသိတော့ပါဘူး။ ပြဿနာတွေဟာ ဇင့်ကြောင့် မဟုတ်ပါစေနဲ့လို့သာ ဆုတောင်းရတော့မှာပဲ'

သည်ကနေ့ ဇင့် အတွေးများ ရှုပ်ထွေးနေသည်။ ဦးတင်မောင်သန့်မှာပေးသော အဖိုးတန် အစားအစာတွေကိုပင် မြိုမကျချင်အောင် ဖြစ်နေမိသည်။

'ဦးတင်မောင်သန့်တို့ ပေါင်းကြတာ၊ ကွဲကွာကြတာတွေဟာ ဇင်နဲ့ ဘာမှမဆိုင်ဘူး၊ ဘာမှလဲ စိတ်မဝင်စားချင်ဘူး။ ဇင့်အနေနဲ့ကတော့ ဘယ်မိသားစုမှ မကွဲကွာစေချင်ဘူး၊ အိမ်ထောင်စုတိုင်း သာယာစေချင်တယ်။ မိသားစုတိုင်း ချမ်းမြေ့ စေချင်တယ်၊ ဒီသဘော





ထားပဲ ရှိတယ်'

'ဇင့်ကို ကိုယ်တို့က တရားခံအဖြစ် ဆွဲမထည့်ပါဘူး၊ ဒီပြဿနာက ကိုယ်တို့ မိသားစုရဲ့ ပြဿနာပါ။ ဇင်နဲ့ မတွေ့ရသေးခင်ကတည်းက စခဲ့တာပါ။ ဇင် ဘာမှ ကြောက်လန့်နေစရာ မလိုပါဘူး'

'ဒါဆိုရင်လဲ ကောင်းပါလေရဲ့ရှင်။ စောစောက စကားကို ပြန်ကောက်ရအောင်၊ ဇင် စောစောက ပြောခဲ့တယ်နော် ဒီနေ့ဟာ ဇင်နဲ့ ဦးတင်မောင်သန့်တို့ရဲ့ နောက်ဆုံးနေ့ပဲ၊ ဒီတစ်ခါတွေ့တာဟာ နောက်ဆုံးတွေ့တာပဲ'

'သံယောဇဉ် ဖြတ်လိုက်တော့မယ်လား ဇင်ရယ်'

'ဇင် အတည်ပြောနေတာ ဦးတင်မောင်သန့်'

'ဇင်က ဖြတ်နိုင်ပေမယ့် ဒီက မဖြတ်နိုင်ဘူးဗျာ။ ဒီနေ့လဲ တွေ့မယ်၊ မနက်ဖြန်လဲ တွေ့မယ်၊ နောက် မနက်ဖြန်တွေမှာလဲ တွေ့ရမှာပဲ'

'ခက်ပါလား ဦးတင်မောင်သန့်ရယ်၊ ဇင်တော့ စိတ်ညစ်လာပြီ'

'ဘာများ စိတ်ညစ်စရာရှိသလဲ ဇင်၊ ကိုယ်နဲ့ တွေ့ကြုံရတာ မပျော်ဘူးလား ဟင်'

'ရှေ့ပိုင်းတုန်းကတော့ ပျော်စရာ အကောင်းသားပါပဲ၊ ရိုးရိုးသားသား အေးအေးဆေးဆေး ရှိကြတုန်းကလေ။ အခုတော့ ဇင် မပျော်နိုင်ကော့ဘူး ဦးတင်မောင်သန့်'

'ကိုယ်ဟာ ဇင့်အတွက် အနှောင့်အယှက်ကြီး တစ်ခု ဖြစ်နေသလား'

'မပြောတတ်ဘူး၊ ဒီရက်တွေမှာ ဇင် မပျော်နိုင်တာတော့

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ'

'ကောင်းပါပြီ ဇင်၊ ဒီလိုဆိုရင်လဲ ဒီကနေ့ညကို နောက်ဆုံးလို့သာ သတ်မှတ်လိုက်ကြပါစို့ ဟုတ်လား'

သူက စိတ်ထိခိုက်မိဟန်ဖြင့် ပြောလိုက်ပြန်တော့လည်း ဇင်၏ ရင်မှာ မကောင်းနိုင်ပြန်။ သူ၏ မှိုင်တွေကျသွားသော မျက်နှာကို ကြည့်ကာ ဇင့် ရင်ထဲမှာ ကြေကွဲသလို ဖြစ်လာမိသည်။

'အဲဒီလို သတ်မှတ်လိုက်ကြတာဟာ ဇင်တို့အဖို့ အကောင်းဆုံးနေမှာပါ'

ဇင်၏ လေသံသည်ပင် တိမ်ဝင်ဆို့နင့်နေသည်။

သို့ပေမယ့် ဇင်စိတ်ကို တင်းပါသည်။ သည်တစ်ခါ မာနိုင်အောင် ကြိုးစားမည်။ စိတ်ကို တင်းမည်။

စင်စစ် ဇင့် အသည်းနှလုံးက သံတွေသံခဲသဖွယ် မမာစေကာမူ အခြေအနေက မမာလို့ မရတော့ဘူး မဟုတ်လား။ မတင်းလို့ မဖြစ်တော့ဘူး မဟုတ်လား။ ပြန်တွေးကြည့် မည်ဆိုလျှင် မောင်နှင့်တုန်းကလည်း ဇင်မပျော့ခဲ့။ ကိုယ့်ဘက်က ရှုံးရသည် ဆိုစေကာမူ မာမာနှင့် အရှုံးခံခဲ့သည်။

မြင့်ထွန်းဦးနှင့်တုန်းကလည်း မာမာပါပဲ။ ကိုယ်ကောင်းမြင့်နှင့် တုန်းက ဆိုလျှင်တော့ ပြောစရာမရှိ။

ဇင်တို့ အစားအသောက်ဝိုင်းကို တိတ်ဆိတ်စွာ သိမ်းခဲ့ကြသည်။ အဆောင်သို့ အပြန်ခရီးတွင်လည်း ငြိမ်သက်နေကြသည်။

အဆောင်ရှေ့မှ ကားရပ်တော့ ဇင်သည် တိုးတိတ်စွာဖြင့်ပင် 'ဇင် သွားတော့မယ်' ဆိုသည်။ ဦးတင်မောင်သန့်က ခေါင်းညိတ်ပြလိုက်သည်။

ခွဲခွာခြင်းသည် ခြောက်သွေ့သွေ့နိုင်လှလေသည်။





သည်ညသည် ဇင့်အဖို့ ညတာရှည်သော ညတစ်ညဖြစ်သည်။ အတွေးဖြင့် ရှုပ်ထွေးကာ အိပ်မပျော်နိုင်အောင် ရှိတော့သည်။

သည်တစ်ခါ တွေ့ဆုံခြင်းသည် တကယ်ပဲ နောက်ဆုံးဖြစ်နေပြီလား။

ဇင်နှင့် ဦးတင်မောင်သန့်တို့ အကြားမှာ အနာဂတ်ဟူသည် မရှိတော့ပြီလား။

သည်ဇာတ်က သည်မှာ ပြည်ဖုံးကား ချပြီလား။

ပတ်စာခွာ ဖျာသိမ်းပြီလား။

နိဂုံးချုပ်ပြီလား။

ဦးတင်မောင်သန့်သည် ဇင်က စိမ်ခေါ်ခဲ့သည့် အတိုင်း 'ဆက်ရန်မရှိတော့ပါ' ဆိုသည်ကို လက်ခံသွားပြီလား။

အရာအားလုံး ဇင် ထင်မှတ်သလို ဖြစ်သွားလျှင် အကောင်းသားပါပဲ။ တစ်မီးငြိမ်းကာ တစ်ရန်အေးပြီဟူ၍သာ မှတ်ထင်လိုက်ရတော့မည် ဖြစ်သည်။

မနက်ဖြန်ကစ၍ ဇင်သည် ကိုယ့်လမ်း ကိုယ်လျှောက်တော့မည်။ ကိုယ့်ဘဝကိုယ် ပြုစုပျိုးထောင်တော့မည်။ ဦးတင်မောင်သန့်ဟူသည်ကို စိတ်အတွေးမှ ဖျောက်ပယ်ထားလိုက်တော့မည်။

သည်သို့ စိတ်နှလုံးကို တုံးတုံးချလိုက်နိုင်သော အခါကျမှပင် ဇင် နှစ်ခြိုက်စွာ အိပ်ပျော်သွားပါတော့သည်။

မနက်ကျတော့လည်း ရွှင်လန်းစွာပင် အိပ်ရာမှ နိုးသည်။

သည်လိုနှင့် ရက်သတ္တတစ်ပတ်မျှ ကြာမြင့်သွားခဲ့သည်။ စာမလာ၊ သတင်းမကြားဆိုသည့် အခြေအနေမျိုးနှင့်ပေါ့။

သြော်...တစ်မီးငြိမ်းလေပြီ ထင်ပါသည်။

သည်ကနေ့ ဇင် မှန်တင်ခုံရှေ့မှာ ထိုင်သည်။ အလှပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇင့်မှာ သီချင်း တစ်အေးအေးနှင့်။

'မောင့်မျက်နှာ တရွာမှတ်ထင်...၊ အချစ်ခါတ်ရစ်ပတ်မိရင်... ကြာလေလေ ခိုင်မြဲလေလေ၊ အမြစ်ဖြတ်မရဘဲ အသည်းထဲက စွဲကာပင်၊ ဖွတ်နှစ်ပြီးချစ်ရတော့မယ်...အားနွဲ့သူပါရှင်...'

'အံမာ...မရွှေဇင်၊ သီချင်းတွေ ဘာတွေ မဆိုစဖူး ဆိုလို့ပါလား'

နော်ရာ ရောက်လာသည်။ ကျောဘက်မှာ လာရပ်သည်။ နော်ရာ့ လက်ထဲမှ စာရွက်တစ်ရွက်နှင့်။

'ဒီမှာ ဇင့်အတွက် စာတစ်စောင်'

'ဘယ်ကစာလဲ နော်ရာ'

'အဆောင်ရှေ့ကို ကားတစ်စီး ထိုးရပ်လာတယ်၊ ဇင့်ကို မေးတယ်၊ ဇင် ရှိပါတယ်ဆိုတော့ ဒီစာပေးပေးပါလို့ ပြောတာပဲ၊ ကားလဲ ရှိနေတုန်းပဲ'

ဇင့် စိတ်မှာ ဆန်းကြယ်သလို ရှိသွားသည်။ စာကို ကမန်းကတန်း ယူကြည့်သည်။

စာမှာ စာအိတ်အတွင်း ထည့်မထားပါ။ အလွတ်ပင် ခေါက်ထားသည်။

လက်ရေးက ဦးတင်မောင်သန့်၏ လက်ရေး။

ဇင် ...

*ယခုလာသော ကားနှင့် အမြန်လိုက်ခဲ့ပါ။*

*တင်မောင်သန့်*

ဇင်၏ ရင်သည် ထိတ်ခနဲ ခုန်သွားသည်။ ဘာဖြစ်လို့ပါလိမ့်။ ကားချင်း တိုက်မိခြင်းကဲ့သို့ မတော်တဆ ကိစ္စများ ဖြစ်ပွားလေသလား။ ဇင်က လမ်းခွဲလိုက်ပြီဆိုသည်နှင့် အဆိပ်တွေ





ဘာတွေတော့ မသောက်တန်ရာ အောက်မေ့ပါသည်။ ဘယ်ကိုလိုက်ရမှာပါလိမ့်။ ဆေးရုံကိုလား၊ ရဲစခန်းကိုလား။

ဇင် အဝတ်ကို အမြန်လဲသည်။

အဆောင်ရှေ့တွင် ရပ်ထားသော ကားမှာ ဦးတင်မောင်သန့်၏ ဖော့စ်ဝက်ဂင် ကားပင် ဖြစ်သည်။ ကားမောင်းသူကိုပင် မမြင်ဖူးခဲ့။ ကားကိုလည်း ဘယ်အခါမဆို ဦးတင်မောင်သန့် ကိုယ်တိုင် မောင်းမြဲ။

ဇင့်အတွက် ဒရိုင်ဘာက ကားတံခါးကို ဖွင့်ပေးသည်။ ဇင် ဝင်ထိုင်လိုက်သည်။

'သူ ဘာဖြစ်သလဲ'

ဇင် မေးသည်။

'ဟင်'

'ဦးတင်မောင်သန့် ဘာဖြစ်လို့လဲ'

'မပြောတတ်ဘူးခင်ဗျာ၊ ကျွန်တော့်ကို စာပေခိုင်းလိုက်တာပဲ'

'အက်ဆီးဒဲန့် တစ်ခုခုများ ဖြစ်သလားလို့'

ကားမောင်းသူက ဘာမျှပြန်မပြောဘဲ ရှေ့မှကုန်တင်ကား တစ်စီးကို ဖြတ်ကျော်လိုက်သည်။ ကားသည် ပြည်လမ်းမပေါ်မှာ အရှိန်ပြင်းစွာ ပြေးနေသည်။

ဇင် ရင်တွေတုန်နေသည်။

သူ့ကို ဘယ်ပုံစံနှင့် မြင်ရမလဲ၊ ကျိုးပဲ့နေတာ တွေ့ရမလား၊ သွေးသံရဲရဲ ရှိနေမလား။

မင်္ဂလာဒုံ လေယာဉ်ဆိပ်လမ်းသို့ ချိုးကွေ့လိုက်သောအခါ ဇင့်မှာ အတွေးရ ကျပ်သွားသည်။ ဇင် မျှော်လင့်ထားသည်က ဆေးရုံ တစ်ခုခုသို့ ဖြစ်သည်။ ကားမောင်းသူက ကားကို အလျင်အမြန် မောင်းရန်သာ အားထုတ်သည်။ ဇင်နှင့် စကားပြောလိုပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် လေဆိပ်ရှေ့မှာ ကား ထိုးရပ်မိသည်။

စောစောကပင် ပြောဆိုထားနှင့်ပြီးဖြစ်ဟန်ရှိသည်။ ဇင်တို့ လေဆိပ် အဆောက်အအုံအတွင်း ဝင်ရောက်ခွင့် ရခဲ့ကြသည်။

ပြည်တွင်း ခရီးသည်များ စုဝေးရာနေရာတွင် ဇင်သည် ဦးတင်မောင်သန့်ကို ကျန်းမာပကတိ ချမ်းသာစွာနှင့် တွေ့ရှိလိုက်ရသည့်အတွက် အံ့အားသင့်သွားမိသည်။

သူသည် ဧည့်ခန်းမမှ ဆိုဖာတစ်လုံးတွင် ထိုင်နေသည်။ ခြေနှစ်ချောင်းအကြား ကြမ်းပြင်မှာ ခရီးဆောင် လက်ဆွဲအိတ်တစ်လုံး။ ဇင့်ကိုမြင့်တော့ ဝမ်းသာအားရ ထရပ်လိုက်သည်။

'ဇင်...ဇင် လိုက်လာတယ်နော်'

'ဟုတ်ကဲ့...ဦးတင်မောင်သန့် တစ်ခုခုများ ဖြစ်သလားလို့၊ ဇင့်မှာ ရင်ကို ထိတ်နေတာပဲ'

သည်အချိန်တွင် လေဆိပ်၌ တပ်ဆင်ထားသော အသံချဲ့စက်မှ အသံ ပေါ်လာသည်။

'မန္တလေးသို့ လိုက်ပါမည့် ခရီးသည် ဦးတင်မောင်သန့်....၊ ကျေးဇူးပြု၍ ပေါင်ချိန်သောနေရာသို့ ကြွပါရှင်'

'ကိုယ်....ကိုယ်....ဘာမှမဖြစ်ပါဘူး ဇင်၊ မန္တလေးမှာ အဒေါ်တစ်ယောက်ဆုံးတယ်၊ အဲဒါသွားမလို့၊ မသွားခင် ဇင်နဲ့တွေ့သွားချင်လို့ အခေါ် လွှတ်လိုက်တာပါ'

ဇင်သည် စိတ်ညစ်ညူးစွာဖြင့် ခေါင်းကို ယမ်းခါပစ်လိုက်မိသည်။

'ဩော်...ဦးတင်မောင်သန့်ရယ်...' ညည်းမိသည်။

အသံချဲ့စက်မှ ကြေငြာသံ ထွက်ပေါ်လာပြန်သည်။

'ကိုယ် သွားမှ ဖြစ်တော့မယ်၊ လိုက်လာတာ ကျေးဇူးတင်ပါ





တယ် ဇင်'

ဇင့်မှာ ဘာမှ မပြောတတ်နိုင်အောင် ရှိဟော့သည်။

သူသည် ပေါင်ချိန်သည့်နေရာသို့ သွားသည်။ လေယာဉ်စီးမည့် ခရီးသည်များအတွက် သီးသန့် ကာထားသော နေရာသို့ ဝင်သည်။

အသံချဲ့စက်မှ ကြေညာသံ ပေါ်လာသည်။

'မန္တလေးသို့ လိုက်ပါသွားမည့် ခရီးသည်များ ဖော်ကာဖရင်းရှစ်အိပ်ကစ်စ်ဝိုင်အေ အမှတ် × × သို့ တက်ရောက်ကြပါရန်'

'ကိုယ်....သွားမယ် ဇင်'

သူ့ 'အမူအရာမှာ ရေးကြီးသုတ်ပျာ နိုင်လှသည်။

'ဟုတ်ကဲ့'

ဇင်က သည်မျှသာ ပြောလိုက်နိုင်သည်။

သူက တစ်စုံတစ်ခု ပြောလိုက်သည်။

ထိုအချိန်တွင် လေယာဉ်တစ်စီး၏ နှိုးလိုက်သော စက်သံသည် ဆူညံစွာ ပေါ်လာသည်။ သူ့စကားကို သဲကွဲစွာ မကြားလိုက်ရ။ သူက တစ်ဘက်သို့ လှည့်ထွက်ရာမှ သမင် လည်ပြန် ပြန်ကြည့်ကာ ပြောလိုက်ပြန်သည်။

လေယာဉ်စက်သံကြောင့် ဇင် မကြားလိုက်နိုင်ပြန်။

'ဟင်'

ဇင်က နားကို လက်ဖဝါးနှင့် ကာကာ, မေးလိုက်သည်။ စက်သံငြိမ်သွားသည်။

'ဇင်...ဇင့်ကို....ကိုယ် လက်ထပ်ချင်တယ်'

'ရှင်'

'ကိုယ် ဇင့်ကို လက်ထပ်ချင်တယ်၊ ကိုယ့်ကို လက်ထပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လား ဇင်'

သူ၏အသံသည် အတော်ကြီး ကျယ်လောင်သွားသည်။ သို့သော် စက်သံက ပြန်ဖုံးလွှမ်းပစ်လိုက်သည်မို့ ဘေးလူများ ကြားရလိမ့်မည် မထင်ပါ။

'ဒါပဲ...ကိုယ်သွားမယ်'

သူသည် ထွက်ပေါက်မှ ကမန်းကတန်းပင် ထွက်သွားသည်။

ဇင်သည် ငူငူငိုင်ငိုင်ကြီး ရပ်လျက်သား ကျန်ရစ်သည်။

စိတ်ထဲမှာ တင်းကျပ် ရှုပ်ထွေးသွားသည်။

သည်အချိန်တွင် ဇင်သည် မိမိကိုယ်ကို သေသာ သေပစ်လိုက်ချင်သည်။

သို့မဟုတ် သူသေသွားရင် ကောင်းမှာပဲ ဆုတောင်းမိသည်။

ဘာကြောင့်ရယ်လို့တော့ မသိ။

ဇင်သည် အကြိုထောက်လာသော ကားနှင့်ပင် အဆောင်သို့ ပြန်ခဲ့သည်။ တွေးစရာတွေက ရင်နှင့်အပြည့် ပါလာသည်။

နားမှာ လေဆိပ်တွင် ဦးတင်မောင်သန့် အော်ဟစ်ပြောခဲ့သော စကားတွေကိုသာ ကြားယောင်နေမိသည်။

'ဇင့်ကို ကိုယ်လက်ထပ်ချင်တယ်'တဲ့။

'ကိုယ့်ကို လက်ထပ်ပါလား ဇင်'တဲ့။ သည်စကားတို့သည် ပဲ့တင်သံသဖွယ် နားဝယ်လျှံနေသည်။

ပထမတော့ 'ချစ်သည်'။

နောက်တော့ 'လက်ထပ်ချင်သည်'။

ဒီလိုပဲ ဖြစ်ရမှာပေါ့။

စိမ်းရာမှ မှည့်၊ နုရာမှ ရင့် ဆိုသလိုပဲပေါ့။

ပြုံးစာပေ



ယခုတော့ သူ လက်ထပ်စကားကို ပြောလာပြီ။

ပြတ်သားကြစတမ်းဆိုပါက ဇင့်မှာ ဘာပြောစရာ လိုပါသလဲ။

သူက 'လက်ထပ်ချင်သည်' တဲ့။

အဖြေက ရှင်းပါသည်။

'ဟင့်အင်း'ပေါ့။

'ဦးတင်မောင်သန့်ကို ဇင် လက်မထပ်ချင်ပါဘူး၊ ဇင် ဘယ်သူ့ကိုမှလဲ လက်မထပ်တော့ပါဘူး' ပြောလိုက်ရုံသာပင်။

လက်မထပ်ခြင်းနှင့် စပ်လျဉ်း၍လည်း ဇင့်မှာ လုံလောက်သော အကြောင်းပြချက်တွေ ရှိနေသည်။ အိမ်ထောင်ပျက်ခဲ့ဖူး၍၊ ယောကျ်ားတွေကို မယုံစားတော့၍၊ ပြီး ကိုယ့်ဘဝကိုယ် ထိန်းကျောင်းနိုင်ပြီဖြစ်၍ စသည်ဖြင့် ဖြစ်သည်။

သို့ပေမယ့် ဇင် ဝန်ခံချင်ပါသည်။

ဇင် ကိုယ်တိုင်က မပြတ်သား။

ယခုတော့လည်း ဦးတင်မောင်သန့်အပေါ် နှစ်သက်ခြင်းဖြစ်ရသည်ကို ဖုံးကွယ်မထားချင်။ ကြုံဆုံရလျှင် သာယာခြင်း ဖြစ်ရသည်။ သူ၏ စိတ်အားထက်သန်မှု၊ ဖွဲ့ကောင်းမှုနှင့် စိတ်ရှည်မှုတို့က ဇင်၏ တင်းမာသော စိတ်ထားကို တရိရိ အရည်ပျော်စေသည်။

ဇင်ကလည်း အသွေးနှင့်ကိုယ် အသားနှင့်ကိုယ်ပဲ မဟုတ်လား။ အသွေးအသား အကြောအရိုးတို့ဖြင့် ဖွဲ့စည်းအပ်သော မနုဿအစုအဝေးတစ်ခုပဲ မဟုတ်လား။ ဇင့်မှာလည်း ဆန္ဒတွေ၊ တောင့်တရတာတွေ၊ ချင့်ရဲမပြေရတာတွေ ရှိနေခဲ့သည် အမှန်ပင်။

အသက် သုံးဆယ်ဆိုသော အရွယ်မှာ မိန်းမသားတစ်ယောက်အဖို့ အတက်ဆုံးအချိန်၊ ကျန်းမာသန်စွမ်းဆုံးအချိန်၊

ပြုံးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဘဝကို အထီးကျန် ကုန်ဆုံးပစ်ရဖို့ အချိန်အခါမဟုတ်သေး။

ဇင်၏ဘဝမှာလည်း ဘာအာမခံချက်များ ရှိနေပါသလဲ။

အကယ်၍ ဇင်သာ အမေရိကန် ရုပ်ရှင်ကားတွေထဲကလို မီလျံနာမ,ကြီးတစ်ယောက်၊ သူကြွယ်မ,ကြီးတစ်ယောက်သာ ဆိုပါက လက်ထပ်ရေးတွေ၊ အချစ်ရေးတွေကို စွန့်ပယ်ချင် စွန့်ပယ်နိုင်မည်။ မေမေရယ်၊ သမီးရယ်၊ သားရယ်နှင့် ပျော်ပျော်ရွှင်ရွှင် ဘဝတွေကို ကုန်ဆုံးပစ်လိုက်မည်။

ယခုတော့ ဇင်ဘဝက အသားမကျ။ အနည်မထိုင်။

တစ်ဝမ်းတစ်ခါ့အတွက် မိန်းမတန်မဲ့နှင့် လှုပ်ရှားရုန်းကန်နေရဆဲ။

ကောင်းပါပြီ။

ဦးတင်မောင်သန့်ကို မငြင်းပယ်ပါဘူးတဲ့။

'ဟုတ်ကဲ့' ဟု ခေါင်းညိတ်လိုက်ပါမည်တဲ့။

နောက်ပိုင်းက အကျိုးဆက်များက မည်သို့ ပေါ်ပေါက်လာပါမည်လဲ။

ပထမတော့ ပတ်ဝန်းကျင်ကို ရင်ဆိုင်ရမည်။

ထားပါ။

ကိုယ့် ဝမ်းနာ ကိုယ် သာသိ ဆိုသလို ပတ်ဝန်းကျင်ကို ဥပေက္ခာပြုတတ်သော အလေ့အကျင့် ဇင့်မှာ ရှိနေခဲ့ပြီ။

ဒုတိယက ဦးတင်မောင်သန့်၏ဇနီး။

ဒေါ်ခင်မေမြိုင်။

တစ်ခါမျှ မမြင်တွေ့ဖူး၊ စကားမပြောဖူးပါဘဲလျက် ရန်သူတွေ ဖြစ်လာရမည့်ကိစ္စမှာ မလိုလားအပ်သော အရာဟု ထင်သည်။

သူတို့ အိမ်ထောင်ရေး ဘဝသည် နှစ်ပေါင်းများစွာက 'သေ'





နေခဲ့ပြီဟု ဆိုသည်။ သို့စင်လျက် ဘာကြောင့်များ စောစောစီးစီးက ကွာရှင်း ပြတ်စဲမထားကြတာလဲ။ ရှင်းရှင်းလင်းလင်း မရှိခဲ့ရတာလဲ။

ဤသည်ကလည်း မချင့်ရဲစရာ ကောင်းသည်။

တတိယက ဦးတင်မောင်သန့်၏ သမီး။

ညိုမြာသန့်။

ညိုမြာသန့်က မိမိပေါ် မည်သို့ သဘောထားလေမလဲ။

ဦးတင်မောင်သန့်၏ စကားအရ ညိုမြာသန့်သည် ဇင့်ထက် ဆယ့်နှစ်နှစ်သာ ငယ်သည်။ ဆယ့်နှစ်နှစ်ဆိုသည်မှာ အချို့သော မိသားစုတို့အဖို့ အစ်မအကြီးဆုံးနှင့် ညီမ အငယ်ဆုံး အရွယ်လောက်သာ ခြားနားသည်။ အသက်တစ်ဒါဇင်လောက်သာ ပိုငယ်သော ညိုမြာသန့်သည် ဇင့်ကို လေးစားမှု ရှိနိုင်ပါ့မလား။ ဖေဖေမေမေတို့၏ အိမ်ထောင်ရေးကို ဖြိုခွဲခဲ့သူအဖြစ်နှင့် မုန်းတီးနာကြည်း မနေနိုင်ဘူးလား။

နောက်ဆုံးကတော့ မိမိ၏သမီးနှင့် သားကိစ္စပင် ဖြစ်သည်။

ယခုအခါ သမီးနှင့်သားသည် ကျောင်းသူ ကျောင်းသားများ ဖြစ်နေကြပြီ။ သူတို့ဘဝ၊ သူတို့အသိုင်းအဝန်းနှင့် ဖြစ်နေကြပြီ။

ဖခင်ဟူသည် သူတို့အဖို့ စိတ်နာကြည်းဖွယ်ရာ အကောင်းဆုံးသော လူစားမျိုးဟု ခံယူ ထားကြသည်။ သူတို့ အဘွား၏ ယောကျ်ားဆန့်ကျင်ရေး စကားများကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။ 'မောင်' ကိုယ်တိုင်က စိမ်းကားလွန်းတာကြောင့်လည်း ဖြစ်နိုင်သည်။

ဘာပဲပြောပြော ခွဲခွါခဲ့ကြပြီ ဆိုပေမယ့် မောင်သည် သမီးနှင့် သားကိုတော့ တစ်ကြိမ်တစ်ခါ ဆိုသလို လာတွေ့သင့်သည်ဟု ဇင် ထင်ပါသည်။ လာတွေ့လျှင်လည်း ဇင်သည် မည်သို့မျှ ကန့်ကွက်



www.burmeseclassic.com

www.burmeseclassic.com

တားဆီးခဲ့မည် မဟုတ်။

ယခုတော့ မောင်က စိမ်းလွန်းသည်။

တစ်ကြိမ်တစ်ခါမျှ လာမတွေ့ခဲ့။

သူ့နောက်ဇနီးကလည်း ကလေးတွေ တသွတ်သွတ် မွေးနေသည်ဟု ကြားရသည်။

မောင်သည် နီးရာကို ခင်လျက် နီးရာကိုပင် ကြင်နေရပုံပေါ်သည်။

ဖခင်နှင့် စိမ်းလှသော ကလေးများက ဒုတိယဖခင်ကိုကောရင်းနှီးကျွမ်းဝင်အောင် အားထုတ်ကြပါမည်လား။

အို...စဉ်းစားမည် ဆိုလျှင်တော့ ပြဿနာတွေက တစ်ပုံတစ်ပင်ကြီးပင်။

အိမ်ထောင်ရေး ဆိုသည်ကိုပင် ဇင့်မှာကြောက်ရွံ့နေမိပြီဖြစ်သည်။

တက္ကသိုလ် ကျောင်းသူ မသက်ဇင် အဖြစ်နှင့် မောင့်ကိုလက်ထပ်ခဲ့သည်။ သာယာ ချမ်းမြေ့သော အိမ်ထောင်ရေးတစ်ရပ်ကိုထူထောင်နိုင်မည် အထင်နှင့်ဖြစ်သည်။

သည်စဉ်တုန်းက ခွဲခွာရမှာတွေ၊ ကွာရှင်းရမှာတွေကို ထည့်မတွက်ခဲ့။ အသက်ထက်ဆုံး ချစ်သွားရလိမ့်မည် ဟူ၍သာ ထင်ခဲ့သည်။

ဖြစ်ချင်တော့လည်း အိမ်ထောင့်သုခကို ခံစားရပြီး ဘာမျှမကြာသေးခင်မှာပင် ကွဲကွာခဲ့ရသည်။ စင်စစ် အိမ်ထောင်သုခဆိုသည်ထက် အိမ်ထောင်ဒုက္ခကို ပိုမိုခံစားရသည်ဟု ဆိုရမလို ဖြစ်နေသည်။

အိမ်ထောင်တစ်ခုကို စိတ်ကူယဉ်မှု သက်သက်ချည်းဖြင့်





တည်ဆောက်၍ မရနိုင်သည့် အဖြစ်ကို ဇင် လက်တွေ့ခံစားရပြီးဖြစ်သည်။

သည်တော့ ဇင် စိတ်ကူးလည်း မယဉ်ချင်တော့ပါဘူး။ လေထဲမှာ တိုက်အိမ် မဆောက်ချင်တော့ပါဘူး၊ အိမ်ထောင်ရေးဟူသည်မှာ မဟာစွန့်စားမှု တစ်ရပ်၊ သို့မဟုတ် ကြီးစွာသော စွန့်လွှတ်ခြင်းတစ်မျိုး ဖြစ်မည်ထင်သည်။

ဇင့်မှာ သည်လို စွန့်စားဖို့၊ စွန့်လွှတ်နိုင်ဖို့ သတ္တိတွေမှ ရှိပါသေးရဲ့လား မသိ။

အမှန် ပြောရလျှင်တော့ ဆယ်စုနှစ် တစ်စု အတွင်းမှာပင်အနုအလှတွေ၊ သမုဒယတွေထက် လက်တွေ့ဘဝကို ပိုမိုယုံကြည်ကိုးစားသော ဇင် ဖြစ်နေခဲ့ပြီးတည်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com

**သည်** နှစ်နွေသည် ရူးချင်စရာကောင်းသည့် နွေ ဖြစ်သည်။

ပြောစမှတ်တွင်စရာ ကောင်းလောက်အောင် ပူပြင်းသည့် နွေ ဖြစ်သည်။

နေကလည်း ပူသည်။ လေကလည်း ပူသည်။

အရာရာသည် ရုတ်တရက်ထ၍ လောင်ကျွမ်းသွားတော့မလို ကြွပ်ရွနေသည်။

ဝါဏိဇ္ဇ အလုပ်ခန်းမှ လှမ်းကြည့်လေလျှင် လမ်းတစ်ဘက်မှ ထုံးရောင် ဖွေးနေသည့် တိုက်တစ်လုံးကို မြင်နိုင်သည်။ နေရောင်သည် ထုံးဖွေးဖွေးပေါ်မှာ ကျရောက်ပြီး ပူပြင်းသည့် အလင်းရောင်များကို ထုတ်လွှတ်နေဘိသည်သို့ ရှိသည်။ ပြတင်းမှန်တံခါးမှ ရောင်ပြန်များ လျှံထွက်လာသည်။ မျက်စိကို ကျိန်းစပ်စေသည်သာမက နေဆယ်စင်း ထွန်းလင်းပေးထားသလို ပူစေသည်။ ကတ္တရာလမ်းတွင် တံလျှပ်တို့ တရိုန်ရိုန် ထနေသည်။

ထိုသို့ ပူပြင်းတောက်ပလှသည့် နေရောင်အောက်တွင် အဆောင်းအကာမပါပဲ လမ်းလျှောက်လာသော ဦးတင်မောင်သန့်ကို မြင်လိုက်ရသောအခါ ဇင် အံ့သြနေမိတော့သည်။





သူ့ကို လမ်းဖြတ်ကူးလာကတည်းကပင် လှမ်းမြင်နေရသည်။ မောပန်းနေပုံလည်း ရသည်။ နွမ်းနယ်နေပုံလည်း ရသည်။ သည်လို မြင်လိုက်ရတော့လည်း ကြင်နာမိသလို ရှိသည်။ ဦးတင်မောင်သန့်သည် ဇင့်ထံသို့ လာခဲ့ခြင်းပင် ဖြစ်ပါသည်။

မန္တလေးသို့ ထွက်ခွာသွားဖို့ ဧလဆိပ်တွင် ဆုံခဲ့ပြီးနောက် ပထမဆုံးအကြိမ် ဆုံခဲ့ခြင်းပင် ဖြစ်ပါသည်။

ဇင်က အပြုံးဖြင့် ကြိုလိုက်မိသည်။

မိမိစားပွဲရှေ့ ကုလားထိုင်တွင် နေရာပေးလိုက်သည်။

'ဇင် အံ့သြသွားမိတယ်၊ အခါတိုင်းက ဦးတင်မောင်သန့်ကားနဲ့လာနေကျ မဟုတ်လား၊ အခုလို ပူပူလောင်လောင်ကြီးမှာ လမ်းလျှောက်လာတာ မြင်ရတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ'

အအေးခာတ်ရစေရန် ပန်ကာကို အရှိန်မြင့် ပေးလိုက်သည်။

ဦးတင်မောင်သန့်သည် ရေထဲမှ ငါးကို ကုန်းပေါ်သို့ ဆယ်တင်ထားသလို ဖြစ်သည်။ အပူဒဏ်ကြောင့် နေမထိသလို ရှိနေသည်။ နှာခေါင်းနှင့်သာမက ပါးစပ်ကပါ အသက်ရှူနေသည်။

'အအေးသောက်ပါလားဟင်'

ဇင့် ဖိတ်ခေါ်မှုကို သူက ခေါင်းညိတ်လက်ခံလိုက်သည်။

ဇင်သည် ရုံးလုလင်ကို လိမ္မော်ရည်နှစ်ပုလင်းနှင့် စမူဆာများ အမှာခိုင်းလိုက်ရသည်။

ဇင့် ဘက်က ပထမဆုံး ပြုစုခြင်းပင် ဖြစ်တော့သည်။

'မော်တော်ကားကော'

'ကားကို သွားမယူဖြစ်သေးဘူး'

'ကားပျက်နေသလား၊ ဝပ်ရှော့မှာလား'



www.burmeseclassic.com

www.burmeseclassic.com

'ဟင့်အင်း…ဇင် ပိုပြီး အံ့အားသင့်သွားအောင် ပြောရရင် ကိုယ်အခုဖဲ လေဆိပ်က လာတာ၊ အိမ်ကို မရောက်သေးဘူး၊ အလုပ်တိုက်မှာ လက်ဆွဲအိတ်ထားပြီး ဇင့်ဆီ အရင်ဝင်လာခဲ့တာ'

ဇင်သည် စိတ်ထဲမှ 'သြော်…ဦးတင်မောင်သန့်ရယ်' ဟု ညည်းလိုက်မိသည်။

'ကိုယ့် စိတ်ထဲမှာတော့ သိပ်ကိုပြင်းပြင်းထန်ထန် ဖြစ်နေမိပြီဇင်။ ကိုယ်မန္တလေးမှာလည်း နေလို့မထိခဲ့ဘူး။ တာဝန်အလျောက်သာ သည်းခံနေခဲ့ရတာ။ ကိုယ် လေဆိပ်မှာ ပြောခဲ့တာနဲ့ ပတ်သတ်ပြီး ဇင် ဘယ်လိုသဘောရလဲဆိုတာ သိပ် သိချင်နေမိတယ်'

ဇင်သည် အသားတွေ ညိုလာကာ အနည်းငယ် ပိန်သွားသလိုရှိသော သူ့မျက်နှာကို ကရုဏာသက်သလို စူးစိုက်ကြည့်နေလိုက်မိသည်။

'ဇင် ဘယ်လို သဘောရသလဲ ဟင်'

'ဇင် ဘယ်လိုမှ သဘော မရသေးပါဘူး။ နားပါဦးလား ဦးတင်မောင်သန့်ရယ်၊ နေကလည်း သိပ်ပူလွန်းပါတယ်။ ဒီအချိန်မှာ ဒီလို ပူပူလောင်လောင် အကြောင်းတွေ ခဏမေ့ထားကြရအောင်ပါ'

'ကိုယ်ကတော့ ဇင့်ဆီက အဖြေစကား ကြားရအောင် မိုင်သုံးရာကျော် အဝေးက ပြေးလာခဲ့ရတာပါ'

'ဇင့် အနေနဲ့ အဖြေပေးဖို့ သိပ်စောလွန်း နေပါသေးတယ်'

'ဇင်…ရယ်'

ဦးတင်မောင်သန့်သည် စိတ်ပျက်သွားရခြင်းကို ဖုံးကွယ်မရနိုင်အောင် ဖြစ်နေသည်။

ဇင်သည် 'ဖြစ်နိုင်မယ် မထင်ပါဘူး' ဟု ပြောလိုက်ချင်သည်။ ယင်းစကားစုသည် လည်ချောင်းဝတွင် အသင့်ရှိနေသည်။





သို့စင်လျက် ကစ်ဆို့နေသည်။ မပြောဖြစ်နိုင်ခဲ့။ ဇင့်ရဲ့ အင်အားတွေ ဘယ်ရောက်ကုန်ပြီ မသိ။

'ကိုယ် ရှိမနေတဲ့ ရက်တွေမှာ ဇင် စဉ်းစားမထားဘူးလား'

'စဉ်းစားပါတယ်၊ စဉ်းစားရလွန်းလို့ ခေါင်းတွေလဲ ပူနေပြီ၊ ဦးနှောက်တွေလဲ ခန်းခြောက်ရတော့မတတ်ပါပဲ'

'ခုထိ ဆုံးဖြတ်ချက် မချနိုင်သေးဘူးလား ဇင်'

'ဆိုပါတော့၊ ပြီးတော့…ဇင့်မှာ မရှင်းတာရှိတယ်၊ ဇင့်ကိုမှ ဘာလို့ချစ်ချင်ရတာလဲ၊ ဘာလို့ လက်ထပ်ချင်ရတာလဲ၊ ဇင်ဟာ…'

'ဇင်ဟာ ဘာလဲလို့ ကိုယ်အစောကြီးကတည်းက ကြိုသိခဲ့ပါတယ်။ ဇင့်ကို ချစ်တာ လက်ထပ်ချင်လို့ ဖြစ်မှာပေါ့၊ လက်ထပ်ချင်တာကတော့ ချစ်လို့ ဖြစ်မှာပေါ့'

'သိပ်ကို တိကျမှန်ကန်တဲ့ အဖြေပါပဲကလားနော်၊ ပေါက်ပင် ဘာကြောင့် ကိုင်းရတယ်ဆိုတာမျိုးပဲ'

ပြောရင်း ဇင် မရယ်ချင့်ရယ်ချင် ရယ်လိုက်သည်။

သည်တော့ သူကလည်း ပြုံးလာသည်။

မှာထားသော လိမ္မော်ရည်များ ရောက်လာသည်။

စကားကို လွှဲပြောင်းပြီး မန္တလေးမှာ ဆုံးပါးခဲ့သည့် သူ့အဒေါ်အကြောင်းကို ပြောပြနေသည်။

လိမ္မော်ရည်တစ်ပုလင်း ကုန်သွားသည်။

'ကိုယ်ပြန်ဦးမယ်ဇင်၊ ညနေကျရင် ထပ်တွေ့ကြရအောင်ပါ။ အဲဒီအခါမှာတော့ ဇင့်ဆီက တိကျပြတ်သားတဲ့ အဖြေကို ရလိမ့်မယ်လို့ ကိုယ်မျှော်လင့်ပါတယ်၊ ဇင် အဆောင်ကပဲ စောင့်နေပါ၊ ကိုယ်လာခေါ်မယ်'

'ဇင်…ဇင်…'



www.burmeseclassic.com

www.burmeseclassic.com

'ကိုယ် ဆက်ဆက်လာခေါ်မယ်၊ ဆက်ဆက်သာ စောင့်ပါ'

ပြောပြီးနောက် ဇင့်စကားကို မစောင့်တော့ဘဲ ထိုင်ရာမှ ရုတ်တရက် ထသည်။ နှုတ်မဆက်ဘဲ ထွက်သွားသည်။

နေပူရှိန်အောက်မှာ၊ တံလျှပ်တွေအကြားမှာ လျှောက်သွားသော သူ့ ကျောပြင်ကိုကြည့်ရင်း ဇင်သည် ခေါင်းကို ရမ်းခါပစ်လိုက်မိသည်။

ခက်တော့ တာပဲနော်။

ဇင် ရူးချင်လာပြီ။

တကယ့်ကို ရူးချင်နေပြီ။

သည်အချိန်မှာ ရူးသွားခဲ့ရင် ဘယ်လောက်များ ကောင်းမလဲ။

ဇင်သာ အရူးမ တစ်ယောက်ဆိုလျှင် ဘယ်သူကမှလည်း ချစ်မှာ မဟုတ်။ သူ ချစ်နေသည်ကိုလည်း ဇင်က သိနိုင်မည် မဟုတ်။ ဘယ်လောက်များ ကောင်းလေမလဲ။ သူ ပြောလာသမျှစကားတွေကို ရယ်လို့ချည်းနေနိုင်မှာပေါ့။ ခုတော့ ဇင်၏ စိတ်ထားက အကောင်းပကတိပင်။

ဇင်သည် မိမိကိုယ်မိမိ ဒုက္ခသည် တစ်ယောက်လို တွေးထင်မိသည်။ ဦးတင်မောင်သန့် ကိုယ်တိုင်သည်လည်း စင်စစ် ဒုက္ခသည်ပါပင်။

ကိုယ့်နည်း ကိုယ့်ဟန်နှင့် ဒုက္ခသည်ချည်း ဖြစ်နေကြသည်။

အဆောင်ပြန်ရောက်တော့ ဇင် အထူးအထွေ ပြင်ဆင်မနေတော့ပါ။ ရေတစ်ဝ ချိုးလိုက်သည်။ ဆံပင်ကို သာမန်ပင် ထုံးဖွဲ့သည်။ မျက်နှာကို သနပ်ခါးရေကျဲသာ လူးသည်။ ရေမွှေးကိုလည်း အနည်းငယ်သာ သုံးသည်။ အပြာရောင် ဖျော့ဖျော့ အဝတ်တစ်စုံကို ရွေးဝတ်





လိုက်သည်။

ဦးတင်မောင်သန့် ရောက်လာသည်။

အထီးတည်း မဟုတ်။ အပါးမှာ မိန်းကလေးတစ်ယောက် ပါလာသည်။ မြင်ရုံနှင့်ပင် ညီမြာသန့်ဟု သိသာသည်။ အကြောင်းမှု ရုပ်ချင်းက ဆင်လှ၍ ဖြစ်သည်။

ဇင်၏ စိတ်ဝယ် မောင်နှင့်အတူ မောင်တို့မြို့သို့ ရောက်ရှိသွားရစဉ်က ယောက္ခမလောင်းတို့နှင့် ရင်ဆိုင်ရမည့် ထိတ်လန့်ပူပန်မှုမျိုး ပေါ်ပေါက်လာသည်။

ကားအနီးသို့ ချဉ်းကပ်သွားစဉ် ခြေလှမ်းတို့ တုံ့ဆိုင်းနေကာ ရင်သည် ခုန်နှေးနေလေသည်။

'ဒါ...ကိုယ့်သမီးပဲ၊ ညီမြာသန့်ဆိုတာ သူပဲ'

ဦးတင်မောင်သန့်က မိတ်ဆက်ပေးလိုက်သည်။

'သမီး...ဒါ မသက်ဇင် လေ'

ရုတ်တရက်အကြည့်တွင် ဦးတင်မောင်သန့်၏ မျက်နှာကျပုံနှင့် ဆင်လှသော မိန်းကလေးက ပေါ့ပါးစွာ ပြုံးလိုက်သည်။ ပြုံးပုံချင်းလည်း ဆင်တူလှသည်။

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်'

ညီမြာသန့်က ဆိုလိုက်သည်။ ဇင်ကတော့ ဘာမျှမပြောနိုင်။

'လာလေ ဇင်၊ ကားပေါ်တက်ပါ။ သမီးက လမ်းကြုံလိုက်လာတာပါ၊ သူ့သူငယ်ချင်းတစ်ယောက် အိမ်မှာ ဆင်းနေရစ်မှာပါ'

ဇင်သည် မလုံမလဲစွာဖြင့် ကားအတွင်း ဝင်ပြီး ထိုင်လိုက်ရသည်။

ညီမြာသန့်နှင့် ဆုံလိုက်ရသဖြင့် ဇင်ပို၍ ရူးချင်သည်။


www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာလည်း ကျဉ်းကျပ်နေသည်။ မလုံမလဲလည်း ရှိနေမိသည်။ ဇင့် မျက်နှာသည် ထူအမ်းနေပေသည်။

'ဒေါ်သက်ဇင်က စာရင်းကိုင်နော်'

သွက်လက် ချက်ချာဟန်တူသော ညိုမြာသန့်က ကားထွက် အလာတွင် မေးသည်။

'ဟုတ်ပါတယ်၊ ဝါဏိဇ္ဇအဖွဲ့မှာ လုပ်ပါတယ်'

'ညိုမြာတော့လေ ကိန်းဂဏန်းတွေကို သိပ်မုန်းတာပဲ၊ သင်္ချာဆိုရင် သိပ်ကြောက်တာပဲ။ ကမ္ဘာကြီးမှာ တစ်နှစ်သုံးလေးဆိုတဲ့ အရေအတွက်တွေ၊ လတ္တိတွဒ်တို့၊ လောင်ဂျီတွဒ်တို့၊ တစ်နှစ်မှာ သုံးရာ့ခြောက်ဆယ့်ငါးရက် ရှိတာတို့၊ တစ်နေ့မှာ နှစ်ဆယ့်လေးနာရီရှိတာတို့ကို စိတ်ညစ်နေမိတယ်။ နာရီအပိုင်းအခြားတို့၊ ကွန်ပျူတာတို့ မရှိရင် သိပ်ကောင်းမှာပဲလို့ ထင်တယ်'

'ညိုမြာကလဲ ဖအေတူပဲ ဇင်ရဲ့၊ သင်္ချာကြောက်တဲ့ အနုပညာသမားပဲ'

'ဇင်ကတော့ သင်္ချာသမားမို့လား မသိဘူး၊ ဂဏန်းသင်္ချာတွေသာ မရှိရင် လူတွေဟာ ကျောက်ခေတ်ကနေ ဘာတစ်ခုမှ တိုးတက်လာမှာ မဟုတ်ဘူးလို့ ထင်တယ်။ ဈေးဝယ်ရာကအစ အာကာသတက်တဲ့ အထိ သင်္ချာရှိနေတယ်'

ဇင်က မိမိဘက်မှ ကာကွယ်မိသည်။

'ဟုတ်မှာပါ၊ ဒါပေမယ့် ညိုမြာက ကိုယ်ဝါသနာမပါတဲ့ အကြောင်းကိုသာ ပြောတာပါ ဒေါ်သက်ဇင်။ ညိုမြာ့ကို စိတ်မဆိုးနဲ့နော်'

'အို...ဘာလို့ စိတ်ဆိုးရမှာလဲကွယ်'

'ညိုမြာ ဆိုလိုတာက လောကကြီးမှာ ကန့်သတ်ချက်တွေ၊





ပညတ်တွေ၊ ဥပဒေတွေ မရှိရင် လူတွေဟာ ပိုပြီး လွတ်လပ်ကြမလားလို့ပါ။ သင်္ချာဆိုတာ လူတွေက ပညတ်တဲ့ ဘာသာရပ်တစ်ခု မဟုတ်လား ဟင်'

'မဟုတ်ပါဘူး၊ သဘာဝက ပညတ်ထားတာပါ၊ ဥပမာ ဒီကနေ့စပြီး နေထွက်ချိန်က နောက်တစ်နေ့ နေထွက်ချိန်ဆိုရင် ရက်ဘာစ်ရက်တဲ့၊ ဆယ့်နှစ်နာရီ အချိန်တိုင်းမှာ နေဟာ အမြဲ မွန်းတည့်တယ်၊ မုတ်သုန်ဟာ နှစ်စဉ် ကျရောက်ချိန်တိုင်းမှာ ကျရောက်တယ်၊ လရဲ့ ဆွဲငင်အားဟာ ဒီရေ အတက်အကျကို ဖန်တီးတယ်၊ ကောင်းကင်က နက္ခတ်တာရာတွေဟာ အမှန်အကန်အတိုင်း လှည့်လည်သွားလာနေကြတယ်၊ ကွဲလွဲမှု အနည်းအပါး ရှိပေမယ့် တစ်ပတ်လည်တဲ့ အခါမှာ ပုံမှန်ပြန်ဖြစ်သွားတယ်။ သဘာဝတရားရဲ့ တိကျတဲ့ ဖြစ်ပျက်ပြောင်းလဲမှုတွေဟာ လူတွေကို သင်္ချာအတတ် သင်ပေးခဲ့တာပဲ'

'ဒေါ်သက်ဇင် ပြောတာ သိပ်လေးနက်တာပဲ၊ အမှန်ပြောရရင်တော့ ညိုမြာ အဲဒီလောက်အထိ နားမလည်ပါဘူး၊ သဘောမပေါက်ပါဘူး'

'ညိုမြာက နုပါသေးတယ်ကွာ'

ဦးတင်မောင်သန့်က ဝင်ပြောသည်။

'ညိုမြာဝန်ခံပါတယ် ဒယ်ဒီ၊ လောကကြီးမှာ ညိုမြာ သိစရာတွေ အများကြီး ရှိသေးတယ်နော်'

'ဒါပေါ့ကွယ်၊ ဒါပေါ့၊ ဒီလိုပဲ တစ်စတစ်စနဲ့ သိလာရမှာပေါ့'

'ဟော...ရှေ့ကဟာ ရှုဘီတို့ တိုက်ပဲ၊ ညိုမြာ ဆင်းနေရစ်တော့မယ်'

ခမ်းနား ထယ်ဝါသော တိုက်တစ်လုံးရှေ့မှာ ကားထိုးရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

'ညိုမြာ နေရစ်ခဲ့တော့မယ် ဒေါ်သက်ဇင်၊ နောက်များမှ သချ်ာအကြောင်း ဆက်ဆွေးနွေးကြသေးတာပေါ့၊ တာ့တာနော်၊ ညိုမြာ သွားမယ် ဒယ်ဒီ'

ညိုမြာသန့် ကားပေါ်မှ ဆင်းသွားသည်။

ဇင်သည် ညိုမြာသန့်ကို စိုက်၍ ကြည့်နေမိသည်။

ညိုမြာသန့်၏ မျက်နှာမှာ ဆေးဆိုးပန်းရိုက်မျက်နှာ ဆိုသည်မျိုးဖြစ်သည်။ အလွန်အကျွံ ခြယ်သ ထားသည်။ ရေမွှေးကို များများစားစား သုံးထားကြောင်း ကားပေါ်တက်စကတည်းက သတိပြုမိသည်။ စိန်ကဲ့သို့သော လက်ဝတ်လက်စားတွေက ညွတ်နေသည်။ အင်္ကျီမှာ လယ်ဟိုက်လွန်းလှလေသလား ထင်သည်။ ညိုမြာသန့်၏ လှုပ်ရှားပုံမှာ သွက်လက်လွန်းလှချေသည်။ ပြီး...ဟန်က လွတ်လပ်လွန်းကာ လူတကာနှင့် အလွယ်တကူ အကျွမ်းတဝင် ရှိနိုင်သည့်ပုံစံမျိုး ဖြစ်သည်။

'ညိုမြာသန့်ကို ဘာတွေ ကြိုပြောထားသလဲ ဟင်'

ကားထွက်လာသောအခါ ဇင် မေးမိသည်။

'ဘာမှ ကြိုမပြောမထားပါဘူး'

'ဘာမှ ကြိုပြောမထားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ညိုမြာသန့်ကတော့ ဇင့်အကြောင်းတွေ ကြိုသိထားသလိုပဲ'

'ကိုယ်တို့ နမ်စင်း သွားရအောင်'

'ဇင်တော့ ထမင်းစားခဲ့ပြီးပြီ'

'ကိုယ် နည်းနည်းပါးပါး သောက်ချင်တယ်။ ခရီးပန်းလာလို့ပါ'

ဇင် ဘာမျှ ပြန်မပြောခဲ့လေတော့။

ကားသည် ပြည်လမ်းမပေါ်မှာ ပြေးနေသည်။





'ညိုမြာသန့်ကို ကြည့်ရတာ ကားပေါ်မှာ ဇင် ပါလာတဲ့အတွက် ဘယ်လိုမှ စိတ်အနှောင့်အယှက် မဖြစ်သလိုပဲနော်'

'ကိုယ်ပြောသားပဲ၊ သမီးဟာ နားလည်လွယ်တဲ့ မိန်းကလေးပါလို့'

'သူ့ဖေဖေရဲ့ ကားပေါ်မှာ ဒီလိုပဲ မိန်းကလေးတွေ တစ်ယောက်မဟုတ်တစ်ယောက် ပါနေကျမို့ သူ့အဖို့ မထူးဆန်းတော့ဘူး ဆိုပါတော့'

သည်တော့လည်း ဦးတင်မောင်သန့်က ဇင့်ကို စူးစိုက်ကြည့်လိုက်သည်။

'ကိုယ်က တွေ့ကရာ မိန်းကလေးတွေကို ကားပေါ်ကောက်တင်တတ်တဲ့ လူစား မဟုတ်ပါဘူး'

'လက်ရွေးစင်ကလေးတွေမှ ဆိုပါတော့'

'ဇင်ရယ်...ဘာလို့ ကိုယ်နဲ့ရန်ဖြစ်ချင်နေရတာလဲ။ ညိုမြာ့မှာ နားလည်လွယ်တဲ့အသိ ရှိနေတယ်ဆိုတာက အလေ့အကျင့်ရနေတာကို ဆိုလိုတာ မဟုတ်ပါဘူး။ သူနဲ့မဆိုင်လှတဲ့ကိစ္စတွေကို စပ်စပ်စုစု လုပ်ဖို့ မလိုအပ်ဘူးဆိုတာ နားလည်နေတာကို ဆိုလိုတာပါ'

'ဒါဖြင့် ဖအေနဲ့သမီး ဖြစ်နေပေမယ့် သီးခြားဘဝနဲ့ သီးခြားခံစားချက်တွေ ကိုယ်စီကိုယ်ငှ ရှိနေကြတယ်ပေါ့'

'ဘဝရဲ့ လွတ်လပ်မှုဆိုတာကို ရှာဖွေနေတဲ့ ညိုမြာဟာ ဖအေနဲ့ သမီးဆိုတဲ့ ရင်းနှီးမှုထက်ပိုပြီး ကိုယ့်ဘဝကို ချုပ်ချယ်ထားခံရတဲ့ အဖြစ်မျိုး ဖြစ်ချင်ဟန် မတူပါဘူး'

'နမ်စင်း' စားသောက်ဆိုင်အတွင်း ကားကွေ့ချိုးဝင်လာသည်။

အခန်းတစ်ခန်း ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကိုယ် ဘီယာ နည်းနည်းပါးပါးသောက်မယ်၊ ဇင် ဘာ သောက်မလဲ'

'လိမ္မော်ရည်လောက်ပါပဲ'

ဘီယာ၊ လိမ္မော်ရည်၊ ဖက်ထုပ်နှင့် ကော်ပြန့်ကြော်များမှာ လိုက်သည်။

ဇင်သည် စိတ်မောနေသလို ကုလားထိုင်ကျောမှီကို ပျော့နွဲ့စွာ မှီထိုင်နေလိုက်သည်။

'ကိုယ် ဒီအတိုင်း နေမသွားနိုင်ဘူး ဇင်'

ဦးတင်မောင်သန့်က စကားစသည်။

'ဒီအတိုင်းဆိုတာက ဘာကို ဆိုလိုတာလဲ'

'ဒီအတိုင်းဆိုတာက ဇင်နဲ့ စားသောက်ဆိုင်တစ်ခုခုမှာ တွေ့ပြီး စကားပြော၊ အချိန်တန်တော့ အိမ်ပြန်၊ တယ်လီဖုန်းကနေ တစ်ဆင့် ဆက်သွယ်ဆိုတဲ့ အခြေအနေကို ပြောတာပါ'

'ဒီအတိုင်းထက် ဘာများ ပိုလိုချင်သေးသလဲ'

'ဇင့်ကို ကိုယ် အတည်တကျ လက်ထပ်ချင်တယ်'

'ဒီစကားဟာ အပ်ကြောင်းထပ်နေပါပြီ၊ ဓာတ်ပြားတစ်ချပ်သာဆိုရင် အက်လောက်နေပြီ'

'ထပ်တလဲလဲ ပြောရမှာပဲ ဇင်၊ ကိုယ် တကယ့်ကို လက်ထပ်ချင်နေပြီ'

'ဒေါ်ခင်မေမြိုင်ကို ဘယ်လိုလုပ်မလဲ၊ ညိုမြာသန့်ကို ဘယ်သွားထားမလဲ'

'ကွာရှင်းပြတ်စဲလိုက်ပြီဆိုရင် မြိုင်နဲ့ပတ်သက်တဲ့ ကိစ္စက ပြီးသွားမှာပဲ။ ညိုမြာကတော့ အရွယ်ရောက်နေပြီဖြစ်တဲ့ မိန်းကလေးတစ်ယောက်ပဲ။ အခုအခါမှာတော့ သူ့ကိုယ်သူ ထိန်းကျောင်းနိုင်နေ





ပြီ။ သူ့ဘဝခရီးကို သူ့ဘာသာ လျှောက်နိုင်နေပြီ။ ညိုမြာဟာ စေ့စပ်ပြီးသား ဖြစ်နေပြီ ဇင်။ ရှာဘီရဲ့အစ်ကို ရောဘတ်နဲ့ပဲ၊ မကြာခင် လက်ထပ်ဖြစ်ကြလိမ့်မယ်'

'ဦးတင်မောင်သန့် ဇင့်ကို တရားခံ အလုပ်ခိုင်းနေတာလား ဟင်'

'ဇင်ဟာ ဘယ်နည်းနဲ့မှ တရားခံ ဖြစ်မလာစေရပါဘူး။ ဇင့်ကြောင့်မဟုတ်လဲ ကိုယ်နဲ့မြိုင်တို့ တစ်နေ့မဟုတ်တစ်နေ့ ကွာရှင်းပြတ်စဲဖြစ်ကြမှာပါပဲ'

'ဒီလောက်သေချာနေရက်က ဇင့်ကို လက်ထပ်ဖို့ပြောလာတဲ့အထိ ပြတ်ပြတ်သားသား ဖြစ်မနေသေးတာ အံ့သြဖို့ ကောင်းတယ်။ ဦးတင်မောင်သန့်တို့ရဲ့ အိမ်ထောင်ရေးဘဝ သေနေတာ ကြာပြီဆိုရင် ဟိုတောစောပိုင်းကတည်းက ပြတ်ပြတ်သားသား ဖြစ်နေခဲ့ဖို့ ကောင်းတာပေါ့'

'ကိုယ် သည်းခံစောင့်နေခဲ့တယ်၊ ညိုမြာ့အတွက်ပဲ၊ ညိုမြာ အချိန်အရွယ် ရောက်လာတဲ့အထိ ကိုယ် ဒုက္ခခံခဲ့ရတယ်ဆိုရင်လဲ အမှန်ပဲ'

'ဒါဖြင့်လဲ နေလက်စနဲ့ နေလိုက်ပေါ့ရှင်'

'ခုတော့ ဖြင့် မနေနိုင်တော့ဘူး ဇင်။ ဒီအခြေအနေကို မုန်းတီးတယ်။ ဒီအတိုင်း နေမသွားနိုင်တော့ဘူး'

'ခက်တယ်၊ ကြားက ဇင့်မှာခက်နေတယ်။ ဘာပဲပြောပြော ဒီအချိန်မှာမှ ကွာရှင်းတာတို့၊ ပြတ်စဲတာတို့ဖြစ်လာရင် လူတွေက ဇင့်ကို လက်ညှိုးထိုးလာကြတော့မှာပဲ'

မှာထားသော စားစရာများ ရောက်လာသည်။ စကားစ ပြတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဇင်က ဘာစားစရာကိုမှ မတို့ထိခဲ့။ ဦးတင်မောင်သန့်ကတော့ ဘီယာ အတော်များများကို သောက်ချလိုက်သည်။

'ဒီမှာ ဇင် ကိုယ့်ဘဝထဲ ဇင် စတင်ရောက်လာကတည်းက ဇင်ဟာ ကိုယ့်အတွက် လိုလားအပ်တဲ့ မိန်းမတစ်ယောက်ဆိုကာ ကိုယ်ရိပ်မိခဲ့တယ်၊ ကိုယ် ချစ်ချင်တဲ့၊ ကိုယ် လက်ထပ်ချင်တဲ့ မိန်းမ အမျိုးအစားဆိုတာ သိနေတယ်။ စိတ်မှာ အလိုလိုနေရင်း လှို့ဆော်သိအရသိတဲ့အသိမျိုး။ ဒါကြောင့် ဇင့်ကို လက်ထပ်ဖို့ဟာ ကိုယ့်အတွက် အရေးအကြီးဆုံး၊ အဓိက အကျဆုံးနဲ့ အလိုအပ်ဆုံးလို့ ဆုံးဖြတ်ပြီး လက်ထပ်ခွင့်တောင်းခဲ့တာ'

'ဇင်တို့ ဒီအတိုင်းနေသွားကြတာက ပိုမကောင်းဘူးလား'

'ဒီအတိုင်း ဆိုတာက'

'ဒီအတိုင်းဆိုတာက ခုလိုပဲ တွေ့ချင်တဲ့အခါ တွေ့ကြတာပေါ့၊ ဆုံချင်တဲ့အခါ ဆုံကြတာပေါ့၊ စကားပြောချင်တဲ့အခါ ပြောကြတာပေါ့'

'လူငယ်လူရွယ်တွေ သမီးရည်းစား ထားကြသလိုလား။ ချိန်းတွေ့လိုက်ကြ၊ ရုပ်ရှင်ကြည့်၊ ပန်းခြံသွား၊ တီရှဉ်ဘာန်ရုံမှာ နေကုန်အောင်နေ၊ ဒီလိုဆိုလိုတာလား ဇင်။ အဲဒီလို နေဖို့အတွက်က ကိုယ်တို့ဟာ သိပ်ကို အသက်ကြီးသွားကြပြီ၊ ဒါမျိုး နေသွားဖို့ဆိုတာ ကိုယ်တို့ အသက်အရွယ်နဲ့ မလိုက်ဘက်တော့ဘူး'

ဇင်သည် ဦးတင်မောင်သန့်၏ မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ လေးနက်စွာ မေးလိုက်သည်။

'ဦးတင်မောင်သန့် ဇင့်ကို တကယ်ချစ်သလားဟင်'

'တကယ်ရဲ့ဟိုဘက် ကမ္ဘာတစ်သိန်းလောက် ချစ်ပါတယ် ဇင်'





'ယောကျ်ားတွေဟာ အစမှာတော့ ဒါမျိုးချည်း ပြောတတ်ကြတာပါပဲ'

'သြ…ဇင်က ကိုယ့်ကို မယုံကြည်ဘူးကိုး။ ကိုယ်နားလည်မိပြီ ဇင်၊ ဇင် ကြောက်နေတယ်'

'ရှင်'

'ဇင် ကြောက်နေတယ်'

'ဇင် မကြောက်ပါဘူး၊ ဇင်က ဘာကို ကြောက်ရမှာလဲ'

'ဇင် ကြောက်နေပါတယ်။ ကိုယ် ပြောနေတဲ့စကားတွေကို အပျက်အချော်လို့ ထင်နေသလား၊ ရှေ့ပိုင်းက ဒီလိုပြောပြီး နောက်ကျရင် တစ်မျိုးဖြစ်သွားမှာကို ကြောက်နေတယ် မဟုတ်လား။ ညောင်ရေအိုးရေ သောက်ပြီး သစ္စာဆိုရမလား၊ လက်မောင်း သွေးဖောက်ပြီး သစ္စာရေ သောက်ရမလား။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဇင့်ကို ပစ်မသွားဘူးဆိုတာ ကိုယ် သစ္စာဆိုရဲပါတယ် ဇင်'

'ဒါတွေ မလိုအပ်ပါဘူး ဦးတင်မောင်သန့်။ ဇင်ဟာ ယောကျ်ား အပစ်ခံခဲ့ရတဲ့ မိန်းမတစ်ယောက်ပါ။ ဇင့်မှာ အတွေ့အကြုံရှိပြီးသားပါ။ မချစ်လို့ ပစ်သွားတဲ့ဒဏ်ကို ဇင် ခံနိုင်စွမ်းရှိပါတယ်။ ဒါကို ဇင် မကြောက်ပါဘူး။ ဇင် တကယ်တမ်း ကြောက်တာက ဇင့်ကြောင့် မိသားစု တစ်စုရဲ့ဘဝတွေ ကြေကွဲ ပျက်စီးသွားမှာကိုပါပဲ'

'ဇင် ယုံမလား၊ ကိုယ်တို့ရဲ့ မိသားစုဘဝတွေ ကြေကွဲပျက်စီးခဲ့တာ ကြာပြီဆိုတာ'

'ဘာ အထောက်အထားမှ မရသေးဘဲ ဇင် ဘယ်လို ယုံရမလဲ'

'ညိုမှာ့ကို မွေးပြီးကတည်းက ကိုယ်တို့မိသားစုဘဝ သာယာရေးတွေ ပျက်စီးခဲ့တယ်၊ ကြေကွဲခဲ့တယ်။ မြိုင်ဟာ ညိုမှာ့ကို မွေးဖွား



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးတဲ့နောက်မှာ နောက်ထပ် ကလေးမရနိုင်တော့ဘူး။ မိသားစု သာယာရေး စီမံကိန်းတွေ ပျက်ခဲ့တယ်။ အမှန်တော့ ဒီစကားကို ကိုယ် မပြောချင်ဆုံးဘဲ ဇင်၊ အခုတော့ မပြောချင်တဲ့စကားကိုပဲ ဖွင့်ပြော ရတော့မယ်။ ကိုယ်နဲ့ မြိုင်နဲ့ ကြုံဆုံလာခဲ့ရတဲ့အကြောင်းတွေပေါ့။ ဒုတိယကမ္ဘာစစ်ဖြစ်တော့ မြိုင်ရဲ့မိဘတွေဟာ ကိုယ်တို့နေထိုင်တဲ့ တောရွာကလေးကို ရောက်လာတယ်၊ ဒီအချိန်မှာ ကိုယ်ဟာ လေးငါး နှစ်သားလောက်ပဲ ရှိဦးမယ်၊ မြိုင်ကလဲ ကိုယ်နဲ့ မတိမ်းမယိမ်းပဲပေါ့။ သူတို့တစ်တွေက မြို့ပေါ်က ဆန်စက်တွေ အများကြီးပိုင်တဲ့၊ လယ်ယာတွေ အများကြီးပိုင်တဲ့ သူဌေးတွေဆိုပါတော့။ ကိုယ့်မိဘ တွေကတော့ မြိုင့်ရဲ့ မိဘတွေရဲ့ လယ်က သူရင်းငှားအဆင့်လောက်ပဲ ရှိပါတယ်။ သူတို့စစ်ပြေးလာတော့ ကိုယ့်မိဘတွေက ကောင်းကောင်း မွန်မွန် လက်ခံတယ်၊ ကာကွယ်မှုတွေ ပေးခဲ့တယ်။

'စစ်ကာလ တစ်လျှောက်လုံးမှာ မြိုင်တို့ မိဘတွေ စိတ်အေး ချမ်းသာနဲ့ ကိုယ်တို့ရွာမှာ ခိုနေနိုင်ကြတယ်။ စစ်ပြီးတဲ့အခါမှာ သူတို့မြို့ကို ပြန်သွားကြတယ်။ ရောင်စုံ သောင်းကျန်သူတွေ ထကြွ တော့ ကိုယ်တို့မိသားစုတွေ တောမှာမနေနိုင်ကြတော့ဘူး၊ မြို့ကို တက်ပြေးလာရတယ်။ ဒီတစ်ခါမှာတော့ မြိုင့်မိဘတွေကတစ်လှည့် အကူအညီပေးကြပြန်တယ်။ ကိုယ် ကျောင်းနေနိုင်တာတွေ၊ ဘွဲ့ ရနိုင်ခဲ့တာတွေဟာ မြိုင့်မိဘတွေရဲ့ ထောက်ပံ့မှုကြောင့်ပဲ'

'ကျေးဇူးတရားကို ထောက်ထားပြီး လက်ထပ် ခဲ့ရတာမျိုး ဆိုပါတော့'

'ဆိုပါတော့ ဇင်၊ ဒါပေမယ့် လူတစ်ယောက်ဟာ တစ်သက် လုံး ကျေးဇူးတွေကို ကုန်းဆပ်နေရတာတော့ ငြီးငွေ့စရာ ကောင်းနေ တယ်'





'ဒေါ်ခင်မေမြိုင်ရဲ့ အဆိုး အမျိုးမျိုးကို ကျေးဇူးတရား ထောက်ထားပြီး သည်းခံနေခဲ့ရတယ်လို့ ဆိုလိုချင်သလား'

'မှန်ပါတယ်၊ ကိုယ် သည်းခံခဲ့ရတာ အနှစ်နှစ်ဆယ် ရှိခဲ့ ပါပြီ။ ကိုယ် ပညာတတ်တာ သူတို့ကြောင့်၊ ကိုယ် လူလုံး အူတလုံး ဖြစ်လာတာ သူတို့ ကျေးဇူးဆိုတော့ ဘေးက အမြင်မှာ ကိုယ်ဟာ လုပ်ငန်းကြီးတွေ လုပ်နေတယ်၊ ဝါသနာပါတဲ့ အနုပညာကို လုပ်နေ နိုင်တယ် ဆိုပေမယ့် ပကတိမှာတော့ ကိုယ့်ဘဝက မလွတ်လပ်ဘူး၊ နှောင်ကြိုးတွေအတည်း ခံနေရတယ်။ တကယ်တမ်း ကိုယ့်ဒူးကိုယ် ချွန် ခဲ့ရပေမယ့် အများရဲ့ အမြင်မှာတော့ မြိုင်တို့ရဲ့ လောင်းရိပ်အောက် က လူသားတစ်ယောက်၊ မြိုင်တို့ရဲ့ ထဘီရေသီနား ခိုစားနေရတဲ့ လူတစ်ယောက်အဖြစ်ထက် မပိုနိုင်ခဲ့ဘူး။ ဒါကို ကိုယ် နာကြည်းနေခဲ့ ရပါတယ် ဇင်ရယ်...'

ဇင်သည် တွေတွေကလေး တွေးနေသည်။ သူ့စကားတို့ကို ကြားရတော့လည်း ကရုဏာသက်ရမလို ရှိနေသည်။

'ဇင်'

'ရှင်'

'ဇင့်ကို ကိုယ် ဘာကြောင့် ချစ်သလဲဆိုတာ သိသလား ဟင်'

ဇင် အဖြေမပေးမိ။ သူ့ကိုသာ ငေးကြည့်နေလိုက်မိသည်။

'ဇင့်ကို ကိုယ် ချစ်မိတာ ဇင်ဟာ ကိုယ့်ဘဝကိုယ် လှုပ်ရှား ရုန်းကန်နေတဲ့ အားမာန်ပြည့်ဝတဲ့ မိန်းမတစ်ယောက်ဆိုတာ သဘော ပေါက်မိရာက စ,ခဲ့တာပဲ'

'ဇင့်အပေါ် အထင်မသေးဘဲ ခုလို မြင်ဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်'

'ဒါဆိုရင် ကိုယ်တို့ တစ်ယောက်ကိုတစ်ယောက် နားလည်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ကြပြီထင်ပါတယ်၊ ကိုယ်တို့ဘဝတွေ ပေါင်းစပ်လို့ ရနိုင်လိမ့်မယ် ထင်ပါတယ် ဇင်။ မဟုတ်လား ဟင်'

'ဇင် ဝန်ခံချင်တာ ရှိပါတယ် ဦးတင်မောင်သန့်။ ဇင့်မှာ ဦးတင်မောင်သန့်အပေါ် သံယောဇဉ်ဖြစ်ရတာတွေ ရှိပါတယ်၊ အခုလို အကြောင်းစုံသိရတော့ ပိုပြီး သံယောဇဉ်ဖြစ်ရတာပေါ့'

'ဒါဆိုရင် ကိုယ်တို့ဘာလို့ လက်မထပ်နိုင်ကြရမှာလဲ၊ သတ္တိရှိစမ်းပါ ဇင်'

'ဇင်လား၊ သတ္တိ သိပ်ကောင်းလှတယ်လို့တော့ မပြောချင်ပါဘူး။ ဒါပေမယ့် ဇင် ဖြစ်ချင်တာတွေ ဖြစ်လာမယ်ဆိုရင်တော့ သတ္တိကို ကြိုးစားမွေးမြူရမှာပေါ့'

'ဇင် ဘာဖြစ်ချင်သလဲ ဟင်'

'တစ်၊ ဇင့်အနေနဲ့ ဦးတင်မောင်သန့်တို့ရဲ့ အိမ်ထောင်ရေးဟာ ဇင့်ပယောဂကြောင့်မဟုတ်ဘဲ ရှင်းရှင်းလင်းလင်း ရှိသွားစေချင်တယ်'

'ဒါကို ကိုယ် ကတိပေးပါတယ်၊ ဇင့် ပယောဂ မပေါ်စေရပါဘူး'

'နောက် တစ်ခုက ဇင်တို့ လက်ထပ်ခဲ့ရင် လက်ထပ်မှုဟာ တရားဝင်ဖြစ်ရမယ်၊ ဇင်သာ နံပတ်တစ် ဖြစ်ရမယ်။ ဇင်ရဲ့ဘဝနဲ့ ဇင်ရဲ့ ပတ်ဝန်းကျင်ဘဝတွေကို အာမခံချက် ပေးနိုင်ရမယ်'

ဦးတင်မောင်သန့်၏ မျက်ဝန်းများသည် တောက်ပြောင်လာသည်။ ရွှန်းလက်လာသည်။

သူ၏မျက်နှာသည် တက်ကြွမှုဖြင့် သွေးရောင် လွှမ်းတက်လာလေသလား ထင်ရသည်။

'ဒါတွေဟာ ဇင့်ဘက်က လိုလားချက်နဲ့ တောင်းဆိုချက်တွေ





အကုန်ပဲလား။ ဒီထက်မကတောင် ကိုယ့်မှာ လိုက်လျောနိုင်တာတွေ ရှိပါသေးတယ် ဇင်'

'တော်ပါပြီ၊ ဇင် လောဘမကြီးပါဘူး။ ဇင် လိုချင်တာ နည်းနည်း ကလေးပါ'

'ဒါတွေကို ကိုယ်အကုန်လိုက်လျောနိုင်ပါတယ် ဆိုရင်ကော'

ဇင်သည် မျက်စိကို မှိတ်လိုက်သည်။ အံကို ကျိတ်လိုက်သည်။

ဇင်၏အသံသည် လည်ချောင်းမှမဟုတ်ဘဲ သွားများအကြားမှ ခဲယဉ်းစွာ တိုးထွက်သွားသည်။

'ဒါဆိုရင် ဇင့်ကို လက်ထပ်ပါ ဦးတင်မောင်သန့်'

× × ×



www.burmeseclassic.com

www.burmeseclassic.com

၁၁ ရေးဆရာ တစ်ယောက်က ရေးဖူးသည်။ 'ယောကျ်ားတို့သည် တစ်ကိုယ်ကောင်းဆံကြသည်' တဲ့။ 'မိန်းမတို့သည် မိုက်မဲကြသည်'တဲ့။

သိုးဆောင်းစကားနှင့်ဆိုလျှင် 'Men are selfish and women are foolish' ပေါ့။

သည်စကားကို ကြားရစက ဇင်တို့ နာမိခဲ့ကြ သေးသည်။

ယောကျ်ားတွေတော့ ဟုတ်ချင် ဟုတ်မှာပေါ့၊ မိန်းမတွေကတော့ ဟုတ်မယ် မထင်ပါဘူး စသည်ဖြင့် အငြင်းပွားမိခဲ့ကြ သေးသည်။ ထို စာရေးသူကိုပင် မိန်းမတွေကို နှိမ်ရန်ကော အပြစ်ပြော ခဲ့ကြသေးသည်။

ယခုတော့ သည်စကားကိုပင် အတည်ယူရမလို ဖြစ်နေသည်။

ဆုံးဖြတ်ချက် ချပြီးကာမှပင် ဇင်သည် မိမိကိုယ်မိမိ မိုက်မဲရာ ကျနေပြီလား ထင်သည်။

သို့ပေမယ့် မတတ်သာတော့ပါဘူး။ ဇင်က အလုပ်တစ်ခုကို လုပ်မည်ဆိုလျှင် မဆုတ်မနစ် လုပ်တတ်သည်။ မှားကာမှ မှားလေရော့။ စိတ်ပိုင်းဖြတ်ပြီးပြီ ဆိုလျှင်တော့ 'ဘွာ' မခတ်တမ်းပေါ့။





မိန်းမတွေအားလုံး မမိုက်မဲဘူးထား၊ အဲချို့သော မိန်းမများကဖြင့် မိုက်မဲကြသည် အမှန်ပင်။

ရှည်ရှည်ဝေးဝေး ကြည့်မနေပါနှင့်။

ရုပ်ရှင်ရုံတွေမှာ၊ ပန်းခြံတွေမှာ၊ တိရစ္ဆာန်ရုံမှာ၊ ကန်တော်ကြီးမှာ၊ အင်းလျားမှာ မြင်ရလေ့ရှိသည့် စုံတွဲတွေကိုပဲ ကြည့်။

ချိန်းဆို တွေ့ဆုံကြသည် ဆိုသည်မှာ ယောကျ်ားကလေးတစ်ယောက်အဖို့ မထောင်းတာလှပါ။ ဘာပဲပြောပြော တစ်ခုမဟုတ်တစ်ခု အမြတ်ထုတ်နိုင်သည်။ သူတို့ဆီက ဘာမှပဲ့ပါသွားနိုင်သည် မဟုတ်။ အရှက် ဆိုသည်ကိုလည်း ဘေးချိတ်ထားနိုင်သည်။ လူတွေသူတွေ မြင်သွားတောကော ဘာကိုများ ဂရုစိုက်စရာ ရှိပါသလဲ။ ဂုဏ်ယူဝင့်ကြွားမည်ဆိုလျှင်ပင် ရနိုင်သေးရဲ့။

မိန်းကလေး ဆိုသည်မျိုးက အရှက်ကို ငဲ့ကွက်ရဦးမည်။ အသိအကျွမ်းတွေ၊ အစ်ကိုတွေ၊ မောင်တွေနှင့် ဆုံမိလျှင် ပြဿနာကမသေး။ အရိုက်အနှက်ခံရဦးမည်။ အဆူပူ အကြိမ်းမောင်း ခံရဦးမည်။ မရှောင်သာသည့် ကွေ့တွင် အမှားနှင့် တွေ့ချင်တွေ့နိုင်သေးသည်။

သို့စင်လျက်...ဒါတွေကို ငဲ့ကွက်ပြီး ရှောင်ကြဉ်သူက ခပ်ရှားရှား၊ မိုက်မဲစွာပင် ချိန်းဆိုမှုကို လက်ခံကြသည်။ တွေ့ကြသည်။ လောကကို မေ့ကြသည်။ မိုက်မဲမှုကိုပင် သတ္တိဟု အမွှမ်းတင်ချင်ကြသေးသည်။

မိဘတွေ၊ ဦးကြီး ဦးလေတွေ၊ အစ်ကိုတွေ၊ မောင်တွေကြားက သက်စွန့်ဆံဖျား ခိုးရာလိုက်ကြသူတွေ ဒုနှင့်ဒေး။ မရှောင်သာသည့် အမှောင်လမ်းကြားက အမှားကြောင့် ကျရသော မျက်ရည်များကို စုထားလျှင် အင်လျားကန်ပင် လျှံလောက်ပါရဲ့။

ပဋိသန္ဓေနေရခြင်း၊ မွေးဖွားရခြင်း၊ အိမ်ထောင့်တာဝန် ထမ်း



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရခြင်း စသည်တို့ကို စိုးရွံ့ကာ မင်္ဂလာပွဲမှာ မပျော်နိုင်သူ အရှားသားကလား။ အမယ်လေး အဘလေး တကာ နာနာကျင်ကျင် မွေးဖွားပြီး ဆယ့်လေးငါးရက် မကြာခင် ဒါတွေကို မေ့ပျောက်ပစ်နိုင်ကြသည်မှာ မသတ္တဝါ။

သည် မိုက်မဲကြသူတွေထဲမှာ ဇင်သည်လည်း အပါအဝင်သာ ဆိုလိုက်ပါတော့။

ယခုတော့လည်း...

ဇင်သည် ဦးတင်မောင်သန့်၏ တောင်းခံမှုကို လိုက်လျောလိုက်ပြီ။ လက်ထပ်ဖို့ လက်ခံလိုက်ပြီ။

သည်တစ်ပတ် မြို့သို့ပြန်တော့ ယင်းအကြောင်းကို မေမေ့အား ဖွင့်ပြောလိုက်သည်။

'မိုက်လိုက်တာ သမီးရယ် လောကမှာ ယောက်ျားဒီလောက်ပဲ ရှားသလား'

မေမေ၏ အပြစ်တင်စကားကို ပထမဆုံး ကြားရသည်။

'သူ့မိန်းမနဲ့ ကလေးတွေကို ဘယ်လိုလုပ်မလဲ'

'သူ့ နောက်ကြောင်းတွေကို သူ့ဟာသူ ရှင်းပါလိမ့်မယ် မေမေ။ မောင် သမီးကို ပစ်သွားတုန်းကလဲ သမီးရဲ့ပြဿနာကို သမီးဘာသာ ဖြေရှင်းခဲ့ရတာပါပဲ'

'အမေ့သမီးကျမှ ဒီလို ဖြစ်ရလေခြင်းကွယ်'

မေမေ မျက်ရည်ကျသည်။ မေမေ့မျက်ရည်ကို မြင်ရတော့ ဇင် စိတ်မကောင်းနိုင်ခဲ့။

'အေးလေ..သမီးရဲ့ အသက်လဲ သုံးဆယ် ရှိလာပြီး ဆိုတော့ ငယ်တော့တာမှ မဟုတ်ပဲ။ ချင့်ချိန်ဦးပေါ့'

ဇင်ကလည်း ချင့်ချိန်ပါသည်၊ ဇင် ချင့်ချိန်နေလို့သာ





ဒီလောက်ကြာခဲ့တာပေါ့။

သို့ပေမယ် တစ်ဘက်က အားကောင်းသော သံလိုက်ခါတ်နှင့် ညှို့ငင်ထားသလို ဖြစ်သည်။ ဇင်သည် အားကောင်းသော သံလိုက်စက်ဝန်းအတွင်းမှာ ကျရောက်နေသော သံမှုံမယ်နကလေးလို ဖြစ်သည်။ ဝဲသြဃ အလယ်မှာ အမှိုက်စကလေးလို ဖြစ်သည်။ ရုန်းကန်ထွက်ခြင်းငှာ မစွမ်းသာခဲ့။ အင်အားတွေ ကုန်ဆုံးကာ နွမ်းလျနေသလို ရှိသည်။

ဇင် လိမ္မာခဲ့ဖူးတာလဲ အရှိသား။ မောင်နှင့်တုန်းက ဇင် ဘယ်လောက်လိမ္မာခဲ့ပါသလဲ။ မောင့်ကို တစ်သက်လုံး ချစ်သွားဖို့ လက်ထပ်ခဲ့တာပါ။ ကွာရှင်း ပြတ်စဲဖို့ ဆိုသည်ကို စိတ်ပင် မကူးခဲ့။ 'ကွာရှင်း ပြတ်စဲခြင်း' (Divorce) ဆိုသော စကားလုံးသည်ပင် ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး မင်းသားနှင့် သန်းကြွယ် သူဌေးကြီးတွေအတွက် သက်သက်ထားရှိသည့် စကားလုံး ဟူ၍သာ ထင်ခဲ့သည်။ မောင်နှင့် ကွဲကွာခဲ့ပြီးသည့် နောက်မှာလဲ နှစ်ပေါင်းများစွာ လိမ္မာခဲ့တာပဲ မဟုတ်လား။

အကောင်းဆုံး အခြေအနေနှင့် အသင့်လျော်ဆုံး နေပြခဲ့သည်ပဲ မဟုတ်လား။ ဇင့်အဖို့ ထင်မှတ်သော အရာများ ဖြစ်မလာဘဲ မထင်မှတ်သော အရာများသာ ဖြစ်လာသည်ကတော့ ကံကြမ္မာပဲ ထင်ပါရဲ့။

အမှန်ပြောရလျှင်တော့ သည်ရက်များအတွင်းတွင် ဇင်၏ စိတ်တို့ ထွေနေသည် အမှန်။ တွေနေသည် အမှန်။ မိမိစိတ်ကို မိမိ မပိုင်၊ မိမိ ကိုယ်ကို မိမိ မဆိုင်။ သူတစ်ပါး စိတ်နှင့် ကိုယ့်ကိုယ်လို ဖြစ်နေသည်။

သြော်...အသက်ဝိညာဉ် ကင်းမဲ့သည့် ရုပ်သေးရုပ်လိုပါပဲကလား။ ကြိုးဆွဲတိုင်း က,ရမည့် ပုံသဏ္ဍာန်လိုပါပဲကလား။



www.burmeseclassic.com

www.burmeseclassic.com

ဦးတင်မောင်သန့်နှင့် နေ့စဉ်လိုပင် တွေ့ဆုံကြသည်။ စိတ်ပိုင်းဖြတ်ပြီးပြီ ဆိုတော့လည်း ဇင်သည် ဦးတင်မောင်သန့်ပေးသမျှ ယူသည်။ ကျွေးသမျှ စားသည်။

စိတ်သန့်နိုင်အောင် ကြိုးစားသည်။

× × ×



ဇွန်လ ထိအောင်ပင် နွေသည် ပူကောင်းတုန်း ဖြစ်သည်။ နေရောင်ခြည်သည် အရာအားလုံးအပေါ်မှာ ရူးရှသော မြားတံများနှင့် ပစ်လွှတ်ထားဘိသည်သို့ဖြစ်သည်။ လောကကြီး တစ်ခုလုံးကို လောင်ကျွမ်းပစ်လိုက်တော့မည်သို့ ဖြစ်သည်။

ထိုကာလတွင် ဦးတင်မောင်သန့်က အဆိုပြုလာသည်။

"သိပ် ပူပြင်းတဲ့ နွေပဲ၊ ရန်ကုန်အပူကိုရှောင်ရင်း ငပလီမှာ သွားနားရကောင်းမလား စိတ်ကူးတယ်"

"ဟိုမှာကော အေးမှာလား။ တစ်နိုင်ငံလုံး ပူနေတဲ့ဥစ္စာ"

"ဘာပဲပြောပြော ရေနဲ့နီးတော့ သက်သာမယ် ထင်တာပဲ။ လေလဲတိုက်မယ်၊ အုန်းပင်တွေ၊ ပင်လယ်ကဗွီးတွေ၊ ပုန်းညက်ညိုပြင် ရိပ်တွေကို ဇင် စဉ်းစားကြည့်စမ်း။ ရန်ကုန်မှာက တိုက်တွေ၊ အင်္ဂတေ၊ ပလက်ဖေါင်းတွေ၊ ကားအိပ်ဇောကထွက်တဲ့ ညှော်နံ့တွေနဲ့"

"ဦးတင်မောင်သန့်လို လေအေးစက်နဲ့နေ၊ လေးအေး စက်ပါတဲ့ကား စီးနေတဲ့လူက ညည်းနေရင် ကျန်တဲ့လူတွေ ဘယ်လို နေရတော့မှာလဲ၊ ကမ္ဘာကြီးကိုက ဖန်လုံအိမ်အာနိသင်ကြောင့် အပူရှိန် တိုးနေတာရှင့်"

"ဇင် မဆိုးဘူး၊ စာဖတ်သားပဲ။ နောက်တစ်ခု ရှိတယ် ဇင်၊ ကိုယ့်ဝန်ထမ်းတွေကို ငပလီပို့ပေးမယ်လို့ ကတိပေးထား တာရှိ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ နွေဆိုတော့ စာအုပ်ကလဲ မရောင်းရဘူး။ ခုလို အလုပ်ပါး တုန်း ပို့ရရင် ကောင်းမလားလို့။ ပြီးတော့ ဇင့်ကိုလဲ ငပလီကို ရောက်စေချင်တယ်။ ကလေးတွေကို ထိန်းကျောင်းပေးဖို့ပါ။ မိန်းကလေး ဝန်ထမ်းတွေလဲပါလို့ပါ"

"ဇင်က ပဒေသရာဇာရဲ့ ဝန်ထမ်းမှ မဟုတ်တာ"

"ပဒေသရာဇာရဲ့ အကျိုးဆောင်လေ၊ ကဲပါဇင်ရယ်... ဒါကို အငြင်းပွား မနေစမ်းပါနဲ့။ ဇင် ငပလီကိုရောက်ဖူးလား"

"ဟင့်အင်း"

"ဒါဆိုဘာလို့ ငြင်းနေမှာလဲကွယ်"

"ဇင် စဉ်းစားနေတာပါ"

"စဉ်းစားမနေနဲ့တော့၊ မနက်ဖန် ထွက်မှာ။ ကုန်းလမ်းက သွားမှာ၊ ကပ်စေးနည်းတာ မဟုတ်ဘူး နော်၊ ဒီလူအုပ်ကြီး လေယာဉ် လက်မှတ် ရဖို့မလွယ်လို့။ ရန်ကုန်ကနေ ပြည်၊ ပြည်ကတစ်ဘက် ကမ်းကူး။ ပန်းတောင်း၊ တောင်ကုတ်ကနေ သံတွဲ၊ ငပလီ၊ အဲ့ဒီလို သွားမှာ။ ဇင်လဲ စာရင်းဇယားတွေကို မေ့ထား။ ဒီအချိန်မှာ ဒါတွေစဉ်းစားရင် ဦးနှောက်အရည်ပျော် ကျသွားလိမ့်မယ်"

အမှန်ပြောရလျှင်တော့ ကျော်ကြားသော ငပလီသို့ ဇင်မရောက်ဖူးခဲ့။ ရုပ်ရှင်တွေ၊ ဓာတ်ပုံတွေ ထဲမှာတော့ မြင်ဖူးသား။ ခုတလော စိတ်တွေကလည်း ထွေနေသည်လေ။ ခရီးသွားလိုက်လျှင် စိတ်ပြေလက်ပျောက် ဖြစ်လိမ့်မည် ထင်သည်။

သို့ဖြင့် နောက်တစ်နေ့ နံနက် စောစောနိုးပြီး လက်ဆွဲ အိတ်ကို အသင့်ပြင်ထားမိသည်။ သူတို့ အလာကို ကြိုမိသလို ရှိနေကြောင်း တွေ့ရသည်။

× × ×



ငပလီသည် ကျော်ကြားသလို သာယာလှပသည်လည်း အမှန်။ ပင်လယ်ကမ်းက ရှည်လျားသည်။ ကျောက် ဆောင်များရှိ၍ မေန်းကဲ့သို့သော အန္တရာယ်ပေးမည့် ရေသတ္တဝါများ မရှိဟု သိရသည်။

ရေက စိမ်းမြသည်။ သဲက ဖြူသည်။ သန့်သည်။ ကမ်းစပ် တလျှောက် ပင်လယ်ကဗွီးနှင့် ပုန်းညက်ညိုပင်များရှိသည်။ အတွင်းပိုင်းမှာတော့ အုန်းပင်တွေက စိမ်းမြ၍ အုပ်ဆိုင်းနေသည်။ အလာလမ်းတွင် အချို့နေရာ လမ်းကြမ်းသည်။ အချို့မှာရာ မြင့်မားသည်။ ထို့ကြောင့် ကားပေါ်မှာ ခလောက်ဆန်ပြီး ပါလာခဲ့ရ သမျှ ငပလီကို မြင်ရသောအခါ လန်းဆန်းသွားကြသည်။

ဇင်ပါအပါအဝင် အားလုံးလို ပင်လယ်စပ်သို့ဆင်းကာ ရေကို လက်ခုပ်ဖြင့်ခပ်ပြီး မျက်နှာသစ်ကြသည်။ ကိုယ်ပေါ်လောင်းချ ကြသည်။ အချို့ယောကျ်ားကလေးတွေကတော့ အတော်ဝေးဝေး အရောက် လျှောက်သွားကြသည်။ ခေါင်းမြုပ်သည် အထိ ရေထဲမှာ နှစ်လိုက်ကြသည်။

ဇင်သည် စိတ်ကျေနပ်သလောက်ရှိမှ ရေထဲက တက်ခဲ့သည်။ ရေစပ်မှာ ဦးတင်မောင်သန့် စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်မောင်သန့်က မေးသည်။

'ဇင် မှတ်မိသေးသလား'

'ဘာကိုလဲ ဟင်'

'သင်္ကြန်တုန်းက အင်းလျားမှာ ဇင် ရေထဲက တက်လာတဲ့ အချိန်ကိုလေ။ အဲဒီ့မတိုင်ခင်တုန်းကဆိုရင် ကိုယ့်မှာ ဆုံးဖြတ်ချက် ချထားတာ ရှိတယ်၊ ဇင့်ကို ရှောင်တော့မယ်၊ ဝေးဝေးနေတော့မယ်၊ လက်ထပ်ဖို့လဲ မကြိုးစားတော့ဘူးလို့ပေါ့။ ဒါပေမယ့် အဲဒီနေ့က ဇင့်ကို မြင်လိုက်ရတော့ ဇင်ဟာ သိပ်လှတယ်၊ ဘယ်လိုနည်းနဲ့မှ သံယောဇဉ်မဖြတ်နိုင်တော့ဘူးဆိုတာ သေချာသွားတယ်။ ဒီလိုနဲ့ ဆုံးဖြတ်ချက်တွေ ပြောင်းခဲ့တာပဲ ဇင်'

'ဟုတ်လား၊ ဒီလိုဆိုရင် ဇင့်ကို နည်းနည်းလောက် ဆွဲထားစမ်းပါ'

'ဘာဖြစ်လို့လဲ ဇင်'

'ကိုယ်မြှောက်ပြောတာနဲ့ ဇင် ဘဝင်မြင့်ပြီး ကောင်းကင်ပေါ် လွင့်တက်သွားမှာ စိုးလို့ပါ'

ရယ်ကြရသေးသည်။

ဇင်တို့ ငပလီမှနေကာ မြပြင်၊ ဂျိတ်တော၊ လုံးသာ စသည့် ရွာကလေးများဆီသို့ သွားကြသည်။ ရွာတိုင်းလိုလိုမှာပင် ဦးတင်မောင်သန့်၏ မိတ်ဆွေများ ရှိသည်။ ရင်းနှီးကျွမ်းဝင်စွာ နှုတ်ဆက်ကြသည်။ ဒေသခံ သွားရည်စာများ ကျွေးသည်။ အုန်းရည် ကတော့ အလျှံအပယ် ပါပဲ။

ဦးတင်မောင်သန့်သည် ငပလီကို အိမ်ဦးနှင့်ကြမ်းပြင်သဖွယ် ကျွမ်းကျင်သန်းခဲ့သည်မှာ ထင်ရှားသည်။ အကြိမ်ကြိမ်အခါခါ ရောက်ဖူး ပေလိမ့်မည်။ တည်းခိုရိပ်သာ၊ ဘန်ဂလို၊ ဟိုတယ်တို့မှ ဝန်ထမ်း





တွေက သူ့ကို လေးစားစွာ ဆက်ဆံကြသည်။ သူနှင့်ပတ်သက်သူများ အပေါ် ဖော်ဖော်ရွေရွေ ရှိကြသည်။

ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်းဆိုတာ ငွေရှာ ကောင်းတာ၊ သတ္တိရှိတာ၊ ရဲရင့်တာနှင့်ချည်း မလုံလောက်သည်ကို ဇင်တွေ့နေရသည်။ ယောကျ်ားတစ်ယောက်သည် ရိုးသားရမည်၊ စွမ်းဆောင်နိုင်စွမ်း ရှိရမည်။ ခေါင်းဆောင်ကောင်း ပီသရမည်။ ဒါမှသာ ယောကျ်ားကောင်း တစ်ယောက်ဟု ဇင်တို့ သတ်မှတ်ခဲ့ ကြသည်။

သို့သော် ယောကျ်ားဆိုတာ ရိုးသားရမည်။ ဖြတ်သားရ မည်။ တပြိုင်နက်မှာပင် ကရုဏာနှင့် သည်းခံနိုင်စွမ်းလည်း ရှိရပေမည်။ ငွေသည် အရာရာအပေါ် လွှမ်းမိုးနိုင်သည် မှန်သော် လည်း အချို့နေရာများကို ငွေနှင့်ဝယ်၍ မရနိုင်ပါ။ ဥပမာအားဖြင့် မေတ္တာ၊ ဂရုဏာ၊ မုဒိတာ။

ဦးတင်မောင်သန့်မှာ သည်အရည်အချင်းတွေ ရှိနေကြောင်း ဇင် တွေ့ရသည်။ သူသည် သူ့ဝန်ထမ်းများအပေါ် သည်းခံစိတ်ရှည် ကာ ဂရုဏာလည်း ထားသည်။

သည်အချက်သည် ယခုလို လူ တစ်အုပ်တစ်မကြီးနှင့် ခရီးသွားသောအခါ ပေါ်လွင်လာသည်။

သူသည် လူကြီးလူကောင်း ပီသသူဖြစ်သည်။ ဝန်ထမ်း တွေက ကလေးတွေ ဆိုသော် လည်း အသက်နှစ်ဆယ်ကျော်တွေမို့ ဇင်တို့အပေါ် သိပ် ဝန်မပိခဲ့ပါ။

ဇင်သည် ဦးတင်မောင်သန့်နှင့်အတူ နံနက်နှင့် ညနေများ တွင် ကမ်းခြေအတိုင်း လမ်းလျှောက် ထွက်သည်။ ညဘက် သဲသောင် ပေါ်မှာ ထွက်ထိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇင်သည် ကောင်းကင်ပြာထဲမှ ကြယ်ပွင့်များကို ရေတွက်နေမိလေသည်။ အမှန်တော့ ဇင်သည် အိပ်မက်မက်နေသူပမာ ဖြစ်သည်။ အိပ်မက်ကမ္ဘာထဲသို့ အလည်သွားရသလို ရှိသည်။

စင်စစ် သည်အဖြစ်တွေကို မောင်နှင့် လက်ထပ်စဉ်ကတည်းက ဇင် တောင့်တခဲ့သည်။ ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာ ဖတ်ဖူး မြင်ဖူးကာ သည်အရာတွေကို စိတ်အတွေးဖြင့် လွမ်းခဲ့သည်။

မောင်သည် ဇင့် တောင့်တမှုတွေကို မဖြည့်စွမ်းနိုင်ခဲ့။

မလိုက်လျောနိုင်ခဲ့။

မောင် မပေးနိုင်သော အရာ၊ မဖြည့်စွမ်းနိုင်သော အရာ၊ မလိုက်လျောနိုင်သော အရာများကို သူက ပေးစွမ်းခဲ့သည်။ ဖြည့်စွမ်းခဲ့သည်။ လိုက်လျောခဲ့သည်။

သူနှင့်ပတ်သက်၍ ဇင်သည် အဆုံးစွန်သော ကျေနပ်မှုကို ရခဲ့သည်။

မောင်နှင့်စာလျှင်တော့ သူက ထည်ဝါသည်၊ ခမ်းနားသည် အမှန်။ သူက ငွေရှိသည်၊ ပြည့်စုံသည်၊ ကျွမ်းကျင်သည်။

ငွေသည် လောက၏ အချို့သော အစိတ်အပိုင်းများ အပေါ်မှာ လွှမ်းမိုးနိုင်စွမ်း ရှိသည်ဆိုခြင်းကို ဇင် သဘောပေါက်ခဲ့ရသည်။ ယုံကြည်ခဲ့ရသည်။

နောက်ဆုံးညမှာ ဇင်တို့ ညစာကို နောက်ကျ၍ စားသည်။

ဇင်တို့ ဖယောင်းတိုင်တွေ ထွန်းကာ နေကြသည်။ ညစာကို ကြမ်းပြင်ပေါ်မှာပင် စားကြသည်။ နှစ်ယောက်လုံး၏ ပတ်ပတ်လည်မှာ ဖယောင်းတိုင်တွေ ထွန်းထားသည်။

အပျင်းပြေသဘောနှင့် ဟောလီးဝုဒ် ကစားကြသည်။

ဇင် နိုင်သည်။





သူက ဖဲချပ်များကို စိတ်ပျက်စွာ ဖြန့်ကြဲပစ်သည်။ ဖဲချပ်အချို့ကို မီးရှို့သည်။ ဖယောင်းတိုင် ဝိုင်းဝိုင်းလည်နေသည့် အကြားမှာ ဖဲချပ်တွေပေါ်မှာ ချစ်ကြတော့ ဇင်သည် မိမိအဖြစ်ကို ရယ်ချင်သလို ရှိလာသည်။

'လိုင်ဇာမင်နယ်လီ' ပါသော "Cabaret" ရုပ်ရှင်ကားကို သတိရမိသည်။

ထိုရုပ်ရှင်ကားကို မကြာမီကမှ ဇင် ကြည့်ဖြစ်ထားသည်။

'ဇင်တို့အဖြစ်က ကဘာရေး ရုပ်ရှင်ထဲကလိုပဲနော်'

'အစစ်ပဲဇင်၊ ပျော်စရာ ကောင်းလိုက်တာကွာ၊ ဒီညကို ကိုယ့်တစ်သက် မေ့မှာမဟုတ်တော့ဘူး'

သည်နောက် ဇင်တို့ သောင်ယံသို့ ဆင်းလာကြသည်။ ပင်လယ်ကို မျက်နှာပြုကာ ထိုင်ကြသည်။

လ,ရောင်အောက်တွင် လှိုင်းခေါင်းဖြူတို့ လိမ့်လူးတက်လာကြသည်။ လေတိုးနေသည်။ ဇင်၏ဆံပင်သည် လေတွင် လွင့်မျောနေသည်။

နဂါးငွေ့တန်းသည် နို့နှစ်များလို ကောင်းကင်ပြာထဲမှာ ဖွေးနေသည်။

ရေတွက်၍ မဆုံးနိုင်သော ကြယ်ပွင့်များသည် ကတ္တီပါအပြာထဲမှာ စိန်ပွင့်တွေကြဲထားသလို တဖျပ်ဖျပ် တောက်ပလင်းလက်နေသည်။

'ဒါထက် မေးရဦးမယ်၊ ကိုယ် ဒီကိုလာတာ ကိုယ့်ဇနီး သိသလား ဟင်'

'မသိပါဘူး၊ ကိုယ်က တလောက ဆုံးသွားတဲ့ အဒေါ်ရဲ့ အမွေကိစ္စအတွက် မန္တလေးကို သွားမယ်လို့ ပြောထားခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ယောကျ်ားတွေဟာ အတော်ဉာဏ်များသားနော်'

သည်ကစပြီး ဇင်တို့ အနာဂတ်အတွက် စီမံကိန်းများကို စကား စ,ဖြစ်ခဲ့ကြသည်။

'ကိုယ့်အဒေါ်က အပျိုကြီး၊ သွေးအရင်းဆုံးဆိုလို့ ကိုယ်ပဲ ရှိတယ်။ အစကတော့ ကိုယ်တို့မျိုးရိုးထုံးစံအတိုင်း ခပ်မွဲမွဲပါပဲ။ နောက်တော့မှ ပွဲရုံအလုပ်နဲ့ ကြီးပွားလာတယ်။ ကိုယ့်အတွက် အမွေတွေ ချန်ထားနိုင်ခဲ့တယ်'

'အမတေ ရှိရာ အမတေ စု ဆိုသလိုပေါ့နော်၊ ချမ်းသာတဲ့ သူတွေအတွက် ပိုပြီး ချမ်းသာဖို့ ကံဖန်ဖြစ်လာတာပဲ။ သူဌေးကို ထီရွေးပေါက်သလိုပဲ'

'ဒါကြောင့်လဲ မြိုင်နဲ့ ကွာရှင်းပြတ်စဲလိုက်ဖို့ ကိုယ် သတ္တိရှိလာတာပေါ့ ဇင်'

'ဒီကိစ္စကလဲ ပြီးပြီးပြတ်ပြတ် ဖြစ်ဖို့တော့ ကောင်းနေပြီ ထင်ပါတယ်'

'ဒီက အပြန်မှာ ကိုယ် ဖွင့်ပြောဖို့ စိတ်ကူးပြီးသားပါ'

'သူက သဘောမတူခဲ့ရင်ကော'

'သူ သဘောတူမှာ သေချာပါတယ် ဇင်၊ ဒါကြောင့်လဲ ကိုယ် အာမခံရဲ နေခဲ့တာပေါ့'

သူ့စီမံကိန်းထဲတွင် ဇင့်ကို အဆောင်မှာ ဆက်မနေစေချင်တာတွေ ပါသည်။ ဝါဏိဇ္ဇမှ ထွက်စေချင်သည်။ ဇင့်သမီးနှင့် သားကို ရန်ကုန်က ကျောင်းကောင်းကောင်းမှာ ထားပေးချင်တာပါသည်။ သူတို့နေ့ာင်ရေးအတွက် ဘဏ်မှာ ငွေများများစားစား အပ်ပေးထားမည့် ကတိကိုလည်း ရသည်။

သူက အနာဂတ်ရေးအတွက် အလေးအနက် ထားသည်ကို





တွေ့ရတော့ ဇင် ဝမ်းသာပါသည်။ ဇင်က စ,ပေးရခြင်း မဟုတ်ဘဲ၊ သူ့အလိုလို ပြောလာခြင်းမှာ ကျေနပ်စရာ ကောင်းပါသည်။

တကယ်ပဲ.ဇင်သည် ဘာကိုမျှ မတောင်းဆိုခဲ့။ သူ ပြောသမျှကိုသာ အင်းလိုက် နေခဲ့သည်။

တကယ်တော့လည်း ဇင် သူ့ကို လိုက်လျောခဲ့သည်မှာ တောင်းဆိုဖို့ မဟုတ်။ လောဘကြောင့် မဟုတ်။ ချစ်ခြင်း သက်သက်အတွက်ဟုလည်း မပြောချင်ပါ။

ဇင့်အသက်အရွယ် အတွေ့အကြုံအရ အချစ်ဆိုသည်မှာ သီးခြားဆန်သော စိတ်ကူးယဉ်မှုသာ ဖြစ်သည်။ စိတ်ကူးယဉ်ချင်း ယဉ်လျှင် တည်ငြိမ်သော ဘဝတစ်ခုကို တည်ဆောက်ရန်အတွက်သာ ဖြစ်သင့်သည် ထင်ပါ၏။

ဒီရေ အမြင့်ဆုံး တက်လာပြီး လေအလွန် ထန်လာသော ကာလမှာ ဇင်တို့ သဲသောင်ပြင်ပေါ်မှာ ထလိုက်ကြသည်။

ဇင် နှုတ်ဆက် နေမိပါသည်။

ငွေကြယ်ပြည့်ကာ လ,ဝန်း ထွန်းလင်းနေသည့် ငပလီ၏ နက်ပြာရောင် မိုးကောင်းကင်....

လိမ့်လူး ပြေးတက်လာတတ်သည့် လှိုင်း....

ဝါဖန့်သော ကမ်းခြေသောင်ပြင်နှင့် စိမ်းညိုသော အုန်းပင်တန်းများ....

× × ×



www.burmeseclassic.com

www.burmeseclassic.com

ငပလီမှ ပြန်လာပြီ ဆိုသောအခါ ဇင့်မှာ အိပ်မက်မှ လန့်နိုး လာသူလို ဖြစ်သည်။

အပျော်ခရီးတစ်ခုမှ ပြန်လာပြီးနောက် ပျော်ခဲ့သမျှကို ပြန်လည် တွေးတော နေရသည့်ပမာ ဖြစ်သည်။

မောင်ပိုနှင့် ရွှေကျားပုံပြင်လိုပါပဲကလား။

ကြားဖူးမည်တော့ ထင်သည်။ သို့သော် ထပ်ပြောပါရစေဦး။

မောင်ပိုအမည်ရှိ ကလေးငယ်တစ်ယောက်သည် လှောင်ချိုင့် အတွင်းမှာ မိပြီး အစာငတ် ရေငတ် ဖြစ်နေသည့် ကျားကို သနားသော ကြောင့် လှောင်အိမ်မှ လွှတ်ပေးလိုက်သည်။

ကျားက အစာဆာလွန်းနေသည်ဖြစ်၍ မောင်ပိုကို စားမည်ဟု ကြိမ်းဝါးသည်။ မောင်ပိုက ကျေးဇူးတရားကို ထောက်ထား၍ မစားရန် တောင်းပန်သည်။

ကျေးဇူးတရားကို ထောက်ထားသင့် မထောက်ထားသင့် ဆုံးဖြတ်ပေးမည့် တရားသူကြီးကို ရှာကြသည်။

ပထမ ညောင်ပင်ကို မေးသည်။ ညောင်ပင်က လူတို့ ကျေးဇူးတရား မရှိပုံကို သူ့အရိပ်ခိုကာ သူ့အခက်များကို ချိုးကြသည့် သာဓက ပြသည်။ ကျားသည် မောင်ပိုကို စားသင့်သည်ဟု ဆုံးဖြတ် သည်။





တစ်ဖန် ကျွဲခေါင်းရိုးကို မေးသည်။ ကျွဲခေါင်းရိုးကြီးက လူတို့သည် သူမကို တစ်သက်တာလုံး လယ်ယာလုပ်ငန်း၌ ခိုင်းခဲ့ သည်။ အိုမင်းမစွမ်း ရှိလာသောအခါ ကျေးဇူးတရားကို မထောက် ထားဘဲ သတ်စားလိုက်ကြသည့်အကြောင်းကို ဥပမာပေးသည်။ ကျားသည် မောင်ပိုကို စားသင့်သည်ဟု ဆုံးဖြတ်သည်။

အဆုံးတွင် ယုန်ပညာရှိထံ ရောက်လေသည်။ ယုန်ပညာရှိက အခင်းဖြစ်သည့် အချိန်က ဘယ်သူ ဘယ်နေရာမှာ ရှိသည်ကို ကျကျနန သိချင်သည်ဟု ဆိုသည်။

သို့ဖြင့် လှောင်အိမ်ရှိရာသို့ လာကြသည်။ ကျားက သူ့ လှောင်အိမ်ထဲမှာ သည်လိုရှိသည်ဟု သရုပ်သဏ္ဌာန်ပြသည်။ ယုန် ပညာရှိက မောင်ပိုအား လှောင်ချိုင့်ကို ပိတ်လိုက်စေလေသည်။ မောင်ပိုသည် ကျားအစားခံရမည့်ဘေးမှ လွတ်ကင်းခဲ့သည်။

ပုံပြင်က သည်သို့ အဆုံးသတ်သည်။

'ကျားသည် လှောင်အိမ်အတွင်း ရောက်ရှိသွား၍ မောင်ပို သည် ရွာသို့ပြန်ကာ၊ ယုန်ပညာရှိသည် တောသို့ ဝင်လေသတည်း' ဟူ၍ ဖြစ်သည်။

ယခုလည်း သည်သို့ပင် ဖြစ်သည်။

ရန်ကုန်သို့ ပြန်ရောက်သောအခါ ဇင်သည် အဆောင်သို့ ပြန်ကာ၊ ဦးတင်မောင်သန့်သည် အိမ်သို့ ပြန်လေသတည်း။

ထိုအခါကျမှ ဇင့်မှာ တုန်လှုပ်ချောက်ချားရမှုတွေ ရှိလာ တော့သည်။ စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်လာရတော့သည်။

ယခုတော့လည်း သူနှင့် ဇင့်အကြောင်းမှာ ကြေညာမောင်း မခတ်ရဘဲ ရပ်သိရွာသိ ဖြစ်ခဲ့ရပေပြီ။

မေမေလည်း သိခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ထဲက လုပ်ဖော်ကိုင်ဘက်တွေကလည်း သိခဲ့ပြီ။

အဆောင်နေတို့အဖို့ကတော့ ပြောစရာ မလိုတော့ပါဘူး။ မကြည့်ချင် မြင်နေလျက် ဆိုသလို ဖြစ်သည်။

သူ့ထံမှ တယ်လီဖုန်းလာတာတွေ၊ သူ့ကား အဆောင်ရှေ့မှာ ရပ်လာတာတွေ၊ သူနှင့် တွဲထွက်သွားတာတွေ မမြင်ချင်အဆုံး။ မတွေ့ချင်အဆုံး။

မေမေက ကိစ္စမရှိဘူး ထား။

အဆောင်မှာတော့ သတင်း ကျော်စောသည်နှင့် အမျှ အတင်းအဖျင်းတွေလည်း ပါလာသည်။

အချို့ကတော့ မဲ့ရွဲ့ကဲ့ရဲ့ကြသည်ပေါ့။ မနာလို ဝန်တိုသည်ပေါ့။

အတည်ယူမှာ မဟုတ်ပါဘူး၊ အငြိုးပြေသာ သဘောထားမှာပါ၊ ယူသည့်တိုင် အဆွယ်အမြှောင်သာ ဖြစ်မှာပါ ဆိုသော စကားကို နော်ရာက ကြားလာသည်။

ဇင့်ဘက်က မခံချိ။

နော်ရာသည် ဇင့်ကို ခင်မင်ကာ ဇင့်အကျိုးကို လိုလားသူဖြစ်သည်။

'ရှင်းရှင်းလင်းလင်းဖြစ်ဖို့ ကောင်းပြီ ဇင်' သတိ ပေးခဲ့သေးသည်။

အဆောင်ပိုင်ရှင်ကပင် ဇင့်ကို ခေါ်၍ သတိပေးလာသည်။

'မသက်ဇင့်သတင်းတွေ ကြားရတာ ခုတလော မကောင်းပါလား။ အမှန်တော့ မသက်ဇင်ဟာ တို့များအဆောင်မှာ သမဏီ အရှည်ဆုံးနေလာတဲ့သူ၊ အကျင့်စာရိတ္တနဲ့ ပတ်သက်လို့ စံထားရတဲ့သူ။ ဒီတော့ ကြားရတဲ့သတင်းစကားတွေ မဟုတ်ပါစေနဲ့လို့ ဆုတောင်း





ပါတယ်ကွယ်'

ဇင် ကိုယ်တိုင်လည်း သိပါသည်။

သည်ပြဿနာကို အမြန်ဆုံး ရှင်းလင်းနိုင်မှ ဖြစ်မည်ဆိုခြင်းကို သိသည်။

သူနှင့်တွေ့တော့လည်း ဇင့်မှာ နားပူနားဆာ လုပ်ရာကျနေသည်။

အဆောင်မှာ မနေပျော်သည့်အကြောင်းကို ပြောပြရသည်။

'ကိုယ်ကလဲ ဇင့်ကို အဆောင်မှာ မနေစေချင်တာ ကြာပါပြီ။ တိုက်ခန်း သန့်သန့်တစ်ခု ရှာပေးဖို့ အိမ်ပွဲစားတွေကို ပြောထားတယ်။ ဒါမှမဟုတ်လဲ ပါရမီလို သမိုင်းလို နေရာမှာ ခြံဝင်းကျယ်ကျယ်နဲ့ အိမ်တစ်လုံး ဝယ်လိုက်တာပေါ့'

'အိမ်ခန်းတွေ၊ ခြံဝင်းတွေက အကြောင်း မဟုတ်ပါဘူး၊ အရေးကြီးတာက ကိုယ့်ဘက်က ပြတ်ပြတ်စဲစဲဖြစ်ဖို့ပဲ၊ ဇင်တို့ လူသိရှင်ကြား လက်ထပ်ကြဖို့ပဲ။ ဒါဆိုရင် ဘယ်မှာ နေရ နေရ အကြောင်း မဟုတ်ပါဘူး။ ဇင်တို့အကြောင်း ဒေါ်ခင်မေမြိုင့်ကို ဖွင့်ပြောလိုက်ပြီလား'

'မပြောရသေးဘူး၊ ပြောမှာပါ။ ခဏကလေး စောင့်ပါဇင်။ ခဏကလေးပါ။ မကြာခင် အားလုံး ရှင်းသွားမှာပါ။ ဒီအခါမှာ ကိုယ်တို့ ခမ်းခမ်းနားနား လက်ထပ် ကြတာပေါ့'

'ခန်းနားဖို့ကလဲ တကယ်တော့ မလိုပါဘူး၊ ဇင်တို့ဟာ ပထမမှ မဟုတ်ပဲ'

သည်စကားကို သူ သဘောကျဟန် မပြ။

'ပထမ မဟုတ်ဘူးလို့ မပြောစမ်းပါနဲ့'

'နို့ဟုတ်ကော ဟုတ်လို့လား'



www.burmeseclassic.com

www.burmeseclassic.com

'တော်စမ်းပါ ဇင်၊ ဘာပဲဖြစ်ဖြစ် အနည်းဆုံး ကရဝိတ်လောကနတ်ဆောင်မှာ လူတစ်ရာလောက်တော့ ဖိတ်ကျွေးရမှာ ပဲ၊ အသိအမှတ်တံစ်ခုခုတော့ လုပ်ရမှာပဲ။ ကိုယ့်အပေါင်းအသင်း ဇင့်အပေါင်းအသင်းတွေက ရှိသေးတယ် မဟုတ်လား'

'ထားပါတော့လေ၊ စင်စစ် ဒါတွေက ဇင့်အနေနဲ့ အငြင်းပွားစရာ အကြောင်း မဟုတ်ပါဘူး'

ဇင့်မှာ တာဝန်တွေ ပိုလာသည်။

မနက်ပိုင်း သတင်းစာတွေ ရောက်လာပြီလား ဆိုလျှင် ကြော်ငြာကော်လံကို အလျင်ကြည့်ရသည်။ 'ကွာရှင်းပြတ်စဲကြောင်း' ကြော်ငြာတွေမှာ နာမည်တွေ ရှာရသည်။

စင်စစ်မှန်းတီးဖွယ်ရာ ကောင်းသည်အမှန်။ ကွာရှင်းပြတ်စဲကြောင်း ကြော်ငြာတွေ မကြာခဏ တွေ့ရသည်။

ဩော်...လောကမှာ အိမ်ထောင်ရေး အဆင်မပြေသူတွေ အများသား ပါကလား။

သို့ဖြင့် ဇွန်လသည် ကုန်ဆုံးသွားသည်။

ဇူလိုင်လလယ်သို့ပင် ရောက်ခဲ့ပြီ။

ဇင်တို့အဖြစ်က ထူးမခြားနား။

မြို့သို့ပြန်တော့ မေမေက သည်သတင်းကိုပင် ဆီး၍ ပြောသည်။

'သမီးတို့ကိစ္စက ဘယ်လိုလဲ၊ ပြီးသွားပြီလား'

'ပြီးသွားပြီလား' ဆိုသည်မှာ တစ်ယောက်နှင့်တစ်ယောက် ကွဲကွာသွားပြီလား၊ ပြတ်တောက်သွားပြီလားဟု ဆိုလိုကြောင်း ဇင် ရိပ်စားမိပါသည်။

ဇင် အဖြေရ ခက်ခဲ့သည်။ မထူးတော့ပြီမို့ မေမေ့ကို ဇင်





နောက်မဆုတ် နိုင်တော့ကြောင်း ဖွင့်ပြောလိုက်ရတော့သည်။

'သမီး စိတ်ပိုင်းဖြတ်ပြီးပြီဆိုရင်တော့ မေမေ ဘာမှ မပြောလိုတော့ပါဘူး။ သူ့ကိုတော့ မေမေတို့ဆီ ခေါ်လာခဲ့ပါဦး၊ ဘယ်တော့ ခေါ်လာမလဲ'

'အမြန်ဆုံး ခေါ်လာပါမယ် မေမေ'

သမီး ဥမ္မာကပင် သည်အကြောင်းတွေ သိနေသည်။

'မေမေ လက်ထပ်တော့မလို့ဆို'

'ဟင်...သမီးကို ဘယ်သူ ပြောသလဲ'

'မေမေနဲ့ဖွားဖွားနဲ့ ပြောတဲ့စကားတွေ သမီးနားထောင်ရင်း ကြားခဲ့တာပါ'

'ဒါ လူကြီးတွေအလုပ်၊ သမီး ဝင်မပါနဲ့'

မအော်ငေါက်စဖူး အော်ငေါက်ခဲ့မိသေးသည်။

မထူးခြားသော အခြေအနေများကြောင့် အဆောင်နေတို့က သူတို့တွက်ကိန်း မှန်ပြီထင်ကြသည်။ ဝမ်းနည်းသူရှိသလို ဝန်တိုမစ္ဆရိယစိတ်ဖြင့် ဝမ်းသာကြသူတွေကလည်း ရှိနေသည်။

ဇင်ကိုယ်တိုင် သံသယ ဝင်စပြုရပြီ။

စိတ် အလှုပ်ရှားဆုံးကာလသို့ ရောက်ခဲ့ရပြီ။

အဖြစ်က သည်လိုနှင့် ပြီးသွားရမှာလား။ သည်လိုနှင့် နိဂုံးချုပ်ရတော့မှာလား။

ဇင် တစ်ခုခုတော့ လုပ်ရပေလိမ့်မည်။

ဇင်သည် အိမ်ထောင်ရေးမှာ တစ်ကြိမ်တစ်ခါ ရှုံးခဲ့ရဖူးပြီ။ အိမ်ထောင်ရေးဘဝ တစ်ခါပျက်ခဲ့ရဖူးပြီ။

သည်တစ်ကြိမ်မှာ အဆုံးရှုံး ခံရဦးမည် ဆိုလျှင်တော့ ဇင် လူလာဖြစ်ရသည့်ဘဝမှာ ဘာအဓိပ္ပါယ်မျှ ရှိတော့မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

သို့ပေမယ့် ဇင်သည် သူ့ကို အခါခါ တိုက်တွန်းပြီးဖြစ်နေ၍ ထပ်မံ မတိုက်တွန်းဖြစ်ရန် ကြိုးစားသည်။ နှုတ်ဖျားမှာ ယားနေသော်လည်း နှုတ်ခမ်းကို ကိုက်ကာ စကားသံ ထွက်မလာစေရန် အားထုတ်သည်။

စနေတစ်နေ့တွင် ဆုံကြတော့ သူက စပြီး တနင်္ဂနွေနေ့မှာ ဖွင့်ပြောလိုက်တော့မည်ဆိုသည်။ အကျိုးအကြောင်းကို ထိုနေ့မှာပင် ဖုန်းဆက်ပြီး ဇင့်ထံ အကြောင်းကြားမည် ဆိုသည်။

ဇင် တယ်လီဖုန်းနံဘေးတွင် တစ်နေ့လုံး ထိုင်နေသည်။

သို့သော်....သူ့ထံမှ တယ်လီဖုန်း မလာ။

နာရီပေါင်း များစွာ ကြာသွားသည်။

ဇင် စိတ်ပျက်လက်ပျက် ဖြစ်ရသည်။

တယ်လီဖုန်းဘေးမှ ခွာခဲ့သည်။

ည ရှစ်နာရီကျတော့ တယ်လီဖုန်းလာသည်။

ဇင့်အတွက် ဖြစ်သည်။

သူ့ထံမှပင် ဖြစ်သည်။

'ကိုယ်ပါ' ဇင် ဆိုသောအခါ သူ့အသံမှာ လေးလံနေသည်။ 'သူငယ်ချင်းတွေ ရောက်လာတာနဲ့ ကိုယ် ဆိုင်မှာလိုက်ပြီး ပြုစုနေရတယ်'

သူသည် ဟိုတယ်တစ်ခုခုတွင် ရောက်နေပုံ ရသည်။ နောက်ပိုင်းမှ စကားပြောသံတွေ ကြားနေရသည်။ ရယ်မောသံတွေ ပေါ်လာသည်။ ဇွန်းသံ၊ ပန်းကန်သံ၊ ဖန်ခွက်သံတွေ ဝေဝေစီစီ ဖြစ်နေသည်။

'ကိုယ် အတော် မူးနေတယ်'

'ဇင် လာကြိုပေးရမလား'





'ဟင့်အင်း ကိုယ်မူးနေတာမြင်ရင် ဇင်မုန်းသွားမိလိမ့်မယ်။ သူငယ်ချင်းတွေကလဲ သိပ် ဂျီကျတတ်ကြတယ် ဇင်ရဲ့။ ကိုယ်အခု ဖုန်းဆက်တာက ဇင့်ကို သတိရလို့။ ဒီမယ် ဇင်....ဇင့်ကို ကိုယ်ချစ်တယ်။ သိပ်ကို ချစ်ပါတယ်ကွယ်။ ဒါဘဲ ဇင်၊ မနက်ဖြန်မှ တွေ့ကြမယ်နော်'

ဒါပါပဲ။

ဒါနှင့်ပဲ စကားပြောခွက်ကို ချသွားသည်။

ဇင်သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်မိသည်။

နောက်တစ်နေ့ တွေ့ကြတော့ ထုံးစံအတိုင်း စားသောက်ဆိုင်တွင် ဖြစ်သည်။ ညစာစားကြဖို့ လာခဲ့ကြခြင်း ဖြစ်သည်။ သည်ကနေ့လည်း သူ အရက်အတော်များများ သောက်သည်။ အရှိန်ရနေသည်။ သူ သည်မျှ အရက်သောက်နေခြင်းမှာ အကြောင်းတစ်ခုခုကြောင့် ဖြစ်ပုံရသည့်ကို ဇင် တွေးတတ်လာသည်။

သူ စိတ်ညစ်နေသည်။

မထွေးနိုင် မအန်နိုင် ဖြစ်နေသည်။

ဤသည်မှာ ဇင်နှင့် ပတ်သက်သည့်အဖြစ်မှတစ်ပါး အခြား မဖြစ်နိုင်။

ဇင် ကိုယ်တိုင်သည်လည်း မစောင့်ဆိုင်းနိုင်တော့။ လိပ်ခဲတည်းလည်း အခြေအနေကို သည်းမခံနိုင်တော့။

ဇင် စကား စရပါတော့သည်။

'ဒီမှာ ကိုယ်၊ ဇင်တို့ ကလေးကစားသလို လုပ်နေကြလို့ မဖြစ်တော့ဘူး'

'ဘာကိုလဲ ဇင်'

'ဘာကို ရမှာလဲ၊ ဇင်တို့ လက်ထပ်ဖို့ကိစ္စ အတွက်ပဲ။ ဇင်



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်း ပြောမယ်။ ဇင် အပျော်မယားအဖြစ် မခံနိုင်ဘူး။ အမြှောင်အဖြစ် မခံနိုင်ဘူး၊ ဒုတိယနေရာက မနေနိုင်ဘူး။ အဲဒီလိုဖြစ်မယ့်အစား ကိုယ့်ကိုယ်ကိုယ်သာ သတ်သေလိုက်မယ်သိလား'

'ဖြည်းဖြည်းပြောပါ ဇင်၊ ဇင့်အသံက သိပ်ကျယ်နေတယ်။ တစ်ဘက်ခန်းက လူတွေ ကြားသွားနိုင်တယ်'

'ကြားချင်လဲ ကြားပေ့စေပေါ့၊ ဇင့်အနေနဲ့ အားလုံးသိအောင်တောင် ကြေငြာလိုက်ချင်တာ။ ကိုယ့်ဇနီးကို မနေ့က ဖွင့်ပြောတော့မယ်ဆို'

'မနေ့က ကိုယ် သိပ်မူးသွားခဲ့တယ်၊ မပြောဖြစ်ခဲ့ဘူး။ ဒါပေမယ့် ပြောမှာပါ'

ဇင်သည် အတော်ကြီး ဒေါသဖြစ်သွားသည်။ အသားသည်ပင် ဆတ်ဆတ်တုန်ချင်လာသည်။

'ခုထိ ပြောပါ့မယ် အဆင့်ပဲ ရှိသေးသလား။ ဒီမှာ ဇင့်ကိုလက်ထပ်ချင်တယ် ဆိုတာက ကိုယ်ပါ။ ဇင့်ကို လက်ထပ်ပါရစေလို့တောင်းဆိုတာက ကိုယ်ပါ။ ခုတော့ ဇင်ကလဲ လက်ထပ်ဖို့ အခွင့်ပေးခဲ့ပြီ၊ လက်ထပ်ပါတော့လို့လဲ ပြောနေပြီ။ အခြေအနေက နောက်ဆုတ်လို့ မဖြစ်တော့ဘူးဆိုတာလဲ ကိုယ်အသိ။ ဇင့်ကို လိမ်နေတာလား၊ လှည့်စားနေတာလား၊ ဒါမှမဟုတ်ကို သတ္တိကြောင်နေတာလား။ အမှန်တော့ ဒီကိစ္စဟာ အခုလောက်ကြာနေဖို့ မကောင်းဘူး၊ မိနစ်ပိုင်းအတွင်းမှာ ပြီးရမယ့် ကိစ္စပါ'

ဇင်သည် ယခုလို တောင်းဆိုနေရသည့် အဖြစ်ကိုပင်နာကြည်းလာမိသလိုရှိသည်။

'သိပ် အစိုးရိမ်ကြီးမနေစမ်းပါနဲ့ ဇင်။ ကိုယ်က လူကြီးလူကောင်းတစ်ယောက်ပါ။ ဘယ်တော့မှ ကတိမပျက်ဘူးဆိုတာ ယုံ'





သူသည် ဇင့်မျက်နှာကို မကြည့်။ ဝစ္စကီ ဖန်ခွက်ထဲမှာ ပေါလောမျောနေသည့် ရေခဲတုံးကလေးများကို ငေးနေသည်။

သူ၏ အေးဆေးနေပုံကို မြင်ရတော့ ဇင် ပို၍ ဒေါသဖြစ်ရသည်။

'ကိုယ် မပြောရဲရင် ဇင့်အနေနဲ့ စာလှမ်းရေးလိုက်ရမလား'

'ဘာဖြစ်လို့ ဒီလောက်တောင် လောနေရတာလဲ ဇင်ရဲ့'

'ဘာဖြစ်လို့ လောနေရတာလဲ ဟုတ်လား။ ဇင့်ဘက်ကပြန်တွက်ကြည့်၊ ဇင့်မှာ အသိုင်းအဝန်းနဲ့၊ အပေါင်းအသင်းနဲ့။ သောက ပြောကြ ဆိုကြ ကဲ့ရဲ့ကြလွန်းလို့ ဇင့်မှာ နားတွေ အူနေပြီ၊ ဦးနှောက်တွေ ဆူနေပြီ။ အိမ်ထောင်ရေးဆိုတာ ကလေးကစားစရာမဟုတ်ဘူး၊ ဘွာခတ်လို့ မရဘူး၊ ကိုယ့်မှာ သတ္တိမရှိဘူးဆိုရင် ဇင့်မှာတော့ ရှိရတော့မယ်။ မနက်ဖြန်ကျရင် စာရေးပြီး ပြောလိုက်တော့မယ်'

'ဇင်ကလဲကွယ်'

သူက စိတ်ပျက်သလို ညည်းညူလိုက်သည်။

ဝစ္စကီဖန်ခွက်ကို ကောက်ယူကာ ပါးစပ်မှာ တေ့လိုက်သည်။

တစ်ဘက်က သည်မျှ ပူပူလောင်လောင်ဖြစ်နေပါလျက်သူက အေးအေးဆေးဆေးရှိနေသည်ကို တွေ့ရသောအခါ ဇင် စိတ်မထိန်းနိုင်တော့။

ဇင်သည် ဖန်ခွက်ကို ပုတ်ချပစ်လိုက်သည်။

ဖန်ခွက်သည် ကြမ်းပြင်ပေါ်သို့ ကျသွားသည်။

အစိတ်စိတ်အမြွှာမြွှာ ကွဲသွားသည်။

အစသော် သူသည် ကြောင်နေသည်။

ပြီးလျှင်တော့ ဇင့်ကို ဒေါသလွှမ်းသော မျက်လုံးများဖြင့်ကြည့်လိုက်သည်။ သူ့မျက်ဝန်းသည် တောက်ပြောင်နေပြီး မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မှာ သွေးရောင်လွှမ်းတက်နေသည်။ မျက်နှာရှိ အကြောစိုင်များ တင်းမာနေသည်။

ဇင်ကလည်း သည်အတိုင်းပင် ဖြစ်သည်။

သူ့ကို တင်းမာစွာ ပြန်ကြည့်နေလိုက်သည်။

အခြေအနေသည် ရုတ်ချည်းမှာပင် ပေါက်ကွဲတော့မတတ် တင်းမာလာသည်။

ဇင်သည် စိတ်ထဲမှ သူ့ကို ကြောက်နေသော်လည်း ဟန်ကိုယ်ဖို့ဆိုသလို မျက်နှာပေါ်မှ တင်းမာမှုများကို လျှော့ချမပစ်ခဲ့။

ဆူဆူညံညံနှင့် ဖန်ခွက်ကွဲသံကြောင့် စားပွဲထိုးကကောင်ကလေး ပြေးဝင်လာသည်။

'ဘာမှဖြစ်တာ မဟုတ်ပါဘူး၊ မတော်တဆ ဖန်ခွက် ကျကွဲသွားတာပါ'

သူက ကာကွယ်စကားကို စ၍ ဆိုသည်။

စားပွဲထိုး ကောင်ကလေးက ဖန်ခွက်ကွဲများကို သိမ်းကျုံးယူငင်သည်။ အခန်းအပြင်သို့ လှည့်ထွက်ပြီး အပေါက်ဝသို့ အရောက်တွင် နောက်မှ ခေါ်သံကြောင့် ခြေလှမ်းတုံ့သွားသည်။

'တယ်လီဖုန်းသုံးလို့ ဖြစ်မလား'

'ဖြစ်ပါတယ်ခင်ဗျာ'

'ဟုတ်ပြီ'

သူသည် အိတ်အတွင်းမှ စာရွက်အလွတ် တစ်ခုကို ထုတ်ယူသည်။

ဘောလ်ပွိုင့်ဖြင့် ဂဏန်းခြောက်လုံးကို ရေးချလိုက်သည်။

ဇင်က သူ့အပြုအမူကို စောင့်ကြည့်နေသည်။

သူ၏ မျက်နှာမှာ တင်းမာဆဲ ဖြစ်သော်လည်း သည်တစ်ခါ





တင်းမာမှုမှာ သန္နိဋ္ဌာန်ကြောင့်ဖြစ်ကြောင်း ဇင် သဘောပေါက်မိသည်။

'ကောင်းပြီ ဇင် မြိုင့်ကို ဇင်ကိုယ်တိုင်ပဲ ပြောမယ် ဟုတ်လား။ ဒါကိုယ့်အိမ်ရဲ့ တယ်လီဖုန်းနံပါတ်ပဲ။ အခုချိန်ဆိုရင် မြိုင် တယ်လီဖုန်းဘေးမှာ ရှိနေမှာပဲ'

ဇင်သည် စာရွက်ဖြူပေါ်မှ ဂဏန်းခြောက်လုံးကို ကြည့်ကာ ငိုင်နေသည်။

စိတ်ထဲမှာ အပြင်းထန်ဆုံး လှုပ်ရှားနေရသည် အမှန်ပင်။

'ဇင်ပြောတာ မှန်ပါတယ်၊ မြိုင့်ကို ဖွင့်ပြောဖို့သတ္တိ ကိုယ့်မှာ မရှိတာ အမှန်ပါပဲ။ မြိုင့်နဲ့ပတ်သတ်ပြီး ကိုယ်ပြောခဲ့တဲ့ စကားတွေ အနက် အမှန်တွေပါသလို မုသားတစ်ချို့လဲ ပါခဲ့ပါတယ်၊ ကိုယ်တို့ အိမ်ထောင်ရေးဘဝဟာ သေနေခဲ့ပြီ ဆိုတာတော့ အမှန်ပါ။ ညီမှာ့ကို မွေးဖွားပေးခဲ့ပြီးကတည်းက သူ့မှာ နှလုံးရောဂါ ရှိနေတယ် ဆိုတာ သိခဲ့ရတယ်။ သာယာမှု ပေးနိုင်စွမ်းမရှိတဲ့ အိမ်ထောင်သည် တစ်ယောက်အနေနဲ့ သူဟာ ကိုယ်က ဘယ်နေ့ကွာရှင်းခွင့် တောင်းမလဲဆိုတာကို တထိတ်ထိတ်နဲ့ စောင့်နေခဲ့ရ ရှာတယ်။ မြိုင်ဟာ ကိုယ့်ဘဝကို ပြုစုပျိုးထောင်ပေမယ့် ကိုယ့်အပေါ် မမောက်မာခဲ့ရှာပါဘူး။ ထဘီရေသီနား ခိုစားတဲ့ အဖြစ်မျိုး မဖြစ်ခဲ့ပါဘူး။ ဒါကို ဇင့်ရှေ့မှာ ကိုယ်ပြောပြမိတာကတော့ စည်းရုံးရေး သက်သက်အတွက်သာ ဆိုပါတော့၊ ကိုယ်ဟာ ငယ်ရွယ်ပါသေးတယ်၊ ကျန်းမာသန်စွမ်းပါသေးတယ်၊ အိမ်ထောင်သုခ ရချင်သေးတယ်။ ဇင့်ကို ကိုယ် တကယ်ချစ်ပါတယ်၊ လက်ထပ်ချင်တယ်။ ဘဝတစ်ခုကို ပြန်ပြီး အစပျိုးချင်တယ်။ ဒါပေမယ့် မြိုင့်ကို ကိုယ်သနားတယ်။ မြိုင်ဟာ စောစောကပြောသလို ကရုဏာသက်စရာကောင်းတဲ့ မိန်းမတစ်ယောက်ပါ။ ဒါပေမယ့် အခုတော့ ကိုယ့်ဘက်က ဝတ္တရားကျေခဲ့ပြီလို့ အောက်မေ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဇင်။ . ဘာကြောင့်လဲဆိုတော့ ညိုမှာ့ကို မွေးဖွားပြီးတဲ့နောက် ဆယ်နှစ်လုံးလုံး ကိုယ်သည်းခံနေခဲ့တယ်၊ စည်းစောင့်ခဲ့တယ်။ ဒါဆိုရင် မြိုင့်ဘက်ကလဲ ကျေနပ်သင့်လောက်ပြီလို့ ထင်တယ်။ ကိုယ့်ကို ကွာပေးပါလို့တော့ ကိုယ့်ပါးစပ်က မပြောရက်နိုင်တာ အမှန်ပါ'

စကားအဆုံးတွင် နှစ်ယောက်လုံး ငြိမ်နေကြသည်။

တစ်ယောက်ကို တစ်ယောက် စူးစိုက်ကြည့်နေမိကြသည်။

ဇင်၏ စိတ်ထဲမှာ တွေဝေသွားသည်။

ထိုင်းမှိုင်းသွားသလို ခံစားရသည်။

ဒေါ်ခင်မေမြိုင်ကို ကရုဏာမသက်ဘဲ မနေနိုင်။ ဦးတင်မောင်သန့် ကိုလည်း စာနာမိသည်။

သို့ပေမယ့်...ဇင် ဘာလုပ်ရမလဲ။

ဇင်သည် သေရေးရှင်ရေးတမျှ အရေးကြီးသော အဆုံးအဖြတ်ကို ပြုရပေတော့မည်။

ဇင်သည် နှုတ်ခမ်းကို တင်းကြပ်စွာ ကိုက်လိုက်သည်။

ထိုင်ရာမှ ထရပ်လိုက်သည်။

စာရွက်ပိုင်းကလေးကို ကောက်ယူလိုက်သည်။

ဇင် တယ်လီဖုန်းရှိရာသို့ လာသောအခါ သူသည် နောက်မှ လိုက်လာခဲ့သည်။ စာရွက်ပိုင်းတွင်ပါသော နံပါတ်ခြောက်လုံးကို သိသိသာသာ တုန်ယင်နေသောလက်ဖြင့် လှည့်လိုက်သည်။

ဦးတင်မောင်သန့်သည် လည်ပတ်နေသော ဒိုင်ကွက်ကို မျက်ရည်အဝဲသားနှင့် စိုက်ကြည့်နေသည်။

× × ×



ယခုတော့လည်း ဇင်သည် မိမိကိုယ်မိမိ ပဆစ်ဝိုင်းတစ်ဝိုင်းမှာ ပါဝင်လာရပြီဟု ထင်သည်။ အစိက ယှဉ်ပြိုင်ကစားရမည့် လက်ရွေးစင်တစ်ယောက် ဖြစ်လာခဲ့ပြီ။

ပထမတစ်ကြိမ်တုန်းကတော့ ဇင်သည် ပေါ့လျော့ခဲ့သည်။ ပြိုင်ဘက်ကို အထင်သေးခဲ့သည်။ ထိုကြောင့်လည်း ထိုပွဲတွင် ဇင် မရှုမလှ အရေးနိမ့်ခဲ့သည်။

ယခုတော့ ပေါ့၍ မဖြစ်။

အထင်သေး၍ မဖြစ်။

ဇင့်မှာ အရှုံးခံနိုင်စွမ်း မရှိတော့ပြီ။

ပဆစ်ဝိုင်းမှာ ထိုင်မိမှတော့ ပဆစ်ကစားသူတို့၏ ထုံးကို နှလုံးမူရတော့မည်။

ပဆစ်ကစားနည်းဆိုသည်က အခြား ကစားနည်းတွေထက် ရက်စက်သည်။ ကျားတစ်ကောင်ဆုံးလျှင် တစ်မြုလုံး ဆုံးရှုံးရခြင်းဖြစ်သည်။

'အထိုင်' အိမ်မှာ မြဲဖို့နှင့် 'ကျစ' မထောင်မိအောင် ကြိုးစားရမည်။

သည်ကစားနည်း၏ အစိကမှာ အကွက်များများ 'ပြေး' ဖို့



www.burmeseclassic.com

www.burmeseclassic.com

ထက် တစ်ဘက်က ကျားကို 'သတ်' ဖို့က အရေးကြီးဆုံးဖြစ်သည်။

ကိုယ်က သတ်နိုင်ပါမှ။

မသတ်လျှင်တော့ ကိုယ်အသေ၊ ကိုယ်အရှုံး။

ပဆစ်ဝိုင်းမှာ...

သနား၍ မရ။

ညှာ၍မရ။

ကြင်နာ၍မရ။

ကရုဏာထား၍ မရ။

ပဆစ်ဝိုင်းရောက်မှတော့ ပဆစ်ကစားသမား၏ အသည်းနှလုံးအတိုင်း ကျင့်သုံးရတော့မည်။

သည်တော့ ဇင်သည် မိမိကိုယ်ထက် မည်သူ့ကိုမျှ ကရုဏာမပွားနိုင်တော့ပါ။ ညှာတာမနေနိုင်တော့ပါ။ နောက်ဆုတ်၍ မရနိုင်တော့ပါ။

လက်ထဲမှ တယ်လီဖုန်းခွက်သည် ရှိရင်းစွဲထက် လေးလံလာသည် ထင်မိသည်။ လျှောထွက်သွားတတ်သော အရာအလား တင်းကြပ်စွာ ဆုပ်ကိုင်ထားမိသည်။

တစ်ဘက်မှ စကားပြောခွက်ကို ကောက်ယူလိုက်ဟန်နှင့် အသံပေါ်လာသည်။

'ဟယ်လို × × ×'

'ဟယ်လို × × ×'

'ဒေါ်ခင်မေမြိုင်ပါလား × × ×'

'ဟုတ်ပါတယ်၊ ဘယ်သူပါလဲ × × ×'

'ကျွန်မ × × × ကျွန်မနာမည် မသက်ဇင်ပါ။ × × × အစ်မကြီးနဲ့ တိုက်ရိုက်တွေ့ရတာ ဝမ်းသာပါတယ် × × × ။ ကျွန်မ





မှာ ပြောစရာစကားတစ်ချို့ရှိပါတယ် × × × အစ်မကြီးရဲ့ခင်ပွန်း ဦးတင်မောင်သန့်နဲ့ ပတ်သက်လို့ပါပဲ × × × သူ အခု ကျွန်မနဲ့အတူ ရှိနေပါတယ် × × × သူကဘဲ တယ်လီဖုန်း အဆက်ခိုင်းတာပါ × × ×" မသက်ဇင်သည် အတန်ကြာ ဆိုင်းသွားသည်။ ညည်းညူသလို၊ သက်ပြင်းရှိုက်သလို အသံအနေအထားနှင့် ပြောလိုက်သည်။ "သူ....သူက အစ်မကြီးကို ကွာရှင်းပြတ်စဲချင်ပါတယ်တဲ့ × × × ပြီးရင် ကျွန်မ....နဲ့.....လက်ထပ်ချင်ပါတယ်တဲ့ × × ×"

× × ×



www.burmeseclassic.com

www.burmeseclassic.com

# "အပိုင်း နှစ်
# ဒေါ်ခင်မေမြိုင်၏ ဆယ်စုနှစ်များ"

မြိုးတာပေ

www.burmeseclassic.com

www.burmeseclassic.com

ရှုဝံ့ကြယ် မြေမှာ ခကြွေ
ကောင်းကင်မှာ နေလတွေ ကွယ်စေ
မြမြင့်မို ပြိုအက်ကာကြွေ...
သွေကွက်မယ်စိတ်ဝယ်မသွေ
ချစ်တဲ့သူ အမှုတုန်းကလေးက
တိမ်စင်လနှယ် အလှကြွယ်ရှာပေ
ကြာကြာနေ မရိုးတဲ့အပြင်
ဆထမ်းပိုးတိုးတဲ့ အချစ်တွေ
ကမ္ဘာမြေ သချော်လဲတောင်
မခွဲပေါင် တောင်းဆုကိုခြွေ
သက်ဝေ...ချစ်မကျက်မပြေပါသလေ...

ပြည်လှဖေ–မေရှင်
(ခေတ်ဟောင်းတေးတစ်ပုဒ်)



တစ်စုံတစ်ယောက်သည် မြစ်ကမ်းနားဌ် ထိုင်ကာ မြစ်အတွင်း စူးစိုက်ကြည့်နေခဲ့မည်ဆိုလျှင် မြစ်အတွင်း စီးဆင်းသွားသည့် အလျဉ်မပြတ်သော ရေစီးကြောင်းကို မြင်ရမည်။ အမှိုက် သရိုက်နှင့် ဗေဒါများ မျောပါသွားသည်ကို တွေ့ရလိမ့်မည်။ သင်္ဘောမှအစ လှေသမ္ဗာန်များ စုန်ဆန် ကူးခတ်သွားသည်ကိုလည်း တွေ့ရလိမ့်မည်။

သို့သော်...မြစ်ရေအလျဉ်သည် ဘယ်နေရာမှ အစပျိုးကာ ဘယ်နေရာတွင် မြစ်ကျဉ်းနှင့်ဆုံပြီး၊ ဘယ်နေရာမှာ မြစ်ပြင်ကျယ်ကာ ဘယ်နေရာမှာ လှိုင်းတံပိုးထခဲ့သည်ကိုမူ သိချင်မှ သိရပေလိမ့်မည်။

ဘယ်နေရာမှာ ဘယ်မြစ်ဆိုင်နှင့်ပေါင်း၍ ဘယ်နေရာမှာ ဘယ်ချောင်းရိုးနှင့် လမ်းဆုံသည်ကို သိချင်မှ သိရပေလိမ့်မည်။

အိမ်မှုကိစ္စတွေ၊ လင်မှုသားမှုတွေနှင့် ရှုတ်ပွေနေရသော မြိုင်တို့လို အိမ်ထောင်သည် မိန်းမတစ်ယောက်အဖို့မှာမူ ခေတ်ကို ကြည့်မြင်ရာ၌ မြစ်ကမ်းပါးမှနေ၍ မြစ်အတွင်း ထိုင်ကြည့်နေခဲ့ရသည့် သူလိုသာ ဖြစ်သည်။

ဆယ်စုနှစ်များသည် မိမိရှေ့မှ မျောပါစီးဆင်းသွားသည့် ရေအလျဉ်သာ ဖြစ်သည်။ မိမိအား ဖြတ်သန်းသွားကြသည့် အမှတ်မထင်သော အရိပ်များသာ ဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

*ကျွန် မနာမည် မသက်ဇင်ပါ× × × ကျွန်မမှာ ပြောစရာ စကား တစ်ချို့ရှိပါတယ်× × × ဦးတင်မောင်သန့် နဲ့ပတ်သက်လို့ပါပဲ× × × သူအခု ကျွန်မနဲ့ အတူရှိနေပါတယ်× × × သူက အစ်မကြီးကို ကွာရှင်းပြတ်စဲချင်ပါတယ်တဲ့× × × ပြီး... ကျွန်မနဲ့ လက်ထပ်ချင်ပါတယ်တဲ့× × ×*

ယင်းစကားစုများကို ဒေါ်ခင်မေမြိုင်သည် အိပ်မက်ထဲမှာ ကြားလိုက်ရသည်ဟု ထင်သည်။

ချိုသာနူးညံ့သော မိန်းမသံတစ်ခု ဖြစ်သော်လည်း နားမှာ ခါးသီးပူလောင်သွားသည် ထင်မိ၏။

တစ်ဘက်မှ စကားပြောခွက်ကို အလျင်ချသွားသည်။ တယ်လီဖုန်း လိုင်းမှာ အသံတိတ်သွားသည်။

'ဟယ်လို' ခေါ်လိုက်မိသေးသည်။ သို့သော် တစ်ဖက်ကသာ စကားဆက်ပြောခဲ့မည်ဆိုလျှင် စကားသံများကို မိမိ ကြားနိုင်စွမ်း ရှိလှမည် မဟုတ်ကြောင်း သိနေသည်။

မီးခိုးရောင် တယ်လီဖုန်းခွက်ကို ၎င်း၏ ပုခတ်ချိတ်အပေါ်သို့ ပြန်ချထားလိုက်သည်။

အဘယ်ကြောင့် မှန်းမသိ။ မြိုင်သည် အစဉ်လို မှေးမှိန်သော





အရောင်များကို နှစ်ခြိုက်လေ့ရှိသည်။ မီးခိုးရောင်ကတော့ အနှစ်ခြိုက်ဆုံးပေါ့။ အပြာနုနုတွေ၊ ဖက်စိမ်းနုနုတွေ၊ ခရမ်းနုကလေးတွေ ဆင်ယင်လေ့ရှိသည်။ အိမ်မှာ ခန်းဆီးတွေ၊ ဆိုဖာအဖုံးတွေ ဆိုလျှင်လည်း သည်အရောင်ချည်း။

တစ်ချို့ကတော့ မြိုင်၏အိမ် အဆင်အယင်ကို အလွန်နှစ်ခြိုက်မိသည်ဟု ဆိုကြသည်။

'မြိုင့်အိမ်ထဲ ဝင်လိုက်ရင် အေးချမ်းသွားတော့တာပဲကွယ်' ချီးကျူးသည်။

တစ်ချို့အဖို့ကတော့ တကယ်စိတ်ပါလက်ပါရှိ၍ ဖြစ်ကောင်းဖြစ်မည်။ တစ်ချို့ကတော့ မြှောက်ပင့်ပြောခြင်းသာ ဖြစ်မည်။

သို့သော် အားလုံးက တစ်ညီတစ်ညွတ်တည်း သတ်မှတ်ထားကြသည်မှာတော့ မြိုင်သည် အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်သည် ဆိုခြင်းပင်။

မြိုင်သည် တစ်ပတ်တွင် ခန်းဆီးနှင့် ဆိုဖာဖုံးများကို သုံးကြိမ် လဲနေကျ။

အိမ်ကြမ်းပြင်များသည် ထာဝစဉ် ပြောင်လက်နေပြီး သဲတစ်ပွင့်၊ အမှိုက်တစ်စ မမြင်ရတတ်ပေ။ ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်း စသည်တို့တွင် ပစ္စည်းများကို နေရာချထားရာ၌ အစီအစဉ် စနစ်တကျ ရှိသည်။ သူ့နေရာနှင့်သူ ကြည့်ကောင်းလှသည်။

အလှစိုက် ပန်းအိုးတွေမှာ အစဉ်လို ပန်းများ ဝေဝေဆာဆာ ရှိနေတတ်သည်။ ပန်းအလှပြင်ပညာကို တကူးတကန့် မသင်ယူခဲ့ပေမည့်လည်း လူတွေက ဂျပန် ပန်းအလှပြင်ဆရာမ၏ လက်ရာများနှင့် နှိုင်းယှဉ် ပြောတတ်ကြသည်။

တစ်ခါတစ်ရံတွင် မြိုင်တို့ အသိမိတ်ဆွေများအား ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ကျွေးကြသည်။ မြိုင်၏ လက်ရာကို ခံတွင်းတွေ့သွားကြသည်သာ ဖြစ်သည်။ အထူးသဖြင့်တော့ ကိုကို့ သူငယ်ချင်းများ၏ အရက်ဝိုင်းတွင် မြိုင်စီစဉ်ပေးသော အမြည်းများမှာ လက်ရာမြောက်လှသည်ဟု အဆိုရှိသည်။

'ခင်ဗျာဟာ တကယ့် အိမ်ရှင်မကောင်းတစ်ယောက်ကို ရထားတာပဲ ဦးတင်မောင်သန့်'

လူတို့ အားကျ ချီးမွမ်းကြသည်။

မှန်ပါသည်။ မြိုင်သည် အိမ်ရှင်မကောင်းတစ်ယောက်သာ ဖြစ်ပါသည်။ အိမ်နှင့် အချိန်ကုန်နေရသော မိန်းမတစ်ယောက်သာ ဖြစ်ပါသည်။ မြိုင်ဘဝ၊ မြိုင့်ပတ်ဝန်းကျင်သည် အိမ်ပဲရှိသည်။

မြိုင့်တွင် ခင်တွယ်စရာဟူ၍ အိမ်ပဲရှိတော့သည် မဟုတ်လား။

သူတို့ မြိုင့်ကို အိမ်အပြင်ပသို့ ခေါ်ထုတ်မသွားကြသည်မှာ ကြာပြီ။

မြိုင်သည် တစ်ချက်ရှိုက်လိုက်လေသည်။ လိမ့်လျှောကျလာသည့် မျက်ရည်ကို လက်ကိုင်ပုဝါနှင့် တို့ယူလိုက်သည်။

အချိန်က ရှစ်နာရီခွဲသာ ရှိသေးသည်။ အိမ်ဖော်များကို အနားပေးထားခဲ့ပြီး မြိုင်ကိုယ်တိုင်ကတော့ အိပ်ရာထဲသို့ ရောက်နေရပေပြီ။ တယ်လီဖုန်းကို ခုတင်ခေါင်းရင်း မီးအုပ်ဆောင်းတင်သည့် စားပွဲမှာ တင်ထားသည်။

ကိုကို့ထံမှဖြစ်စေ၊ သမီးထံမှဖြစ်စေ တယ်လီဖုန်းခေါ်ခဲ့လျှင် အလွယ်တကူ ပြန်ထူးနိုင်အောင် ဖြစ်သည်။ သို့မဟုတ် ကိုကို အရက်မူးလွန်ပြီး ကားချင်းတိုက်မိမှာ၊ ကားမှောက်မှာ၊ ကလပ် သို့မဟုတ် ဟိုတယ် သို့မဟုတ် စားသောက်ဆိုင်တွေမှာ ရန်ဖြစ်မှာကို သတင်း





ရနိုင်ရန် ဖြစ်သည်။

သို့မဟုတ် သမီးညိုမှာ အန္တရာယ် တစ်စုံတစ်ရာနှင့် ကြုံရမှာ၊ သူငယ်ချင်း အိမ်မှာပဲ အိပ်လိုက်တော့မယ် ပြောလာမှာကို စောင့်နားထောင်ဖို့ ဖြစ်သည်။

သည်အလေ့အကျင့်ကို မြိုင်နှစ်ပေါင်း အတော်ကြာကပင် ရခဲ့သည်။ သည်တာဝန်ကို မနှစ်မြို့က်ပါဘဲလျက် အပ်နှင်းခံထားရသည်။ မြိုင့်အဖို့ တစ်ခြားလုပ်စရာ များများစားစား ရှိလှသည်လည်း မဟုတ်ပါ။

အစကတော့ မြိုင့်တွင် ထမင်းဝိုင်းမှာ လူစုံမှ ညစာစားတတ်သော အလေ့အကျင့် ရှိခဲ့သည်။ ယခုတော့ ထမင်းဝိုင်းတွင် ကိုကိုနှင့်ရော သမီးနှင့်ပါ မျက်နှာချင်း မဆိုင်မိကြသည်ပင် ကြာပြီ။ ကိုကိုက အိမ်တွင် စားသောက်လေ့ မရှိလှပေ။ မိတ်ဆွေတွေ အပေါင်းအသင်းတွေနှင့် ဟိုတယ်မှာသာ စားလေ့ရှိသည်။

သမီးညိုမှာကတော့ သူငယ်ချင်းအိမ်မှာ ကြုံသလို စားသည်။

သည်တော့ မြိုင်သည် ထမင်းကို စောစောစားဖြစ်သည်။ ဆရာဝန်က အဆာမခံရန် တိုက်တွန်းထားသည်။ မြိုင်၏ ထမင်းဝိုင်းသည် ဟင်းအမယ် အဘယ်မျှ စုံစေကာမူ ငြိမ်သက်တိတ်ဆိတ်ကာ ခြောက်သွေ့နေမြဲဖြစ်သည်။

ထမင်းစားပြီး ပန်းခြံထဲ ခဏတစ်ဖြုတ် လမ်းလျှောက်ရင်း၊ ပန်းပင်ပန်းအိုးတို့ကို အညောင်းအညာပြေ ပြုပြင်ရင်း အမှောင်သန်းလာတော့သည်။

မြိုင်သည် ဘုရားဆောင်သို့ ရောက်လာသည်။ သောက်တော်ရေချမ်း ကပ်သည်။ ဘုရားရှိခိုးသည်။ အမျှအတန်းဝေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုတီးစိပ်သည်။ မေတ္တာသုတ်ကို ဆယ့်ရှစ်ခေါက် ရွတ်နေကျ။ ဂုဏ်တော် တစ်ထောင် စိပ်နေကျ။

သည်လိုနှင့် ရှစ်နာရီရောက်လာတော့ ဆရာဝန် ညွှန်းသည့် ဆေးများ သောက်သည်။ စာအုပ် တစ်အုပ်ယူကာ အိပ်ခန်းသို့ ရောက်ရမြဲ။

အစကတော့ စာ သိပ်မဖတ်ဖြစ်ခဲ့ပေ။

ကိုကို စာပေလုပ်ငန်း လုပ်တော့မည်ဆိုမှ စာတွေ ဖတ်ဖြစ်ခဲ့သည်။

သို့သော် 'ပဒေသရာဇာ'က ထုတ်ဝေသော စာအုပ်များကိုမူ မြိုင် အရသာမခံတတ်။ မြိုင် အဖတ်များသည်က ဝတ္ထုများဖြစ်သည်။ သွက်လက်လှသော အမျိုးအစားထက် နက်နက်ရှိုင်းရှိုင်းရှိသော ဝတ္ထုများကို ကြိုက်သည်။

စာအုပ်ကို ငှားဖတ်၍ရကြောင်း ယခင်က မြိုင်မသိ။ အလျှင်ကတော့ ဝယ်ဖတ်တာ များသည်။ သူငယ်ချင်း တစ်ယောက်က အကြံပေး၍ အငှားဆိုင်မှ ငှားဖတ်ဖြစ်သည်။ ယခုတော့ အငှားဆိုင်နှင့် ဖောက်သည်ဖြစ်နေပြီ။ တစ်ပတ်လျှင် အနည်းဆုံးငါးအုပ်တော့ ဖတ်ဖြစ်သည်။

စောစောက ဖတ်နေသည့် ဖတ်လက်စ စာအုပ် ဘယ်ရောက်သွားပါလိမ့်။

ဩော်....ခေါင်းအုံးပေါ်မှာ မှောက်တင်ထားရင်းကနေ ကြမ်းပြင်ပေါ်သို့ လျှောကျနေသည်ကိုး။

မြိုင် စာအုပ်ကို ကောက်ယူလိုက်သည်။ စာအုပ်က 'မငိုရဘူး၊ မရယ်ရဘူး'တဲ့။ နှလုံးရောဂါ အကြောင်းတွေပါပဲ။

မြိုင်သည် ခင်ဆွေဦး၊ ယုဝတီ ခင်စိန်လှိုင်၊ မစန္ဒာ၊ မိုးမိုး





(အင်းလျား)တို့၏ ဝတ္ထုများကို ဖတ်သည်။

ဂျာနယ်ကျော် မမလေးတို့ ခင်နှင်းယုတို့စာတွေ မဖတ်ရတာကြာပြီ။ သူတို့တတွေ စာများများရေးလျှင် ကောင်းမှာပဲ တွေးမိသည်။

မြိုင်သည် 'မငိုရဘူး၊ မရယ်ရဘူး'ကို ကောက်ယူလိုက်သည်။ ဘယ်နေရာ ရောက်သွားပါလိမ့်။ မှတ်ထားသော စာမျက်နှာကို မေ့သွားပြီ။ ဇာတ်ကိုလည်း မေ့သွားပြီ။ စာပိုဒ်တွေကိုလည်း အမှတ်မရတော့။ စာအုပ်ကို ပြန်ချထားလိုက်သည်။

*'သူက အစ်မကြီးနဲ့ ကွာရှင်းပြတ်စဲ ချင်တယ်တဲ့ × × × ကျွန်မနဲ့ လက်ထပ်ချင်တယ်တဲ့ × ×'*

စောစောက စကားသံသည် နားထဲတွင် ပဲ့တင်ရိုက်ခတ်လာသည်။

မြိုင်တစ်ချက် ရှိုက်လိုက်မိသည်။

ငါးသုံးလုံး စီးကရက်ဗူးကို ဆွဲယူသည်။

ဆရာဝန်က တားမြစ်ထားသော်လည်း မြိုင်သည် စီးကရက်ကို မသောက်ဘဲ မနေနိုင်ခဲ့ပေ။

စင်စစ် စီးကရက်ဖွဲ့သည်မှာ ဘာမျှ မကြာလှသေး။ ကိုကို ထားခဲ့သည့် စီးကရက်ဘူးထဲမှ စီးကရက်ကို စမ်းသောက်ကြည့်ပြီးမှ စွဲသွားခြင်းဖြစ်သည်။ ကိုကို အိမ်ပြန်နောက်ကျသော ရက်များမှ စတင်ခဲ့သည်။ အထီးကျန် ဆံရခြင်းမှ ဆေးလိပ်ကို အဖော်ရှာမိခြင်းဖြစ်သည်။

မြိုင်သည် ခုတင်မှ ထသည်။ ပြတင်းပေါက်ရှိရာမှ လာရပ်သည်။ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်သော မြိုင်တို့အရပ်မှာ ခုနစ်နာရီဆိုလျှင် လူအသွားအလာ ကျဲသွားတတ်သည်။ ငြိမ်သက်တိတ်ဆိတ် နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်ထံ ဖုန်းဆက်ရ ကောင်းမလား စဉ်းစားမိသည်။ တစ်စုံတစ်ယောက်နှင့် စကားပြောချင်နေသည်။ မြိုင့်တွင် ကိုကိုနှင့်ပတ်သက်သော မိတ်ဆွေအများအပြားပင် ရှိသည်။

အများအားဖြင့်တော့ ကိုကိုတို့လို လေးဆယ်အရွယ်နှင့် ငါးဆယ် ခြောက်ဆယ်အရွယ်တွေ ဖြစ်သည်။ သူတို့သည် မြိုင်တို့ ထမင်းစားခန်း၏ ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည်။

မြိုင့်ကို လှသည်ဟု အမြဲပြောကာ၊ မြိုင့်လက်ရာတွေကို ကောင်းသည်ဟုဆိုကာ ကိုကို့ကို မိန်းမရ ကံကောင်းသူဟု ချီးကျူးတတ်ကြသူများ ဖြစ်သည်။

ရှေ့နေ ရှေ့ရပ်တွေပါသည်။ တရားသူကြီးတွေ ပါသည်။ သူဌေးတွေ၊ လုပ်ငန်းရှင်တွေ၊ ကျောင်းဆရာတွေ ပါသည်။ စာရေးဆရာ၊ ပန်းချီဆရာ၊ ရုပ်ရှင် ဒါရိုက်တာတွေ ပါသည်။

အရက်ဝိုင်းမှာ ကျယ်လောင်စွာ စကားပြောပြီး အော်ဟစ်ရယ်မော တတ်ကြသူများ ဖြစ်သည်။ အရက်ဝိုင်း မစမီတွင် သူတို့ကို လူကြီးလူကောင်းတွေအဖြစ် မြိုင် မြင်မိသော်လည်း အရက်ဝိုင်း သိမ်းချိန်တွင်မူ အရူးအပေါ်တွေဟုသာ ထင်မိလေသည်။

သူတို့ကို 'မြိုင့်ယောကျာ်းက မြိုင့်ကို ကွာရှင်းပြတ်စဲချင်တယ်တဲ့၊ တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်ချင်တယ်တဲ့'

မြိုင် ပြောထွက်နိုင်ပါ့မလား။

သည်အထိ သတ္တိရှိနိုင်ပါ့မလား။

ဖုန်းဆက်ခဲ့သည့် မိန်းကလေးကို မြိုင် မသိပါ။ အသံကိုပင် မကျက်မိပါ။ ရုပ်သွင်က မည်သို့ရှိမည် မမှန်းတတ်ပါ။ သူ့ဘဝ၊ သူ့အကျင့်စာရိတ္တတွေကို မြိုင် မသိနိုင်ပါ။

သည်ကနေ့ ခေတ်ထဲက မိန်းကလေး တစ်ယောက် ဖြစ်မည်





ဆိုသည်ကိုသာ သိသည်။

မြိုင့်ထက်တော့ ငယ်ပေမပေါ့။

မြိုင့်ထက်တော့ လှပေမပေါ့။

အို...မြိုင့်ထက် သာလို့သာ ကိုကိုက လက်ထပ်ချင်တာ ဖြစ်မှာပေါ့။

တလောက မိတ်ဆွေတစ်ယောက်ကတော့ သတိ အ•ပေးသား။

'ကိုတင်မောင်သန့်ကို ထိန်းဦးမြိုင်၊ အမျိုးသမီးတစ်ယော•်နဲ့ တွဲနေတယ်၊ သူတို့ သိပ်လေးလေးနက်နက် ဖြစ်နေကြတယ်၊ လွန်ကုန်ရင် ရှင်းရခက်မယ်'

ကိုကို မိန်းမတစ်ယောက်နှင့် တွဲသည်ဆိုသည်မှာ မဆန်း။

တစ်ယောက်မဟုတ် တစ်ယောက်နှင့် တွဲမည်ပင်။ ကိုကိုက မြိုင်နှင့်အိမ်ထောင်ရေးသုခ မရဘူးတဲ့လေ။ ဒါကို မြိုင် သိနေခဲ့ရသည်မှာ ကြာပြီကော။ ကိုကို့ အသက်အရွယ်၊ ကိုကို့ ဂုဏ်၊ ကိုကို့ ကြွယ်ဝမှုတွေကြောင့် အပြင်မှာ သာယာမှု ရှာလျှင်လည်း အလွယ်တကူ ရနိုင်မည်ကို မြိုင် သိပါသည်။

သည်ကနေ့ခေတ် မိန်းကလေးတွေကလည်း မြိုင်တို့လို ဟုတ်ချင်မှ ဟုတ်မည်။ အညာလွယ်သည်။ အကာအကွယ်တွေကလည်း ပေါပါဘိသနဲ့။

အင်္ဂလိပ်စာတတ် ပေတတ်တွေကျတော့ 'ဟာရိုးရော်ဘင်'တို့ 'ဂျက္ကလင်းဆူဆန်'တို့၏ စာအုပ်များကို ဖတ်နေကြသည်။ သည်စာအုပ် ဖတ်သည့်အဆင့်မှာ နှစ်ဆယ်နှင့် သုံးဆယ် ဝန်းကျင် ခေတ်ပညာတတ်တို့ ဖြစ်နေကြသည်။

သူတစ်ပါးတွေကိုထား။ ကိုယ့်သမီးပါးစပ်က 'ဒိုင်ယာဖရမ်'



www.burmeseclassic.com

www.burmeseclassic.com

တွေ၊ 'ရစ်သမ်မက်သဒ်' အကြောင်းတွေ ပြောသံ ကြားရတော့၊ မြိုင် တုန်လှုပ်ချောက်ချားလာမိသည် အမှန်ပင်။

မြိုင်သည် ယခုတော့ သုံးဆယ့်ရှစ်နှစ် ရှိလာပြီ။ လောက အကြောင်းကို ထိုက်တန် သလောက်တော့ သိနေပြီ။ လောက အကြောင်းကို သိရလေလေ လောကထဲ တိုးဝင်ဖို့ ကြောက်လေလေ ဖြစ်သည်။

သည်လိုနှင့် လောက၏ အပစ်ပယ်ခံ ဖြစ်လာသည်။ လောကကို ရှောင်လေ လောက,က မြိုင့်ကို စိမ်းလေလေဖြစ်သည်။

မိမိအတ္တနှင့်မိမိဘဝ၊ မိမိလောကနှင့် မိမိကမ္ဘာ ကျဉ်းကျဉ်း ကလေးထဲမှာပင် မိမိကိုယ်မိမိ ပျော်ဆုံးနေသော မြိုင် ဖြစ်ခဲ့ရပါပြီ။

တစ်နေ့သောအခါ သည်အရာ ပေါ်ပေါက်လာမည်ကို မြိုင် ကြိုတင် မြော်လင့်ပြီးသား ဖြစ်သည်။

ထို 'တစ်နေ့'သည် ယခုတော့ ရောက်လာရပြီပေါ့။

သူတို့က မြိုင့်ကို အလိုမရှိတော့။

မြိုင်သည် သူတို့အတွက်၊ အားလုံးအတွက်၊ အို…တစ်လော ကလုံးအတွက် အပိုသက်သက် အသက်ရှင်နေသည့် မိန်းမ တစ်ယောက် ဖြစ်နေပြီလား။ တစ်ကြိမ်တစ်ခါတုန်းကတော့ မြိုင်သည် အားလုံးအတွက် အသုံးကျသည့် မိန်းမတစ်ယောက် ဖြစ်ခဲ့ပါသေး သည်။

ကိုကို့ဘဝကို မြင့်တင်ခဲ့သည်။ အခက်အခဲ ကုဋေ ကုဋာ ကြားက ညီမှာ့ကို မွေးဖွားပေးခဲ့သေးသည့် မြိုင် ဖြစ်ခဲ့ပါသည်။

ကိုကို့အား လက်လွှတ်ဆုံးရှုံးရသည် ထား။ တွယ်တာစရာ အဖြစ် သမီး ကျန်ခဲ့သေးလျှင်တော့ တော်ပါသေးသည်။ ဖြေနိုင်စရာ ရှိပါသေးသည်။





ယခုတော့ လွန်ခဲ့သည့် မေ ကပင် သမီးသည် တက္ကသိုလ် ဒုတိယနှစ်ကို ကျရှုံးခဲ့သည်။ တက္ကသိုလ် ဆက်တက်ဖို့ ငြင်းဆန် ခဲ့သည်။

သူမ၏ သူငယ်ချင်း ရူဘီ၏ အစ်ကို ရောဘတ်နှင့် လက်စွပ် ချင်း လဲခဲ့သည်။

ရူဘီတို့ အသိုင်းအဝန်းက ကပြားများ ဖြစ်ကြသည်။

မြန်မာပြည်၌ နေမပျော်သော သူများ ဖြစ်ကြသည်။ ဩစတေးလျားသို့ တစ်သုတ်ပြီးတစ်သုတ် ပြောင်းရွှေ့နေကြသည်။ ရူဘီတို့၊ ရောဘတ်တို့သည် နောက်ဆုံးအသုတ်အဖြစ် ပြောင်းရွှေ့ ကြပေလိမ့်မည်။ သည်အခါ ညီမှာ ချန်နေရစ်ခဲ့လိမ့်မည် မဟုတ်။

မြိုင်က သည်ကိစ္စကို ကန့်ကွက်ခဲ့ပေမယ့် ကိုကိုကမူ သူနှင့် မဆိုင်သလို လုပ်နေသည်။

'လူတွေဟာ ကိုယ့်ဘဝလမ်းကို ကိုယ်လျှောက်ရမယ့် လူချည်းပဲ၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြမှာပဲ၊ ဒယ်ဒီကတော့ ညီမှာ ရဲ့ သတ္တိကို ချီးကျူးတယ်'

ပြောနိုင်စွမ်း ရှိခဲ့သေးသည်။

သည်တော့…သူတို့အားလုံး မြိုင့်ကို စွန့်ခွာသွားကြတော့မည် ဆိုသည်မှာ သေချာသလောက် ရှိနေပြီ။

မြိုင့်ကို တစ်ယောက်တည်း ထားခဲ့ကြတော့မယ်လား။

ဖေဖေ၊ မေမေနှင့် အစ်ကို အစ်မတွေက အလျင်စွန့်ခွာသွား နှင့် ကြသည်။ သည်တစ်ခါ ကိုကိုနှင့် ညီမှာ အလှည့်လား။

အစဉ်လို အရောင်နုတွေနဲ့ မှေးမှိန်နေသည့် အိမ်၊ အိမ်စေနှင့် မာလီက လွဲ၍ ဆွေမျိုးသားချင်း ကင်းသည့် အိမ်၊ ပန်းပင် ပန်းအိုး တွေလို အဝိဉာဏကသာ ကြီးစိုးနေသည့် အိမ်မှာ မြိုင် တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တည်း စီးကရက်တစ်လိပ်၊ စာတစ်အုပ်နှင့် အဖော်လုပ်နေရတော့မှာလား။

ဆရာဝန်များ၏ မြိုင့် နောက်ပါးမှ ပြောစကားအရ မြိုင်လူ့လောကမှာ ကြာကြာနေရတော့မည် မဟုတ်ပါ။ နေလှ လေးငါးနှစ်အလွန်ဆုံးပါပဲတဲ့။

မြိုင်၏ ယိုယွင်းနေသော ကျန်းမာရေးက သူတို့နှင့်ဝေးရာကိုဆွဲခေါ်သွားမှာပါ။

သြော်....သည်အထိတောင် မစောင့်နိုင်ကြတော့ဘူးလားကွယ်....။

× × ×



ဖြစ်နိုင်မည်ဆိုလျှင်တော့ မြိုင်သည် စိတ်အတွေးတို့ မလေးနက်သေးသည့် ကလေးဘဝသို့ ပြန်ရောက်ချင်သည်။

မြိုင်၏ စိတ် အစဉ်တွင် ကလေးဘဝက ထိုင်ငေးခဲ့ရသော မိုးမခချောင်းကလေးကို သတိရနေသည်။

မိုးဦးကျလောက်မှာ သည်ချောင်းတွင် 'ကွန်မက' ကောင်ကလေးများ ချောင်းလုံးပြည့် ကျဆင်းလာတတ်သည်ကို သတိရနေသည်။

'ကွန်မက' ကောင် ဆိုသည်မှာ ဂဏန်းကောင်ကလေးများဖြစ်သည်။ သဘော်သီးစေ့ အရွယ်ခန့် ရှိသည်။ သိန်းသန်းကုဋေချီကာ ကျဆင်းလာတတ်သည်။

သူတို့သာ ကြီးပြင်းလာကြလျှင်တော့ ကမ္ဘာပေါ်မှာ သူတို့ချည်းသာ ရှိမည် ထင်ရသည်။ သည်လာက်ပင် များပြားသည်။ သို့သော် သူတို့သည်ပင်လယ်သို့ ရောက်သွားကာ ငါးများ၏ အစာဖြစ်ကုန်သည်ဟု ဆိုသည်။

သူတစ်ပါး၏ အာဟာရအတွက် ကိုယ်က မွေးဖွားပေးလာရသည်မှာ စင်စစ် နာကြည်းစရာတော့ ကောင်းလှသည်။


www.burmeseclassic.com

www.burmeseclassic.com



သည်ကာလမှာပင် ဗေဒါဒိုက်တွေလည်း အများအပြား ကျလာတတ်သည်။ ပြာလဲ့လဲ့ ဗေဒါပန်းသည် အဝေးမှ အကြည့်တွင် အလွန်လှပသည်။

ယခု အသက်အရွယ်မှာ ဆရာဇော်ဂျီ၏ 'ဗေဒါလမ်း'ကဗျာကို ဖတ်ရပြီး ကြည်ကြည်ဋ္ဌေးပါသော 'ပန်းပန်လျက်ပါ' ရုပ်ရှင်ကို ကြည့်ရတော့ ဗေဒါကို ပိုပြီး နှစ်သက်မြတ်နိုးခြင်း ရှိရသည်။

ထိုချောင်းကလေး၏ဘေးတွင် မြိုင်တို့၏ ဆန်စက်များ ရှိသည်။ ဆန်စက်နှင့် မနီးမဝေးမှာပင် မြိုင်တို့၏ တိုက်အိမ်ရှိသည်။

အိမ်မှာ မီးခံသေတ္တာလို လုံခြုံလှသည်ကို အမှတ်ရနေသည်။ အုတ်နံရံတို့ ထူထဲကာ သံဘာဂျာတံခါးကို ပြတင်းပေါက်တိုင်း၌ တပ်ဆင်ထားသည်။

မြိုင်သည် အထွေးဆုံးသမီးဖြစ်ကာ မိသားစုတွင် တစ်ဦးတည်းသော သမီးလည်း ဖြစ်သည်။ မြိုင့်တွင် အစ်ကိုသုံးယောက် ရှိသည်။ အစ်ကိုတွေက မြိုင့်ကိုချစ်ကာ မြိုင်ကလည်း အစ်ကိုတွေကို ချစ်သည်။

ငယ်စဉ်ကပင် မြိုင်သည် ဆူညံရှုပ်ထွေးသော ဆန်စက်အစိတ်အပိုင်းများကို မုန်းသည်။ သမ္ဘာန်ဘောက်တူနှင့် သင်္ဘောများပေါ်မှ ဆန်စပါးတို့ကို သယ်ချနေသော ပခုံးထမ်း အလုပ်သမားများနှင့် ဝေးရာမှာ နေတတ်သည်။

မြိုင့်ကို အများဆုံးတွေ့တတ်သည်မှ ညောင်ချဉ်ပင်အောက်တွင်သာ ဖြစ်သည်။

မြိုင် လူမှန်းသိတတ်စ အရွယ်မှာ ဒုတိယ ကမ္ဘာစစ်ဖြစ်သည်။ ဗုံးတွေ တဝုန်းဝုန်းကြဲချခံရပြီး ကောင်းကင်ယံမှာ လေကြောင်းတိုက်ပွဲတွေ မကြာခဏဖြစ်တော့ မြိုင်တို့ စစ်ပြေးကြသည်။ တောင်





ပိုင်းသို့ ဖြစ်သည်။

သည်မှာ ကိုကိုနှင့် စ၍ တွေ့ရခြင်းဖြစ်သည်။

သည်တုန်းက ကိုကို့အမည် တင်မောင်သန့် မဟုတ်သေး။ 'ခွေးညို'သာ ဖြစ်သည်။ ယောင်ပေရှုးကလေးနှင့် ဖြစ်သည်။

ကိုကိုသည် မြိုင်တို့မှာ ပါလာသော 'ချိစ်'ခေါ် ဒိန်ခဲကို မစားတတ်။ ချောကလက်ကို ခါးသည်ဆိုပြီး မကြိုက်တတ်။

ကိုကိုနှင့်အတူ ဘုန်းတော်ကြီးကျောင်းမှာ လိုက်သွားပြီး 'ယံမင်္ဂလံ'သင်ရတာတွေ၊ မန်ကျည်းပင်ရိပ်မှာ ခုံညင်းဒိုး ပစ်ကစားတာတွေကို ခပ်ရေးရေးတော့ မှတ်မိနေသေးသည်။

ကိုကိုတို့ရွာမှာ မြိုင့် အစ်ကိုငယ် ဆုံးသည်။ မြို့မှာ ကျန်ရစ်သည့် အစ်ကိုကြီးနှင့် အစ်ကိုလတ်တို့ စပိုင်ဆိုပြီး ဂျပန်အသတ်ခံရတာတွေတော့ ဝါးတားတား ဖြစ်နေပြီ။

တစ်နေ့မှာ မြိုင်တို့ကို ဓားပြတိုက်ဖို့ လာသော လူစုနှင့် ကိုကို့ဖေဖေ ခေါင်းဆောင်သော ရပ်ရွာ ကာကွယ်ရေးတွေ တိုက်ပွဲ ဖြစ်ကြသည်ကိုတော့ ဖေဖေ မေမေတို့က မကြာခဏ ပြောပြထား၍ မြိုင်သိနေသည်။ ကိုကို့ကို သည်စဉ်ကပင် ကျေးဇူး ရှိဖူးသော လူတစ်ယောက်အနေနှင့် မြိုင် သတိထားခဲ့မိသည်။

တစ်နေ့မှာတော့ မြိုင့်ဖေဖေတို့ ပစ္စည်းများ ထုပ်ပိုးပြင်ဆင်နေကြသည်။ စစ်ကြီး ပြီးပြီ၊ မြို့သို့ပြန်ကြရတော့မည်။

သည်မှာ ကိုကိုရော မြိုင်ပါ ခွဲရမှာကြောက်ပြီး ငိုခဲ့ကြသည်။ ကိုကိုက မြိုင့်ကို သူ့ကစားစရာ ရွှံ့ရုပ်ကလေးတွေ ပေးကာ မြိုင်က ကော်ပတ်ရုပ်ကလေးတွေ အမှတ်တရ ပေးခဲ့သည်။

သည်ကတည်းက ခွဲခွါခဲ့ကြပြီး ကိုကိုနှင့်မြိုင်တို့ ပြန်တွေ့ကြသောအခါ မြိုင်သည် ကိုကို့ကို မမှတ်မိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင်း၌ ရောင်စုံသောင်းကျန်းသူများ ထကြွလာချိန်မှာ ကိုတို့ကို့ မိသားစု မြိုင်တို့မြို့သို့ ရောက်လာသည်။

မြိုင်သည် အသက်ဆယ့်နှစ်နှစ်ရှိလာပြီး ကိုကိုက ဆယ့်ငါးနှစ် ရှိနေခဲ့ပြီ ဖြစ်သည်။

ဖေဖေ မေမေတို့က ကိုကို့ မိသားစုကို တစ်လှည့်တစ်ပြန် ကြည့်ရှု စောင်မသည်။

စာသင်ပျက်ခဲ့သော ကိုကို့ကို အလွတ်ပညာသင်ကျောင်းမှာ ထားပေးသည်။ ပညာတော်သော ကိုကိုသည် ဆယ်တန်းကို နှစ်ချင်း ပေါက် အောင်မြင်သည်။ ကောလိပ်သို့ သွားသည်။

မြိုင်ကတော့ ဖေဖေမေမေတို့က သမီးမိန်းကလေးမို့ စိတ်မချသည်နှင့်၊ မေမေ့ကျန်းမာရေး အခြေအနေ မကောင်းသည်နှင့် ရှစ်တန်းနှစ်မှာပင် ကျောင်းထွက်စေခဲ့သည်။

မြိုင့်မိဘများက "သမီးမိန်းကလေးဆိုတာ စာများများ တတ်ဖို့ မလိုပါဘူး" ဟူသော ရှေးရိုးဆန်သည့် အယူအဆရှိသည်။

မြိုင်သည် မေမေ့ကို ပြုစုရင်း အချိန်အားဌ ဝတ္ထုများကိုသာ ဖတ်နေခဲ့သည်။

အမှန်တော့ ဖေဖေ မေမေတို့က ကိုကိုနှင့် မြိုင့်ကို နေရာချထားပေးရန် မရည်ရွယ်ခဲ့။ မြိုင်နှင့် လက်ထပ် စေချင်သူမှာ ဆန်စက်များကို အုပ်ချုပ်နေသူ ကိုမင်းသောင်နှင့်သာ ဖြစ်သည်။

ကိုမင်းသောင်သည် ဖေဖေ၏ လက်ရုံး။ ဖေဖေ၏ ယုံကြည်အားထားရာ။ ပြီး, မြိုင်နှင့်လည်း ငယ်စဉ်ကတည်းက လက်ပွန်းတတီး ရှိခဲ့သူ။ သူက မြိုင့်ထက်တော့ အရွယ်ကြီးသည်။

ကိုမင်းသောင်ကို မြိုင် ချစ်မချစ် မသိခဲ့ပေ။ သိရန်အရွယ်ကလည်း ငယ်သေးသည်။





မြိုင် ဆယ့်ရှစ်နှစ်မှာ မေမေက မြိုင့်ကို ကိုမင်းသောင်နှင့် လက်ထပ်ပေးမည်ဟု ဆိုသည်။ သည်စဉ်ကတော့ ငြင်းပယ်ရကောင်းမှန်းလည်း မသိ။ လက်ခံရကောင်းမှန်းလည်း မသိ။ မေမေတို့ သင့်တော်၍ စီမံသည်ထင်ကာ ငြိမ်နေခဲ့သည်။

ချစ်သည်၊ လက်ထပ်သည် ဆိုခြင်းကိုလည်း လေးလေး နက်နက် မတွေးတတ်ခဲ့။

လူတို့ လက်ထပ်ကြသည်မှာ အတူနေကြဖို့ ဖြစ်သည်ဆိုခြင်း လောက်ပဲ သိသည်။ အမွေဆက်ခံရန် သားသမီးတွေ မွေးကြသည် ဆိုတာလောက်ပဲ သိသည်။

ဖေဖေနှင့် မေမေလည်း သည်အတိုင်းပဲ မဟုတ်လား။

လက်ထပ်ပြီး အတူနေကြကာ မြိုင်တို့ကို မွေးဖွားခဲ့သည်ပဲ မဟုတ်လား။

သည်နှစ်မှာ ကိုကို, မြိုင့်ဘဝထဲ ဝင်လာသည်။ ဘွဲ့ရပြီးနောက် ရောက်ရှိလာခြင်းဖြစ်သည်။

လက်ထပ်ရေးနှင့်ပတ်သက်သော မြိုင့်အတွေးတို့က ပြောင်းကပြန် ဖြစ်ရလေတော့သည်။

ကိုကိုသည် မြို့မှ ထွက်ခွါသွားသည်ထက် ချောမောလှပလာသည်။ ထွားကျိုင်းသန့်စင်လာသည်။ ဖေဖေ မေမေတို့ ကိုယ်တိုင်က ကိုကို့ကို ပညာတတ်တစ်ယောက်အနေနှင့် လေးလေးစားစား ဆက်ဆံကြသည်။

ယခင်ကတော့ လူချင်း ရင်းနှီးအောင်ဆိုကာ ညနေပိုင်းတွင် လယ်ကွင်းများဆီသို့ မြိုင်နှင့် ကိုမင်းသောင်တို့ လမ်းလျှောက်ထွက်ကြသည်။ ဇာတ်ပွဲများ၊ ရုပ်ရှင်များ ကြည့်ကြသည်။

ကိုမင်းသောင်နှင့် မြိုင်တို့ အလွန် ပျင်းရိခြောက်သွေ့ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော စကားများ ပြောကြသည်။ ကိုမင်းသောင်က မြိုင်နှင့် လက်ထပ်ပြီးလျှင် ဆန်စက်တွေ တိုးချဲ့ဖို့၊ လယ်သမားတွေထံ စပါးပေးနှင့် ငွေတိုးချေးဖို့ အကြောင်းတွေကို ပြောပြတတ်လေ့ရှိသည်။

ကိုကို ရောက်လာသောအခါ မြိုင်သည် ကိုမင်းသောင်နှင့် တွဲ၍ လမ်းလျှောက်ရသည်ထက် ကိုကိုနှင့် တွဲ၍ လမ်းလျှောက်ရသည်ကို ပိုမိုနှစ်ခြိုက်မိသည်။ ပြီး....ကိုကိုပြောသော စကားများမှာ ကိုမင်းသောင်၏ စကားများလို ပျင်းရိ ခြောက်သွေ့ဖွယ် မကောင်း။

ယူနီဗာစီတီ အကြောင်း၊ အင်္ဂလိပ် ရုပ်ရှင်တွေအကြောင်း၊ စာအုပ်တွေအကြောင်း၊ ပန်းချီကားတွေအကြောင်း။

သည်အချိန်က မြိုင်တို့ ကိုမြကြီး၊ စိန်စိန်အတွဲဆိုလျှင် အသည်းစွဲပေါ့။ ကိုမြကြီး၏ 'မခင်နှင်းဆီ' သီချင်းမှာ အရောင်းဓာတ်ပြားလောကမှာ ဘုရင်ပေါ့။ မခင်နှင်းဆီအဆက်ဖြစ်သော 'မခင်နှင်းဆီရဲ့ နှင်းဆီ'၊ 'မခင်နှင်းဆီ ဓာတ်သိမ်း' သီချင်းတွေကို သိပ်ကြိုက်ခဲ့သည်။ သည်သီချင်းရေးသည့် 'မြတ်လေး' ကို၊ ကိုကိုတို့ တက္ကသိုလ်မှာ ဆုံဖူးသည်ဆိုတော့ ကိုကို့ကို အထင်ကြီးမိသည်။

ကိုကိုနှင့် စကားပြောရသည်က စိတ်ဝင်စားဖွယ် ကောင်းသည်။ ပျော်စရာကောင်းသည်။ မြိုင်မြိုင်ဆိုင်ဆိုင် ရှိသည်။

သို့ဖြင့်....ကိုမင်းသောင်က လမ်းလျှောက်ဖို့ခေါ်လျှင် မြိုင်သည် ခေါင်းကိုက်သည်၊ ဝမ်းနာသည်နှင့် ရှောင်စ,ပြုလာသည်။

အချစ်ဆိုသည်ကိုလည်း ကိုကိုက သင်ပေးတာပဲ မဟုတ်လား။

နောက်....အတူ လမ်းလျှောက်ရင်း လက်ကလေးတွေကို ကိုင်ကာ၊ ပခုံးကလေးတွေကိုဖက်ကာ မြိုင့်နှလုံးသားကို ပူနွေးစေခဲ့တာ ကိုကိုပဲ မဟုတ်လား။





ညတစ်ည မြိုင်တို့ အိမ်ပြန် နောက်ကျကြသည်။ ရုပ်ရှင်ညပွဲ ကြည့်ကြသည်။ မြိုင်တို့ ကြည့်ကြသည့် ရုပ်ရှင်မှာ အင်္ဂလိပ်ရုပ်ရှင်ကားတစ်ကား ဖြစ်သည်။

လ အလွန်အမင်း သာသည့် ဆောင်းညကလေး တစ်ညမှာ ဖြစ်သည်။ ညသည် အေးစိမ့်ပြီး ဆိပ်ဖလူးပန်းရနံ့လည်း သင်းမွှေးနေသည်။

ခြံဝိုင်း၏ သံတံခါးပေါက်ရှေ့မှာ ပထမဆုံးအကြိမ်အဖြစ် မြိုင့်ကို ကိုကို နမ်းခဲ့သည်။ ရုပ်ရှင်ကားထဲကလို ဖြစ်သည်။

မြိုင့်အသည်းတံခါးကို စတင်ဖွင့်ခဲ့တာ၊ မြိုင့်အချစ်ကာလနဂါးကို နှိုးခဲ့တာ ကိုကို ကိုယ်တိုင်ပါပဲ ကိုကိုရယ်....။

× × ×



www.burmeseclassic.com

www.burmeseclassic.com

**တစ်**နေ့မှာတော့ အိမ်တွင် ဖေဖေ မေမေတို့ မရှိ။ မိတ်ဆွေတစ်ယောက်၏ ဘုရားကိုးဆူ ပူဇော်ပွဲသို့ သွားနေကြသည်။

အိမ်မှာ မြိုင်နှင့် ကိုကို နှစ်ယောက်တည်း။

ကိုကိုနှင့်ဆိုတော့ ဖေဖေ မေမေတို့က စိတ်ချသည်။ ကိုကိုသည် အိမ်သားတစ်ယောက်လို ဖြစ်နေခဲ့သည်။ မြိုင်နှင့် ကိုကို့ကို မောင်နှမ အရင်းအချာတွေလို သဘောထားဖို့ မှာကြားထားသည်။

သို့ပေမယ့်....ကျားဘုရင်လက်မှာ သားသမင်ကို အပ်ခဲ့သည့် အဖြစ်ကိုတော့ တွေးမိဟန်မတူ။ မင်းဒသလက်မှာ မယ်သီတာကို အပ်ခဲ့သည့်အဖြစ်ကို သတိထားမိဟန် မရှိ။

ကိုကိုက လူလည်။

သိပ်ကိုလည်တဲ့ လူလည်။

အများရှေ့မှာတော့ မခုတ်တတ်သည့်ကြောင်ကလေးပေါ့။

ကိုကိုက မြိုင့်ကို လက္ခဏာ ကြည့်ပေးမည်ဆိုသည်။ မြိုင်က လက္ခဏာတွေ ဗေဒင်တွေကို အယုံကြည်သား။

'ကြည့်စမ်း...ကိုကိုက ပညာတွေ ချိုထားတာပေါ့လေ၊ အစက လက္ခဏာဟောတတ်တယ်ဆိုတာ ဘာလို့ မပြောတာလဲ'





ကိုကိုက တကယ့် ပရောဟိတ်ဟန်ဖြင့် မြိုင့် လက်ကလေးများကို ဆွဲယူသည်။ ကြာမြင့်စွာ ကိုင်တွယ်ပွတ်သပ်နေသည်။ အစဉ်လို အေးနေသည့် လက်ဖျားကလေးတွေ ပူနွေးလာသည်အထိ ဖြစ်သည်။

'ပထမဦးဆုံး ဟောရမှာကတော့ မြိုင့် လက်ဖဝါးကလေးတွေဟာ သိပ်နူးညံ့တယ် ဆိုတာပဲ၊ ကိုင်လို့ သိပ်ကောင်းတယ် ဆိုတာပဲ'

သည်တော့မှ မြိုင် သတိရပြီး မိမိလက်ကို ပြန်ရုပ်လိုက်သည်။

'ကိုကိုနော်...သူ တော်တော် အကြံများတယ်'

ကိုကိုက ရယ်နေသည်။

'တကယ်ပါ မြိုင်ရ၊ ကိုကို 'တကယ်ဟောတတ်တာပါ'

မြိုင့်လက်ကို ပြန်ဆွဲယူသည်။

'ဟောဒါက ဉာဏ လေခလို့ခေါ်တယ်၊ ဉာဏ်လမ်းကြောင်းပေါ့၊ ဒါက အာယုလေခလို့ ခေါ်တယ်၊ အသက်လမ်းကြောင်း၊ ဒါက ပမာဒလေခ၊ ဒါတွေက ဂြိုလ်ခုံတွေ။ ဟောဒီမှာကြည့်စမ်း၊ ဒီလက္ခဏာ အရေးအကြောင်းအရ မြိုင့်မှာ ချစ်သူရှိနေပြီ'

'ဟုတ်လဲဟုတ်ဖဲနဲ့'

'ဟုတ်ကို ဟုတ်တယ်၊ မြိုင့်မှာ ချစ်သူရှိနေပြီ'

'ဒါဖြင့် ဘယ်သူလဲ'

'မြိုင့်ရှေ့မှာ ထိုင်နေတဲ့သူလေ'

'တော်ပါ၊ လိပ်ကြီး၊ ကိုယ့်ဘက်ကိုယ် ယက်တတ်တဲ့ ကမ္ဘာလိပ်ကြီး'

ကိုကို လက္ခဏာ မဟောတတ်သည်ကို မြိုင်သိပြီ။ လက်ကို ပြန်ဆွဲယူသည်။ ကိုကိုက လွှတ်မပေးခဲ့။ သူ့ဘက်သို့ ပိုမို ဆွဲယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြိုင်သည် ကိုကို့ရင်ခွင်အတွင်း ရောက်ရှိသွားသည်။ မြိုင့်ကို နမ်းဖို့ ကြိုးစားသည်။

'ဟင့်အင်း ကိုကိုရယ်၊ လွှတ်ကွယ်'

'မြိုင့်ကို ကိုကိုချစ်နေပြီ၊ အခုမှ မဟုတ်ဘူး မြိုင်၊ ငယ်ငယ်ကတည်းက ချစ်ခဲ့ရတာ။ မြိုင်တို့ စစ်ပြေးလာရင်း ရွာမှာတွေ့ကတည်းက ချစ်ခဲ့ရတာ။ ဒီတုန်းက မြိုင်ဟာ ဂါဝန်ဝတ်ကလေးနဲ့ပေါ့'

ကိုကို၏ ပွေ့ဖက်မှုတွေ ကြမ်းတမ်းလာသည်။ အနမ်းတွေက ဆန်းကြယ် ထွေပြားသည်။

'ကိုကိုရယ် လွှတ်ကွယ်'

'ကိုကို့ကို ချစ်လား'

'မသိဘူး'

'မုန်းသလား'

'မသိဘူး'

'မြိုင် မသိပေမယ့် ကိုကိုသိပါတယ်၊ မြိုင်,ကိုကို့ကို ချစ်နေတယ်၊ ချစ်သမှ သိပ်ကို ချစ်နေတယ်။ မြိုင့်ပါးစပ်က မပြောပေမယ့် နှလုံးခုန်သံက ချစ်တယ် ချစ်တယ်လို့ မြည်နေတယ်။ မျက်လုံးထဲမှာ ချစ်တယ်ဆိုတဲ့ စကားလုံးကလေးတွေ ပေါ်နေတယ်'

မြိုင် မျက်နှာ အတည်ထားလိုက်သည်။

'ကိုကို'

'အင်း'

'မြိုင့် ကိုကို့ကို မချစ်ဘူး၊ လွှတ်နော် ကိုကို၊ မြိုင့်ကို လွှတ်နော်'

'မလွှတ်ခဲ့ရင်ကော'





'အော်လိုက်မှာပေါ့'

'အော်လိုက်လေ၊ ဒါဆို သာကောင်းတယ်၊ နှားဖောက်ပြီးသား ဖြစ်သွားတာပေါ့'

'ခက်ပါလား ကိုကိုရယ်၊ ဖေဖေ မေမေတို့ ပြန်လာလိမ့်မယ်၊ မြင်သွားရင် မြိုင် ဘာဖြစ်သွားမယ် ထင်သလဲ'

'မြိုင်နဲ့ ကိုကို့ကို လက်ထက်ပေးလိုက်မှာပေါ့'

'သူ့ဘက်ကတော့ သေချာနေလိုက်တာ၊ ဖေဖေ မေမေတို့က မြိုင့်ကို ကိုမင်းသောင်နဲ့ လက်ထပ်ပေးချင်ကြတာ'

'မြိုင်က ဒီအစီအမံကို နာခံမယ်လား၊ ဒီကျောက်ပေါက်မာလက်တစ်နှိုက်နဲ့ ဖယောင်းရုပ်လို လူကြီးကို ယူမယ်လား'

'ယူမှာပေါ့၊ သူက မြိုင့်ကို ချစ်တယ်၊ ရိုးသားတယ်၊ တည်ကြည်တယ်'

'မြိုင်...သူ့ကို ဘယ်နည်းနဲ့မှ မယူရဘူး၊ မြိုင် ယူရမှာ၊ လက်ထပ်ရမှာ ဒီလောကမှာ တစ်ခြားဘယ်သူမှ မရှိဘူး၊ ကိုကိုပဲရှိတယ်'

ကိုကို့ အဆင့်တွေက တက်လာသည်။

'ကိုကိုရယ်...ကိုကိုရယ်...'နှင့် မြိုင်ငြင်းသည်။ ရုန်းကန်သည်။

သို့ပေမယ့်...အင်အား မပါလှသည်ကိုတော့ မြိုင် ကိုယ်တိုင်သိပါသည်။

'ကိုကိုရယ်...မြိုင် ကြောက်တယ်'

'ဘာကိုလဲ'

'ဘာကိုလဲတော့ မသိဘူး၊ မြိုင် ကြောက်တာတော့ အမှန်ပဲ'

'ကိုကို့ ရင်ခွင့်ထဲမှာ မြိုင်ရှိနေသရွေ့ လောကမှာ ဘာကိုမှ



www.burmeseclassic.com

www.burmeseclassic.com



မြိုင် ကြောက်စရာ မလိုဘူး'

'အို...ကိုကိုရယ်'

'မြိုင့်ကို ကိုကို သေတပန်သက်တစ်ဆုံး ချစ်သွားမှာပါ၊ အသက်ထက်ဆုံး ပေါင်းသင်းသွားမှာပါ၊ ဒါကို စိတ်ချလက်ချ ယုံထားလိုက်ပါတော့ကွယ်'

သြော်...အပြောကောင်းလိုက်သည့် ကိုကို။

ကိုမင်းသောင်ကိုတော့ အားနာစရာ ကောင်းလှပါသည်။

သူ့ခမြာ မြိုင်နှင့် လက်ထပ်ဖို့ ကြိုတင်ငွေစုထားသည်။ အိမ်ထောင်ပစ္စည်းတွေ ကြိုတင် ဝယ်ယူထားသည်။ အိပ်ရာ ခမ်းနားတွေ မှာထားပြီးပြီ။

သို့ပေမယ့် မြိုင်သည် မေမေ့ကို ကိုမင်းသောင်နှင့် လက်ထပ်တော့မည် မဟုတ်ကြောင်း ဖွင့်ပြောလိုက်သည်။ မေမေက တစ်ဆင့် ဖေဖေ့ကို ပြောသည်။

ဖေဖေက သဘောမတူချင်လှ။

'မောင်တင်မောင်သန့်ကို ကိုယ် မချစ်လို့ မဟုတ်ဘူး၊ တူလို သားလို ချစ်ပါတယ်။ ဒါပေမယ့် သူက ကိုယ်တို့အတွက် အားကိုး အားထားရမယ့် လူတစ်ယောက်တော့ ဖြစ်လာမှာ မဟုတ်ဘူး၊ သူ ဆန်စက်လုပ်ငန်းတွေ လုပ်ပြီး တို့များရဲ့ မြို့သိမ် မြို့ငယ်ကလေးမှာ အခြေချနိုင်မှာ မဟုတ်ဘူးကွဲ့။ တို့များကလည်း အသက်ရလာပြီ။ လုပ်ငန်းနဲ့ ပတ်သက်ပြီး အားထားလောက်သူဆိုလို့ မျက်နှာလွှဲရမယ့် သူဆိုလို့ မောင်မင်းသောင်ကိုပဲ မြင်ထားတာ'

ဖေဖေ့ ပြောစကားတွေကို ခန်းစည်းအကွယ်မှ ချောင်းနား ထောင်ရင်း မြိုင် ရင်ထိတ်နေသည်။

မပေးစားနိုင်ဘူး ဆိုလျှင်ဒော့ ဒုက္ခပါပဲ။





ခိုးရာ လိုက်ရတာတွေ၊ အမွေဖြတ်ခံရတာတွေ ဖြစ်ကုန်တော့ မှာပဲ။

မေမေ့ စကားကတော့ အားတက်စရာ ကောင်းပါသည်။

'ဒါတော့ရှင်၊ မောင်တင်မောင်သန့်ကလဲ လူညံ့မှ မဟုတ်တာ။ ဘွဲ့တွေဘာတွေလဲ ရပြီးသားပဲ မဟုတ်လား။ မြို့အုပ် ဝန်ထောက် ဖြစ်ဖို့လဲ မခဲယဉ်းဘူး။ ရန်ကုန်လို နေရာမျိုးမှာ သူ့ ကြီးပွားရာ ကြီးပွားကြောင်း ရှာသွားရင်လဲ ပိုကောင်းတာပေါ့'

'ဒီလိုဆိုရင်လဲ မင့် သဘောပဲလေ'

သည်တော့မှ မြိုင် သက်ပြင်း ချနိုင်တော့သည်။

မြိုင်တို့ မင်္ဂလာပွဲသည် မြို့မှာတော့ ပြောစရာတွင်ရသော မင်္ဂလာပွဲ ဖြစ်သည်။ အခမ်းအနား အကြီးအကျယ်ဆုံး ဖြစ်သည်။

မြို့မျက်နှာဖုံးတွေမို့ ဘုရားဒကာ၊ ကျောင်းဒကာ၊ သိမ်ဒကာ၊ ဇရပ်ဒကာတွေမို့ မြို့ပေါ်က မျက်နှာကြီးမှန်သမျှ လာသည်။ လက်ဖွဲ့ သည်းခံပါဆိုသည့် အကြားက လက်ဖွဲ့ပစ္စည်းတွေ တောင်ပုံ ရာပုံ ရသည်။ မြိုင်တို့ဘက်က ငွေဖလား လက်ဆောင် ပြန်ကမ်းသည်မှာ မြို့တွင် ပြောစရာဖြစ်၍ ကျန်ရစ်သည်။

သည်တုန်းက ကိုကို့မျက်နှာ ခုလို သုန်သုန်မှုန်မှုန်မဟုတ် ပါဘူး။

ပြုံးလို့ ပျော်လို့ ရွှင်လို့ မြူးလို့။

မယုံလျှင် လက်ထပ်စဉ်က ရိုက်ထားသည့် ဓါတ်ပုံတွေ ပြန် ကြည့်ပါလား။

ကိုကို့ မျက်နှာသည် ကမ္ဘာပေါ်တွင် ကံအကောင်းဆုံး ဆိုသည့်သူ၏ မျက်နှာ အနေအထားမျိုး။

ဖေဖေ အတွက်မမှားပါ။



www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်ပြီး များမကြာမီမှာပင် ကိုကိုက မြို့မှာ မပျော်ပိုက်သည့် အကြောင်း ပြောသည်။ ရန်ကုန်သို့ ပြောင်းရွှေ့ချင်သည်။

မြိုင် ကိုယ်တိုင်ကလည်း မြို့ကို ငြီးငွေ့နေပြီ။

ထာဝစဉ် ဆူညံရှုပ်ထွေးနေသည့် ဆန်စက်လောက၊ မြင်နေကျ မိုးမခမြစ် ဝန်းကျင်ရှုခင်း၊ မီးခံသေတ္တာလို လုံခြုံလှသည့် တိုက်။

သည်လိုနှင့် ဖေဖေကိုယ်တိုင် ယခုနေသည့် တိုက်ကို လိုက်ဝယ်ပေးကာ မြိုင်တို့ကို ရန်ကုန်သို့ ပြောင်းရွှေ့ပေးလိုက်သည်။

ဟိုတုန်းကတော့ ပုံစံရိုးရိုး တစ်ထပ်တိုက်ကလေးပေါ့။ ယခုတော့ ကိုကို့ အစီအမံဖြင့် ခမ်းနားထည်ဝါသော၊ လှပသော နှစ်ထပ်တိုက် ဖြစ်နေခဲ့ပြီ။

ကိုကို့ ကုသိုလ် ကောင်းပါသည်။

လိုင်စင် ခေတ်ကောင်းစဉ်က လိုင်စင်တွေ ဝယ်သည်။ ကိုကို ဝယ်သည့် လိုင်စင်က နိုင်ငံခြား စာအုပ်ကုမ္ပဏီများမှ စာအုပ်မှာယူခွင့် ဖြစ်သည်။ အောက်စဖို့နှင့် မက္ကမီလန်လို စာအုပ်တိုက်ကြီးများမှ ကျောင်းသုံးစာအုပ်တွေလည်း ပါသည်။

ကျောင်းဖွင့်ချိန်တိုင်းမှာ ငွေသိန်းနှ င့် ချီရမြဲ။ ကိုကိုသည် ငယ်ငယ်ရွယ်ရွယ်နှင့် သူကြွယ် ဖြစ်လာသည်။

ပြည်သူပိုင် အသိမ်းခံရတော့လည်း မှုစရာမရှိခဲ့။ ဖေဖေမေမေဆုံးတော့ အမွေတွေ ရခဲ့သည်။ ကိုကို့ ကုသိုလ်ကံက လူတစ်ကာ အားကျချင်စရာ ကောင်းလှသည့် ကုသိုလ်ကံမျိုး။

မြိုင်နှင့်က လွဲလျှင် ဆိုပါတော့။

မြိုင်နှင့်ကျကာမှ ဘာလို့များ ကံကဆိုးခဲ့ရတာပါလိမ့် ကိုကိုရယ်။

မြိုင် စိတ်မကောင်း လိုက်တာ။

× × ×



ပထမ ကိုယ်ဝန် ရှိစဉ်က မြိုင်ရော ကိုကိုပါ ပျော်ခဲ့ကြသည်။

အစတွင် မြိုင်သည် ကိုကို့ အလုပ်တိုက်သို့ နေ့စဉ် လိုက်သွားသည်။ ဘာမျှ မလုပ်တတ်ပေမယ့် ကိုကို့ဘေးမှာ ရပ်နေရခြင်းသည်ပင် ကိုကို့ကို ကူညီရာရောက်သည်ဟု အထင်ရှိသည်။

တစ်နေ့တွင်တော့ မြိုင်သည် အလုပ်တိုက် လှေခါးအတက်၌ မိုက်ခနဲ မူးသွားသည်။ ကိုကိုက ဆွဲထားပေလို့ပေါ့။

အပြန်လမ်းတွင် ကားပေါ်မှာ ကိုကိုက ပြောသည်။

'မနက်ဖြန်ကစပြီး မြိုင် အလုပ်တိုက်ကို မလိုက်ခဲ့ရဘူး'

'ဘာဖြစ်လို့လဲ ကိုကို၊ မြိုင်ပါလာတဲ့ အတွက် ကိုကို့မှာ အနှောင့်အယှက် ဖြစ်ရလို့လား'

'ဟင့်အင်း'

'ဒါဖြင့် ဘာကြောင့်လဲ ကိုကို'

'မြိုင် အနားယူဖို့ လိုနေပြီ။ မြိုင့်မှာ သားသမီး ရှိနေပြီ'

'ဟင်...ကိုကို ဘယ်လိုလုပ် သိသလဲ'

'ဒီလိုပဲသိတာပေါ့၊ မြိုင် သိပ်သန့်နေတာ ကြာပြီပဲ ဥစ္စာ'

နောက်နေ့မှစ၍ မြိုင် အလုပ်တိုက်သို့ လိုက်ပါ မလာခဲ့လေတော့။ အိမ်တွင်ပင် အေးဆေးစွာ အနားယူနေသည်။ ကိုကို၏


www.burmeseclassic.com

www.burmeseclassic.com

ဆက်ဆံမှုများသည် သိမ်မွေ့လာကာ ယုယုယယ ရှိသည်။

မြိုင်သည် ကလေးဖို့ ခြေအိတ်ကလေးတွေ၊ ဦးထုပ်ကလေးတွေ သိုးမွေးဖြင့် ကြိုး၍ ထိုးထားသည်။ အကျႌနောက်ကွဲကလေးတွေ ကြိုချုပ်ထားသည်။ ဒါကလေးတွေ ကြည့်ရင်း ပီတိဖြစ်ခဲ့ရသည်။

လ ရင့်လာသောအခါ ဆရာဝန်ထံ ပြသည်။ ဆရာဝန်က အားဆေးများပေးသည်။ နားနားနေနေ နေဖို့ အကြံပေးသည်။

သည်လိုနှင့် တစ်ညမှာတော့ မြိုင်သည် ကိုကို့ ရင်ခွင်တွင် မှေးမှိရင်း....

'ကိုကို ယောကျ်ားကလေး လိုချင်လား၊ မိန်းကလေး လိုချင်လား' မေးသည်။

'ဒါက အကြောင်း မဟုတ်ပါဘူးကွာ၊ ကိုကို့ အဖို့ကတော့ ဘာပဲဖြစ်ဖြစ်ပေါ့။ ဒါပေမယ့်...ဒုတိယကလေးဟာတော့ ပထမကလေးနဲ့ ဆန့်ကျင်ဘက် ဖြစ်ရမယ်။ ဥပမာ မြိုင် ပထမကလေးကို ယောကျ်ားကလေး မွေးပေးခဲ့ရင် ဒုတိယ ကလေးဟာတော့ မိန်းကလေးဖြစ်ဖို့ ကောင်းတာပေါ့။ ဒါဆိုရင် မျှတတဲ့ မွေးဖွားမှု ဖြစ်ရမှာပေါ့။ မဟုတ်ဘူးလား'

'ပထမကလေးကို ယောကျ်ားကလေး ဖြစ်စေချင်ကြတာ မြိုင်တို့ လူမျိုးတွေရဲ့ အရိုးစွဲနေတဲ့ လိုအင်ဆန္ဒပဲ'

'ဘာပဲဖြစ်ဖြစ် ချစ်ရမှာတော့ အတူတူပါပဲ။ ယောကျ်ားကလေးဆိုလဲ ချစ်ရမှာပဲ၊ မိန်းကလေးဆိုလဲ ချစ်ရမှာပဲ'

'မြိုင်က တစ်ခုစဉ်းစားနေတာ'

'ဘာများလဲ မြိုင်'

'တစ်ခါတည်းနဲ့ ယောကျ်ားကလေးနဲ့မိန်းကလေး အမြွှာမွေးလိုက်ရ ကောင်းမလားလို့'





ကိုကိုသည် 'ဗုဒ္ဓေါ'ဟု အထိတ်တလန့် ရေရွတ်လိုက်ပြီး အားပါးတရ ရယ်ချလိုက်လေသည်။

ထိုညသည် အေးမြသော ဆောင်းညတစ်ညဖြစ်ကြောင်း မြိုင် သတိရနေသည်။ မြိုင်တို့ စောစောစီးစီးပင် အိပ်ရာဝင်ကြသည်။

မြိုင်သည် အိပ်မက်ဆိုးတစ်ခုကို မြင်မက်ရာမှ လန့်နိုးလာသည်။

ထိုအခါ မိမိကျောအောက်မှာ စွတ်စိုနေကြောင်း တွေ့ရသည်။

ခုတင်ခေါင်းရင်းမှ မီးလုံးကို ဖွင့်လိုက်သည်။

မိမိ ကိုယ်အောက်မှာ သွေးတွေကို မြင်လိုက်ရသောအခါ မြိုင် လန့်ဖျပ်သွားသည်။ အဝတ်တွေမှာကော အိပ်ရာတွေမှာပါ မြင်မကောင်းအောင် ရွှဲနေသည်။

'ကိုကို...ကိုကို...ထပါဦး ကိုကိုရယ်'

ကိုကို နိုးလာပြီး မြိုင့်အဖြစ်ကို မြင်ရတော့ တုန်လှုပ်သွားသည်။ ချက်ချင်းပွေ့ယူပြီး ကားနှင့် ဆေးရုံသို့ ပြေးသည်။

မြိုင်သည် အစသော် သတိရတစ်ချက် မရတစ်ချက်။ မြိုင့်မျက်လုံးထဲမှာတော့ နီနီရဲနေသော သွေးတွေကို မြင်နေသည်။ ချင်းချင်းနီသော သွေးတွေကို တွေ့နေသည်။

သတိရတချက် မရတချက် ရှိနေသည့်ကြားမှ မြိုင်သည် ဆရာဝန်ကို အားကိုးတကြီး ပြောမိသည်။

'မြိုင့်ကလေးကို ကယ်တင်ပေးပါ၊ မြိုင်ရဲ့ ကလေးကို ကယ်တင်ပေးကြပါ'

မြိုင်သည် တစ်ညနှင့်တစ်နေ့လုံးလုံး သတိမေ့နေသည်။ သတိရတော့လည်း မျက်စိတွေ ဝေဝါးနေသည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိအပါးမှ လူများကို အရိပ်တွေများ ရွေ့လျားနေသလို ဝေဝေဝါးဝါးသာ တွေ့ရသည်။ မိမိသည် ကလေးကို မွေးဖွားခဲ့ပြီ ဟု ထင်သည်။

သို့စင်လျက် အဘယ်ကြောင့် နာကျင်ခြင်းဝေဒနာကို မခံစားရပါလိမ့်ဟု တွေးနေမိသည်။

ကောင်းစွာ သတိရလာသည်။

မြိုင် သိလိုက်ပါပြီ။

သတင်းမဲ့မေးဘဲနှင့် သိလိုက်ပြီ။

မိမိအခြေအနေနှင့် မိမိ၏ ပထမကလေးကို 'ဆုံးရှုံး' ခံလိုက်ရပြီဖြစ်ကြောင်း မြိုင် သိလိုက်သည်။

ဆေးရုံတွင် အတော်ကြာကြာပင် အနားယူနေလိုက်သည်။

ဆေးရုံမှ ဆင်းတော့မည်ဆိုသောအခါ ဆေးရုံအုပ်ဆရာဝန်ကြီးနှင့် တွေ့ရသည်။

'ဒေါ်ခင်မေမြိုင် ကလေးထပ်မယူရင် ကောင်းမယ်'

'ရှင်...ဘာဖြစ်လို့ပါလိမ့်'

'ဒေါ်ခင်မေမြိုင်ရဲ့ သားအိမ်အခြေအနေကို မကြိုက်ဘူး'

'ဟင့်အင်း....မဖြစ်နိုင်ပါဘူး၊ မြိုင်တို့ ကလေးမယူဘဲ မနေနိုင်ဘူး။ ကလေးဆိုတာ လင်နဲ့မယားဆိုတဲ့ သူစိမ်းနှစ်ယောက်ကြားက ပေါင်းကူးတံတားပဲ၊ အိမ်ထောင်တစ်ခုရဲ့ သာယာမှုပဲ။ မြိုင်တို့ ကလေးယူပါရစေ...'

'ဒါဖြင့်လဲ ကောင်းပါပြီ ဒေါ်ခင်မေမြိုင်၊ ယူစေဗျား၊ ယူစေဗျား'ပေါ့။

ဒုတိယ ကိုယ်ဝန် ရှိသောအခါ မြိုင်တို့ ပိုပြီး ဂရုစိုက်ကြသည်။ စောစောကတည်းက သားဖွားနှင့် မီးယပ်ဆိုင်ရာ ဆရာဝန်ထံ





အပ်ထားသည်။ ဆရာဝန်ပေးသော အားဆေးစားသည်။ ဆရာဝန်ညွှန်ကြားသော အာဟာရဖြစ်မည့် အစားများကို စားသည်။ ညနေပိုင်းတွင် ကိုကို ကိုယ်တိုင် မြိုင့်အား ဂရုစမ္ပြုကာ လမ်းလျှောက်စေသည်။

မြိုင်တို့နှင့် ရင်းနှီးသော ဒေါ်ဇာယုဆိုသူ အရပ်လက်သည်မိန်းမကြီးက ပြောသည်။

'ကိုယ်ဝန်ရှိနေခိုက်မှာ ကလေးအတွက် ရည်ရွယ်ပြီး ဘာမှ ကြိုလုပ်မထားရဘူးကွဲ့၊ အကျီတို့ဘာတို့ ကြိုချုပ်မထားရဘူး၊ အနှီးပိတ်တောင် ကြိုဝယ်မထားရဘူး'

'ဘာဖြစ်လို့လဲ ဒေါ်ဒေါ်'

'ဘာဖြစ်လို့လဲတော့ မပြောတတ်ဘူး၊ မလုပ်ကောင်းဘူးလို့သာ သိထားတာပဲ၊ မြန်မာ့ရှေးရိုး အယူအဆတစ်ခု ဆိုပါတော့ကွယ်'

အယူသည်းလှလို့ မဟုတ်ပေမယ့် မလုပ်ကောင်းဘူးဆိုသည်နှင့်ပင် မြိုင် ရှောင်ကြဉ်ခဲ့သည်။ ရှိရင်းစွဲတွေ သူများ ပေးပစ်လိုက်သည်။

သို့ပေမယ့် ထိုကလေးသည်လည်း အချိန်မကျပဲ မွေးကာ အသက်ပါမလာခဲ့ပေ။

ကိုကိုက မြိုင့်ကို မယူတော့ဖို့ ပြောသည်။

သို့ပေမယ့် မြိုင်က....

'ဒီတစ်ကြိမ်တည်း ကြိုးစားကြည့်ရအောင်ပါ ကိုကို၊ နောက်ဆုံးအနေနဲ့ ဒီတစ်ကြိမ်တည်း ကြိုးစားကြည့်ရအောင်ပါ'

သည်တစ်ကြိမ်မှာတော့ မြိုင်သည် ဆရာဝန်ညွှန်ကြားချက်ရော အရပ်လက်သည် ဒေါ်ဇာယု၏ ညွှန်ကြားမှုကိုပါ ခံယူသည်။

'ဝမ်းကြီးသယ်ဆိုပြီး ကိုယ့်ကိုယ်ကို ရွှေလိုဥနေလို့ မဖြစ်ဘူးကွဲ့၊ အနည်းအကျဉ်းဆိုသလို ကြမ်းကြမ်းတမ်းတမ်းတော့ လုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com

ရသေးတယ်။ လက်လုပ်လက်စားသမားတွေဆို ဘယ့်နှယ့်လုပ်မလဲ၊ ဈေးတောင်း ခေါင်းရွက်ပြီး နေပူမရှောင် မိုးရွာမရှောင် သွားလာနေကြတာပဲ။ မွေးချိန်ကျမှ ဈေးတောင်းချပြီး မွေးကြတဲ့သူတွေ တစ်ပုံကြီး။ သူတို့ ကလေးတွေကလဲ ဘာအားဆေးမှ မစားဘဲနဲ့ သန်သန်မာမာ ရှိနေကြတာပါပဲ'

သည်တစ်ခါမှာတော့ မြိုင်သည် 'အောင်မြင်' လိုက်သည်။ သမီး ညိုမြာသန့်ကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့သည်။ မြိုင်တို့ လက်ခမောင်းခတ်ကြရသည်။ ပျော်ကြရသည်။

ကိုကိုဆိုလျှင် ကလေးငိုသံကြားရပြီဆိုကတည်းက မိတ်ဆွေများထံ ဝစ္စကီပုလင်းဖွင့်မည့်အကြောင်း တယ်လီဖုန်းဆက်သည်။ ထိုညက ကိုကိုတို့လူသိုက် ဝစ္စကီ ချောင်းစီး သောက်ကြသည်။

'ညိုမြာသန့်' ဟု သူ့ အဖိုးက နေ့နံတွေ တွက်ချက်ပြီး အမည်မပေးခင်က ဆိုလျှင် မြိုင်တို့ တစ်အိမ်လုံးက 'ဗိတိုးရီးယား' ဟု ခေါ်ကြသေးသည်။

အောင်မြင်ခြင်း အထိမ်းအမှတ်နှင့်ပေါ့။

× × ×



စင်စစ် အောင်မြင်ခြင်းသည် ကိုကို့အတွက် ဖြစ်မည်၊ ညိုမြာ့အတွက် ဖြစ်မည်။

မြိုင့်အဖို့မှာမူ 'အောင်မြင်ခြင်း' နှင့် 'ဆုံးရှုံးခြင်း' မှာ ဒွန်တွဲနေသည်။

မြိုင်သည် သမီးကို မွေးဖွားပေးခဲ့ပြီးနောက် နောက်ထပ်ကလေးရယူမည့် အခွင့်အရေးကို စွန့်လွှတ်လိုက်ရသည်။

ပြီး....အတော်ချည်း ကြာမြင့်သည်အထိ ကျန်းမာရေး အခြေအနေက ကောင်းမလာခဲ့။ ကိုယ့်ကိုယ်တိုင်က အိပ်ရာထဲတွင် လှဲနေရသောအချိန် များပြားကာ ကလေးကို နာနီလက်မှာသာ အပ်ထားခဲ့ရသည်။

ကိုကိုသည် မြိုင့်ကို ကလေးနှင့် ပတ်သက်သော ဒုက္ခပေးလို့ လုပ်ပုံမရ။

ထို့ကြောင့် အတန်အသင့်ကြီးပြင်းလာပြီဆိုလျှင်ပင် မူကြိုသို့ ပို့သည်။ ပြီးတော့...မူလတန်း၊ အလယ်တန်း၊ အထက်တန်းမှသည် တက္ကသိုလ်အထိ တစ်နေ့တွင် နာရီပေါင်းများစွာ မြိုင်နှင့် ခွဲထားသည်။

ကိုကိုက သမီးကို ချစ်သည်။ အလိုလိုက်သည်။ လွှတ်လပ်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပေးထားသည်။

မြိုင်သည် စိတ်အနေနှင့်ရော ရုပ်ဝတ္ထုအရပါ သမီးအပေါ် ပိုင်ဆိုင်ခွင့် နည်းပါးလာသည်။

ကိုကို့အပေါ်မှာလည်း သည်အတိုင်းပင် ဖြစ်သည်။ တစ်စထက်တစ်စ ချို့ယွင်းလာသော ကျန်းမာရေးအခြေအနေအရ ကိုကို့ကို အိမ်ထောင်သုခ အပြည့်အဝ မပေးနိုင်သည့် မိန်းမ ဖြစ်လာခဲ့သည်။

ရှေ့ပိုင်းတုန်းကတော့ မသိသာလှဘူးပေါ့လေ။

နောက်ပိုင်းမှာတော့ ကိုကို့ သက်ပြင်းရှိုက်သံတွေ၊ အိပ်ရာထဲမှာ ကြာမြင့်စွာ လူးလိမ့်နေတာတွေကို မြိုင်, တစ်ဘက်က သိမြင်လျက် မသိယောင် ဆောင်ခဲ့ရသည်။

တစ်လောကတော့ မြို့မှ ဆန်စက် အရောင်းအဝယ် အတွက် ရန်ကုန်အိမ်နှင့် ခွါခဲ့သည်။ အလုပ်ကိစ္စပြီးလျှင် ပြီးချင်း ပြန်ခဲ့သည်။

မြိုင့်အား သင်္ဘောဆိပ်သို့ လာကြိုဖို့ ဖုန်းဆက်ခေါ်တော့ ထူးမည့်သူ မရှိ။

သို့ဖြင့် အငှားကားဖြင့်ပင် အိမ်သို့ ပြန်လာသည်။

အချိန်မှာ နံနက် လေးနာရီခွဲတွင် ဖြစ်သည်။

တံခါးပေါက်မှ လှမ်းခေါ်သော်လည်း တံခါးဖွင့်ပေးမည့်သူ မရှိ။ မိမိမှာ ပါရှိသည့် သော့နှင့်ပင် ဖွင့်ကာ ဝင်ခဲ့ရသည်။

ဧည့်ခန်းမှာ ပွစာကြဲနေသည်။ ဆိုဖာကုလားထိုင်များ လဲပြိုနေသည်။ စားပွဲများ ပန်းအိုးများ ရွှေ့စောင်းနေသည်။ ရွှေငါးကန်သည် ကွဲနေပြီး ကြမ်းပြင်ပေါ်မှာ ငါးကလေးတွေ သေနေသည်။

ကြမ်းပြင်ခင်း ကော်ဇောပေါ်မှာ စီးကရက်တိုတွေ ပွနေပြီး တစ်နေရာတွင် မီးပေါက်ထားသည့် အကွက်ကြီးရှိသည်။





ဘုရား....ဘုရား ဘာများ ဖြစ်ပါလိမ့်။

မြိုင် အထိတ်တလန့် ရှိနေမိသည်။

အိပ်ခန်းသို့ ပြေးသွားသည်။

အခန်းကြမ်းပြင်ပေါ်တွင် ကိုကိုသည် ကိုယ် အထက်ပိုင်း ဗလာကျင်းလျက် အိပ်ပျော်နေသည်။

အိပ်ရာတွေ စောင်တွေ ခေါင်းအုံးတွေမှာလည်း မြင်မကောင်း။

'ကိုကို...ကိုကို....'

မြိုင် စိုးရိမ်စိတ်ဖြင့် နှိုးသော်လည်း အင်အယ်နှင့် လှုပ်လာရုံမျှ အပ နိုးမလာခဲ့။ အရက်နံ့ တထောင်းထောင်း ထ,နေသည်။ အသက်ရှူသံမှာ အသံမျိုးစုံဖြစ်သည်။ ခြသေ့်ဟောက်သံလည်း ပါသည်။ လေချွန်သလိုအသံလည်း ပါသည်။ ရေစီးသံလည်း ပါသည်။ လေတိုက်သံလည်း ပါသည်။ သံစုံသွင်းဆိုသည်မျိုး။

ရေနှင့်ပက်နှိုးလျှင် နိုးလိမ့်မည် အထင်နှင့် ရေခပ်ရန် မီးဖိုခန်းသို့ လာသည်။

အလို။

ထမင်းစားခန်းကို ဖြတ်လျှောက်မိချိန်မှာ မြိုင် မျက်လုံးပြူးသွားသည်။

စားပွဲပေါ်တွင် စားကြွင်းစားကျန်တွေ ပွနေသည်။

ပန်းကန်တွေ ပိုးလိုးပက်လက်။

အရက်ပုလင်းတွေ စီနေသည်။

ဖန်ခွက်ကွဲတွေမှာ မြင်မကောင်း။

ကြက်ဥခွံတွေရော၊ အကာရည်တွေရော။ စားပွဲနှင့်ကြမ်းပြင်မှာသာမက နံရံများတွင်ပင် တွေ့ရသည်။ ပစ်ပေါက်ထားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

မြိုင်သည် ဆံပင်အကြားသို့ လက်ချောင်းများ ထိုးထည့်ပြီး ကုတ်ဖွလိုက်မိသည်။

မီးဖိုခန်းသို့ ဝင်သည်။

လက်ဆေး ကြွေဇလုံမှာ ညစ်ပတ်နေသည်။ ရေချိုးခန်းမှန်တွင် သွားတိုက်ဆေးများ ညှစ်ချထားသည်။

အခန်းနံရံတွင် နှုတ်ခမ်းနီတောင့်ဖြင့် ညစ်ညမ်းသောပုံများ ဆွဲထားသည်။

သည်မှာပင် မြိုင်သည် မိမိနှင့် ညီမှာသန့်တို့၏ ပစ္စည်းများ မဟုတ်သည့် အမျိုးသမီး အသုံးအဆောင်အချို့ကို တွေ့ရသည်။ စုတ်ပြဲနေသည့်စကတ်နှင့် ညစ်နွမ်းနွမ်း ဘရာစီယာ တစ်ထည်ကို မြင်သည်။

မြိုင်သည် ဘာတစ်ခုမှ လုပ်ချင်စိတ်မရှိတော့။ ပြန်လှည့်လာကာ ဧည့်ခန်းဆိုဖာတစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ အိမ်မှ ထွက်ပြေးချင်စိတ် ပေါက်သွားသည်။

ညက ကိုကိုတို့ ဘာဖြစ်ခဲ့ကြမည်ကို မြိုင် သိပါသည်။

အဘယ်မျှ သောင်းကျန်းခဲ့ကြမည်ကို ရိပ်စားမိသည်။

အိပ်ခန်းအတွင်း ပြန်ဝင်ကာ ကြမ်းပြင်ပေါ်တွင် ပစ္စလက်ခတ် အိပ်ပျော်နေသည့် ကိုကို့ကို ကရုဏာသက်သလို မုန်းတီးသလိုနှင့် ကြာမြင့်စွာ စူးစိုက်ကြည့်နေမိသည်။

ခြောက်နာရီကျတော့ ကိုကို အနည်းငယ် လှုပ်လာသည်။

မြိုင်သည် ကော်ဖီတစ်ခွက်ဖျော်ကာ အိပ်ခန်းအတွင်း ဝင်လာပြီး တစိမ့်စိမ့်သောက်ရင်း ကိုကို့ကိုပင် ကြည့်နေခဲ့သည်။

ခုနစ်နာရီတွင် ကိုကို ဆတ်ခနဲ နိုးလာသည်။

မြိုင့်ကို ရုတ်တရက် မြင်သွားသည်။

**ပြီးစာပေ**



'ဟင်...မြိုင်'

သူသည် လူးလဲ ထလိုက်သည်။

သူ့ကိုယ် အထက်ပိုင်း ဗလာဖြစ်နေသည်ကို သတိပြုမိပုံ ရသည်။

အိပ်ရာတွေ ပွကျဲနေသည်ကို မြင်သွားသည်။

'မြိုင် ဘယ်တုန်းက ရောက်သလဲ'

မြိုင်က အဖြေမပေးဘဲ ပြန်မေးလိုက်သည်။

'ကိုကိုတို့ ညက ဘာဖြစ်သလဲ'

'ဘာဖြစ်လို့လဲ'

အရက်သမား ထုံးစံအတိုင်း ညက ဘာဖြစ်ခဲ့သည်ကို သတိရပုံ မပေါ်။

'ဘာဖြစ်သလဲဆိုတာ လျှောက်ကြည့်ပါဦး'

သူသည် ယခုတိုင် မူးနေဆဲ ဖြစ်ဟန်တူသည်။ ကိုယ်ကို ခြေနှစ်ချောင်းပေါ်တွင် မနည်းရပ်တည်နေရပုံပေါ်သည်။ နားထင်နှစ်ဘက်ကို လက်ဖြင့် နှိပ်လိုက်သည်။

'ကိုကိုတို့ ညက 'ပေါက်'သွားတယ်'

'ပေါက်တာက အရေးမကြီးပါဘူး၊ အိမ်ဟာ အိမ်နဲ့တူသေးရဲ့လား၊ အားလုံး ကွဲရှ ပျက်စီးနေတယ်။ ကိုကိုတို့ ရန်ဖြစ်ကြသေးသလား'

'မပြောတတ်ဘူး၊ ဆယ့်နှစ်နာရီလောက်မှာ ပေါက်သွားပြီးကတည်းက ဘာမှ မမှတ်မိတော့ဘူး'

'သြော်...ကိုကိုရယ်'

ကိုကိုသည် မီးဖိုခန်းဘက်သို့ ဒယိမ်းဒယိုင် လျှောက်သွားသည်။ ထမင်းစားခန်းကို မြင်ရတော့ မျက်နှာတစ်ချက် မဲ့လိုက်သည်။

**ပြီးစာပေ**

www.burmeseclassic.com

www.burmeseclassic.com

မြိုင်သည် ကိုကို့နောက်မှ လိုက်ခဲ့သည်။

ရေချိုးခန်းထဲရောက်တော့ ကိုကိုကိုယ်တိုင် သူတစိမ်း မိန်းမ အဝတ်အစားများကို မြင်တွေ့သွားသည်။

'သူ ဘယ်သူလဲ'

'မသိဘူး၊ မူးမူးနဲ့ ခေါ်လာမိတာ'

'လမ်းပေါ်မှာတွေ့တဲ့ အပေါစား မိန်းမကို အိမ်ခေါ်လာတယ် လား၊ မြိုင့်အိပ်ရာမှာ သိပ်တယ်လား'

မြိုင်၏အသံသည် ငိုသံပါလာသည်။

'ကိုကို ဝမ်းနည်းပါတယ်ကွာ၊ သူနဲ့တွေ့တော့ ကိုကိုမူးနေ ပြီ၊ ဘယ်လိုပုံစံနဲ့ ခေါ်လာခဲ့မိမှန်း မသိပါဘူး'

ကိုကိုသည် မျက်နှာသစ်ရင်း နံရံပေါ်မှာ နှုတ်ခမ်းနီတောင့် ဖြင့် ရေးထားသောပုံကိုမြင်ကာ မြိုင့်ကိုအားနာသလိုကြည့်သည်။

မြိုင်နှင့်မျက်နှာချင်းဆိုင်လိုက်သည်။

မြိုင့်ပခုံးကို ဆုပ်ကိုင်လိုက်သည်။

'ကိုကို တကယ်ပဲ စိတ်မကောင်းပါဘူး မြိုင်၊ သိပ်ကို မူးပြီး ဘာတွေ ဖြစ်ကုန်ခဲ့တယ်ဆိုတာ အခုထိ မမှတ်မိတော့ပါဘူး'

'တစ်ခြားမှာ ဘာဖြစ်ဖြစ် အိမ်ကိုတော့ ခေါ်မလာသင့်ဘူး'

'ဟုတ်ပါတယ်၊ ကိုကို မှားပါတယ်'

'မိန်းမရှုင် အိပ်သွားတဲ့အိမ်မှာ မြိုင် နေချင်စိတ်တောင် မရှိ တော့ဘူး'

'ကိုကို တောင်းပန်နေပါတယ် မြိုင်၊ ဒါမျိုး နောက်မဖြစ် စေရပါဘူးကွယ်၊ ဘယ်တော့မှ မဖြစ်စေရပါဘူး'

'အိမ်ဖော်တွေကော'

'အားလပ်ခွင့် ပေးထားတယ်'

မြူးစာပေ



'သမီးကော'

'ရှုဘီတို့အိမ်မှာ အိပ်မယ်လို့ ဖုန်းဆက်တယ်'

'သမီးလဲ သွားချင်ရာ သွား၊ အိပ်ချင်တဲ့အိမ်မှာ အိပ်၊ ဖအေ ကလဲ လုပ်ချင်ရာလုပ် ဆိုတဲ့ သဘောပေါ့လေ'

'မြိုင်၊ လူဆိုတာ တစ်သက်မှာတစ်ခါတစ်လေတော့ မှားကြ တာပဲ၊ ဒီလိုအမြဲဖြစ်သွားမှာမှ မဟုတ်တာ။ ပြီးတော့...ကိုကိုဟာ အမှားကို အမှားမှန်းမသိတဲ့ သူငယ်နှပ်စားမဟုတ်ဘူး။ ကိုယ့် ခြေနှစ်ချောင်းပေါ်မှာ မတ်မတ်ရပ်နေတဲ့ အသက်လေးဆယ်ရှိပြီဆိုတဲ့ လူတစ်ယောက် အမှားကိုအမှားလို့ မြင်နိုင်တဲ့ ပညာတတ် တစ်ယောက်'

'ကိုကို့အသံက မာလိုက်တာ'

'မာသွားမိရင်တော့ တောင်းပန်ပါတယ်။ သမီးကလဲ ရှုဘီ တို့အိမ်မှာ ဒီတစ်ညမှအိပ်တာမဟုတ်ဘူး၊ ညပေါင်းများစွာ အိပ်ဖူး နေတာပါ။ ဒီလိုရှိတယ်လေ...ကိုကိုတို့တစ်တွေဟာ ပညာမဲ့မဟုတ် ဘူး၊ အောက်တန်းစားမဟုတ်ဘူး။ တစ်ခါတစ်လေ ပျော်လို့ လွတ် သွားတာ ရှိပေမယ့် ကိုယ့်ကိုယ်ကို ဆင်ချင်နိုင်တယ်၊ ချင့်ချိန် နိုင်တယ်'

'ဩော်...ပျော်လို့ ဟုတ်လား၊ ကိုကိုက ဒီနည်းနဲ့ ပျော်စရာ ရှာနေတတ်ပြီလား။ ကောင်းပြီ၊ ပျော်ချင်လို့ ပျော်စရာရှာရင် တစ်ခြား မှာရှာပါ၊ ဒီအိမ်ပေါ်မှာတော့ မရှာပါနဲ့။ နောက်...ဘယ်မိန်းမရှုင်ကိုမှ အိမ်ကို ခေါ်မလာခဲ့ပါနဲ့'

ပြောရင်းမှာပင် မြိုင်သည် ရေချိုးခန်းတံခါးကို ဝုန်းခနဲ ဆောင့်ပိတ် ပစ်လိုက်သည်။

ပစ္စည်းတွေ စစ်ကြည့်တော့ မြိုင့် အဝတ်အထည် အချို့နှင့် ကက်ဆက်တစ်လုံး ပျောက်ဆုံးနေကြောင်း တွေ့ရသည်။

မြူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်ကစပြီး မြိုင် သိသည်။ မြိုင် နားလည်ခဲ့ပြီ။

ကိုကိုသည် မိမိမှအပ အခြားတွင် 'ပျော်စရာ' ရှာတော့မည်ကို မြိုင် တွေးတတ်လာခဲ့ပြီ။ ကိုကို့ အတွက် မြိုင်သည် သာယာပျော်ရွှင်မှုကို ပေးစွမ်းနိုင်သော မိန်းမတစ်ယောက် မဟုတ်နိုင်တော့ပြီကို သိခဲ့ရသည်။

ကိုကို့ကိုမူ ထားလိုက်ပါတော့။

ယခုလို အခါမျိုးမှာ သမီးကို အပါးမှာ ရှိစေချင်သည်။ သမီးနှင့် ရင်အုပ်မကွာ နေချင်သည်။

ကိုကိုကတော့ အိမ်မကပ်ခြင်းနှင့် ပတ်သက်၍ ဆင်ခြေဆင်လက်တွေ များသည်။

ငယ်သူငယ်ချင်းတွေနဲ့ တွေ့လို့၊ ညှိမခံမဖြစ်သည့် ညှိသည်တွေကို ညှိခံနေရလို့ စသည်ဖြင့်။

နောက်တစ်ကြောင်းကလည်း လုပ်ငန်းနှင့် ပတ်သက်၍ အမြတ်ခွန်ဆောင်ရမည်။ စာရင်းဇယား မထားရှိခဲ့သည့်အတွက် ဒဏ်ကြေးတွေ ရှိနေသည်။

ထို့ကြောင့် စာရင်းဇယား ပြုစုပေးမည့်သူတွေနှင့် တိုင်ပင်ဆွေးနွေးရသည်ဟူသော အကြောင်းပြချက်ဖြင့် ကိုကို အိမ်ပြန်နောက်ကျပေါင်း များပြီ။

ယခုတလော သမီးသည် ရူဘီတို့ လူသိုက်နှင့် အဖွဲ့ကျနေသည်။ ရူဘီနှင့် ပေါင်းသည်ကို မြိုင် မကျေနပ်လှ။

သမီးကို ရူဘီက ဖျက်ဆီးနေသည်ဟူသော အထင်သည် ကြာမြင့်စွာကတည်းက ရှိနေသည်။

သမီးတို့ ကိုးတန်းနှစ် အရောက်မှာ ရူဘီကြောင့် ကသိကအောင် ဖြစ်ခဲ့ရဖူးသည်။





စနေတစ်နေ့တွင် ဗိုလ်ချုပ်ဈေးမှ စိန်ရွှေရတနာဆိုင် တစ်ဆိုင်က အိမ်သို့ ဖုန်းဆက်ခဲ့သည်။

သမီးတို့ ခိုးမှုဖြစ်သည်ဟု ပြောခဲ့သည်။

'ခိုးမှု၊ ကျွန်မသမီးက ဘာကိုခိုးရမှာလဲ'

'စိန်လက်စွပ်တစ်ကွင်းပါပဲ'

'ဘုရား၊ ဘုရား'

မြိုင်သည် ရင်တုန် ပန်းတုန်ဖြစ်ကာ ဗိုလ်ချုပ်ဈေးသို့ ကားဖြင့် ချက်ချင်း လိုက်ခဲ့ရသည်။

ဆိုင်ရှင်မှ၊ မြိုင်နှင့် အသိအကျွမ်းထဲကပင် ဖြစ်ပါသည်။ မြိုင် ဝယ်နေကျ ဖောက်သည်ပင် ဖြစ်ပါသည်။ ထို့ကြောင့် မျက်မှန်းတန်းမိ နေသည်။

သို့သော် မြိုင်က ထိုဆိုင်သို့ ဒေါသဖြင့် လိုက်ခဲ့ခြင်း ဖြစ်သည်။ စိတ်ဆိုးနေသည်။

တကယ်တော့လည်း ထိုဆိုင်တွင် တင်၍ ရောင်းချနေသော ပစ္စည်းမှာ မြိုင်ကိုယ်တိုင်တွင် ရှိနေသော ရတနာပစ္စည်း၏ သုံးပုံတစ်ပုံပင် မပြည့်တတ်။

အကယ်၍ သမီးကသာ လိုအပ်မည်ဆိုလျှင် မြိုင်သည် လက်ဝတ်လက်စားနှင့် ပတ်သက်၍ နှမြောတွန့်တိုခြင်း မဖြစ်ခဲ့မိ။

သမီးက ယောကျ်ားရုပ်အင်္ကျီမျိုး ဝတ်ကာ ရွှေဆို၍ တစ်မှုန်မှ ဝတ်ဆင်လေ့မရှိ။ စိန်၊ ပတ္တမြား၊ နီလာ စသော အဖိုးတန်ရတနာများကို သူမ၏ ကော်ပတ်ရုပ်လောက်မျှ တန်ဖိုးထားသူမဟုတ်။

ထို့ကြောင့် စိန်လက်စွပ်ကို ခိုးသည်ဆိုခြင်းမှာ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်၊ လုပ်ကြံခြင်းသာဟု ထင်သည်။ မြိုင်၊ ဗိုလ်ချုပ်ဈေးသို့ ထလိုက်လာခဲ့သည်ဆိုခြင်းမှာ ဆိုင်ရှင်အား ရန်တွေ့ရန်သာ ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဗိုလ်ချုပ်ဈေးသို့ ရောက်သောအခါ ဆိုင်ရှေ့က ခွေးခြေတွင် သမီးနှင့် ရူဘီတို့ ယို့ယို့ကလေးထိုင်နေကြသည်ကို တွေ့ရသည်။

'ကျွန်တော်တော့ သိပ်စိတ်မကောင်းဖြစ်ရတာပဲ ဒေါ်ခင်မေမြိုင် ရယ်၊ အစကတော့ သူ့ကို ဒေါ်ခင်မေမြိုင်ရဲ့ သမီးဆိုတာလည်း မသိခဲ့ပါဘူး'

'ရှင့် စိန်လက်စွပ်က ဘယ်လောက်တန်သလဲ'

'ငွေကြေးအကြောင်း မပြောပါနဲ့ ဒေါ်ခင်မေမြိုင်၊ သိပ်ဖြစ်လောက်တာလဲ မဟုတ်ပါဘူး။ တစ်သောင်း၊ သောင်းငါးထောင် ပတ်ဝန်းကျင်းပါ'

'ဒီလောက် တန်ဖိုးကလေးလောက်ကို ကျွန်မသမီးက ခိုးတယ်ဆိုတာတော့ အံ့ဩစရာဘဲရှင်'

'ကျွန်တော် စိတ်မကောင်းပါဘူး၊ လက်စွပ်ကို သူ့လက်ပွေ့အိတ်ထဲက တွေ့ခဲ့ရတာတော့ အမှန်ပါပဲ'

မြိုင်သည် သမီးဘက်သို့ လှည့်လိုက်သည်။

'သမီး ခိုးသလား၊ တကယ်ပဲ ခိုးသလား'

သမီးက ခေါင်းမမော့ဘဲ...

'ခိုးတယ်'

ခပ်မာမာပင် ပြောသည်။

'ဟင်'

မြိုင်သည် အသားတစ်ဆတ်ဆတ် တုန်မိမတတ် ဖြစ်လာသည်။ ဒေါသဖြင့် ရင်မှာ ပေါက်ကွဲတော့မလို ရှိလာသည်။

'ခိုးတယ် ဟုတ်လား။ ဒီပစ္စည်းလောက်ကို ခိုးတယ်လား'

မြိုင်၏ အသံ ကျယ်လောင်သွားသည်။ လူတွေ ဝိုင်းကြည့်





လာသည်။

'ကျေးဇူးပြုပြီး ဒီကိစ္စကို ထားလိုက်ကြရအောင်ပါ ဒေါ်ခင်မေမြိုင်၊ အကျယ်ကျယ် မငြိမ်းဖွယ် ဖြစ်ရမယ့်ကိစ္စကို ကျွန်တော်တို့ မလိုလားပါဘူး။ သူတို့က လိပ်စာတွေ ဖုန်းနံပါတ်တွေ ပေးတဲ့အခါမှာ ဦးတင်မောင်သန့် ဒေါ်ခင်မေမြိုင်ဆိုတာပါလားလို့ ဟုတ်မဟုတ် ဖုန်းဆက်မေးတဲ့ သဘောလောက်ပါ။ ဒေါ်ခင်မေမြိုင်ရဲ့ သမီး တကယ်ဖြစ်တယ် ဆိုရင်လဲ ပြီးတာပါပဲ။ ပထမတော့ မိန်းကလေးတွေလဲဖြစ်၊ ဒီအသက်အရွယ်ကလေးတွေနဲ့ ခိုးတယ်ဆိုတော့ ကျွန်တော်တို့လဲ ဒေါသဖြစ်သွားမိတယ်၊ ရဲစခန်းကို တိုင်မယ်အထိ လုပ်မိတယ်။ သူတို့နာမည်တွေ မိဖနာမည်တွေ မေးကြည့်တော့ လူကုံထံ သားသမီးတွေဆိုတာ သိရတယ်။ ဒါကြောင့် ဘယ်မှလဲ မတိုင်တော့ပါဘူး။ ဒေါ်ခင်မေမြိုင်ကိုသာ အကျိုးအကြောင်း ပြောရအောင် ဖုန်းဆက်လိုက်ရတာပါ'

'ဘာပဲပြောပြော ဒီအဖြစ်ဟာ မဖြစ်သင့်တဲ့ အဖြစ်ပဲ။ ညိုမြာရယ် ညည်း မိဖနာမည်ကို ဒီပစ္စည်းလောက်နဲ့ ဖျက်ရက်တယ်နော်'

မြိုင်ကတော့ တကယ်ပင် မကျေနပ်။ လူတွေသူတွေ ရှေ့မှာပင် ညိုမြာ့ကို ရိုက်နှက်ပစ်လိုက်ချင်သည်။

'ဒေါ်ခင်မေမြိုင်'

ဆိုင်ရှင်က ခေါ်သည်။

'ကျေးဇူးပြုပြီး သူတို့ကို ပြန်ခေါ်သွားပါတော့။ ကျွန်တော်ဘက်က ခွင့်လွှတ်ပါတယ်။ စိတ်ထဲမှာလဲ ဘယ်လိုမှ မထားပါဘူး'

ဆိုင်ရှင်က ကျေနပ်သော်လည်း မြိုင်ကတော့ မကျေနပ်နိုင်။

အိမ်သို့ ရောက်သောအခါ သည်ကိစ္စကို အစဖော်သည်။

ညိုမြာ့ကို မိမိရှေ့ ဆိုဖာတွင် အထိုင်ခိုင်းကာ...



www.burmeseclassic.com

www.burmeseclassic.com

'ကိုင်း…မိရွှေညိုမြာ ဘယ်လို ဖြစ်တယ်ဆိုတာ တစ်ဆိတ်လင်းစမ်းပါဦး'

'ရှုဘီနဲ့ ဗိုလ်ချုပ်ဈေးကိုသွားတယ်၊ စိန်ရွှေ ရတနာဆိုင်ကို ဝင်တယ်။ ပစ္စည်းတွေ ကြည့်ကြတယ်။ စိန်လက်စွပ်ကို ကြိုက်ကြတယ်။ ဒါနဲ့ ရှုဘီက ဆိုင်ရှင်မသိအောင် ယူတယ်၊ ညိုမြာ့ကို ပေးတာတာနဲ့ ညိုမြာလဲ လက်ကိုင်အိတ်ထဲ ထည့်ထားခဲ့တာပဲ'

'ဒါဖြင့် ရှုဘီ ခိုးတာပေါ့'

'ရှုဘီရော ညိုမြာရော နှစ်ယောက်လုံး ခိုးတာပါ'

'နှစ်ယောက်လုံး အလိုတူ အလိုပါပဲ ဆိုပါတော့'

'ဒါပေါ့ မာမီ'

'ညိုမြာ့ရယ်၊ ငါနင့်ကို သတ်သာပစ်လိုက်ချင်တယ်။ ဒီလောက်ကို ခိုးရအောင် နင့်မှာ ဒီထက်မက ရှိတယ်ဆိုတာ မသိဘူးလား။ နင်သာကစားချင်တယ်ဆိုရင် စိန်ကို ကြွေပန်းကန်ကွဲလို ထွေခင်း ကစားနိုင်တယ် သိလား'

'အိမ်မှာရှိတာတော့ ရှိတာပေါ့ မာမီ၊ ဒါပေမယ့် အိမ်က ပုံစံတွေက ရိုးနေပြီ။ ပထမတော့ ဝယ်မလိုပဲ၊ ငွေက အသင့် ပါမလာတာနဲ့'

'အိမ်ကို ဖုန်းဆက်တောင်းရင်လဲ ဖြစ်တာပဲ မဟုတ်လား'

ညိုမြာ ဘာမျှ ပြန်မပြောခဲ့။

'သူတစ်ပါး ပစ္စည်းကို ခိုးတဲ့ အကျိုးဆက်ဟာ ဘယ်လိုရှိတယ် ဆိုတာ သိရဲ့လား ဟင်၊ ကံကောင်လို့ အရှက်မကွဲတာ၊ ဆိုင်ရှင်က သဘောကောင်းလို့ပေါ့။ နို့မဟုတ်ရင် ဘာတွေ ဖြစ်ကုန်မယ်ဆိုတာ နင်သဘောပေါက်ရဲ့လား။ ပထမ ရဲစခန်းကို ရောက်ရမယ်၊ အရှက်ကွဲမယ်၊ ရုံးတင်ခံရမယ်၊ ထောင်ကျမယ်၊ တမလွန်





မှာလဲ'

ညိုမြာသည် မြိုင့်စကားကို အဆုံးထိ နားမထောင်ဘဲ ထိုင်ရာမှ ထလိုက်သည်။ ထသွားရန် ဟန်ပြင်သည်။

'ညိုမြာ ပြန်ထိုင်စမ်း'

'မာမို ဆုံးမစကားတွေက ငြီးငွေ့စရာ သိပ်ကောင်းတာပဲ'

'ဘာ'

'ညိုမြာ ထမင်းစားတော့မယ်'

'ပြန်ထိုင်စမ်း ညိုမြာ၊ ငါ့စကားကို ဆုံးအောင် နားထောင်စမ်း။ ခိုးတယ်ဆိုတာ ဒီဘဝတွင် မက…'

'မာမီ ကျေးဇူးပြုပြီး ညိုမြာ သွားပါရစေတော့။ ညိုမြာ သိပါတယ်။ ဒီဘဝမှာလဲ မကောင်းဘူး၊ တမလွန်မှာလဲ ငရဲခံရမယ်၊ မာမီ ဒါကို ပြောချင်တာ မဟုတ်လား'

'ဒါကို သိရက်နဲ့ ဘာလို့ခိုးရတာလဲ ဟင်၊ ဘာလို့ ခိုးရတာလဲ။ ဘာလို့ မိဖမျက်နှာကို အိုးမည်းသုတ်ချင်ရတာလဲ မိညိုမြာ'

မြိုင့်အသံက ကျယ်လောင် သွားသည်။ ခံပြင်း နာကျဉ်းမိသလို ရှိသည်။

ညိုမြာက ထမင်းစားခန်းသို့ ဇွတ် ထွက်သွားသည်။

မြိုင်သည် မျက်စိကို တင်းတင်းမှိတ်မှိတ် အံကို တင်းတင်း ကြိတ်ကာ စိတ်မကောင်းခြင်း ကြီးစွာဖြင့် ခေါင်းကို ရမ်းခါလိုက်မိလေသည်။

တော်ပါသေးသည်။

ဆယ်တန်းနှစ်ကျတော့ ညိုမြာက အောင်သွားသည်။ ရှုဘီက ကျကျန်ရစ်သည်။ နှစ်ယောက်သား ကွဲသွားသည်။

တက္ကသိုလ် စာမေးပွဲများကို ဖြေရန်ငြင်းဆန်ပြီး ကျောင်းမှ

www.burmeseclassic.com

www.burmeseclassic.com



အပြီးအပိုင် နှုတ်ထွက်ပြီးသည့် နောက်ပိုင်းတွင် ညိုမြာသည် ရူဘီနှင့် ပြန်တွဲမိသည်။

သည်အခါမှာတော့ ညိုမြာသည် မြိုင့်အား ဖုတ်လေသည့် ငါးပိ ရှိသည် မမှတ်တော့။ ဆန့်ကျင်နေပြီ။ ဥပေက္ခာ ပြုနေပြီ။

ရူဘီသာမက ရူဘီ၏ အစ်ကို ရောဘတ်၏ အမည်ကို ကြားရစ ပြုလာသည်။ သုံးယောက်တွဲကာ ရုပ်ရှင်ကြည့်သည်ကို လည်း တွေ့ရသည်။ ခရစ္စမတ်အိမ်လို၊ မွေးနေ့ပါတီလို နေရာမျိုးသွား ကြသည်။

လ အတန်ကြာတွင် ညိုမြာနှင့် ရောဘတ်တို့ ကြည့်ပုံ ရှုပုံ ပြောပုံဆိုပုံတို့ ရိုးသားသည့် အဆင့်ကို ကျော်လွန်လာကြောင်း တွေ့ ရသည်။

ရောဘတ်က ဆိုးလှသည်တော့ မဟုတ်။

သို့သော် သူ့ အသိုင်းအဝန်းကို မြိုင်မကြိုက်၊ မနှစ်သက်။

သည်တော့ သူတို့ အကြားမှာ မြိုင် ပါဝင်လာရဖို့ ဖြစ်လာ သည်။

'သမီးနဲ့ ရောဘက်က ဘာယ်လို့လဲ ဟင်'

မြိုင် မေးသည်။

'သမီးတို့ ချစ်နေကြပြီလို့ ထင်တာပဲ'

'ထင်ရုံပဲလား'

'ဟုတ်တယ်၊ ဖွင့် မပြောဖြစ်ကြသေးဘူး။ မျက်လုံးချင်း သိတယ်၊ နှလုံးသားချင်းတော့ သိတယ်ဆိုတာမျိုးပေါ့ မာမီရယ်'

ညိုမြာက ခပ်ပေါ့ပေါ့ပင် ဖြစ်သည်။

အချစ်ရေးတွင် သည်လောက် ပေါ့ပေါ့တန်တန် နိုင်လှသော ညိုမြာကို မြိုင် အားမလို အားမရ ဖြစ်လာမိသည်။ မြိုင် ဖြစ်စေချင်





သည်က အလေးအနက်နှင့် အချစ် အတွက်သာမက အိမ်ထောင်ရေး ကိုပါ နက်နက်ရှိုင်းရှိုင်း တွေးစေလိုသည်။

'မေမေ တစ်ခုပြောချင်တယ်။ မေမေ့ အနေနဲ့ ရောဘတ်ကို သဘောမကျဘူး၊ ရောဘတ်ထက် ရောဘတ်ရဲ့ အသိုင်းအဝန်းကို ဆိုပါတော့'

'မာမီက ကိုယ့်အစဉ်အလာကို ကိုယ် ဖျက်တာပဲ'

'ဘာရယ်'

'မာမီနဲ့ ဒယ်ဒီဘယ်လို ညားခဲ့ကြသလဲဆိုတာ မာမီပြောပြလို့ ညိုမြာ သိခဲ့ရတယ်။ မာမီဟာ အချစ်ရေးမှာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး ခဲ့ကြတာ မဟုတ်လား၊ ဒီအစဉ်အလာကို မဖျက်ဖို့ သမီးက ဆိုလိုတာ ပါ'

သည်တော့ မြိုင် ဘာပြန်ပြောရမည်လဲ။

ကိုယ့်စကားနှင့်ကိုယ် ပြန်မိနေသလိုရှိသည်။ ကိုယ့်ထောင် ချောက်နှင့်ကိုယ် ပြန်ပိတ်မိနေသလို ရှိသည်။

သို့ပေမယ့် ရောဘတ်နှင့် လက်ထပ်ပြီး ဩစတေးလျားသို့ လိုက်ပါသွားမည့် သတင်းကို ကြားရတော့ မြိုင် မခံမရပ်နိုင်အောင် ရှိရသည်။

'ညိုမြာ သမီး ရောဘတ်နဲ့ လက်ထပ်ပြီးရင် ဩစတေးလျား ကို လိုက်သွားမလို့ဆို'

'ဟုတ်တယ်လေ မာမီ၊ သူတို့မိသားတစ်စုလုံး အပြီးပြောင်း ကြမှာပဲ၊ ရောဘတ်သွားရင် ညိုမြာလည်း လိုက်ရမှာပေါ့ မာမီရဲ့'

'သမီး...သမီး...မေမေတို့ ဖေဖေတို့ကို စွန့်ခွာပြီး လိုက်သွား မှာလား ဟင်'

ပြောရရင်းမှာပင် မြိုင်သည် မချိတင်ကဲ ရှိမိသလို အသံတုန်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

ဤသည်ကို ညိုမြာက စိတ်ပျက်သွားမိဟန် ရှိသည်။

'သျှောင်နောက် ဆံထုံးပါ ဆိုသလိုပေါ့ မာမီရယ်။ ဒါဟာ လူ့ထုံစံ၊ လူ့ဓလေ့ပဲဟာ'

'ရောဘတ်ကို လက်ထက်ချင်တော့ လက်ထပ်ပါ သမီးရယ်၊ သူ့ကို ဒီမှာပဲ နေခိုင်းပါ။ ရေခြား မြေခြားကိုတော့ လိုက်မသွားပါနဲ့လားကွယ်'

'ဟာ မာမီက တကယ် ခေတ်နောက်ကျတာပဲ၊ ညိုမြာက ဩစတေးလျားတင်မကဘူး၊ ဖြစ်နိုင်ရင် အမေရိကားမှာ သွားနေချင်တာ'

'သမီးမွေးတာ မြန်မာပြည်မှာပါကွယ်၊ မြန်မာမိဘနှစ်ပါးက မွေးထားတာပါ။ သမီးဟာ ထောပတ်စားပြီး ကြီးလာတာမဟုတ်ဘူး၊ သမီးရဲ့ပါးစပ်မှာ ငပိနံ့ မစင်သေးပါဘူး'

'ရောဘတ်က သူ့မိသားစု ပြောင်းရင် နေခဲ့မှာမဟုတ်ဘူး၊ သူ့ကို မပစ်ရက်နိုင်တော့ သူ့နောက်ကို လိုက်ရမှာပဲ မာမီ'

ညိုမြာ၏ ဆင်ခြေဆင်လက်တွေကို မြိုင့်မှာ ချေဖျက်မရအောင် ရှိသည်။

ညိုမြာ၏ နောက်ကွယ်ရာမှာ မျက်ရည်ကျခဲ့ရသေးသည်။

ညိုမြာကတော့ သီချင်းကလေး တစ်အေးအေးနှင့်။

ညပိုင်း ကိုကိုနှင့် ဆုံမိတော့...

'ကိုကို'

'ဟင်'

'ညိုမြာ့ကို ကြည့်ပြောပါဦးလား ကိုကိုရယ်'

'ဘာပြောရမှာလဲ မြိုင်'





'ညိုမြာက ရောဘတ်နဲ့ လက်ထပ်ပြီးရင် နိုင်ငံခြား လိုက်သွားမလို့တဲ့။ ဩစတေးလျားကို ထွက်သွားမလို့တဲ့'

'ကိုကို ကြားပြီးပါပြီ'

'ကိုကို သဘောတူသလားဟင်'

'တူတယ်ရယ်လို့ မဟုတ်ပေမယ့် ကိုကို မတားချင်ဘူး'

'ဟင်'

'ဒီလိုရှိတယ် မြိုင်၊ လောကမှာ လူတွေဟာ မိမိဖာသာ အမှီအခိုကင်းကင်းနဲ့ နေသွားနိုင်ဖို့ လိုတယ်။ ကိုယ့်ခြေနှစ်ချောင်းပေါ်မှာ ကိုယ် မတ်မတ်ရပ်နိုင်ဖို့ လိုတယ်။ ဒါမှလဲ သူ့မှာရှိတဲ့ အရည်အချင်းက ပေါ်လွင်လာနိုင်မယ်။ ညိုမြာ့ကို ကိုကိုတို့က မွေးကင်းစကလေးငယ်လို ထာဝရ ထွေးပိုက်ယုယနေလို့ မဖြစ်ဘူး။ မျက်စိအောက်က အပျောက်မခံဘဲ အရိပ်တကြည့်ကြည့် လုပ်မနေနိုင်ဘူး။ သူ့မှာ ဘယ်လောက် အရည်အချင်းရှိတယ်ဆိုတာ စမ်းကြည့်ပေစေပေါ့'

'ကိုကိုရယ်...'

'နိုင်ငံခြားကို ထွက်သွားမယ်ဆိုတာ တော်ရုံတန်ရုံ စွန့်စားမှုမဟုတ်ဘူး။ ကိုကိုကတော့ ညိုမြာ့မှာ ဘယ်လောက် သတ္တိရှိတယ်ဆိုတာ စောင့်ကြည့်ချင်တယ်'

'ဒါပေမယ့် ကိုကိုရယ် ညိုမြာဟာ မြိုင်တို့ရဲ့ ရင်သွေးပါ၊ တစ်ဦးတည်းသော သမီးကလေးပါ။ သူသာ မြိုင်တို့ကို ခွဲခွာသွားမယ်ဆိုရင်...'

ပြောရင်း မြိုင် မျက်ရည်ကျမိသည်။

ကိုကိုက မြိုင့်ကို ထွေးပွေ့ကာ 'မြိုင်က သဘောမတူဘူးဆိုရင် ကိုကို ဖျောင်းဖျကြည့်ပါဦးမယ်ကွယ်' ကတိပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သည်စကားက စင်စစ် မြိုင့်ကို နှစ်သိမ့်ခြင်း သက်သက်သာ ဖြစ်ကြောင်း မြိုင် သဘောပေါက်ပါသည်။

ကိုကိုသည် ညိုမှာ့ကို ထိထိရောက်ရောက် ဖျောင်းဖျခဲ့ပုံမရ။ သေသေချာချာ တားမြစ်ခဲ့ဟန် မတူ။

ညိုမှာ့ထံမှ ဩစတေးလျား အကြောင်းတွေကိုသာ အထပ်ထပ် အခါခါ ကြားနေရသည်။ ညိုမှာသည် အချိန်မရွေးဆိုသလို မိမိတို့အား စွန့်ခွာသွားနိုင်သည့် အဖြစ်ကို တွေ့နေရသည်။

ဩော်...မေမေက မင်းကို မြန်မာတစ်ယောက် အဖြစ်နဲ့ မွေးခဲ့တာပါ ညိုမှာရယ်။

မွေးခဲ့ရတာမှ အလွယ်တကူ မဟုတ်ခဲ့ပါ။ သက်သက်သာသာ မဟုတ်ခဲ့ပါ။

ပထမ ကလေးများခဲ့သည့် အဖြစ်က ညိုမှာအား ကိုယ်ဝန်ရှိသောအခါ မြိုင်တို့ကို ချောက်ချားစေသည်။ ထိတ်လန့်တုန်လှုပ်စေသည်။

မြိုင်သည် ဆရာဝန် ဆရာမများ၏ ညွှန်ကြားချက်ကို အတိအကျ လိုက်နာသည်။ သောက်ဆေး ထိုးဆေးတွေကို သောက်လိုက် ထိုးလိုက်ရတာ။ တင်ပါးမှာဆိုလျှင် အပ်ရာတွေ ထပ်၍ပင် နေသည်။

အနောက်တိုင်း နည်းတွေနှင့်ရော မြန်မာနည်းတွေနှင့်ပါ ကိုယ်ဝန်ကို ထိန်းသိမ်းခဲ့သည်။ စောင့်စည်းခဲ့သည်။

မြိုင်သည် အိပ်ရာဝင်တိုင်း ဘုရားရှိခိုးကာ ပုတီးပတ် တစ်ထောင် စိပ်သည်။

'တပည့်တော်မ၏ သားသမီး ဖြောင့်တန်းရှင်သန်စွာ မွေးဖွားနိုင်ရန် စောင်မတော်မူပါဘုရား' ဆုတောင်းရှုမြဲ။

မမွေးမီ တစ်လအလိုကတည်းက မြိုင်သည် ဆေးခန်းမှာ





သွားနေရသည်။

'မအေမှာ အားမရှိဘူး၊ ညှပ်ရိုးကွင်း ကျဉ်းတယ်၊ ခက်ခဲ့တဲ့ မွေးဖွားမှု ဖြစ်မယ်'

ဆရာဝန်၊ ဆရာမများ တိုင်ပင်သံ ကြားရသည်။

မွေးဖွားခန်းသို့ ဝင်ခါနီးတွင် ကိုကို့လက်ကို အားကိုးတကြီး ဆုပ်ကိုင်ရင်း...

'ကိုကို'

'ဘာပြောချင်သလဲ မြိုင်'

'တကယ်လို့ အခက်အခဲဖြစ်လာရင်–'

'မြိုင်ကလဲ ကွယ်'

'မြိုင် အတည်ပြောတာပါ ကိုကို၊ တကယ်လို့ အခက်အခဲ တွေ့လာမယ်၊ သူ့အသက် ကိုယ့်အသက် လုရမယ့် အဖြစ်မျိုး ဖြစ်လာရင် မြိုင့် အသက်ထက် ကလေးရဲ့ အသက်ကို ဦးစားပေးပါ'

ကိုကိုသည် မြိုင့် လက်ကို အားပေးသလို ဖျစ်ညှစ်လိုက်သည်။

'မြိုင် ပြောသလို အဖြစ်မျိုး ဖြစ်မလာနိုင်ပါဘူးကွာ၊ သေချာပါတယ်၊ မြိုင်ရော ကလေးပါ အောင်အောင်မြင်မြင် ချောချောမောမော ရှိရမှာ ကိန်းသေပါ'

မွေးဖွားပြီဆိုတော့လည်း တကယ့် အခက်အခဲပါပင်။

တော်ပါသေးသည်။

ခေတ်မီ ကိရိယာများနှင့် ကျွမ်းကျင်သော ဆရာဝန်များက အခက်အခဲ အမျိုးမျိုးကြားမှ မွေးဖွားပေးခဲ့နိုင်သည်။

အကယ်၍ ဟိုအလျှင်ကသာ သည်လို ခက်ခဲစွာ မွေးဖွားရပြီး ကြီးပြင်းအောင် ပြုစုပျိုးထောင်ပြီးကာမှ ရင်ဘတ်ကို ခြေစုန်ကန်၍



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားမည်မှန်းသိလျှင် မြိုင် သည်အထိ အပင်ပန်းခံမှ ခံခဲ့ပါ့မလား မပြောတတ်နိုင်။ သည်အထိ စေတနာထားနိုင်စွမ်း ရှိမှရှိပါ့မည်လား မသိ။

ယခုတော့ မွေးရကျိုး မနပ်၊ ဝမ်းရေစပ်တာပဲ အဖတ်တင်သည် ဆိုရမလို ရှိသည်။

သည်လိုနှင့် မြိုင်သည် တစ်စထက် တစ်စ ဖဲကြည့်ခြင်းကို ခံခဲ့ရသည်။

အထီးကျန် ဆန်လာခဲ့သည်။

မြိုင့် တွင် အိပ်မပျော်နိုင်သော နေ့ရက်တို့ များပြားလာသည်။

တစ်လောကတော့ မိသားစု ဆရာဝန်လို ဖြစ်နေသော ဒေါက်တာတင်အောင်မြင့်ထံ ရောက်ခဲ့သည်။

'ကဲ ဆိုပါဦး၊ ဒီတစ်ခါ ဘာဖြစ်သလဲ'

'မြိုင် အိပ်မပျော်ဘူး'

'ဘယ်လောက် ကြာပြီလဲ'

'ကြာပါပြီ'

'တစ်ခြားကော'

'တစ်ခြားတော့ မပြောတတ်ပါဘူး'

'သွေးလေ အသွားအလာ မှန်ရဲ့လား'

'သိပ် သတိမထားမိဘူး'

'ဒါဖြင့် စမ်းသပ်ကြည့်ရအောင်'

ဆရာဝန်က မြိုင့် နှလုံးခုန်သံကို နားထောင်သည်။ သွေးပေါင် ချိန်ကြည့်သည်။ သူနာပြု ဆရာမအား သွေးနမူနာ ယူခိုင်းသည်။ ဆီးယူခိုင်းသည်။ ကျောက်ကက် အနေအထား၊ အဆုတ်အနေအထား၊ အသည်း အနေအထားတွေရော စုံစေ့အောင် စမ်းသည်။





နောက်ရက်သို့ ပြန်ချိန်းသည်။

သည်တစ်ခါ ရောက်သွားသောအခါ ဆရာဝန်က ကောက်ကာငင်ကာ မေးသည်။

'ဒေါ်ခင်မေမြိုင်ရဲ့ အသက် ဘယ်လောက်ရှိပြီလဲ ဟင်'

'သုံးဆယ့်ရှစ်ပါ'

'ဟုတ်လား၊ ကျွန်တော် အံ့သြနေတယ်'

'ဘာကိုပါလိမ့် ဒေါက်တာ'

'ဒီထက်များ အသက်ပိုကြီးနေမလားလို့ ထင်ထားမိတာ'

'ဒေါက်တာ ဘာတွေ့ရလို့လဲ ဟင်'

'ဒေါ်ခင်မေမြိုင် ဖြစ်နေတာက သိပ်ပွဲနည်းတော့ သိပ်မကျဘူး ထင်တာပဲ။ စိတ်ကြောင့်လို့ ပြောရမလား မသိဘူး။ ဘာခေါ်မလဲ။ အရွယ်မတိုင်ခင် သွေးဆုံး (Pre-menopausal)ဖြစ်ချင်တဲ့ လက္ခဏာကို တွေ့နေရလို့ပဲ။ ဒါပေမယ့် ဒါဟာ စိုးရိမ်စရာတော့ မဟုတ်ဘူးနော်'

'အဲဒီအတွက် မြိုင် မစိုးရိမ်ပါဘူး ဒေါက်တာ၊ မြိုင်အလိုရှိတာက အိပ်ပျော်ဖို့ပါပဲ'

'ဒါဆိုရင်လဲ အိပ်ဆေး အနည်းအပါးတော့ သုံးပါ'

ကျေးဇူးတင်ပါသည် ဒေါက်တာပေါ့။

အိပ်ဆေးအနည်းအပါး သုံးခွင့်ရတော့ မြိုင် အိပ်ပျော်ရသည်ပေါ့။

အိပ်ပျော်နေချိန်ဆိုတာ ဘယ်လောက် စိတ်ချမ်းသာစရာကောင်းပါသလဲ။ ဘယ်လောက် လွတ်လပ်ပါသလဲ။

ဘဝကို မေ့သည်။

သောကကို မေ့သည်။

လောကကို မေ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မြိုင့်အဖို့တော့ အရာရာကို မေ့ထားနိုင်ခြင်းသည် စိတ်ချမ်းမြေ့စရာ အကောင်းဆုံး။

× × ×



မြိုင်သည် စီးကရက်ကို ပြာခံခွက်၌ ထိုးချေလိုက်သည်။ ကိုးနာရီခွဲပြီ။

ကိုကို့ဆီကမှ ဖုန်းမဆက်။

သမီးဆီက ဖုန်းမဆက်။

အဲ…တစ်ယောက်တည်းကသာ ဆက်သည်။

သူက သူစိမ်း။

'ကျွန်မနာမည် မသက်ဇင်ပါ × × × ကျွန်မမှာ ပြောစရာစကားတစ်ချို့ရှိပါတယ်။ × × × ဦးတင်မောင်သန့်နဲ့ ပတ်သက်လို့ပါပဲ × × × သူက အစ်မကြီးနဲ့ ကွာရှင်းပြတ်စဲ ချင်တယ်တဲ့ × × × ကျွန်မကို လက်ထပ်ချင်တယ်တဲ့'

စကားသံများက နားမှ ပဲ့တင်ထပ်ဆဲ ဖြစ်သည်။

မြိုင်သည် အိပ်ရာဆီသို့ လျှောက်ခဲ့သည်။ မှန်တင်ခုံကို ဖြတ်ကျော်ရတော့ မှန်ထဲမှာ မိမိရုပ်သွင်ကို ခေတ္တ ရပ်ကြည့်မိသည်။

မှန်ထဲတွင် မြင်နေရသော ကြည်ပြာရောင် ညဝတ် အင်္ကျီအောက်မှ မြိုင်၏ ရုပ်သွင်သည် ကြုံလှီလှလေသည်။

အသားရောင်သည် ဝါနုသော်လည်း ဖျော့တော့လှလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ပင်ကိုက နွဲ့နွဲ့နှောင်းနှောင်းနှင့် လမ်းလျှောက်လျှင် ဖွဖွ ငြင်ငြင်ကလေး လျှောက်တတ်သည်။

ဒါကိုပင် လူတွေက ပိုးသားခန်းဆီးစကလေး လွင့်လာသလို ကနွဲ့ကယ နိုင်သည်ဟု တခုတ်တရ ချီးမွမ်းတတ်ကြသေးသည်။

မြိုင်၏ မျက်နှာပြင်တွင် အသားအရည် ရော်လျော့ပါးနေသည်။

မျက်တွင်းကျနေသဖြင့် မျက်ခုံးရုံး အရိပ်သည် မျက်ခွံပေါ်မှာ ကျနေသည်။

မျက်ဝန်းသည် ဖျော့သော်လည်း တစ်ကိုယ်လုံးတွင် အရှင်သန်ဆုံးလို ဖြစ်နေသည်။

မှန်မှ ခွာလိုက်သည်။

အိပ်ရာသို့ လာသည်။

ခုတင်ခေါင်းရင်းတွင် စားပွဲခုံငယ်တစ်ခု ရှိသည်။ ဆေးပုလင်း အများအပြား တင်ထားသည်။ သူ့အချိန်နှင့်သူ သောက်ရမည့်ဆေးများ။ အပြားပါသည်။ အလုံးပါသည်။ အရည်ပါသည်။ ပုလင်းအရွယ်ကလည်း အစုံစုံ၊ ဆေးလုံးဆေးရည်တို့၏ အရောင်ကလည်း အစုံ။ ဖြူဖြူ၊ နီနီ၊ ဝါဝါ၊ ပြာပြာ၊ စိမ်းစိမ်း၊ ရွှေရွှေ။

မြိုင်သည် အစိမ်းရောင် ဆေးပုလင်းကို လှမ်းယူလိုက်သည်။ အိပ်ဆေး အများအပြားပါသော ပုလင်းဖြစ်သည်။ လက်တစ်ဆုပ်စာမျှ လက်ထဲသို့ လောင်းထည့်ကာ ရေနှင့်ကျိုက်ချလိုက်သည်။ ပြီးတော့ လှဲလျောင်းလိုက်သည်။

'*ကျွန်မနာမည် မသက်ဇင်ပါ× × × ကျွန်မမှာ ပြောစရာစကားတစ်ချို့ ရှိပါတယ်× × × ဦးတင်မောင်သန့်နဲ့ ပတ်သက်လို့ပါပဲ× × × သူက အစ်မကြီးနဲ့ ကွာရှင်းပြတ်စဲချင်တယ်တဲ့× × × ကျွန်မကို လက်ထပ် ချင်တယ်တဲ့× × ×*'





အစသော် သည်အသံသည် နားဝယ် ပဲ့တင်သံလို ရိုက်ခတ်မြည်ဟိန်းနေသည်။

နောက်တော့ တစ်စထက်တစ်စ ဝေးလံသွားသည်။ တိုးတိတ်သွားသည်။

မြိုင့်စိတ်မှာ ပေါ့ပါး လွတ်လပ်လာသည်။ စိတ်အတွေးတို့သည် လေဟာပြင်ကျယ်ကို ဖြတ်ကျော်သွားသည့်နှယ် စကြဝဠာထဲမှာ လွင့်မျောနေသလို ရှိသည်။

မြိုင့်စိတ်မှာ ချမ်းမြေ့ရလွန်းလှပါကလား။

× × ×



www.burmeseclassic.com

www.burmeseclassic.com

"အပိုင်း သုံး

ညိုမြာသန့်၏ ဆယ်စုနှစ်များ"

မြိုးတာမေ

www.burmeseclassic.com

www.burmeseclassic.com

"ဘိုင်စကုတ်ထဲကလို ချစ်ကြတာ တကယ်မိ
ခုတွေ့လေ ခုကြိုက်လေ၏။
ဒီခေတ်ကြီးထဲမှာ ဖွဲ့နွဲ့တာ မရှိ
ချစ်မယ် သိပ်ချစ်မယ် ဟေ့
နင့်ကို ငါ ချစ်တယ်
ငါ့ကို နင် ချစ်မလား
သိပ်...သိပ်...သိပ်...ချစ်...."

ဘိုဘိုဟန်
(စတီရီယို တေးတစ်ပုဒ်)



အဘိုးအဘွားတို့ ပြောစကားကို ကြားဖူးလိုက်သည်။

သူတို့ခေတ်တုန်းက ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် ချစ်ခွင့်ရဖို့ သုံးနှစ်သုံးမိုး စောင့်ရသည်တဲ့။ ချစ်ကြပြီဆိုလျှင်လည်း ဆံဖြူသွားကြွေ၊ ပါးရေ နားရေ တွန့်သည့်တိုင်အောင် ပေါင်းကြရသတဲ့။

သူ့ခေတ် သူ့အခါနှင့်တော့ ဟုတ်ပေမပေါ့။ သူတို့ခေတ်က လှေခေတ်၊ လှည်းခေတ်၊ မှူးခေတ်၊ ပဲခေတ်။

သည်တုန်းက ဂျက်လေယာဉ် ဆိုတာလည်း မပျံသေး။ ဒုံးပျံဆိုတာလည်း မရှိသေး။ ရေဒီယိုကတ်ဆက်၊ ရေခဲသေတ္တာနှင့် တီယိုတာ ကိုရိုလာ ဆိုတာလည်း မပေါ်သေး။

မြစ်တစ်မြစ်တွင် စီးဆင်းသွားသည့် ရေအလျဉ်မှာ မနေ့က ရေအလျဉ်မဟုတ်၊ မနက်ဖန်တွင် စီးဆင်းမည့် ရေအလျဉ်လည်း မဟုတ်။ နေဝန်းသည် မနေ့က အကြောင်းကို ပြန်တွေးပြီး အနောက်မှသည် အရှေ့သို့ ပြန်လှည့်ထွက်လာရိုး ထုံးစံမရှိ။

အတိတ်ကို မလွမ်းတတ်သော၊ အနာဂတ်ကို မစိုးရိမ်တတ်သော ညီမှာသန့်တို့လို မိန်းကလေးအဖို့၊ ဖြတ်ကျော်ခဲ့ရသည့် ဆယ်စုနှစ်များအတွက်လည်း တွေးမနေချင်။ နောက်ထပ် ဖြတ်ကျော်ရမည့် အနာဂတ်အတွက်လည်း ပူပန်မနေချင်။

ပစ္စုပ္ပန်သည် သာမွေ့လျော်ရာ၊ ပစ္စုပ္ပန်သည်သာ အားထားရာ၊ ပစ္စုပ္ပန်သည်သာ ကိုးကွယ်ရာ...။



www.burmeseclassic.com

www.burmeseclassic.com

**တယ်**လီဖုန်းလာသော အချိန်မှာ ကိုးနာရီခွဲခန့် ရှိပြီ။ ညိုမြသန့်သည် သည်ည ရူဘီနှင့် အတူ အိပ်တော့မည့် အကြောင်း အိမ်သို့ ဖုန်းဆက်ကာနီး ဆဲဆဲမှာ ဖြစ်သည်။

စောစောပိုင်းတုန်းကတော့ အိမ်ပြန်ဖို့ပါပဲ။ ဒါပေမယ့် ရူဘီတို့နှင့် 'လက်စီကွန်' ကစားကြသည်။ ညိုမြသည် စာလုံး ခုနစ်လုံးကို တစ်ဆက်တည်း ဆက်နိုင်ခါ အနိုင်ရလိုက်သည်။

ပြီးလျှင်တော့ ဆိုဖာများတွင် ထိုင်ကာ စကား ကောင်းနေကြသည်။

သည်ည ရောဘတ်က ဟင်းချက်နည်း စာအုပ်ထဲက နည်းအတိုင်း ညလယ်စာ ချက်စားကြရန် အကြံပြုထားသည်။ ဟင်းချက်နည်းကို ငြင်းခုန်နေကြဆဲဝယ် တယ်လီဖုန်းလာသည်။ ရူဘီက ညိုမြ့အတွက် ဖြစ်ကြောင်း ပြောသည်။

'မင့် ဒယ်ဒီဆီက ထင်တာပဲ'

ညိုမြ နားထောင်လိုက်သည်။

ဒယ်ဒီ့အသံကို ကြားရသည်။

'ဟုတ်ကဲ့ ဒယ်ဒီ'





'ညိုမြ...သမီးကို ဖေဖေ သတင်းတစ်ခု ပြောစရာရှိတယ်။ သတင်းကတော့ မကောင်းလှဘူး'

'အို...ဟုတ်လား၊ ဘာများပါလိမ့် ဖေဖေ'

'သမီးရဲ့မာမီ အထူးကုဆေးခန်းကို ရောက်နေတယ်'

'မာမီ၊ မာမီ ဘာဖြစ်လို့လဲ'

'ဆေးမှားတယ် ထင်ရတာပဲ၊ ဆရာဝန်တွေက သူ့အသက်ကို လုနေကြတယ်'

'ဆေးမှားရအောင် ဆိုတာက'

'ကလေးရယ်...တယ်လီဖုန်းက တစ်ဆင့် မပြောချင်ဘူး၊ အမြန်ဆုံးလာခဲ့ရင် ကောင်းမယ်'

'ဒယ်ဒီ ဘယ်က ပြောနေတာလဲ ဟင်'

'ရတနာအထူးကုဆေးခန်းကပဲ၊ သမီး သိတယ်မဟုတ်လား'

'သိပါတယ်၊ ညိုမြ အမြန်ဆုံး လာခဲ့ပါ့မယ် ဒယ်ဒီ'

'ဘာဖြစ်တာတဲ့လဲ ဟင်၊ဘာတဲ့လဲ'

ရူဘီက သိချင်စိတ်စောသလို မေးသည်။

'ကိုယ့် မာမီပါကွာ၊ ဆေးခန်း ရောက်နေတယ်တဲ့'

'အို...ဟုတ်လား'

'မာမီ ဆေးခန်း ရောက်တာ သိပ်မဆန်းပါဘူးကွာ။ မကြာခဏ ရောက်နေကျပါ။ သူက နာတာရှည် ရောဂါသည် မဟုတ်လား'

သည်အချိန်အထိတော့၊ ညိုမြသည် စိုးရိမ် ကြောင့်ကြခြင်း မရှိလှသေးချေ။

'ဆောရီးပဲ ရောဘတ်ရေ၊ ယူ့ ညလယ်စာကို နောက်များမှပဲ စားရပါစေတော့။ ဒီညတော့ ညိုမြ ပြန်မှဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'တို့ လိုက်ပို့မယ်လေ'

'ကျေးဇူးပါပဲ ရောဘတ်ရယ်'

လမ်းတွင် ညိုမြာသည် မာမီ၏ သနားစရာ ကောင်းသော အဖြစ်များကို တွေးနေလေသည်။

ငယ်စဉ်က ညိုမြာသည် မာမီ့နို့ကို မစို့ခဲ့ရ။

မာမီ၏ ထိန်းကျောင်းမှုကို မခံစားခဲ့ရ။

နို့မှုန့်နှင့် ကြီးခဲ့ရကာ ကလေးထိန်းလက်တွင် ပျော်ခဲ့ရသည်။ ညိုမြာ့ကို မွေးပြီး မာမီက မကျန်းမာလှ၍ ဖြစ်သည်။

လူမှန်း သိတတ်စ အရွယ်တွင် အခြားကလေးများလို မောင်ညီမ ကလေးများကို အလိုရှိခဲ့သည်။ မာမီက မွေးဖွားမပေးနိုင်သည့် အကြောင်းကို သိရပြီး စိတ်ပျက်ခဲ့သည်။

နောက်, ညိုမြာသည် ဒယ်ဒီ၏ အစီအစဉ်ဖြင့် မူကြိုကျောင်းမှာ နေခဲ့ရသည်။ ပြီးလျှင်တော့ မူလတန်းမှသည် တက္ကသိုလ်အထိ ကျောင်းအလုပ်တွေနှင့် ရှုပ်နေခဲ့သည်။

ထို့ကြောင့် ယေဘုယျပြောရလျှင်တော့ ညိုမြာနှင့် မာမီသည် သိပ် ရင်းရင်းနှီးနှီး မရှိလှ။

မာမီက အိမ့်ပြင်ထွက်ခဲ့သဖြင့် ရုပ်ရှင်ကြည့်မည်၊ ပျော်ပွဲရွှင်ပွဲသွားမည်ဆိုလျှင် ဒယ်ဒီနှင့်သာ များသည်။

ဒယ်ဒီက ညိုမြာ့ကို သမီးမိန်းကလေးတစ်ယောက်အနေ အထားထက် သားယောကျ်ားကလေး တစ်ယောက်လို ပေါင်းသည်။ ချုပ်ချယ်မှု မပြုလှ။

မာမီကတော့ ဘယ် ဟုတ်လိမ့်မလဲ။ ခြေနင်း ကြမ်းတာက အစ၊ ရယ်တာမောတာအစ လိုက်ပြီး အပြစ်မြင်နေသည်။

ကားရှိလျှင် ခြေရှုပ်သည်ဆိုကာ ညိုမြာ့ မွေးနေ့လက်ဆောင်





အဖြစ် ဝယ်ပေးခဲ့သည့် ကိုရိုလာကားကို ရောင်းပစ်ခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ မာမီ့အပေါ် မကျေနပ်။

ညိုမြာသည် မာမီ့ကို အထင်သေးသလောက် ဒယ်ဒီ့ကို အထင်ကြီးသည်။

ချစ်သည်၊ လေးစားသည်။

မြတ်နိုး ကိုးကွယ်သည်။

ညိုမြာ ဆယ့်လေးငါးနှစ် အရွယ်ရောက်တော့ မာမီချုပ်ပေးသည့် အဝတ်အစားတွေအပေါ် ဘဝင်မကျ ဖြစ်ရသည်။

ညိုမြာသည် သည်အချိန်တုန်းက ယောကျ်ားကလေးတွေလို ဝတ်ချင်သည်။

မာမီက ဆံပင်ရှည်ကို မြတ်နိုးသူ၊ ညိုမြာတို့အဖွဲ့တွေက စန္ဒာပုံလို အတိုတွေ ညှပ်ကြသည်။ လည်ကုပ်ဝံပုံစံကို နှစ်ခြိုက်ကြသည်။ တိုတ်တခိုး ဆံပင်ကို ဖြတ်တောက်လိုက်သည်။

ယောကျ်ားကလေးတွေဝတ်သည့် ရှပ်အကျီ ကြောင်ကြောင်ကျားကျားများ တီရှပ်များ ဝတ်သည်။ မာမီနှင့် တကျက်ကျက် ရန်ဖြစ်ရသည်။

နောက်ပိုင်း ညိုမြာတို့က ဘရာတို့ ဘလောက်စ်တို့ ဝတ်ပြန်တော့လည်း လည်ပင်းအဝိုက်က ကျယ်လွန်းသည်။ ပိတ်သားက ပါးလွန်းသည်နှင့်။ ခေါင်းလောင်းလက်တို့၊ ဂျူးလိယက် အကျီတို့ကို မျက်စိနှင့်မတွေ့ ဆိုသည်။

ရန်ကုန်တက္ကသိုလ် ရွှေရတုတုန်းက ရှေးခေတ် ကောလိပ်ကျောင်းသူတွေ အကျီလက်ပွ ဝတ်ထားသည့် ဓာတ်ပုံမြင်ပြီး ရယ်ခဲ့ကြသည်။ ယခုတော့ ညိုမြာကိုယ်တိုင် အကျီလက်ပွတွေ ဝတ်သည်။

ဘာဖြစ်ရဦးမှာလဲ။ ဖက်ရှင်ဆိုသည်မှာ အသစ်တွေ ဟောင်း



www.burmeseclassic.com

www.burmeseclassic.com

လာလျှင် အဟောင်းတွေ ပြန်သစ် လာလိမ့်မပေါ့။ တက္ကသိုလ်ဆိုလို့ ညိုမြာ ပထမဆုံးအကြိမ် အရိုက်ခံရသည့် နေ့ကိုမမေ့။

သည့်ကိစ္စမှာတော့ ညိုမြာ့အဆိုးဖြစ်ချင်လည်း ဖြစ်မည်။

ညိုမြာသည် မာမီတို့မိဘများ ချမ်းသာခဲ့ကြသည်ကို သိသည်။ မြို့ငယ်ကလေးတစ်မြို့မှာ ဆန်စက်တွေရှိသည်။ လယ်ယာချောင်းမြောင်းတွေ ရှိသည့်ကို သိသည်။

ခေတ်နောက်ကျဟန်တူသော မာမီ့ မိဖများက မာမီ ခုနစ်တန်း အောင်သောအခါ မိန်းကလေးဆိုတာ ပညာသိပ်တတ်နေစရာ မလိုပါဘူးဆိုပြီး ကျောင်း နှုတ်ခဲ့သည်ကို သိသည်။

ညိုမြာ တက္ကသိုလ် ဒုတိယနှစ်ရောက်တော့ လူလည်း ကျနေပြီ။ အပေါင်းအသင်း စုံနေပြီ။ ကျောင်းခေါ် ချိန်မပြည့်။ စာမေးပွဲဖြေခွင့်မရ။ မာမီက ကျောင်း ပြန်တက်ခိုင်းပေမယ့် ညိုမြာ ငြင်းသည်။ သည့်တုန်းက ညိုမြာ့မှာ ခံစားချက်တွေ ရှိနေသည်လေ။ ပထမဦးဆုံး ချစ်သူ၏လှည့်စားခြင်းခံရပြီးစ ဖြစ်သည်လေ။ သည်မှာ ကျောင်းပြန်တက်ဖို့ မတက်ဖို့ စကားလုပြောရင်း အခြေအနေ ဆိုးမာသွားသည်။

'မာမီက ကိုယ့်ဘာသာတောင် ဆယ်တန်း မအောင်ပဲနဲ့ ညိုမြာ့ကို ဘာအပြစ်မှ ပြောနေစရာ မလိုပါဘူး၊ ညိုမြာက မာမီ့ထက်တော့ ပညာတစ်ဆလောက် ပိုတတ်ပါသေးတယ်နော်'

သည်မှာ မာမီသည် ညိုမြာ့ပါးကို လှမ်းရိုက်လိုက်လေသည်။

'ကိုယ့်ခေတ် ကိုယ့်ဘဝနဲ့ ကိုယ် ဆယ်တန်းမအောင်တာနဲ့ ညည်းဘာသာ ပညာဆက်မသင်တာ ဘာဆိုင်သလဲ ညိုမြာ။ ညည်း ငါ့ကို နောက် ဒါမျိုး ဘယ်တော့မှ မစော်ကားနဲ့'

ပြောလျှင်တော့ ညိုမြာနှင့် မာမီက ပြဒါးတစ်လမ်း သံတစ်လမ်းချည်းပင်။





ကြည့်…မာမီ ဘယ်လောက် တုံးသလဲ ဆိုတာ။

ညိုမြာက အနုပညာ ဝါသနာပါသည်။ အတီးတစ်ခုခု တတ်ချင်သည်ဆိုတော့ မာမီက ဝမ်းသာအားရ စောင်းကြီးတစ်လက် ဝယ်လာပေးသည်။

'ဒါကြီးက ဘာလုပ်ဖို့လဲ'

'သမီးပဲ အတီးတစ်ခုခု တတ်ချင်တယ်ဆို။ မာမီတို့ အသိထဲမှာ စောင်းဆရာ တစ်ယောက်ရှိတယ်၊ သူ့ကို အချိန်ပိုင်းနဲ့ ခေါ်သင်တာပေါ့'

'သြော်…စိတ်နဲ့ ငါနဲ့ ညစ်ရပါလားနော်။ ညိုမြာ တတ်ချင်တာက ခေတ်ပေါ် စတီရီယိုတေး၊ တီးချင်တာက ဂစ်တာ'

'စောင်းဟာ မြန်မာ့အနုပညာ စင်စစ်ပါကွယ်'

'ခေါက်ထားစမ်းပါ၊ ညိုမြာတို့ခေတ်က လေ့ခေတ် လှည်းခေတ် မဟုတ်ပါဘူးနော်။ အဏုမြူခေတ်ပါ၊ လျှပ်စစ်ခေတ်ပါ။ ရုပ်ကြွယ် မြေမှာ ခ,ကွေတဲ့ ခေတ်မဟုတ်ဘူး။ ပွမ်ပွမ်မြည်တဲ့ကားထဲ အတွဲလေး အသစ်နဲ့ဟေ ဆိုတဲ့ ခေတ်ပါ'

အမှန်ပင် ညိုမြာသည် 'ပလေးဘွိုင်'၊ 'အော့စက်' နှင့် 'အီး မက်ရှင်း' တို့ကို ကြိုက်သည်။ စိုင်းထီးဆိုင်နှင့် ဘိုဘိုဟန် ဆိုဟန်က ကောင်းသည်။

သည်လိုနှင့် ညိုမြာလည်း ဂစ်တာ မသင်ဖြစ်။

စောင်းကြီးမှာလည်း အိမ်ဧည့်ခန်းတွင် အလှအပ ပစ္စည်း တစ်ခုအဖြစ်သာ ဖုန်တက် နေလေတော့သည်။

မာမီက မိန်းမပီပီ ဗိုင်းကောင်းကျောက်ဖိနေကာ အိမ်မှုကိစ္စတွေကို ဝင်ရောက်ကူညီ လုပ်ကိုင်စေချင်သည်။ ညိုမြာကတော့ အိမ်အလုပ်ဆိုတာကို ဝါသနာ မပါရေးချ မပါ။


www.burmeseclassic.com

www.burmeseclassic.com



ငွေရှိသည်။

ချမ်းသာသည်။

ညိုမြာတို့က ဘာဝင်လုပ်နေစရာ လိုသလဲ။

အစေခံတွေ၊ အိမ်ဖော်တွေ မွေးထားမှတော့ သူတို့လုပ်လိမ့်မပေါ့။

ညိုမြာတို့ တစ်သက်လုံး မဆင်းရဲ တော့ပါဘူး။ ဖေဖေက အပြောသား။ ညိုမြာတို့ တစ်သက်မဟုတ် ဆယ်သက် ထိုင်စားနိုင်သတဲ့။ ဒါကြောင့် ပညာတွေသိပ်တတ်ထားဖို့လည်း မလိုလှ ထင်သည်။ ဘွဲ့ရပြီး အလုပ်လက်မဲ့ ဖြစ်နေကြတာ တစ်ပုံကြီး။

သည်တော့ မာမီက 'အေး...မင်းတို့ စစ်ဘေးစစ်ဒဏ်ဆိုတာ မခံစားရဖူးတော့လဲ ပြောတော့မပေါ့' ဆိုခဲ့သည်။

ညိုမြာတို့က စစ်ဘေး စစ်ဒဏ် မခံစားရဘူးပေမယ့် စစ်ကိုတော့ မုန်းကြတာပါပဲ။ 'ပိစ်' ဆိုတာ ငြိမ်းချမ်းခြင်း အမှတ်အသားပေါ့ မေမေရဲ့။ 'မိတ်ခ်လဗ်၊ နော့တ်ဝါး' ဆိုတာ ညိုမြာတို့ကြွေးကြော်နေကျ။

ဒုတိယအကြိမ် ပါးရိုက်ခံရတာ ဒီဇင်ဘာမှာပေါ့။

ခရစ္စမတ်အိဗ် (Chirstmas Eve) မှာပေါ့။ ဒီဇင်ဘာ ၂၄ ရက်နေ့ည။

ရူဘီတို့နှင့်အတူ ခရစ္စမတ်အိဗ်မှာ ညိုမြာ ပျော်သည်။

လွတ်သည်။ သီဆိုကြ၊ ကကြနှင့်။

သည်မှာ ပက်ထရစ်ဆိုသော ကောင်လေးသည် တစ်ညလုံးလိုလို ညိုမြာ့အပါးမှာ ကပ်နေသည်။

ညိုမြာ့ထက်တော့ အသက်ငယ်မည်။ သို့သော် ကောင်လေးက လူရွှေချောလေး ဖြစ်သည်။





ညွှန်ကြားရေးမှူးချုပ် တစ်ဦး၏သားဟု သိရသည်။

ဂစ်တာအဖွဲ့မှာ ဒရမ်တီးသည်။

ညသန်းကောင်ကျော်တော့ ပွဲသိမ်းသည်။

ပက်ထရစ်က ညိုမြာ့ကို အိမ်သို့ ပြန်ပို့ပေးမည်ဆိုကာ သူ့ကားနှင့် တင်ခေါ်လာခဲ့သည်။

လမ်းမှာ မော်တော်ကား မကြာခဏ မှောက်မည်ဖြစ်သည်ကိုတော့သိသည်။ တစ်ခြား ဘာတွေဖြစ်ခဲ့သည်ကိုတော့ မပြောတတ်တော့ပါဘူး။

အိမ်ပေါက်ဝမှာ ကားထိုးရပ်မိတော့ ညနှစ်နာရီထို့နေပြီ။

ပက်ထရစ်သည် ညိုမြာ့ကို ကားပေါ်မှ တွဲချပေးသည်။ သို့သော် ရုတ်တရက် ကိုယ်ကို လွှတ်မပေးခဲ့။ နမ်းဖို့ ကြိုးစားသည်။

သည်မှာ အိမ်ရှေ့မီးဖြတ်ခနဲ လင်းလာသည်။ အိမ်ပေါက်ဝမှာ မာမီ ပေါ်လာသည်။

'ဘုရား....ဘုရား....ဘယ်လိုဖြစ်လာတာလဲ ညိုမြာရယ်'

'ညိုမြာ ဘာဖြစ်သလဲ၊ ဘာမှ မဖြစ်ပါဘူး မာမီရဲ့၊ ညိုမြာပျော်နေတာပါ။ ဩော်...မာမီနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒီက 'ပက်ထရစ်'

ပက်ထရစ်က 'တွေ့ရတာ ဝမ်းသာပါတယ် အန်တီ' နှုတ်ဆက်တော့ မာမီက ရှုံ့ရှာစွာဖြင့်...

'ထွက်သွားစမ်းကွယ်၊ မင်း ငါ့ခြံထဲက ထွက်သွားစမ်း'

မာမီ့အသံက မိုးခြိမ်းသံကို ကျယ်လောင်နေသည်။

ပက်ထရစ်သည် အံ့အားသင့်နေသည်။

'ခင်ဗျာ၊ ကျွန်..ကျွန်တော်'

'ထွက်သွားစမ်းပါ၊ ကျေးဇူးပြုပြီး ငါ့ခြံထဲက ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com

စမ်းပါ'

'အို...မာမီ၊ သူ့ကို ဒီလိုနှင်ဖို့ မကောင်းပါဘူး။ သူက လူကြီးလူကောင်းရဲ့ သားသမီးပါ'

'ဘာပဲ ဖြစ်ဖြစ် ထွက်ထို ခုထွက်'

မာမီသည် ညိုမြာ့ကို အကြမ်းပတမ်းဆွဲယူကာ အိမ်ထဲသို့ သွင်းလိုက်သည်။ တံခါးကို ပိတ်ပစ်လိုက်သည်။

မကြာမီ ပက်ထရစ်၏ ကားထွက်သွားသံ ကြားရသည်။

'မာမီ ဆက်ဆံတာ သိပ်ရိုင်းတာပဲ'

ညိုမြာက မကျေနိုင်မချမ်းနိုင် ဆိုသည်။

သည်နောက်မှာတော့ ညိုမြာ အန်ချင်လာသည်။ မီးဖိုခန်းသို့ ဝင်သည်။

လက်ဆေးကြွေဇလုံမှာ အန်ချလိုက်သည်။ အကုန်ပါပဲ။ စားထား သောက်ထားသမျှ အကုန်ပါပဲ။

ညိုမြာ့ အန်ဖတ်မှာ ချဉ်နေသည်။ အရက်နံ့ ဟောင်နေသည်။

ကျောဘက်တွင် မာမီလာရပ်သည်။

'ညိုမြာ'

ညိုမြာက မထူးဘဲ ပလုတ်ကျင်းရာမှ မော့ကြည့်လိုက်သည်။

'ဒါ မိန်းကလေးတစ်ယောက် အိမ်ပြန်တဲ့ အချိန်လား ဟင်'

'ဒီကနေ့ ခရစ္စမတ်အီဗ်လေ မေမေရဲ့၊ လူတွေ ပျော်ကြတဲ့ နေ့ပဲ'

'ညည်း အရက်သောက်လာတယ် မဟုတ်လား'

'မဟုတ်ဘူးမာမီ၊ သမီးတို့က လီမွှော်ရည်ပဲသောက်တာ။ ဒါပေမယ့် ဘယ်သူက နောက်ပြီး အလစ်မှာ လီမွှော်ရည်ထဲ ဂျင်အရက်





တွေ လာရောသွားသလဲ မသိဘူး'

'အဲဒီလိုနေရာမျိုးကို သွားရင် ဒါမျိုးတွေ ဖြစ်မှာပဲ။ အို... ညည်း မကောင်းတော့ပါလား ညိုမြာ'

'ညိုမြာ ဘာဖြစ်လို့ မကောင်းရတာလဲ။ ညိုမြာ ဘာမှ မဖြစ်ဘူး။ မှဲ့တစ်ပေါက် မစွန်းပဲ အိမ်ပြန်ရောက်လာတာ မဟုတ်လား'

'ညည်း သောက်လာတာကကော'

'ပြောပါပြီကော ဘယ်သူက လီမွှော်ရည်ထဲ ဂျင်ရောလိုက်သလဲ မသိဘူးလို့။ ကဲပါ မာမီရယ်...ဒါလောက်ကလေးများ ပြဿနာလုပ်မနေစမ်းပါနဲ့'

'ဒါပေမယ့် ဒါ မြန်မာပြည်။ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဘာသာတရား၊ ကိုယ့်နိုင်ငံရေးလမ်းစဉ်နဲ့နေနေတဲ့ တိုင်းပြည်မှာ စုန်းပြူးတွေရဲ့စကားကို နားယောင်ပြီး ဖြစ်ချင်တိုင်း ဖြစ်မနေရဘူး'

'မာမီဟာ တော်တော်ခက်တယ်'

'ဘာ'

'မာမီဟာ ခေတ်မမှီတော့ဘူး၊ မာမီ့အတွေးအခေါ်တွေဟာ နိုင်တီးဝမ်တီးက အတွေးအခေါ်တွေ ဖြစ်နေပြီ'

'ညိုမြာ'

ညိုမြာ ကိုယ်ကို မတ်လိုက်သည်။

'ညည်း စော်ကားပေါင်းများပြီ။ ငါဟာ ညည်းရဲ့အမေ။ ညည်းကို မွေးထုတ်ခဲ့တဲ့ အမေ။ အမေတစ်ယောက်အနေနဲ့တောင် လေးစားမှုမရှိတော့ပါလားဟင်။ ညည်းကိုယ်ညည်း သိပ်ဟုတ်လှပြီလို့ ထင်နေတဲ့ မိန်းမပေါ့ ဟုတ်လား။ ဒါဆိုရင် ညည်းနဲ့ထိုက်တန်သလို ဆုံးမရတော့မှာပဲ'

သည်ကစပြီး မာမီ့ လက်ဖဝါးများသည် ညိုမြာ့ပါးပြင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့ ကျလာသည်။

တစ်ချက်မက။ နှစ်ချက်မက။

အချက်ပေါင်းများစွာ။

ညိုမြသည် မူးရီနေသဖြင့် ရှောင်တိမ်းနိုင်စွမ်းမရှိ။

ကာကွယ်နိုင်စွမ်းမရှိ။

ရန်းကန်နိုင်စွမ်းမရှိ။

ညိုမြ၏ ဆံပင်တို့သည် ပြန့်ကျဲကုန်သည်။

အဝတ်အစားတွေ ဖရိုဖရဲ ဖြစ်ကုန်သည်။

အခန်းထောင့်တစ်နေရာတွင် လဲကျနေတော့သည်။

ညိုမြ၏မျက်နှာမှာ ရဲနေသည်။

မျက်ဝန်းတို့သည် မီးထွက်မတတ် ပြောင်လက်နေသည်။

မျက်ရည်များ စီးကျနေသည်။

ညိုမြသည် ကြမ်းပြင်ပေါ်မှာ လက်ထောက်ကာ တအားကျုံးအော်ပစ်လိုက်သည်။

'ရိုက်ပါ၊ ရိုက်ပါ။ သူများ ပျော်သလို မပျော်နိုင်တိုင်း၊ သူများပျော်ရွှင်တာကို ဝန်တိုတိုင်း အငြိုးနဲ့ ရိုက်နေတာ သိပါတယ်။ ကျေနပ်အောင် ရိုက်လိုက်စမ်းပါ'

မာမီသည် ညိုမြ့စကားကြောင့် အံ့အားသင့်သလို ဖြစ်သွားရာမှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။ တစ်ဘက်သို့ ချာခနဲ လှည့်ထွက်သွားသည်။

အမှန်ပြောရလျှင်တော့ ဒယ်ဒီနှင့် မသက်ဇင် အကြောင်းကို ညိုမြ သိထားသည်မှာ ကြာပြီ။

သကြင်္န်လည်ကြတော့ မဆုံမည့်သာ မဆုံသည်၊ ကားကရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင်။





သူငယ်ချင်းတွေက မသက်ဇင်နှင့် ဒယ်ဒီ့အကြောင်း ပြောပြကြသည်။ ပေလီမှာ ဆိုလျှင်တော့ ရောဘတ်ကိုယ်တိုင် သူတို့အတွဲကို တွေ့ခဲ့သေးသည်ဟု သိရသည်။

သို့ပေမယ့်...ဒယ်ဒီ့ကို အပြစ်မတင်လို။

ဒယ်ဒီကိုယ်တိုင်သည်လည်း ညိုမြ့နှယ်ပင် မာမီ့ကို စိတ်ကုန်နေလိမ့်မည် ထင်ပါသည်။

ကားသည် 'ရတနာအထူးကုဆေးခန်း' သို့ ရောက်လာသည်။ မာမီ့နာမည်ပြောတော့ တတိယထပ်တွင် ရှိသည်ဆို၍ ညိုမြတို့ ဓာတ်လှေကားနှင့် တက်ခဲ့ရသည်။

စင်္ကြံလမ်းမှ ခုံတန်းရှည်ပေါ်တွင် ဒယ်ဒီတစ်ယောက်တည်း ထိုင်နေသည်ကို တွေ့ရသည်။

ခြေနှစ်ချောင်းကြားမှာ လက်ကိုထားကာ လက်ထဲတွင် စီးကရက်တစ်လိပ် ရှိနေသည်။ ဒယ်ဒီသည် ခေါင်းငိုက်စိုက်ချထားသည်။

ညိုမြ့ခြေသံ ကြားရသော်လည်း လှည့်မကြည့်။ ဒယ်ဒီ့မျက်နှာညှိုးနေသည်။ နွမ်းနယ်ဟန် ပေါက်နေသည်။

ညိုမြက ဒယ်ဒီ့အနီးတွင် ကပ်၍ ထိုင်ချလိုက်သည်။

'စိုးရိမ်ရသလား ဒယ်ဒီ'

ခေါင်းညိတ်ပြသည်။

'ဘယ်လိုဖြစ်တာလဲ'

'ဒယ်ဒီ အိမ်ပြန်ရောက်တော့ မင့်မာမီဟာ ခါတိုင်းလို တံခါးလာဖွင့်မပေးဘူး၊ အိမ်ဖော်တစ်ယောက်က လာဖွင့်ပေးတယ်။ သူက မင့်မာမီ တစ်ခုခုဖြစ်သလားမသိဘူးပြောလို့ သွားကြည့်တော့ အိပ်နေတာတွေ့ရတယ်။ နှိုးလို့မရဘူး၊ ခြေတွေလက်တွေ အေးစက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ပြာသလိုဖြစ်နေတယ်။ ဒါနဲ့ ဖေဖေလဲ ကားပေါ်ပွေ့တင်ပြီး အနီးဆုံးဆေးခန်းကို ပို့ခဲ့ရတာပဲ'

'သတိမရဘူးလား'

'စောစောကတော့ တစ်ကြိမ် သတိပြန်လည်လာသေးတယ်လို့ ပြောတယ်'

အခန်းတံခါး ပွင့်လာသည်။ ဆရာမတစ်ယောက် ထွက်လာသည်။ အခန်းနံပါတ်ကို သည်အခါမှ သတိထားကြည့်မိသည်။

၁၃...။

မာမီ့အတွက် ကံမကောင်းဟု ညိုမြာထင်လိုက်သည်။

ညိုမြာ မတ်တတ်ရပ်လိုက်သည်။

'ဒီမှာ ဆရာမ'

'ဟုတ်ကဲ့'

'အထဲကို ဝင်ကြည့်လို့ ရမလား ဟင်'

'ဟင့်အင်း'

'ကျွန်မ ဒေါ်ခင်မေမြိုင်ရဲ့ သမီးပါ၊ ဝင်ပါရစေရှင်'

'နေပါဦး၊ ခဏစောင့်ပါဦး'

ဆရာမသည် စကြံလမ်းအတိုင်း လျှောက်သွားသည်။

မကြာမီ ဆေးပစ္စည်းအထုပ်အပိုးတစ်ခုနှင့် ပြန်ဝင်သွားသည်။

ဒယ်ဒီသည် စီးကရက်တစ်လိပ်ပြီးတစ်လိပ် ဖွာနေသည်။

ညိုမြာကတော့ လက်ချောင်းကလေးများကို အကြိမ်ကြိမ်ချိုးနေသည်။

'ဒယ်ဒီတို့ကိစ္စကို သူသိသွားပြီလား'

'အင်း၊ ဒီညပဲ ဖွင့်ပြောလိုက်တယ်'





ဒါကြောင့်ပဲ ဖြစ်မှာပါဟု ညိုမြာတွေးမိသည်။

မာမီ့အတွက် စိုးရိမ်ပူပန်စ ပြုလာသည်။

ယခုတော့ သွေးကပဲ စကားပြောလေသလားမသိ၊ နှမြောတသမှုတွေ၊ ဝမ်းနည်းပူဆွေးမှုတွေကို ခံစားလာရသည်။

မာမီ သက်သာပါစေ ဆုတောင်းမိသေးသည်။

သည်လိုနှင့် နံနက်လေးနာရီ ရှိလာသည်။ အခန်းနံပါတ် ၁၃ ၏ တံခါးသည် ပွင့်လာသည်။ ဂျူတီကုတ်ဝတ်ထားသော အမျိုးသမီး ဆရာဝန်မသည် အခန်းထဲမှ ထွက်လာသည်။

ဒယ်ဒီရော ညိုမြာပါ ထိုင်ရာမှ ထရပ်လိုက်ကြသည်။

နွမ်းနယ်နေဟန် တူသော ဆရာဝန်မက တိုးညှင်းစွာ ပြောလိုက်သည်။

'ဝင်ကြည့်ချင် ကြည့်နိုင်ပါပြီ ဦးတင်မောင်သန့်'

'သူ့...သူ့ အခြေအနေ'

'သူ ဆုံးရှာပါပြီ'

'အို... မြိုင်ရယ်...'

အစသော် ညိုမြာ၏ စိတ်မှာ ခပ်ပေါ့ပေါ့ပင် ဖြစ်သည်။ မာမီ ဆေးရုံရောက်ရသည်က မဆန်း၊ ဆေးရုံသို့ လိုက်တွေ့ခဲ့ရဖူးသည်က အခါခါပင်။ မာမီ ဆုံးပြီဆိုမှပင် ရုတ်တရက် အိပ်မက်မှ လန့်နိုးလာရသူလို ရှိသည်။ ရင်ဝသို့ အလုံးကြီးတစ်လုံး ဒိန်းခနဲ လာဆောင့်သည်။

ညိုမြာသည် 'အမလေး မာမီရဲ့' အော်ဟစ်ငိုပစ်လိုက် သည်။ 'ညိုမြာတို့ကို တကယ်ခွဲသွားပြီလား မာမီရယ်...'

ဆရာဝန်မ နောက်မှ ကပ်၍ လိုက်ပါလာသော သူနာပြုဆရာမကို ညိုမြာမကျေနပ်။ ရန်သူသဖွယ် ကြည့်လိုက်သည်။ ရန်တွေ့



www.burmeseclassic.com

www.burmeseclassic.com

စကားဆိုသည်။

'စောစောက ဘာလို့ ဝင်ကြည့်ခွင့် မပေးတာလဲ ဟင်။ ခုဆို အသက်တောင် မမှီလိုက်ရတော့ပါလား ရှင်'

သူနာပြု ဆရာမက အေးဆေးစွာပင် တုံ့ပြန်လာသည်။

'ဝမ်းနည်းပါတယ်၊ လူနာက သူ့ဆီကို သူ့ခင်ပွန်းရော သမီးပါ ဝင်တွေ့ခွင့် မပေးကြပါနဲ့လို့ တားမြစ်ထားခဲ့လို့ပါ'

ညိုမြာသည် ကြားလိုက်ရသော စကားအတွက် ကြက်သေသေသွားသလို ရှိသည်။ မင်သက်သွားမိသလို ရှိသည်။ ရင်ထဲမှာ နင့်သွားကာ လည်ချောင်းတွင် တစ်ဆို့လာသည်။

ဦးတင်မောင်သန့်သည် ခေါင်းငိုက်စိုက်ကျကာ မျက်ရည်တွေ ရစ်ဝဲနေရာမှ လှိုက်လှဲတုန်ရီစွာ ပြောလိုက်သည်။

'ဒါ...တို့များကို သူ လက်စားချေသွားတာပဲ၊ အင်မတန်ထိရောက်ပြင်းထန်လှတဲ့ လက်စားချေမှုပါပဲ မြိုင်ရယ်...'

ရှေ့ပိုင်းက ပြောခဲ့ပါသည်။

ပဆစ်ဝိုင်းတွင် 'တစ်စိတ်' သည် အင်အား အရှိဆုံး။ 'တစ်စိတ်' ပစ်နိုင်မှ 'ကြွေနိုး' သည်။ အကွက်အစိတ်အထိ ပြေးခွင့် ရှိသည်။ သို့သော်...'တစ်စိတ်' ချည်း သုံးခါဆက်တိုက်ကျပြန်တော့ တစ်မှတ်မှ မရ။

'ကန်း' လေသည်။ 'သေ' လေသည်။

ဒေါ်ခင်မမြိုင်၏ ဘဝအစများသည် အကောင်းချည်း ဖြစ်သည်။ ပင်ကိုယ်ကတည်းက ချမ်းသာလာခဲ့သည်။ လိုလား တောင့်တအပ်သော ချစ်သူကို ရခဲ့သည်။ အခက်အခဲတွေ အကြားမှ သမီးကို မွေးဖွားပေးနိုင်ခဲ့သည်။

ပဆစ်စကားနှင့် ပြောရလျှင်တော့ 'တစ်စိတ်ချည်း' သုံးခါ





ဆက်တိုက် ပစ်နိုင်ခဲ့သည့် ကြွေသမား။

သို့သော်...ထို့ကြောင့်ပင် ဒေါ်ခင်မမြိုင်၏ ကြွေသည် 'ကန်' ခဲ့လေသည်။ 'သေ' ခဲ့လေသည်။

ပဆစ်ဝိုင်းမှာ ကြွေပစ်သမား ကောင်းတိုင်းလည်း နိုင်လေ့ရှိသည်မဟုတ်။

ဒေါ်ခင်မမြိုင်သည် ကြွေပစ်သမားကောင်း ဖြစ်သော်လည်း ပဆစ်ဝိုင်းတွင် အင်အားအသေးဆုံးဖြစ်သော 'ပါ' ဖြင့် 'အစား' ခံခဲ့ရလေပြီတည်း။ 'သုံးစားပါကျ' ဖြစ်ခဲ့ရလေပြီတည်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com

**အိမ်**သို့ ပြန်ရောက်သောအခါ အချိန်မှာ နံနက် လေးနာရီခွဲ ရှိနေပြီ ဖြစ်သည်။

အိမ်မှာ ဦးတင်မောင်သန့်နှင့် ညိုမြာသန့် နှစ်ယောက်တည်း။

အိမ်သို့ ရောက်ပြီ ဆိုလျှင်ပင် ဦးတင်မောင်သန့်သည် 'ဘားကောင်တာ'သို့ တန်းတန်းမတ်မတ် သွားသည်။ အရက်ပုလင်းကို ယူသည်။ ဖန်ခွက်ထဲသို့ လက်နှစ်လုံးခန့်လောင်းထည့်လိုက်သည်။

'ဒယ်ဒီကို ခွင့်လွှတ်ပါ ညိုမြာ၊ ဒယ်ဒီအဖို့ ဒါဟာ လိုအပ်နေတယ်'

ဦးတင်မောင်သန့်က လှမ်း၍ အခွင့်တောင်းသည်။

'ညိုမြာ နားလည်နိုင်ပါတယ် ဒယ်ဒီ'

ညိုမြာသန့်သည် ဆိုဖာတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ဒယ်ဒီ့အဖို့ကတော့ သောကကို ဖြေသိမ့်စရာ၊ သို့မဟုတ် မေ့ပျောက်ပစ်စေနိုင်သောအရာ ရှိနေခဲ့ပြီ။ ညိုမြာ့အဖို့ကျတော့ကော...။

ညိုမြာ ဘာလုပ်ရမည် မသိ။

ရင်ထဲမှာ တစ်မျိုးကြီးပါပဲ။

လွတ်နေသလို၊ ဟာနေသလို ရှိသည်။





တစ်စုံတစ်ရာ လိုအပ်နေသလို ရှိသည်။

ညိုမြာ့ရှေ့မှ စားပွဲပေါ်တွင် မာမီ နံနက်က ထိုးထားခဲ့သော ပန်းအိုးရှိသည်။ ပန်းများသည် လန်းလန်းဆတ်ဆတ်ပင် ရှိနေသေးသည်။ ခရမ်းရောင် သစ်ခွပန်းကို တောက်တဲ့ လက်ဝါးခက်များဖြင့် ရောစပ်ထိုးထားခြင်းဖြစ်၍ အစိမ်းရင့်ထဲတွင် ပန်းနုရောင် ပန်းပွင့်သည် ထင်းနေသည်။

ဘုရားစင်မှာတော့ ညောင်ရေအိုး။ ပန်းတွေ ဝေနေသည်။ သစ္စာပန်းများ ဖြစ်သည်။ ပွင့်တစ်လီ၊ ဖူးတစ်ချို့၊ ငုံတဖြာဖြင့်။

သည်သို့ပင် မာမီ့ဘုရားစင်သည် အစဉ်လို ပန်းတွေနှင့် ဝေမြဲ။

မာမီ အနှစ်ခြိုက်ဆုံး အရောင်ဖြစ်သည့် မီးခိုးရောင် ဇာခန်းဆီးစသည် နံနက်ခင်း လေညှင်းမှာ လွင့်တော့မယောင် မလွင့်တော့မယောင်နှင့် ယိမ်းနွဲ့ရုံသာ ကစားနေသည်။

အပြင်မှာ ဘာတွေ ဖြစ်ခဲ့ဖြစ်ခဲ့၊ ဘယ်လောက် ပူပန်ခဲ့ ပူပန်ခဲ့၊ မာမီ့ ဧည့်ခန်းအတွင်း ဝင်မိလျှင် ပြေပျောက်မြဲ။ ငြိမ်မြဲ။ စိတ်ချမ်းမြေ့ရမြဲ။

မာမီထိုင်နေကျ အခန်းထောင့် ဆိုဖာဘေးမှ ခုံပုကလေးပေါ်တွင် 'ဓမ္မပဒ'စာအုပ်သည် တစ်ဝက်တစ်ပြက် ပွင့်နေသည်။ မာမီ၏ အရိပ်သည် ထိုနေရာမှ ထင်ဟပ်နေသလို ရှိသည်။

ညိုမြာ အိမ်ပြန်ရောက်လာလေတိုင်း စိတ်ချလက်ချ ရှိသွားဟန်ဖြင့်မသိမသာ သက်ပြင်းရှိုက်ဟန်ကို မြင်ယောင်မိသည်။

ညိုမြာ အပြင်သို့ ထွက်တော့မည်ဆိုလျှင်လည်း စိုးရိမ်မကင်းသည့် မျက်ဝန်းညိုကြီးများဖြင့် စောင့်ကြည့်နေတတ်မြဲ။

ညိုမြာသည် မာမီ့ကို ဖျက်ခနဲ သတိရကာ 'အစ်'ခနဲ တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်လိုက်သည်။

ဒယ်ဒီသည် ညိုမြာ့ဘေးသို့ ရောက်လာသည်။

ပခုံးကို နှစ်သိမ့်မှုပေးသလို ဆုပ်ကိုင် ဖျစ်ညှစ်လိုက်သည်။

တယ်လီဖုန်း မြည်လာသည်။

မာမီ့အခန်းထဲမှာ တယ်လီဖုန်း ရောက်နေသည်။

ညိုမြာသည် မာမီ့အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ မာမီ့အိပ်ရာတွင် ဝင်ထိုင်ကာ စကားပြောခွက်ကို ကောက်ယူလိုက်သည်။

'ဟယ်လို'

'ဟယ်လို...ညိုမြာလား...'

'ဟုတ်ပါတယ်'

'ရှုဘီပါ ညိုမြာ၊ အခုပဲ ရောဘတ် ပြန်ရောက်လာတယ်၊ ယူ့ မာမီ သတင်းကို ကြားရတယ်။ ရှုဘီစိတ်မကောင်းပါဘူးကွာ'

ညိုမြာ့ ရင်ထဲမှာ ဆို့တတ်လာသည်။ ဘာမျှ ပြန်မပြောနိုင်။

'မင်း ငိုနေသလား'

'အင်း'

'အေးပေါ့ ငိုရမှာပေါ့၊ ရောဘတ်က သူလည်း စိတ်မကောင်းတဲ့အကြောင်း ပြောပေးပါတဲ့။ ဒါပါပဲ သူငယ်ချင်းရယ်၊ မင်းကို ကိုယ်ဆက်ပြီး အနှောင့်အယှက် မပေးချင်တော့ပါဘူး။ တစ်ခုပဲ...ငိုလိုက်၊ အားရအောင် အော်ငိုလိုက် သိလား၊ ဒါမှ မင့်ရင်ထဲမှာ ပေါ့သွားမှာ'

တစ်ဘက်က စကားပြောခွက်ကို ချသွားသည်။

ညိုမြာသည် စကားပြောခွက်ကို လေးလံစွာ ပြန်ချသည်။

ရှုဘီ၊ ရှုဘီ။

သူတို့ အသိုင်းအဝန်းအတွင်း ဆွဲသွင်းခဲ့တဲ့ ရှုဘီ။

ညိုမြာ့ကို စတင် ဖျက်ဆီးခဲ့သည့် ရှုဘီ။





ကျောင်းပြေးတတ်အောင်၊ ရုပ်ရှင် ခိုးကြည့်တတ်အောင် သင်ခဲ့တဲ့ ရှုဘီ။

'မိန်းမဆိုတာ လင်ကို ဘုရားတစ်ဆူ ဂူတစ်လုံးလို ကိုးကွယ်ရတဲ့ ခေတ်ကုန်ပြီ။ သူတို့အတွက် ထမင်းချက်ကျွေးဖို့၊ အဝတ်လျှော်ပေးဖို့၊ အိပ်ရာခင်းပေးဖို့ သက်သက်ချည်း မိန်းမဆိုတာ လူ့လောကမှာ လူလာဖြစ်တာ မဟုတ်ဘူး၊ မိန်းမဆိုတာ လူသားထဲက လူသားတစ်ယောက်ပဲ၊ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းရမယ်၊ ယောကျ်ားတွေရနေတဲ့ အခွင့်အရေးတွေ၊ လွတ်လပ်ခွင့်တွေ မှန်သမျှ မိန်းမတွေလဲ ရရမယ်' ဆိုခဲ့တဲ့ ရှုဘီ။

သည် ရှုဘီကို ခုနစ်တန်းနှစ်ကတည်းက ညိုမြာ သိခဲ့သည်။

သိစကတော့ မျက်နှာကြောမတည့်လှ။

သို့သော် ရှုဘီသည် ညိုမြာ့ကို အတင်းကပ်သည်။ ရင်းနှီးအောင် အတင်း ကြိုးစားသည်။ သည်လိုနှင့် အားနာ ပါးနာ ခင်ခဲ့ရသည်။

ခင်မိတော့လည်း ရှုဘီသည် မဆိုးလှဟု ထင်သည်။

ရှုဘီနှင့် ခင်ရသည်မှာ ရင်ခုန်ချင်စရာတွေနှင့်လည်း ကြုံရသည်။ ဘေးအန္တရာယ်မှ သီသီကလေး လွတ်ကင်းရသည်မျိုးလည်း ရှိသည်။

ရှုဘီ၏ စိတ်ထားက တစ်မျိုးပင်။

အဆန်းတကြယ်ကလေးတွေ လုပ်တတ်သည်။ စွန့်စားခန်းကလေးတွေ၊ ရင်ခုန်ရတာကလေးတွေကို လုပ်ချင်လေ့ရှိသည်။

စနေတစ်နေ့ ဗိုလ်ချုပ်ဈေး ရောက်တော့ ရတနာဆိုင်သို့ ဝင်သည်။ လက်ဝက် လက်စားတွေကို ထုတ်ပြခိုင်းသည်။

သည်အကြားမှာ ရှုဘီသည် စိန်လက်စွပ်တစ်ကွင်းကို

www.burmeseclassic.com

www.burmeseclassic.com



ယူကြည့်သည်။ ပြန်မပေးဘဲ ညိုမြာ့အား ကမ်းပေးသည်။

'မင်း လက်ပွေ့အိတ်ထဲ ထည့်ထားလိုက်'

ညိုမြာ ငြင်းပယ်မည် ပြုသည်။

'ရှူး ဆိုင်ရှင်တွေ့တော့မယ်၊ မြန်မြန်ထည့်'

ညိုမြာ ယောင်းမှားပြီး လက်ပွေ့အိတ်ထဲ ထည့်သည်။

ပြုသနာက ဆိုင်မှအထွက်တင် စသည်။

ညိုမြာတို့ ဆိုင်မှထွက်မည် ပြုသောအခါ ဆိုင်ရှင်က ရှေ့မှ တားဆီးလိုက်သည်။

'ကလေးတို့ ခဏနေကြပါဦး'

'ဘာဖြစ်လို့လဲ ရှင်'

'ကလေးတို့ အသက်အရွယ်၊ ကလေးတို့ ရုပ်ရည်နဲ့ ဒါမျိုး မလုပ်သင့်ဘူး'

'အို...ကျွန်မတို့ ဘာလုပ်လို့လဲ'

ရှုဘီက နှုတ်တုံ့ပြန်နေပေမယ့် ညိုမြာကတော့ တစ်ကိုယ်လုံး တုန်ယင်နေသည်။ ချွေးပြန် နေသည်။ ခြေဖျား လက်ဖျားတွေ အေးစက်နေသည်။

'ကလေးရဲ့ လက်ပွေ့အိတ် ပြစမ်းပါ'

ညိုမြာက ကမ်းမပေးခင်မှာပင် ဆိုင်ရှင်က လက်ပွေ့အိတ်ကို ဆွဲယူပြီး ဖြစ်နေသည်။

ဖွင့်ရှာတော့ လက်စွပ်ကို တွေ့သွားသည်။

ရှုဘီကတော့ မျက်နှာထား တင်းတင်းနှင့်ပင်။

ညိုမြာကတော့ အတောင်ပံပါလျှင် မိုးသို့ ပျံတတ်လိုက်ချင် သည်။ မြေကို ခွဲ၍ ဝင်ရောက်လိုက်ချင်သည်။

'မင်းတို့ အပြစ်ကို ဝန်ခံမလား'





နှစ်ယောက်လုံး ဘာပြောရမည် မသိ။

'ရဲစခန်းကို တိုင်လိုက်ရမလား'

'ဟင့်အင်း...ကျွန်မတို့ သက်သက်အပျော်လုပ်တာပါ၊ ကျွန်မ တို့ မိကောင်းဖခင် သားသမီးတွေပါ'

ညိုမြာက အလျင်စလို ဝင်ပြောရသည်။

'ဒါနဲ့များကွယ်'

'မယုံရင် ဖုန်းဆက်ကြည့်ပါ။ ကျွန်မဖေဖေက ဦးတင်မောင် သန့်၊ မေမေက ဒေါ်ခင်မေမြိုင်'

'ရွှေတောင်ကြားလမ်းက ဒေါ်ခင်မေမြိုင် လား'

'ဟုတ်ပါတယ်'

'ဒါဆို တို့များဖောက်သည်ပဲ၊ စုံစမ်းကြည့်မယ်လေ၊ ဖုန်း နံပါတ်ပေး'

ညိုမြာ တယ်လီဖုန်းနံပါတ် ပေးလိုက်သည်။

မကြာမီ မာမီ ပေါက်ချလာသည်။

တော်ပါသေးသည်။

ဆိုင်ရှင်က သဘောကောင်းပေလို့ အကျယ်အကျယ် မငြိမ်း ဖွယ်တွေ မဖြစ်ခဲ့။

သို့သော် ညိုမြာသည် သည်အဖြစ်အတွက် ရှုဘီ တစ် ယောက်တည်း အပေါ်ပုံမချလို။ လုပ်ရဲလျှင် ခံရဲရမည်ဟူသော အသိ ဖြင့် အပြစ်တင်မှုကို ဝေမျှ ခံယူလိုက်သည်။

ညပိုင်း ရှုဘီနှင့် ဖုန်းဆက်ကြည့်တော့...

'နေ့လယ်က အဖြစ်ဟာ သိပ်ပျော်စရာကောင်းတာပဲနော်'

ဆိုသေးသည်။

'တော်စမ်းပါ ရှုဘီရယ်၊ ညိုမြာဖြင့် မျက်နှာကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ထားရမှန်းတောင် မသိဘူး၊ ခြေဖျားလက်ဖျားတွေကို အေးစက်နေတော့ တာပဲ'

'အရသာဟာ ဒါပဲပေါ့ ညိုမြာ'

'ဟင်'

'မျက်နှာ ဘယ်လိုထားရမှန်း မသိတာ၊ ခြေဖျားလက်ဖျားတွေ အေးစက်နေတာဟာ အရသာပဲပေါ့'

'တော်ပါတော့ ရှုဘီရယ်၊ ဒီအရသာမျိုးတော့ မခံစားပါရစေနဲ့၊ ပြီးတော့ ကံကောင်းလို့ ကိုယ်ကျိုးနည်း မကုန်ကြာတာနော်၊ ဒီကစားနည်းမျိုးကို နောက်မကစားကြကြေးလို့ ကိုယ့်ကို ကတိပေး'

'ကတိပေးပါတယ် ညိုမြာ။ ကိုယ်ကလဲ စမ်းသပ်မှုတစ်ခုကို တစ်ခါသာ လုပ်လေ့ရှိသူပါကွ'

အခြားသူတွေကကတော့ ရှုဘီကို 'မိပေါက်' ဟု ခေါ်သည်။

ခပ်ဝေးဝေးက ရှောင်ကြရှားကြသည်။

ညိုမြာ တစ်ယောက်သာ စွဲစွဲမြဲမြဲ ပေါင်းခဲ့ခြင်း ဖြစ်သည်။

စင်စစ် ရှုဘီ၏ စိတ်က အဆန်းကြယ်သား။

သူမက စိတ်ပညာ စာအုပ်တွေ ဖတ်သည်။ 'ဆန်ဂမန်ဖရိုက်'၏ 'စိတ်ခွဲပညာ' စာအုပ်ကို ကြိုက်သည်ဟု ကြီးကြီးကျယ်ကျယ် ပြောတတ်သည်။

ငယ်စဉ်က ကြည့်ခဲ့ရသည့် 'အဲဖရက်ဟာစ်ချ်ကော့'၏ 'စိတ္တဇ' (Psycho) ရုပ်ရှင်ကားမှာ သူမ ကြည့်ဖူးခဲ့သမျှ ရုပ်ရှင်ကားများအနက် အကောင်းဆုံးဟု ဆိုသည်။

ညိုမြာကတော့ သည်ရုပ်ရှင်ကို မကြည့်ဖူး။ မမှီခဲ့။

တစ်လောက 'ကာဘရေး' (Cabaret) ရုပ်ရှင်ကား ကြည့်ကြသည်။ ရုပ်ရှင်ကားထဲမှာ ဇာတ်လိုက် မင်းသားနှင့်မင်းသမီး





တံတားအောက်ဝင်ပြီး တံတားပေါ်က မီးရထား ဖြတ်မောင်းသွားသောအခါ ငယ်သံပါအောင် အော်ကြသည့် အခန်းပါသည်။

စိတ် ဖျော်ဖြေမှု တစ်ရပ်ပင်။ သို့မဟုတ် ရူးနှမ်းခြင်း တစ်မျိုးပင်။

ရှုဘီသည် ညိုမြာ့ကို ခေါ်ကာ သည်လို စမ်းကြည့်ဖို့ ကြိုးစားသေးသည်။

ညိုမြာ အတန်တန် ငြင်းခဲ့ရသည်။

မိဘနှင့် ပတ်သက်၍လည်း ရှုဘီ၏ စိတ်ထားက တစ်မျိုး၊ အလေးအနက် မထားတတ်။ မသိတတ်။

သို့စင်လျက်...

အခုတော့ ရှုဘီကိုယ်တိုင်က ငိုလိုက်တဲ့။

အားရအောင် ငိုလိုက်တဲ့။

အပြော ကောင်းလိုက်တာကွယ်။

ညိုမြာသည် လွတ်ဟာနေသော မေမေ့အိပ်ရာကို ကြည့်လိုက်သည်။

ပြန့်ပြူးသေသပ်ကာ အစဉ်လို 'အိုဒီကလုံး' နံ့ သင်းနေလေ့ရှိသည့် မာမီ့အိပ်ရာတွင် မာမီသည် ဘယ်အခါမျှ ပြန်လည် အိပ်စက်ခွင့် ရတော့မည် မဟုတ်ချေ။

မာမီ့ကို သည်အိပ်ရာထက်မှာ နွမ်းနယ် ဖျော့တော့စွာ လှဲလျောင်းနေသည်ကို ဘယ်အခါမျှ မြင်ရတော့မည် မဟုတ်ချေ။

ညိုမြာက အဘယ်မျှ စည်းကမ်းမဲ့သည် ဖြစ်စေ။ မာမီသည် ညိုမြာ့ အိပ်ရာကိုလည်း သူမ အိပ်ရာနှယ်ပင် နေ့စဉ် ခင်းကျင်းပေးနေကျ၊ အိပ်ရာခင်း ခေါင်းအုံးစွပ်တို့ကို လဲလှယ်ပေးနေကျ။ 'အိုဒီကလုံး' ဆွတ်ဖျန်းပေးနေကျ။ သည်မျှမက ညိုမြာတို့ အသင့်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စားသောက်နိုင်အောင်၊ အသင့် ဝတ်နိုင်အောင် စီစဉ်ပေးနေကျ။

မနက်ဖြန်မှစ၍ ညိုမြာသည် ကိုယ့်အိပ်ရာကို ကိုယ့်ဖာသာ ခင်းကျင်း သန့်စင်ရပေတော့မည်။

ညှော်ခန်းအတွင်း ဝင်လာသူ စိတ်အေးချမ်းသွားအောင် ဖန်တီးဖို့တာဝန်မှာ ညိုမြာ့တာဝန် ဖြစ်လာပေတော့မည်။

လူတစ်ယောက်၏ တန်ဖိုးကို သူမရှိတော့ပြီဆိုမှ သိရတတ် လေ့ရှိသည်။

အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာသည်။

ဒယ်ဒီသည် ဒုတိယခွက်ကို စတင်သောက်နေပြီ။

ဒယ်ဒီသည် ညိုမြာ့ပုံခုံးကို လှမ်း၍ ဖက်လိုက်သည်။

ဆံပင်များကို နမ်းလိုက်သည်။

'သမီးလေး သိပ် စိတ်ထိခိုက် နေသလား ဟင်'

ညိုမြာက အမေးကို မဖြေ။

'ဒယ်ဒီ'

ညိုမြာခေါ်သည်။

'ဟင်'

'ညိုမြာ့ကို မွေးတုန်းက မာမီက သူ့ အသက်ထက် ညိုမြာ့ အသက်ကို ဦးစားပေးဖို့ ဆရာဝန်တွေကို ပြောခဲ့တာ အမှန်ပဲလား ဟင်'

'အမှန်ပဲပေါ့ သမီးရယ်၊ အမှန်ပဲပေါ့'

'မာမီနဲ့ ပတ်သတ်ပြီး ညိုမြာ့ကိုယ် ညိုမြာ မုန်းတယ် ဒယ်ဒီ၊ ညိုမြာဟာ ဒယ်ဒီ့ကို အထင်ကြီးတယ်၊ လေးစားတယ်၊ ကိုးကွယ်တယ်၊ မာမီ့ကိုတော့ အထင်သေးခဲ့တယ်။ ထပ်ကာတလဲလဲ စော်ကားခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ မာမီရဲ့ အကောင်းဆုံး အင်အားတွေ၊





အလိုအပ်ဆုံး စေတနာတွေကို မာမီရဲ့ အားနည်းချက်တွေလို့ အထင်ရှိခဲ့လို့ပဲ။ ပျော့ညံ့ချက်လို့ ထင်ခဲ့လို့ပဲ။ ညိုမြာရဲ့ အတွေးတွေဟာ တစ်လွဲဆံပင်ကောင်း ဆိုသလို ဖြစ်ခဲ့ရတာချည်းပါပဲ'

ဒယ်ဒီက ညိုမြာ့ စကားများကို စိတ်ဝင်စားမိသလို စောင့်နားထောင်နေသည်။

'သမီးရယ်၊ မာမီရယ်၊ ဒယ်ဒီရယ် အကြားမှာ အမှားအယွင်း တစ်ခုခုတော့ ရှိခဲ့လိမ့်မယ်ထင်တယ်၊ အဲဒါ ဘာလဲလို့ သမီးတော့ မသိဘူး ဒယ်ဒီ'

'ဒယ်ဒီတော့ သိပါတယ် သမီးရယ်၊ အဲဒါက သမီးတို့ ဒယ်ဒီတို့ဟာ မြင့်ရဲ့ သာယာမှုကို ဥပေက္ခာ ပြုထားခဲ့ ကြတာပဲ။ သာယာမှုအတွင်း မြင့်ကို လက်တွဲခေါ်ယူဖို့ မကြိုးစားဘဲ သူ့ကို အထီးကျန် ထားပြီး ကိုယ့်သာယာမှု ကိုယ်ရှာဖွေခဲ့မိကြတဲ့ အမှားပါပဲ၊ သမီးတို့ ဒယ်ဒီတို့ တစ်ကိုယ်ကောင်း ဆန်ခဲ့ကြတဲ့ အမှားပါပဲ'

'အခုတော့ ညိုမြာ့ အမှားတွေကို သိရပြီ။ ညိုမြာ အထင်ကြီး လေးစားသင့်တာ မာမီဆိုတာ သိလာခဲ့ပြီ။ ညိုမြာ တစ်ခုဖြစ်ချင်တယ် ဒယ်ဒီ'

'ဘာလဲ ညိုမြာ'

'ညိုမြာ ရောဘတ်ကို လက်မထပ်တော့ဘူး၊ သြစတေးလျားကို လိုက်မသွားတော့ဘူး၊ ဒယ်ဒီနဲ့ပဲ အတူတူနေမယ်။ ပြီး... ညိုမြာလေ မာမီ့လို မိန်းမကောင်းတစ်ယောက် ဖြစ်ချင်တယ်၊ အိမ်ရှင်မကောင်း တစ်ယောက် ဖြစ်ချင်တယ်'

'ဖြစ်လာရမှာပေါ့ကွယ်'

'အဲဒီလို ဖြစ်လာဖို့ ညိုမြာ့ကို ဒယ်ဒီ အကူအညီ ပေးမလား ဟင်'



www.burmeseclassic.com

www.burmeseclassic.com

'ပေးမှာပေါ့ သမီးရယ်၊ အသေအချာ ပေးမှာပေါ့'

ညိုမှာသန့်သည် ယခုမှ တစ်ကယ်တမ်း ဘဝကို စတင်ခြင်း ဖြစ်လေသည်။

ပဆစ် စကားနှင့် ပြောရလျှင်တော့ လွတ်နေသော **'ကျစ'** ကလေး...

**'အထိုင်'** အိမ်သို့ ဝင်ရောက်မိခြင်းပင် ဖြစ်လေတော့သည်။

BURMESE CLASSIC .com

မောင်သိန်းဆိုင်
**8, Aug, 1978**

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com